
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၅၃၇၁၀၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၄၂၈၁၀၀၈

အကြိမ် - ပထမအကြိမ်

၂၀၀၈-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ိ/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြ-၀၇၆၅၀)၊

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

နံပါတ်(၃) ဘတ်စ်ကားကြီးက ကိုယ်ဝန်ရှင် အမျိုးသမီး တစ်ယောက် လေးလံသောဆွဲခြင်းကြီးကိုဆွဲလာနေသလို မှတ်တိုင်ဆီသို့ တလှုပ်လှုပ် လိမ့်ဝင်လာ၏။

"တက်မှာလား"

ဟု မိစံ မေးတာကို 'တက်မယ်'လို့တော့ ဖြေလိုက်သေးသည်။ သို့သော် မျက်နှာက ဘေးကိုပဲကြည့်ကာ အမှတ်တမဲ့ပြောလိုက်တော့ မိစံက မကြားပေ။

ဒါကို အနှစ် ကလည်း မသိ၊ ကားပေါ်ကို တိုးကြိတ်တက်လိုက်သည်။ ကားပေါ် ခြေချမိသည်နှင့် စပယ်ယာက အတွန်းခံရမှာစိုးလို့ ကိုယ့်ဘာသာ အထဲကိုထပ်တိုးဝင်ခဲ့သေးသည်။

အဝင်ဝမှာပဲ စုပြုံကျပ်နေတာပါ။ အထဲရောက်တော့ သိပ်ကျပ်လှသည်မဟုတ်ပါ။ ဒါပေမယ့် အခုမှ ညနေသုံးနာရီသာသာပဲရှိသေးတာ၊ ဒီအချိန်မှာ ဒီလောက်ကျပ်နေတာ ညနေစောင်းရင် လွယ်မှာမဟုတ်။ 'ရှင်ခိုင် သုံးနာရီပွဲ ထပ်မကြည့်ဖြစ်တာ တော်သေးတယ်နော်'လို့ ပြောမလို့ လှည့်လိုက်တော့ နောက်မှာ မိစံ မပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ..."

ဒုက္ခပါပဲလို့ ဆက်တိုက်ပြောလိုက်သံက နှုတ်ခမ်းဝမှာပဲပျောက်၏။ မိစံ ကျန်ခဲ့ပြီ။ နောက်ကို လူတွေ၏ပခုံးတွေ၊ လက်တွေကြားထဲက ကုန်းကွမျှော်ကြည့်မိ၏။ ကျန်ခဲ့သည့်မှတ်တိုင်ကို မမြင်ရတော့ပါ။

ဖြစ်ရလေဟု နောက်ထပ် ရှုံ့မဲ့ညည်းမိပြန်သည်။ မိစံ နဲ့ အနှစ် ရန်ကုန်မြို့ထဲမှာ မသွားလာဖူးတာမဟုတ်၊ ကျောင်းတွေပြီးလို့ အခု အပြင်သင်တန်းမှာ တက်မိကြတဲ့အထိ အတူတူမှာ သင်တန်းချိန်မှန်မှန်တက်မလာ။ လစ်မလား ဘာဖြစ်ဖြစ် နှစ်ခါတိုင်ပင်စရာမလို။

ရန်ကုန်မြို့လယ်ကောင်မှာ သွားလာရတာ မှာစ်ယောက်တည်းလည်း ပြဿနာမရှိပေ။ ပြဿနာတကယ်ရှိတာက မိစံ အဖော်မက်သည့်ကိစ္စပဲ ဖြစ်၏။

သေချာပါသည် ခုလောက်ဆို နဂိုကတည်းက ထော်လန်လေးဖြစ်သည့် သူမနှုတ်ခမ်းလေးတွေ နှာခေါင်းဖျား၊ မေးဖျားတွေဆီသို့ လိုက်ချိတ်နေလောက်ပြီ။

ကျိန်ဆဲနေနိုင်သည့် ကျိန်နည်းပေါင်းစုံကို သတိရတော့ 'သူကကော ငါ တက်မယ်လို့'ပြောတာကို မကြားဘူးလားဟု မခံချင်စိတ်လေး ဝင်လာမိ၏။

ပြန်ဆင်းနေခဲ့ဖို့ စိတ်ကူးမိပေမယ့် မှတ်တိုင် ဒီနေရာမှာ နှစ်ယောက်ပြန်ဆုံဖို့က မသေချာတော့သဖြင့် လက်လျှော့လိုက်ရသည်။

"ကဲ ကားခလေးတွေ ကူညီပါခင်ဗျာ"

မှတ်တိုင်မှာတက်လာသူက အနှစ် နဲ့ပေါင်းမှ နှစ်ယောက်သုံးယောက်ပဲမို့ စပယ်ယာက အသံပေးပြီး အနှစ်ဆီကိုပဲ တန်းရောက်လာပြီး လက်ကမ်းသည်။

"အင် ..."





"ဟာ ... ဟ..."

ပိုက်ဆံကို လှမ်းပေးလိုက်ပေမယ့် နှစ်ရာတန်က အလယ်ကနေ ခါးကျိုးကျကာ တစ်ပိုင်းက ဟိုဘက်လက်သို့မကူးမီ လွဲယမ်းနေ၏။ စပယ်ယာက မျက်နှာရှုံ့တွသွား၏။

"ခင်ဗျား ပိုက်ဆံကလဲဗျာ"

အနှစ် မျက်နှာတော့ပူသွားသည်။ ဒါပေမယ့် ဂရုစိုက်သည့်ပုံမပြဘဲ ခပ်တည်တည်လေးလာပ်ကာ ပိုက်ဆံကိုလည်း သပ်သပ်ရပ်ရပ်ခေါက်လျက်သားပုံလေးဖြစ်အောင် ပြင်လိုက်ပြီးမှ ...

"ရော့ ဘာမှမဖြစ်ဘူး၊ ဒီလိုအနွမ်းတွေပဲ သုံးနေကြရတာပဲဟာ"

"ဟုတ်ပါတယ်၊ နွမ်းပေမယ့် ကိုင်လို့ဖြစ်နေနိုင်ရင် တော်သေးတာပေါ့"

"ကိုင်လို့မှမဖြစ်တာဗျ၊ သူများကို ဘယ်လိုလုပ်ပြန်အမ်းမလဲ"

ဘေးမှာ ပိုက်ဆံလှမ်းပေးနေသည့်လူငယ်ကလည်း သူ့ပိုက်ဆံကို စပယ်ယာက မယူသေးသဖြင့် လက်ကမ်းနေရင်း အနှစ် ဖြစ်နေတာကို ကြည့်နေသည်။

ဘေးလူတွေလည်း လှည့်ကြည့်နေကြ၏။ အနှစ် ကတော့ ရှက်ကြောက် ငြိမ်ကုတ်သွားမည်မဟုတ်ပေ။ ပြီးတော့ အိတ်ထဲမှာ ဒီတစ်ရွက်ပဲ ပါတော့သည်။ ပိုက်ဆံအိတ်က လွယ်အိတ်ထဲမှာ ကျန်ခဲ့ပြီဖြစ်၏။

"ပြန်အမ်းလို့မရတော့လဲ ဖယ်ထားလိုက်ပေါ့ရှင်၊ ရှင်တို့ ပြန်အမ်းပေးတာကလဲ ဒီလိုဟာတွေ ပါတတ်တာပဲ၊ ပြန်လဲပေးပါဦးဆိုတော့ ရှင်တို့ ဘာပြောသလဲ၊ အစုတ်မလိုချင်ရင် အကြွေဆောင်ထားကြ၊ ငါးဆယ်တန် နှစ်ရာတန်တွေကို ရွေးချထားဖို့တောင် ကောင်းတယ်၊ အကြွေ ဒီလောက် ရှားနေတာ မတတ်နိုင်ဘူး၊ ဘာညာနဲ့"

အနှစ် တစ်ခွန်းမှမခံတော့ စပယ်ယာက ပါးစပ်တပြင်ပြင်နှင့် ကြောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ 'တော်ပါပြီဗျာ'ဆိုတာကို တိုးတိုးဆိုရင်း လက်မြှောက်လက်ခါ လုပ်လျက် ဘေးက ငါးရာတန်ကို အနှစ် က ပိုက်ဆံကိုင်လျက်ကနေ ထို ငါးရာတန်ရှင်ဆီသို့ လှမ်းကြည့်၍ ...

"ဒီမှာ ..."

စပယ်ယာကို ခပ်ကျယ်ကျယ်ဆောင့်ခေါ် လိုက်ပြီး လှည့်ကြည့်တော့မှ ...

"ပိုက်ဆံငါးဆယ်ကို နေပါစေတော့လို့ တင်စီးပြီးပြောမသွားနဲ့၊ အဲဒီ ငါးရာတန်ထဲက ဒီကအတွက် ယူလိုက်"

ဆိုင်လို့လားဟု မေးသည့်မျက်လုံးနှင့် စပယ်ယာက ထိုလူငယ်ကို ကြောင်တောင်တောင် ပြန်ကြည့်သည်။ လူငယ်က အနှစ် ကို လှမ်းကြည့်၏။

"ပေးလိုက်နော် ကျေးဇူးပဲ"

ပခုံးချင်းယှဉ်လျက်မို့ အနှစ် လေသံလောက်ပဲ ပြောလိုက်တာကို တခြားလူ သိပ်တော့ကြားရမည်မထင်ပါ။ သူက ပြုံးပြသည်။ ပြီးတော့ ခေါင်းညိတ်၏။

ချက်ချင်းကြီး ကြည်လင်သွားသည့် စပယ်ယာ့မျက်နှာကို အနှစ် နှုတ်ခမ်းမဲ့ကြည့်ပြီး မျက်စောင်းထိုးလိုက်တော့လည်း သူက ကြည့်၍ ပြုံးနေသေးသည်။

မျက်နှာခပ်သွယ်သွယ်၊ ဆံပင်အလယ်ခွဲ မတိုမရှည်က လှိုင်းတွန့်တွေ သိသာစွာဖြစ်နေသဖြင့် ကြည့်ကောင်း၏။

မျက်ခုံးနှစ်ဖက်က ထူပြီးသိပ်မနက်ပေ။ ယောကျ်ားလေးဖြစ်ပြီး မျက်နှာသွယ်သည့်ပြင် ပြုံးလိုက်တော့ လင်းလက်သွားသည့် ပါးချိုင့်ကလေးကြောင့် မိန်းမချောချောသည်ဟု ပြောရမည်လား။

အရပ်မြင့်ပြီး ကိုယ်ဟန်က ပိန်သည့်ဘက်ကို လုနေသည်။ မိတ်ကပ်ရောင် ရှပ်လက်ရှည်နှင့် ပုဆိုးအဝါရင့်ရင့်ကိုဝတ်ထား၏။ ပခုံးမှာ ချိတ်ထား





သည့် လွယ်အိတ်က ဘာလဲ။

လူပုံစံအရ သူ ကဗျာဆရာလား၊ ပန်းချီဆရာလား၊ ဒါမှမဟုတ် စာရေးဆရာလည်းဖြစ်နိုင်သေးသည်။

ကားပေါ်ကဆင်းကြတော့လည်း အတူတူဖြစ်နေဖြင့် အနှစ် မျက်လုံးတွေက သူ့ထံမှာပဲ ဆက်လက်တည်ရှိနေခဲ့ပြီး ...

"ဒီက ဘယ်ကိုပြန်မှာလဲဟင်"

အနှစ် ကပဲ စ,ခေါ်မိပြန်၏။ သူက ခြေလှမ်းပြင်နေကာမှ ပြန်လှည့်ကြည့်သည်။ လွယ်အိတ်ကို ပခုံးပေါ် ပြန်ဆွဲတင်ရင်း ပြုံးပြ၍ ...

"ပြန်မှာမဟုတ်ဘူး၊ ဒီဘက်က ဦးလေးအိမ်ကို လာတာ၊ ခင်ဗျား ကော"

သူ ရပ်နေသဖြင့် အနှစ် သူ့ဘေးရောက်လာတော့ အတူတူလျှောက်လာဖြစ်ကြ၏။ အနှစ် က ပြုံးကာ ...

"အနှစ် ဒီနားမှာပဲနေတာ၊ ကားခ ငါးဆယ်အတွက် ကျေးဇူးပဲနော်"

သူက သွားတွေပေါ် အောင်ရယ်လိုက်လျက်နှင့် အသံတော့ မကြားရပေ။ ပြီးတော့ ပါးချိုင့်လေးတစ်ဖက်ကထင်းနေသည်မို့ တော်တော်ကြည့်ကောင်းသည့်နှုတ်ခမ်းတွေကိုပဲ လူမြင်မှာစိုးသလို မျက်နှာကိုငုံ့ထားပြီးမှ ရယ်တာဖြစ်၏။

ဖြစ်ရလေ။ ဒီယောကျ်ား ကိုယ့်ဘဝကိုများ မေ့နေရော့သလားမသိ။ အနှစ် ကတော့ သူ့မျက်နှာကို မလွှတ်တမ်း လိုက်ကြည့်မိ၏။ ကြည့်လို့ကောင်းလို့ ကြည့်သည်။ ထူးဆန်းနေလို့ ကြည့်သည်။

ပြုံး၍ ဆက်လျှောက်နေလိုက်တာ ဘေးမှာပါလာသည့် မိန်းကလေးက သူ့ကို တကြည့်ကြည့်ပါလာရသည့်အဖြစ်၊ ကိုယ်ကပဲ စကားလိုက်ပြောနေသလိုလို။

အနှစ် တစ်ယောက်တည်း တွေးရင်းဖြေရင်းနှင့် ထိုပုဂ္ဂိုလ်ကို စိတ်ဝင်

www.burmeseclassic.com



စားသွား၏။ တစ်လှမ်းမှမကျန်ခဲ့အောင် ထက်ကြပ်မကွာ ယှဉ်တွဲလိုက်ခဲ့ရင်း ...

"ဒီက ဦးလေးအိမ်က ဘယ်နားမှာလဲ"

ထပ်မေးတော့ သူ ဖျတ်ခနဲ လှည့်ကြည့်သည်။

"ကျွန်တော့်နာမည်က ရေပြင်ညီပါ။ ရင်းနှီးတဲ့သူတွေကတော့ ညီလို့ပဲခေါ်တယ်"

အင်း ပြောဖော်တော့ရသား။ အနှစ် က မျက်ခုံးလေးတွေပင့်၍ ခေါင်းညိတ်လိုက်၏။

"ရေပြင်ညီ တဲ့လား၊ တစ်မျိုးပဲနော်၊ ရေပြင်ကျယ်မှာ လှိုင်းကြက်ခွပ်လေးတွေဖြစ်ဖြစ် ရှိနေတတ်ကြတာပဲ၊ ဘာဖြစ်လို့ ရေပြင်ညီ ဖြစ်ရတာလဲ"

အနှစ် ပြောလိုက်မှ သတိထားမိသွားပုံရကာ သူက လှည့်ကြည့်ပြီး ခဏတော့ ငြိမ်ကျသွား၏။ အနှစ် က အသံလေးထွက်အောင် ရယ်လိုက်ပြီး ...

"အလကားနောက်တာပါ။ ညီ့နာမည်လေးက ချစ်ဖို့ကောင်းတယ်၊ မျက်နှာလေးကောပဲ"

တတိယမြောက် သူ ငုံ့ကြည့်ပြန်သည်။ အတူသွားနေပေမယ့် အနှစ် က သူ့ပခုံးသာသာလေးပဲရှိကာ သူ့အရပ်က မိုးနေသည်။ သူက စိုရွှဲသည့် မျက်ဝန်းညိုများဖြင့် အနှစ်ကို စိုက်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းတွေက ပြုံးယောင်သမ်းလာကြသည်။

"ခင်ဗျားက တော်တော်ပွင့်လင်းတာပဲနော်"

"ဘာလဲ ညီက အနှစ်ကို ကဲ့ရဲ့တာလား"

သူက ပျာပျာသလဲ ခေါင်းခါသည်။ ခြေလှမ်းလည်းနှေးကျသွား၏။

"ဘာဖြစ်လို့ ကဲ့ရဲ့ရမှာလဲ၊ ကျွန်တော်က ပွင့်လင်းတဲ့လူတွေကို လေးစားတာပါ။ မာမီတို့ကျတော့ မိန်းကလေးတွေ အဲဒီလိုပွင့်လင်းတာကို





မကြိုက်ဘူး၊ ပြောပြတာတော့ စုံလို့ပါပဲ၊ ကျွန်တော် အဲဒါတွေမသိဘူး၊ ကိုယ့်ကိုယ်ကို မပွင့်လင်းခဲ့တာကိုပဲ အားမရခဲ့တာ"

"ဘာဖြစ်လို့ မပွင့်လင်းခဲ့တာလဲ၊ ဒီလိုနေတတ်တာလား၊ ကြောက်ရတဲ့သူ တစ်ယောက်ယောက်က ချုပ်ချယ်တင်းကျပ်လာခဲ့တာ ကြာလို့ အဲဒီလိုဖြစ်သွားတာလား"

အနှစ်ကို ပြန်လှည့်ကြည့်လွန်းလို့ ခလုတ်တိုက်မလို သူ ခဏခဏ ဖြစ်လာသည်။ သူ့အကြည့်များသည် အနှစ်ကိုကြည့်နေရင်း ထူးဆန်းအံ့ဖွယ်တွေ ဖြစ်လာတာမျိုး။

"ခင်ဗျားက တော်တော် လူကဲခတ်တတ်တယ်နော်၊ ဟုတ်တယ် အဲဒီလိုမျိုးတွေပဲ၊ သူတို့ကတော့ ကျွန်တော့်ကို သိပ်ချစ်ကြတယ်တဲ့၊ ကျွန်တော်ကတော့ အချစ်ခံရတာကို မပျော်ဘူး"

နှစ်ယောက်အတူရယ်မိကြတော့ အနှစ်ရဲ့ရယ်သံပဲ ထွက်သည်။ သူက ညီညာသည့်သွားတန်းတွေကို သေချာကြည့်လို့မရအောင် ခေါင်းငုံ့ရယ်တာဖြစ်၏။

အနှစ်က စကားဆက်ဖြောမလို့ပြင်ပြီးမှ ရှေ့ကိုလှမ်းကြည့်ကာ ...

"ညီက ဘယ်ကိုသွားမှာလဲ၊ ဒီတိုက်တန်းဆုံးရင် ရှေ့ကိုသွားလို့မရတော့ဘူးလေ"

"အဲဒီအဆုံးကခြံပဲလေ၊ ဒေါက်တာ ချစ်မိုး ဆိုတာ"

"ဟင် ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ၊ ဒီဘက်ခြံက အနှစ်တို့ခြံပဲ၊ ခြံတံခါးနီနီနဲ့"

"ဟုတ်လား"

သူလည်း အံ့သြနေပုံပေါ်သည်။ ထို့နောက် ခြေလှမ်းတွေနှေးကျသွားပြီး ...

"ခင်ဗျားနဲ့ ကျွန်တော် စကားပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် …"

ပြောပုံက မဝံ့မရဲ မဟုတ်၊ မသိကြတဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်မှာ ဒီလိုစကားမျိုးပြောတာ ဘယ်သဘောကို သက်ရောက်စေသလဲဆိုတာလည်း ဂရုစိုက်ပုံမရှိ။

ဒီအရွယ် ဒီပုံစံနှင့် မသိတာတော့မဖြစ်နိုင်။ သူက သူ့ဟာသူ ပြောနေသလို ရေရွတ်ပြီး တစ်ချက်ငိုင်သွား၏။ ပြီးမှ …

"ဒါနဲ့ ခင်ဗျားနာမည်က အနှစ် ဟုတ်လား"

"အဟွန်း … မေးဖို့ သတိရသွားပြီလား"

သူက နှုတ်ခမ်းမဖွင့်ဘဲ ပြုံး၏။ ဒါလည်း ပါးချိုင့်လေးထင်သွားကာ ချောနေတာပဲဖြစ်သည်။

"ဟုတ်တယ်၊ အနှစ်လို့ ထည့်ထည့်ပြောနေတာကို ကြားတယ်လေ၊ အဲဒါကို သိပြီးထားလိုက်တာ၊ ကျွန်တော်က အနှစ်ကို တအားစိတ်ဝင်စားနေတော့ နာမည်က အဓိက မဟုတ်ဘဲ ဖြစ်သွားတာထင်တယ်"

လာပြန်ပြီ၊ သူ့အတွက် ဘာမှမဟုတ်ဘဲ ဖြတ်သန်းပြောဆိုသွားတာကိုပဲတွေ့တော့ အနှစ် နားလည်သွားသည်။ သူ ဒီလိုပဲပြောတတ်တာဟု တွက်၍ ပေါ့ပေါ့ပါးပါး ထားလိုက်၏။

"ဟုတ်ပါပြီ၊ ကဲ ပြောပြမယ်၊ အနှစ် ဆိုတာက အနှစ်ပေါ့နော်"

မျက်ခုံးလေးနှစ်ဖက်ပင့်၍ 'နော်'ဆိုသည့်စကားမှာ မေးဆတ်လိုက်တော့ တစ်ခုခုပြန်ဖြေရတော့မလိုလို သူ ပါးစပ်ပြင်လျက် ကြောင်တောင်တောင်ဖြစ်သွား၏။

အနှစ် က ရယ်လိုက်မှ သူလည်း ရယ်နိုင်တော့သည်။ အိုးတိုးအမ်းတမ်းမျက်နှာက နီလျက် ဆံပင်တွေသပ်နေသေးသည်။ အနှစ် အတော မသတ်ရယ်လေသည်။

'မျက်နှာမော့ပါ၊ ဒီကရှက်ဖို့ထားပါဦး'လို့ ထပ်ပြောလိုက်လျှင် နှစ်ပတ်





သုံးပတ်လောက် ကျွမ်းထိုးသွားနိုင်၏။ ထိုစဉ် ရယ်လက်စနှင့် သူက ငုံ့ကြည့်ကာ …

"အနှစ် က ဘာရယ်တာလဲ"

ဟု ရှက်နေပုံနှင့်ပဲ မေး၏။ အနှစ် က ခေါင်းခါရင်း ဆက်ရယ်နေ၏။

"တော်ပါတော့ဗျာ၊ ကျွန်တော် ဘယ်လိုနေရမှန်းတောင်မသိတော့ဘူး"

"အဲဒါလေ ညီ ရှက်နေတာကိုရယ်ချင်တာ၊ ဘာမှမဟုတ်တာလေးကို ဘာဖြစ်လို့ ရှက်နေတာလဲ"

"အဲ … ဟို …"

ဆံပင်ကို နောက်က ဖိသပ်လိုက်၊ ဘေးကသပ်လိုက်နှင့် ရယ်သံသဲ့သဲ့လေးထွက်လာသည်။

ရှားရှားပါးပါးကြားလိုက်ရသည်မို့ နားထဲမှာချိုသွားသည်။ ကိုယ့်အိမ်ရှေ့လည်းရောက်လာပြီမို့ အနှစ် က ခြေစုံရပ်ပစ်လိုက်ကာ …

"ဆောရီးနော် မရယ်တော့ဘူး၊ အနှစ် နာမည်က …"

"ဟေး ညီ … ညီ မင်း ဘာလုပ်နေတာလဲ လာစမ်း"

ထိတ်ထိတ်ပျာပျာနိုင်သော အသံတစ်ချက် ဝင်လာ၏။ အစိမ်းရောင်သံပန်းတံခါးနှစ်ချပ်ကြားထဲကနေ ခေါင်းပြူကြည့်ရင်း ပြောလိုက်တာဖြစ်ပြီး တံခါးကို အရင်စလိုဆွဲဖွင့်ခြင်း၊ အပြေးတစ်ပိုင်း လျှောက်လာခြင်းက အံ့သြစရာပင်။

ပြောရမည်ဆိုလျှင် ကားတွေရှုပ်ယှက်ခတ်နေသည့် လမ်းမကြီးကို ဖြတ်ကူးတော့မည်ကလေးတစ်ယောက်အတွက် ထဘီမနိုင် ပဝါမနိုင် ပြေးဆွဲရသလိုမျိုး။

ဒါပေမယ့် ထွက်လာသူကတော့ မိန်းမကြီးမဟုတ်ပါ၊ လူက ပုဆိုးသေး၊ နှုတ်ခမ်းမွှေးကျယ်ပြီး မျက်မှန်ထူထူကြီးတပ်ထား၏။ အနှစ် သိလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဤလူကြီးဟာ ဒေါက်တာချစ်မိုးပဲ ဖြစ်လေသည်။

ခြံချင်းကပ်နေပေမယ့် မြင်တွေ့နေကြတာပဲရှိသည်၊ ခေါ်ခေါ်ပြောပြော သိပ်မရှိခဲ့ပေ။ ဟိုတုန်းက မေမေကတော့ ခြံနီးနားချင်းမို့လို့ စပြီးနှုတ်ဆက်ခေါ် ပြောတာမျိုး လုပ်ခဲ့သေးသည်။

သူတို့က နောက်မှရောက်တဲ့လူတွေမို့လို့ ကိုယ်က အိမ်ရှင်အနေနဲ့ပါ။ အနှစ် မွေးနေ့အတွက် ဖိတ်စာသွားပို့ခဲ့သည့်နောက်ပိုင်းမှာတော့ ဆက်ဆံရေး လုံးဝ ပြတ်တောက်ခဲ့ကော့သည်။

အနှစ်နဲ့ သူငယ်ချင်းနှစ်ယောက် အထဲထိဝင်ပြီး ဖိတ်စာကမ်းခဲ့သည်။ ဒီလူကြီးပဲ ထွက်ယူပြီး ဖိတ်စာကိုလည်း ကိုင်လိုက်သေးသည်။ ဖိတ်စာနဲ့ လူကို သေချာကြည့်ပြီးကာမှ ...

"ညဘက် ခြံထဲမှာဆိုတော့ ဒါက ဘိုရှုးအလုပ်ပဲကွ၊ တို့ ဗုဒ္ဓဘာသာအရ မွေးနေ့သတ်မှတ်တာက အသက်ရှည်အနာကင်း‌ဒအောင် ဘုန်းကြီးကျောင်းမှာ ဆွမ်းချိုင့်ပို့မယ်၊ ဘုရားမှာ ဆီမီး ရေချမ်း ပန်း လှူပြီး ပုတီးစိပ်၊ တရားထိုင် ဒါပဲ၊ ဒီထက်ခမ်းနားချင်ရင်တော့ အိမ်မှာ သံဃာတော်တွေပင့်ပြီး ဆွမ်းကပ်တရားနာပေါ့။ ဒီပွဲမျိုးတွေကို ဦးက ဘယ်တုန်းကမှ မတက်ခဲ့ဘူး၊ ဖိတ်စာ လောက်ရဲ့လား၊ ပြန်ယူသွားလို့ရတယ်နော်" တဲ့။

အနှစ်တို့သုံးယောက်ကို သေသေချာချာကြည့်ပြီး ပြောလွှတ်လိုက်တာ၊ မေမေဆို အိမ်မှာ ဒေါသဖြစ်လွန်းလို့ ပါးစပ်တပြင်ပြင်ဖြစ်နေ၏။

"ကလေးတွေကိုပြောလွှတ်လိုက်တာ ကြည့်စမ်း၊ သင်းက ရိုင်းသလို ဒီက ပြန်မရိုင်းချင်လို့ ဟွန်း...၊ ပညာတတ်ဖြစ်ပြီး လူမှုရေးအသိ မရှိတဲ့လူ"

ထိပ်ပြောင်ပြောင်မျက်နှာကြီးကိုမြင်လိုက်သည်နှင့် အားလုံးကို သတိရကာ အနှစ် မျက်နှာက ချက်ချင်းပြောင်းလဲတင်းမာသွား၏။ ညီက ထိုလူကြီးထွက်လာတာမြင်သည်နှင့် ခြေလှမ်းပြင်၏။ သို့သော် အနှစ်ကို ပြန်ငဲ့ကြည့်ကာ...





"အနှစ် ကျွန်တော်တို့ ..."

"ဒီကိုလာတာ ခြံထဲမဝင်ခဲ့ဘဲ ဘာရပ်လုပ်နေတာလဲ"

ဒေါက်တာချစ်မိုးက အပြောနှင့်အတူ ညီ့လက်ကိုပါ လှမ်းဆွဲပြီးသားဖြစ်၏။

"လာ လာ၊ ခုနကပဲ မမခက်ဆီက ဖုန်းလာတယ်၊ မင်း ဒီကို လာသလားတဲ့၊ ဘာလဲ ခိုးထွက်လာတာလား"

စကားတွေ တရစပ်ပြော၍ လက်ကိုမလွှတ်တမ်းဆွဲချသွားသည်။ ညီ့ မျက်နှာ နောက်ကို ဘယ်လိုမှ သမင်လည်ပြန် လှည့်မလာနိုင်လောက်အောင် ဖွတ်ကြီးဖြစ်၏။

အနှစ် ခြံရှေ့မှာ တစ်ယောက်တည်း မတ်တတ်လေးကျန်နေခဲ့သည်။ ဒေါသတွေ တနင့်နင့်တက်လာရင်း အံကြိတ်ပစ်လိုက်မိ၏။

ဘာဖြစ်တာလဲ၊ သူ့တူကို ဒီက တစ်ဖွဲ့စီ တစ်ရွဲ့စီ ကိုက်ဖြတ်စားပစ်လိုက်မှာ မို့လို့လား။

"ဟော သမီး ဘာရပ်လုပ်နေတာလဲ"

မေမေ့အသံကြားတာတောင် လှည့်မကြည့်ဖြစ်ဘဲ ပြန်လည်စေ့ပိတ်သွားပြီဖြစ်သည့် အစိမ်းရောင်တံခါးတွေကိုသာ မကျေမနပ် ကြည့်နေမိသည်။

ခုနကတည်းက မေမေ အရင်ထွက်လာပြီး မြင်သွားရင်တောင် ဒီလိုငြိမ်းငြိမ်းစွာ ပြီးမှုသွားမှာမဟုတ်ပေ။ မေမေက နဂိုကတည်းက နှုးညံ့သည်။ သားသမီးနှင့်ပက်သက်လာလျှင် သူငယ်ချင်းတွေ ဘယ်သူလာလာ ဘွား့မ မရွေး ပျူပျာသည်။

"သမီး... သမီးသူငယ်ချင်းတွေ အထဲခေါ်လေ၊ အေးအေးဆေးဆေး ထိုင်ပြောကြပေါ့"

ဆိုတာမျိုး။ ဒီထဲမှာ ယောကျ်ားလေးတွေပါနေတာမြင်လည်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မပျက်ပါ။ သိချင်တာကို သားအမိနှစ်ယောက်တည်းကျမှ မေးမြန်းကြည့်တာလောက်ပဲရှိသည်။

ဒီလူကြီး မိုက်ရိုင်းသွားပုံက ဘယ်လိုမှကို ကျေနပ်ချင်စရာမရှိပါလား။

"မေမေ ခုပဲ ဖုန်းချပြီးထွက်ကြည့်တာ၊ မိစံ ဆက်တာလေ၊ သူ ပြန်ရောက်နေပြီတဲ့၊ သမီးနဲ့ ကားစီးရင်းလွဲသွားကြတယ်ဆို၊ သမီး ပြန်မရောက်သေးဘူးဆိုလို့တောင် စိတ်မကောင်းဖြစ်သွားပုံပဲ"

မေမေက အနားထိလျှောက်လာသည်။ လက်မောင်းကို ဆုပ်ကိုင်လိုက်မှ အနှစ် စိတ်တွေ ဒီဘက်ပြန်ရောက်လာခဲ့၏။ ဒါပေမယ့် ...

နောက်ထပ်ဆုံဖြစ်ဦးမည်ဆိုရင် ဒီလို ငုတ်တုတ်မေ့မကျန်ရအောင် ကြိုးစားစမ်း။





## အခန်း (၂)

"ဘာ အနှစ် ဟုတ်လား"

ဒေါ်မမခက်၏ 'ဘာ'အသံက စူးစူးဝါးဝါးထွက်၏။ နည်းနည်းလေးလှုပ်ရှားတာနှင့် ယမ်းနေတတ်သည့် ပလက်တီနမ်ကြိုးပြားကြီးက ခါးထောက်လိုက်၊ ရှေ့ကိုကိုင်းလိုက်ဖြစ်နေသော ဒေါ်မမခက်၏ ရင်ညွန့်အောက်မှာ တဖျပ်ဖျပ်လွှဲယမ်းနေလေသည်။

လက်ကောက်ဆို စက်ဖြတ်ကွင်းပါးကလေးတွေ ဆယ်ကွင်းကျော်ကျော် အမြဲဝတ်သည်။ ဆွဲကြိုးဆို ရှည်မှ၊ လက်စွပ်၊ နားကပ်၊ ဆံထိုးကအစ ပလက်တီနမ် သို့မဟုတ် ရွှေကို ညွှတ်အိနေမှ ကျေနပ်၏။ ရတနာဆိုလည်း တစ်ကိုယ်လုံး ဝမ်းဆက်ဖြစ်ရမည်။

သူမအတွက် ပွဲနေ့ပွဲထိုင်ဖြစ်ဖြစ်၊ အိမ်မှာဖြစ်ဖြစ် အမြဲတမ်း ပြုံးပြက်လက်နေအောင်ဝတ်ထားတတ်တာ ဟိုအရင်ကတည်းက ဖြစ်သည်။

အသက်က လေးဆယ်ကျော်မှာ၊ သူများတွေလို နုရှလှပအောင်ပြင်ဆင်တာမဟုတ်ဘဲ သူမကိုယ်မှာ တောက်ပထည်ဝါနေဖို့သက် ဘာမှအရေးမပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ကို ခပ်မြင့်မြင့်ထုံးဖွဲ့ပြီး ရတနာကျောက်မျက်တွေကို ဒီဇိုင်းမျိုးစုံလုပ်ပြီး ဆံထိုးလုပ်ဖန်၏။ ထို့ကြောင့် ဘယ်သူနဲ့မှမတူအောင် ဝတ်စားနေထိုင်တတ်သည့် ဒေါ်မမခက်၏ဂုဏ်သတင်းက ဒီပတ်ဝန်းကျင်မှာ ဟိုးလေးတကျော်ကျော်။

"သားငယ် မင်းက အံ့သြစရာပါလားဟင်၊ မာမီ ဒီလောက်တင်းကျပ်တားမြစ်ထားတဲ့ကြားကနေ ဖောက်ထွက်သွားတယ်၊ လမ်းပေါ်မှာဆုံတဲ့ မိန်းကလေးတစ်ယောက်ကို အရောတဝင် တရင်းတနှီးလုပ်လာတယ်"

"သူက ဦးဦးမိုးတို့နဲ့ ခြံချင်းကပ်လျက်ကပါ"

"မင်း ပြန်မပြောပါနဲ့၊ သူ့ဟာသူ တာဝတိံသာကဖြစ်ဖြစ် မလိုချင်ဘူး၊ မာမီက အိမ်ပေါ်အိမ်အောက်၊ ခြံကြီးခြံငယ် ဖြစ်တာတွေကို ပြောနေတာမဟုတ်ဘူး၊ မာမီရဲ့သားထွေးလေးနဲ့ မိန်းကလေးတစ်ယောက် ပတ်သက်သွားတယ်ဆိုတဲ့အဖြစ်မျိုးကို မလိုချင်တာ"

ညီမျက်နှာမှာ ခံစားချက်မဲ့နေသည်။ စိတ်ရှုပ်ခြင်း၊ ရုန်းထွက် စသောကောက်ကြောင်းတွေ ဘာမှမရှိ။ မိဘကိုကြောက်ရွံ့ရှိသေသဖြင့် မျိုသိပ်နားထောင်နေရသော လူငယ်တစ်ယောက်၏ ထွက်ပေါက်ရှာလိုခြင်းလည်း မဖြစ်။

ဆိုဖာမှာ မှီသည်လည်းမဟုတ်၊ တောင့်တောင့်ကြီးလည်းမဟုတ်ဘဲ ကျောကပ်နေရုံဖြင့် လက်ဖဝါးနှစ်ဖက်ကို ပေါင်ပေါ်မှာပဲ ခပ်ဖွဖွ ဆုပ်ထား၏။

"သားညီ ဘာဖြစ်လို့လဲ မာမီ"

"ဟော သား ပြန်တော့မလို့လား"

အထဲကနေ ရှပ်အကျႌလက်ရှည်ကိုခေါက်တင်ရင်း ထွက်လာသူ ဒေါ်မမခက်၏သားကြီး လေမိုးထန် ဖြစ်သည်။ သူက အင်ဂျင်နီယာလည်း ဖြစ်ကာ ဖခင်ဖြစ်သူနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းများမှာ အတူလုပ်ခဲ့ရင်း ခုဆိုလျှင် ကိုယ်ပိုင်ငွေနှင့် ရှယ်ယာဝင်ထားနိုင်ပြီဖြစ်၏။ နောက်တစ်ခု





က ဒေါ်မမခက်၏ အားထားရဆုံးသားကြီး။

သူမစိတ်တိုင်းကျ ဘာမဆိုဖြစ်စေခဲ့သူ။ သားကြီးမျက်နှာကို မော့ကြည့်လိုက်စဉ်တွင် ဒေါ်မမခက် မျက်နှာထက်မှာ စောစောက ဟန့်ပန်အမူအရာတွေ မရှိတော့ပေ။

"ဒီမှာ ခဏထိုင်စမ်းပါဦး သားကြီးရယ်၊ မင်းညီလေ ..."

အစပြုပြီး ဦးချစ်မိုး ဖုန်းဆက်ထားသမျှ အားလုံးကို ပြောပြသည်။ မိုးထန်၏မျက်လုံးတွေက ပြောတာကိုနားထောင်ရင်း ညီမျက်နှာပေါ်မှာပဲ ရှိနေ၏။

"သား စဉ်းစားကြည့်စမ်း၊ တစ်သက်လုံး အတူတူကပ်နေခဲ့တဲ့ ဖိုးချစ်က နာမည်တောင်မသိခဲ့ဘူး၊ သူက နာမည်တွေဘာတွေ သိရုံမကဘူး၊ ခေါ်တာကိုက 'အနှစ်' တဲ့၊ တရင်းတနှီး ကြည့်စမ်း"

"ဟုတ်လား သားညီ"

မိုးထန်မျက်နှာမှာ ချစ်စနိုးအပြုံးနှင့်ဖြစ်သည်။ သို့သော် ညီ မျက်လုံးတစ်ချက်ပဲဝင့်ကြည့်၏။ မျက်နှာပြန်လွှဲပြီး ဘာမှမပြောဘဲနေလိုက်သည်။

ဒီအပြုံးကို အားကိုးလို့မဖြစ်တာ သူ သိနေ၏။ တစ်အိမ်လုံးမှာ ဒက်ဒီက အစ ကိုကိုကော၊ မလတ်ကော မာမီ့ကို လွန်ဆန်နိုင်တဲ့သူမရှိ။ မာမီက ဒါဆို ဟိုဟာလို့ ကျော်ပြီး လက်ညှိုးမထိုးရဲ။

ထို့ကြောင့် သူ့ဘဝမှာ မထူးခြားတာတွေပဲ ဖြစ်လာခဲ့ရရင်း ဘာကို တောင်းဆိုမယ်၊ ဘာဖြစ်ချင်တယ်ဆိုတာမျိုးလည်း မရှိတော့သလောက်ပင်။

လူတစ်ယောက်အတွက် မိတ်ဆွေအပေါင်းအသင်းထားစရာမလိုဘူးဆိုတာ မှန်သလား၊ မှားသလား။ သူလည်း သူငယ်ချင်းပေးပါ၊ မိတ်ဆွေပေးပါ ဆိုပြီး လက်ဝါးဖြန့်တောင်းခဲ့တာမရှိ၊ လှည့်ပတ်မရှာခဲ့ပါ။

သွားလာရင်း တွေ့သည်။ တွေ့ကြလို့ ခင်မင်ခဲ့သည်၊ ဒါ မှားနေ



www.burmeseclassic.com

www.burmeseclassic.com



သလား။ ညီ့ရင်ထဲမှာပဲ မေးခွန်းတစ်ခုကို ထပ်ကာထပ်ကာ မေး သည်။ နှုတ်ခမ်းတွေကတော့ စေ့ပိတ်လျက်သား။

ထိုနှုတ်ခမ်းတွေကို မိုးထန်က နားလည်နေသည့်မျက်ဝန်းများ လှမ်းကြည့်နေလျက် ...

"ကောင်မလေးနာမည်က ဘယ်သူတဲ့လဲ သားညီ"

"အနုစ်"

"မဟုတ်ဘူး ကိုကို မေးတာက ..."

"ကျွန်တော်လဲ အနုစ် ဆိုတာပဲ သိတာ"

"ခြော် ..."

မျက်ခုံးတွေပါပင့်တက်ပါသွားပြီး ကိုကိုက ရယ်သည်။ ပြီးတော့ ဘက်ကိုလှည့်၍ ...

"အနုစ်လို့ပဲသိလို့ ခေါ်တာပါ မာမီရာ၊ ရင်းနှီးလို့ အဖျားဆွတ်ခေါ် မဟုတ်ပါဘူး"

"အို... ဟုတ်ဟုတ် မဟုတ်ဟုတ် မာမီ မကြိုက်ဘူး၊ သားတွေ တွေ မွေးထားပြီး အိမ်ထောင်မပြုရ၊ ရည်းစားမထားရလို့ တစ်သက် တားမြစ်သွားလို့မရမှန်း မာမီ သိတယ်၊ ဒါပေမယ့် ထင်ရာလုပ်ဖို့ ခွင့်မပြုနိုင်ဘူး။ သားကြီးကိုလဲ အသက်သုံးဆယ်ကျော်မှ မာမီကိုယ် လက်ထပ်ပေးတာ၊ သမီးလတ်ကိုလဲ မာမီ စီစဉ်တာမဟုတ် ကောင်လေးက ပညာတတ်၊ လူကုံထံထဲက ဘာမှအပြစ်ပြောစရာ အပြင် သမီးဆိုတာ ကိုယ့်အိတ်ထဲကဖားကလေးလိုပဲ၊ ပြီးတော့ မာ က မာမီ တစ်ခွန်းပဲ၊ ဒါပေမယ့် ..."

ဒေါ်မမခက် မျက်ဝန်းတွေက မျက်ကြောစင်းစင်းချလျက် ခြေ လက်မလှုပ်ထိုင်နေသည့် သားငယ်ဖြစ်သူထံ ဝေ့သွားသည်။ ကြည့် ဒီပုံစံ၊ ဖြူဖြူချောချော နွဲ့နွဲ့ ဖတ်ဖတ်။





ယောကျ်ားလေးမာန်ဆိုတာမျိုး ရယူတာ၊ အုပ်စီးလိုတာ သင်းကိုယ်မှာ ... မိန်းမတစ်ယောက်ကို ဒီလိုပုံစံမျိုးနဲ့ယူပြီး လက်ထပ်ပေါင်းသင်း ... တော့ ဒီယောကျ်ားမျိုးကို မိန်းမက နဖားကြိုးကော လည်ပင်းကြိုး ... တုပ်လို့ရသမျှ အကုန်တုပ်ချည်ပြီး ကောင်းကောင်းကြီး ခွစီးသွား ... သည်။

သားသမီးတွေဟာ ရင်ဝယ်ပိုက်ကလေးတွေ လွှန်လာတာနှင့် လိုချင် ... ဆာတတ်လာ၏။ မရရင် ခြေဆောင့်ငိုကြ၏။

ရှေ့က ခိုင်းနိုင်းခဲ့တဲ့စကားအတိုင်းပြောရပါလျှင် ခွာရာချင်းတူလာ ... စဉ်းစားခွင့်တွေ ဆုံးဖြတ်ခွင့်တွေ တောင်းလာကြသည်။ 'အခွင့် ... ဆိုတာတွေလည်း ပါလာသည်၊ ဘယ်လိုလုပ်မလဲ။

... ဝေဆာတတ်အောင် တပ်မက်ဖွယ် ဘာမှတွေ့မလာအောင် ရှောင် ... သည်၊ တားဆီးရမည်။ ဒေါ်မမခက် ဒီသားအပေါ်မှာတော့ ဂရု ... မရပါ။

... တစ်အိမ်လုံးမှာ အချစ်ဆုံး၊ အငယ်ဆုံးသား၊ ချစ်လွန်းလို့ တစ်ယောက် ... သက်တစ်မျိုး ယုယခေါ်ခဲ့ကြသည်။ သူမက သားထွေးလို့ ခေါ် ... အစ်ကိုကြီးဖြစ်သူက သားညီ တဲ့၊ သူ့အစ်မလတ်ကကျတော့ ... လေး။

... နေ့ထိ ပွေ့ဖက်နမ်းရှုံ့ကြတုန်း၊ ပြီးတော့ သားထွေးက မောင်နှမ ... မှာ အချောဆုံးလေး။

"... သားထွေး"

... သားကို တစိမ့်စိမ့်ကြည့်ရင်း အားမလိုအားမရတွေဖြစ်ရရင်းနှင့် ... တ် သားဘေးကို ပြောင်းထိုင်လိုက်သည်။ ပြီးတော့ လက်နှစ်ဖက် ... သည့်ပေါ်ကနေ ထပ်ဆုပ်ကိုင်သည်။

... စ်ဖက်က ပခုံးကျယ်ကြီးပေါ်မှာ သိုင်းဖက်ထားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"သားထွေးကိုတော့ မာမီက ဘယ်မိန်းကလေးလက်ထဲကိုမှ ထည့်မပေးနိုင်ဘူး၊ နော် နော် သား၊ အဲဒါ မာမီ့ကို သားထွေး နားလည်ပါ၊ သားသမီး သုံးယောက်ထဲမှာ အားလုံး သွားကြပေမယ့် သားထွေး ထွက်သွားမှာကို မာမီ ခံစားနိုင်မှာမဟုတ်ဘူး၊ သားထွေးက မာမီ့ဆီကနေ နောက်ဆုံး ပျံသန်း ထွက်ခွာသွားမယ့် ငှက်ကလေးပါ"

"မာမီရာ ဘာမှမဟုတ်တာလေးကို ခံစားနေတယ်၊ လမ်းပေါ်မှာ တွေ့ခဲ့တဲ့ဥစ္စာ၊ ခုမြင် ခုပျောက်"

"မဟုတ်ဘူး"

မိုးထန်က မာမီ မျက်နှာပျက်နေလျှင် မနေတတ်သည့်သားဖြစ်သည်။ ထို့ကြောင့် စိတ်သက်သာစေဖို့ ထိန်းထိန်းသိမ်းသိမ်း ဝင်ပြောသည်။ ဒေါ်မမခက်က လှည့်ကြည့်ပြီး ခေါင်းခါ၏။

ထိုနောက် နာခံနေပုံလည်းမဟုတ်၊ ဘာမှလည်းပြန်မပြောဘဲ ဒီတိုင်းထိုင်နေဆဲရှိသည့် ညီဘက်ကို မျက်လုံးတွေ ပြန်ရောက်သွားသည်။

"မီးဆိုတာ မလောင်ခင်ကတည်းကတားရတယ်ဆိုတဲ့စကားက မီးအတွက်ပဲမှန်တာ၊ ဒီနေရာမှာကျတော့ ကြိုပြီးတားတာက ပိုအန္တရာယ်ကြီးတာ သားကြီးရဲ့၊ တားတာက တိုက်တွန်းသလိုဖြစ်တတ်တယ်၊ အမှတ်ထွမ့်တွေကို သတိတရဖြစ်စေတတ်တယ်၊ အဲဒါကြောင့် မာမီက တည့်တည့်ပြောလိုက်တာ။ အခု ဘာမှမဟုတ်လောက်တာ ဟုတ်လောက်တာ မာမီ မသိဘူး၊ ရင်းနှီးတာ မရင်းနှီးတာ၊ ရှိုးသားတာ မရိုးသားတာ ဘာဖြစ်ဖြစ် အားလုံးကိုလဲ မသိချင်ဘူး။ လိုချင်တာတစ်ခုပဲ သားထွေးလေး အချစ်ကိစ္စ ခေါင်းထဲမထည့်ရဘူး"

အမိန့်ပေးသလိုပြောသည့်နေရာမှာ လေသံက ပြတ်သားစွာထွက်၏။

"သားထွေးကို မာမီက လက်ထပ်ပေးမှာပါ၊ ဒါပေမယ့် မာမီ ချစ်လို့ဝမှ၊ အရိပ်ကြည့်နေရင်း ကျေနပ်လာမှ လက်ထပ်ရမယ်၊ သားက ကိုယ့်ကို





ဘယ်လောက်ပဲသိတတ်ပါတယ်၊ ချစ်ပါတယ်ပြောပြော ကိုယ့်သားကိုသူများက အပိုင်ရသွားတာတော့ အသေအချာပဲလေ၊ သားနှစ်ယောက်စလုံးကို မာမီ မပေးနိုင်ဘူး၊ သဘာဝကို သိနေပေမယ့် အဲဒီ သဘာဝကိုမာမီ အသက်ရှင်နေတုန်းမှာ မာမီ့အတွက် သားထွေး မေ့ထားပေးပါ"

မေးဖျားကို ဒီဘက်လှည့်လာအောင် ဆွဲလှုပ်၊ ဆွဲယူနေတော့ ညီမျက်နှာ ဒီဘက်ရောက်လာသည်။ အချစ်၊ အမုန်း၊ စိတ်ပျက်ခြင်း၊ ရှုပ်ထွေးခြင်း၊ နားလည်ခြင်း၊ မလည်ခြင်း အားလုံး စုပြုံပြည့်သိပ်နေသည့် မျက်ဝန်းထဲမှာ 'ဘာ'ဆိုသည့် ဘာစ်စုံတစ်ရာကို ဆွဲထုတ်ဖို့က မလွယ်။

ဒါကို သူ့စိတ်နှင့်နှိုင်းရင်း ဘေးကကြည့်နေသည့် မိုးထန်က မချင့်မရဲဖြစ်နေ၏။ ကိုယ့်မိဘ စိတ်ချမ်းသာအောင် ဒီကောင်လေး တစ်ခုခု မပြောတော့ဘူးလား။

"နော် သားထွေး၊ မိန်းကလေးတွေ စိတ်မဝင်စားပါနဲ့ကွယ်၊ မင်းရဲ့အစ်ကိုကိုကြည့်စမ်း၊ မိဘကိုဝဲ့ရ၊ သားကျွေးမှု မယားကျွေးမှုနဲ့ ဘယ်လောက်ပင်ပန်းသလဲ"

မင်းအစ်ကိုကြည့်စမ်း ဆိုတော့ မျက်နှာ ဒီဘက်လှည့်နေသည့်သားညီ မျက်ဝန်းတွေက သူ့ဆီ ဝေ့လာမှာပဲဟု တွက်မိသည်။ ဒါပေမယ့်သားညီက မာမီကိုင်ထားသောလက်တွေ ပြုတ်ကျသွားအောင် ရှေ့ကိုပြန်လှည့်သွား၏။

"ဘာမှလဲမဟုတ်ဘဲနဲ့ မာမီ၊ မာမီပြောနေတာတွေကို နားလည်အောင် ကြိုးစားရင်းနဲ့ သား ပင်ပန်းလှပြီ၊ တော်ပါတော့"

ညီက ထူပေမယ့် အဖျားရှူး၍ လှသော မျက်ခုံးနှစ်ဖက်ကို အကျည်းတန်အောင် စုကျုံ့ပစ်ပြီး မလိုလားစွာ တားမြစ်လေသည်။

"သားညီကကွာ ... မင်း မာမီ့ကို ပြောစရာလား"

ညီမျက်လုံးတွေ သူ့ထံ ဝေ့၏။ နှုတ်ခမ်းသားတွေဖိကပ်ထုံနှလှုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဘာမှမပြောဘဲ ပြန်လှည့်သွား၏။

"သားတွေးရယ် မာမီပြောတာကို မင်း နားမလည်ပေမယ့် ခေါင်းထဲမှာတော့ ထည့်စမ်းပါ၊ လွယ်လွယ်ကလေးပြောရရင် နောက်ကို မာမီမသိဘဲ ဘယ်လမ်းကိုမှ ဖောက်ထွက်မသွားပါနဲ့၊ မာမီ မသိတဲ့မိတ်ဆွေမျိုး လုံးဝ မထားရဘူး၊ လောလောဆယ် ဒါပါပဲ၊ မာမီက မာမီ့သားတွေးလေးကို မဆူချင်၊ မမာန်ချင်ဘူး၊ အတိုက်အခံ ပဋိပက္ခတွေမဖြစ်ချင်ဘူး၊ မာမီတို့ စိတ်ဝမ်းမကွဲကြဖို့က သူစိမ်း ကြားဝင်မလာမှဖြစ်မှာ"

ညီမျက်နှာမှာ ညို့ခနဲတစ်ချက်ဖြစ်၏။ ပြောချင်တာတစ်ခုတော့ရှိသည်။ ဒါပေမယ့် ပြောဖြစ်မှာတော့မဟုတ်ပါ။ ဒီလိုပဲ သူ မျိုသိပ်နေကျပါ။

ဒါဆိုရင် ကျွန်တော်က ဘာလဲ ...။

❧ ❧ ❧





အခန်း (၃)

"အမယ်လေး သားမွေးရတာ ဝမ်းရေစပ်လိုက်တာနော်"

...န်းချပြီးသည်နှင့် အသက်ထွက်ချင်နေသည့်အသံနှင့် မေမေ ညည်း...
... အနှစ်က စာကျက်နေရင်း လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ မေမေ၊ ကိုလတ်ဆီကလား"

"ဟုတ်ပါ့"

...ရင်ထဲမှာနာတာက နှုတ်ခမ်းတွေကို အကျည်းတန်အောင် မဲ့ရွဲ့ပစ်...တာမောင် မပျောက်။ မောင်နှမသုံးယောက်မှာ သားလေးတစ်...ကျတည်းရှိပါသည်၊ ပညာစုံတာနှင့် မိန်းမယူသွားသည်။ ကုန်လိုက်...ဂေါ်လာစရိတ်၊ ရန်ကုန်နဲ့မန္တလေး သွားရပြန်ရတာနဲ့ပဲ နည်းသလား။ မိန်းမလုပ်သူက မန္တလေးက မခွာနိုင်ပါဘူးဆိုပြီး မန္တလေးမှာပဲ နေကြ...၊ လက်ဖွဲ့ကျတော့ ကိုယ့်ဘက်က အဖိုးတန်ပစ္စည်းတွေ ဘယ်...ဘက်များများ သူတို့က ခြိန်နဲ့တိုက် ပါသည်မို့ ကိုယ့်သားက မိန်းမဘက်...နေရသည့်ဘဝ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း ထားလိုက်ပါတော့။ လက်ဖွဲ့ကြကတည်းက မိန်းကလေးရှင်က 'ကျွန်မတို့ဘက်ကတော့ ကလေးတွေအတွက် ခြံနဲ့တိုက်' လို့ ဦးအောင်ပြော၍ ထည့်ချလိုက်သဖြင့် မတတ်နိုင်။

ကိုယ် လက်ဖွဲ့ခဲ့သည့် လက်ဝတ်ရတနာတွေ၊ စီးတဲ့ကား အားလုံး၏ တန်ဖိုးက တိုက်တစ်လုံး၏ခြံဝန်းကြီးထဲမှာ ကြက်စာ ငှက်စာ ချကျွေးလိုက်သလိုပင်။

ထို့ပြင် မိန်းမဘက်က ဆွေတော်မျိုးတော်တွေနှင့် သားက စိတ်ညစ်ကြောင်း ဖုန်းတွေ ခဏခဏဆက်တော့ မိဘက မနေနိုင်တော့ပေ။

"မေမေရယ် ခုမှတော့ ဝမ်းရေတွေ၊ ကျောရေတွေ ဘာမှစပ်မနေပါနဲ့တော့၊ လုပ်ပေးရမယ့်ဟာ ပေးလိုက်ရင်ပြီးတာပဲ၊ ဒီတိုင်းထားတော့လဲ မေမေ စိတ်ချမ်းသာရလို့လား"

အနှစ်က ပြောရင်း စာအုပ်ကို ပိတ်ထားလိုက်သည်။ စားပွဲကို ကျောမှီကာ ဆိုဖာပေါ်မှာ ထိုင်နေသည့် ဒေါ်ပိုပိုနှင့် မျက်နှာချင်းဆိုင်လိုက်၏။

"အခု ဘာတဲ့လဲ၊ ကိုလတ်လား"

"သြော်... ဘာမှတော့မဟုတ်ပါဘူး၊ သူတို့ပြောင်းလာတော့မယ်တဲ့၊ သူ့မိန်းမကို ခေါ်မရလို့ တော်တော်ပြောနေရသတဲ့လေ"

"အဲ့ အဲဒီတစ်ယောက်ကလဲ ရန်ကုန်ကို လာချင်တယ်ဆို၊ သူ့မိဘနဲ့ နေရမှာမို့လို့ ကျေနပ်နေတာဆို"

"ပြောခဲ့တာပဲလေ၊ အခု ဘာဖြစ်လို့လဲ၊ တို့က ဘယ်လိုလုပ်သိမှာလဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်သားက သူ့သားဖြစ်သွားတာကတော့ သေချာတယ်၊ ဒီမိန်းမရဲ့အကြိုက်ကိုမှ မလွန်ဆန်နိုင်တာ"

"မိန်းမအကြိုက်ကိုထားပါတော့၊ ဒီမှာနေရင် သူ့ယောက္ခမနဲ့ ကပ်နေတော့ ပိုဆိုးကုန်ဦးမယ်၊ အဲဒါလဲ မေမေ မမေ့နဲ့"

"သားအမိ ဘာဖြစ်နေကြတာလဲ"





ဦးသာလွန်က ဂျာနယ်တစ်စောင်ကိုင်လျက် ထိပ်ဆုံးက ဆိုဖာမှာ ဝင်ထိုင်လိုက်၏။

"ဘာဖြစ်ရမှာလဲ၊ ရှင့်သား ဆောက်လုပ်ရေးအင်ဂျင်နီယာကြီးလေ..."

ဦးသာလွန်မျက်နှာ ပြုံးသွား၏။

"ဘာဖြစ်လို့လဲ"

"ပြောင်းလာတော့မယ်တဲ့"

"အေးလေ၊ ဒီမှာ မင်း ခြံကော တိုက်ကော အားလုံး အဆင်သင့်ပြင်ထားတာပဲမဟုတ်လား၊ ဒါ ဆန်းလို့လား"

"မဆန်းပါဘူး၊ မဆန်းတာကိုပဲ အမြစ်က ပြန်လှန်တွေးပြီး ရင်နာနေတာ"

"နာမနေနဲ့"

ဦးသာလွန်က ခပ်ပေါ့ပေါ့ပြောပြီး ဂျာနယ်ကိုဖွင့်ဖို့ ပြင်၏။ ပြောပြမလို့ ညည်းညူရင်ဖွင့်မလို့ ပါးစပ်ပြင်ထားသည့် ဒေါ်ပိုပို အောင့်သက်သက် ဖြစ်သွားသည်။

မေးတုန်းကမေးပြီးတော့ စိတ်မဝင်စားရင် အစကတည်းက မဆိုင်သလိုနေပါလား။

"ဒီလိုပဲ၊ ဟွန်း... ဖအေများရဲ့ဂုဏ်သတ္တိလေ"

"ဟောဗျာ"

ဖွင့်လိုက်ပြီးသည့်ဂျာနယ် ဖျတ်ခနဲပြန်ပိတ်လိုက်သည့်ဘဝသို့ ရောက်လေသည်။ မျက်လုံးတွေ ဖနီးဖြစ်သူထံရောက်တော့ သမီးအနှစ်ကို အဖော်ပြုမှဲ့ရွှဲကာ သူ့ကို ထိုးလိုက်သည့် မျက်စောင်းလက်စနှင့် တည့်တည့်တိုး၏။

"ဘယ့်နှယ် လူကို ဆွဲထည့်တာတုန်း၊ မင်းပဲ သားသမီးရဲ့အိမ်ရာဆုထောင်ရေးကိစ္စက အမေတွေနဲ့ပဲ တိုက်ရိုက်သက်ဆိုင်တာဆို"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကတော့ သွယ်ဝိုက်သောနည်းနဲ့တောင်မှ ပြောဆိုပေးဖော်မရဘူးလေ"

"ဘာပြောရမှာလဲကွ၊ မင်းသား မိန်းမကောင်းလေးနဲ့ အိမ်ထောင်ကျတာပဲ၊ လူရည်သန့် မိကောင်းဖခင်သားသမီးလေး၊ ဘာလိုသေးလဲ၊ သူလဲ သူ့မိန်းမကို မြတ်နိုးတယ်၊ အိမ်ထောင်ရေး ဘာမှမဖြစ်ဘူး၊ ငါက ဘာပြောရမှာလဲ"

ဒေါ်ပိုပို စိတ်မရှည်နိုင်ဖြစ်သွားသည်။ အိမ်ထောင်ရေးဆိုတာကို ခြံပြင်ကနေ ရပ်ကြည့်ပြီး ဒီတိုက်ကြီးကောင်းလိုက်တာ၊ ဒီထဲက လူတွေ ပြုံးနေပါလားလို့ မြင်တာနဲ့ သတ်မှတ်ပြောလို့ရမလား။

အိမ်ထောင်ရေးလောက် အတွင်းလှိုက်ပူလောင်တာ မရှိ၊ ရှုပ်ထွေးတာ မရှိ။ ဒါကိုသိလျက်နဲ့ နိယာမနဲ့အညီ သင်းတို့က အပြင်လှလှိုနေလာခဲ့တာ။ ဒီကပြောတော့ လွန်မည်။

ဒေါ်ပိုပို နောက်ထပ်မျက်စောင်းတစ်စင်း ပစ်လွှတ်ဖို့ ပြင်ဆင်နေပြီမို့ ဦးသာလွန် ပြောမည့်စကားကို မျက်လုံးအရင်လွှဲပြီးမှ ပြောရ၏။

"မင်း စဉ်းစားကြည့်လေ၊ မင်းတို့ကအမေ၊ အိမ်ထဲဝင်ပြီး အိပ်ရာခြင်ထောင်က အစ ဘယ်လိုပြင်ပါ၊ ဘယ်လိုဆင်ပါ ပြောလို့ရတယ်၊ မီးဖိုချောင်ထဲမှာ ဆီကိစ္စ၊ ဆန်ကိစ္စ ဘာဖြစ်ဖြစ် ဆုံးမပဲ့ပြင်လဲသင့်တော်တာပဲ၊ ငါတို့ကျတော့ ဘယ်လိုလုပ်မလဲ"

"ရှင့်ကိုလဲ ယောင်းမပေးပါ၊ လက်နှီးပေးပါလို့ ကျွန်မက တောင်းနေလို့လား၊ ဒီမှာ ကျုပ်တည်းခက်ခဲနေရင် တိုးတိုးဖော်အဖြစ်တော့ ရှိသင့်တာပေါ့"

ထိုအခါ ဦးသာလွန် မျက်လုံးတွေက ဘာမှဝင်မပြောဘဲ ပြုံးစိစိ မျက်နှာလေးနှင့် ထိုင်နေသည့် အနှစ်ထံသို့ ရောက်လာကာ ...

"ဟိုမှာ မင်းသမီး ရှိတယ်လေ၊ သမီးမိန်းကလေးက မအေရဲ့ တိုးတိုး





ဖော်မဟုတ်ဘူးလား"

"ဩော်... ဩော်... ဒါဆို ရှင်ကြီးက ဘယ်အခန်းကဏ္ဍကနေ ဝင်ပါမှာပါလိမ့်"

"ဒါကတော့ ..."

ဦးသာလွန် မျက်နှာကြီး ခပ်အမ်းအမ်းဖြစ်သွားသည်။ သမီးထံသို့ နောက်ထပ် အကူအညီလိုအပ်နေသည့်မျက်ဝန်းတစ်ချက် ဝေ့သွားလျှင်...

"မေမေရယ် ဖေဖေက မေမေ့ယောကျ်ားပါ၊ မေမေ့အတွက်ဆို ဖေဖေရှိမှ မဟုတ်ဘူးလား"

"အေးလေ ဟား ဟား"

ဦးသာလွန် အသက်ရှူဝချင်သွားသည့်ရယ်သံကြီးက အောင်မြင်စွာ ထွက်၏။ ဒေါ်ပိုပို နှစ်ယောက်စလုံးကို ဆွဲသိမ်း၍ မကျေမနပ်ကြည့်ကာ...

"ရှင်မရှိလဲ ဖြစ်တယ်"

"ဟာကွာ ... မင်း ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မောင်းလာရင်းနှင့် ကားက ဘာဖြစ်သွားမှန်းမသိ။

"တောက်"

မရမက ပြန်နှိုးပေမယ့် တုတ်တုတ်ပင်မလှုပ်တော့ပေ။ နာရီကြည့်တော့ ဆယ်နာရီခွဲတော့မည်။ ဒီနေ့ ကိုလတ်တို့အိမ်မှာ အိမ်တက်လုပ်သည်။ မနေ့ညကတော့ နည်းနည်းပါးပါး ဝိုင်းကူပေးထားခဲ့ပါသည်။

ယောက်မဖြစ်သူက ဟိုမှာ ညအိပ်ပြီး မနက်အထိ တစ်ခါတည်းနေဖို့ ပြောသေးသည်။ ဖုန်းဆက်ပြောတော့ မေမေက လက်မခံခဲ့ပေ။

"အမယ်လေး လျှုမယ့်အိမ်မှာ ညအိပ်နေပြီး ဝိုင်းကူတာ ဘယ်လောက်ပင်ပန်းတယ်မှတ်လဲဟင်၊ မနေရဘူး မနေရဘူး၊ ဒီမှာ သူလဲ စည့်သည်မဟုတ်ဘူး၊ သူ့မိဘရှိတယ်၊ သူတို့သမီး မဝင်ပန်းစေချင်ရင် သူတို့ စီစဉ်ပေးလိမ့်မယ်၊ သမီး ငါးနာရီမခွဲခင် အရောက်ပြန်ခဲ့"

မေမေက ပြန်လာဖို့ နာရီပါ သတ်မှတ်ပေးလိုက်သေးသည်။ ခုလာတော့လည်း မှာသေးသည်။

"နောက်က ဖြည်းဖြည်းပဲလိုက်ခဲ့၊ ကျကျနနပြင်ပြီး ဂရုမစိုက်စွာလာနော်၊ ငါ့ကို စိတ်ဆိုးနေမလားဆိုပြီး ဟိုမျက်နှာကြည့်၊ ဒီမျက်နှာကြည့် မလာနဲ့"တဲ့။





မေမေပြောတာတွေကို တွေးရင်း မောင်းထွက်လာခဲ့သည့်ကားက သူများတွေခြံရှေ့ကျမှ ဘာထဖြစ်မှန်းမသိ။

ပြေးနေဆဲကားက တုံ့ဆွဲသလိုဖြစ်လာ၏။ အချိန်ကြာမှာစိုးလို့ မီးပွိုင့်ကွေ့ကိုမဖြတ်ရအောင် လမ်းသွယ်တွေထဲက လှည့်ဝင်လာကာမှ ထပ်ဖြစ်တော့ စိတ်တိုသွားမိသည်။ နေရာမှာတင်ရပ်ပစ်လိုက်ပြီးကြည့်လိုက်တော့ ကားမှာ ရေကုန်နေပြီဖြစ်ကြောင်း ဒိုင်ခွက်က heat မှာ ပြနေ၏။

တစ်ယောက်တည်း သေချင်စော်နံသွားသည်။ ဟိုကို နောက်ကျမှ ရောက်သွားပြီး ချွေးသံရွှဲရွှဲနှင့်ဖြစ်တော့မှာကလည်း သေချာပါပြီ။ ကားပေါ်က ဆင်းလိုက်ပြီး တံခါးကို နောက်ပြန်ပိတ်လိုက်၏။

အနှစ် မျက်မှန်ကိုချွတ်၍ ဟိုဒီ မျှော်ကြည့်လိုက်သည်။ ရှေ့မှာကော၊ နောက်မှာကော ကားမပြောနှင့် လူတစ်ယောက် ခွေးတစ်ကောင်ပင်မရှိ။

ခြံဝန်းကြီးတွေကို တံတိုင်းမြင့်မြင့်ခတ်၍ တိတ်ဆိတ်စွာနေကြသည်။ ဘယ်ခြံမှာမှ လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိပေ။

ကား ရေမရှိတော့တာကို ဘယ်လိုဖြေရှင်းရမလဲ။ ရင်တွေကပူ၊ ဟိုဒီလိုက်ကြည့်ရင်း အကြံထုတ်နေဆဲမှာ နားထဲသို့ ဂစ်တာသံသဲ့သဲ့လေး တိုးဝင်လာသည်။ တစ်ဆက်တည်းပါလာသည့် သီချင်းသံကြောင့် အနှစ် မျက်ဝန်းလေးတွေ ဝိုင်းသွား၏။

'ချစ်မျက်ဝန်း'သီချင်းကိုဆိုနေတာ ကောင်းလှချေလား။ အသံလေးက ချိုနေသည်။ ဩရှရှ ညက်ညက်လေးနှင့် နားထဲကို ဘယ်လိုစီးမျောဝင်ဘာမှန်းမသိ။ အနှစ်အသံ ဘယ်ကလာသည်ကို လိုက်ရှာလိုက်မိသည်။ ခြံလမ်းတို့က ထိုဆီသို့ တိုးသွားပြီးသားဖြစ်နေ၏။

( ..... အကြိမ်ကြိမ်ရင်ခုန်မိသော မင်းမျက်ဝန်း ..... အာရုံမှာငြိတဲ့ မျက်ဝန်း ..... မင်းရဲ့အကြည့်မှာ မျောနေခဲ့ ..... မင်းရဲ့...မင်းရဲ့... အချစ်မျက်ဝန်း .....)



www.burmeseclassic.com

www.burmeseclassic.com



(..... ကြိမ်စာလား ... ရပ်မသွားတဲ့ ... ခံစားချက်ပေါင်းများ
... စုရှုတဲ့မျက်ဝန်းတစ်စုံ..... မင်း ချန်ခဲ့...)

(..... မှုမပိုင်တဲ့မျက်ဝန်းအတွက် ကြိတ်ပြီးရူးခဲ့ရပေမယ့် နှုတ်ဆ
မယ့် ..... ဒီနှုတ်ခမ်းတွေ တွေးပူနေ .....)

ဒီခြံထဲမှာဟု သိလိုက်သည်နှင့် ခြံတံခါးဝဘက်ကိုပဲ ပေါ်ပေါ် တင်
လျှောက်သွားလိုက်တော့သည်။ ဒီထဲမှာ သီချင်းရှင်ရှိသည်။ လူမမြင်
လည်း နားထောင်ပြီး ပြန်မည်။

လူမြင်ရလျှင်လည်း ကားရှေ့ဖြည့်ဖို့ အကူအညီတောင်းနိုင်၏။
ကူးနှင့် သံပန်းတံခါးရှေ့ကနေ အနှစ် ခြံထဲကို လှမ်းရှာမိ၏။

(..... ဟန်မဆောင်ကဲ ... အချစ်တွေနဲ့ ... ရင်ထဲကစောင့်မျှော်ခဲ့

..... ဖွင့်ပြောခဲ့ချင်ပေမယ့် မသေချာတဲ့အချစ်တွေနဲ့ ပစ်သွားမ
စိုးရိမ်ခဲ့.....)

(..... မျက်ဝန်းနဲ့ပြောနေမိခဲ့ .... အကြိမ်ကြိမ်ရင်ခုန်နေသော
မျက်ဝန်း .....

..... အာရုံမှာငြိတဲ့မျက်ဝန်း ... မင်းရဲ့အကြည့်မှာ မျောနေခဲ့... နေ
ညတွေ မှားသွားခဲ့.....

..... ချိုမြိန်သာယာနေသော မင်းမျက်ဝန်း... ရင်မှာနှောင်ကြိုး
မျက်ဝန်း ......

.... မင်းရဲ့အကြည့်မှာ မျောနေခဲ့... မင်းရဲ့ မင်းရဲ့ အချစ်မျက်ဝန်း

အသံကိုကြားနေရတာနှင့်ပဲ အနှစ် လူကိုတွေ့ချင်စိတ်က ပြင်း
ထန်ထန် ဖြစ်လာသည်။ ဘယ်လိုကြည့်ကြည့် လူကိုမမြင်ရဘဲ မြင်ခွင့်
သည့် **seen** က ကျဉ်းနေသည်။

ထိုစဉ်မှာပဲ သီချင်းသံက ဆုံးသွား၏။ ပတ်ဝန်းကျင်မှာ နဂိုအ
ပြန်လည် တိတ်ကျသွားတာ မှန်ပေမယ့် သီချင်းပါပျောက်ဆုံးသွားတာ





တစ်စုံတစ်ခု ပျောက်ရှသွားသလို ရင်ထဲမှာ ဟာသွားခဲ့သည်။

"ဟင် ..."

အနှစ် လှစ်ခနဲ ဝမ်းသာသွားသည်။ ဂစ်တာတစ်ဖက်ဆွဲလျက် ခြံထဲ
ကနေ တိုက်ကြီးဆီသို့ သွားနေသည့် လူတစ်ယောက်၊ ဘာလုပ်ဖို့ ညာလုပ်
ဖို့ ဆိုတာ ခေါင်းထဲမှာ ဆုံးဖြတ်ချိန်မရလိုက်ဘဲ လက်ခုပ်တီးခေါ် လိုက်၏။

"ဟိတ်"

လက်ခုပ်တီးသံရော ခေါ် သံရော ဆူသွားသဖြင့် သူ့ခြေလှမ်းတွေ
တုံ့သွား၏။ မျက်နှာတစောင်း ဒီဘက်လှည့်လာသည်။ အနှစ်က လက်သီး
နှစ်ဖက် ရင်ဘတ်ရှေ့မှာဆုပ်၍ တောင်းပန်သလို လုပ်ပြသည်။ ပြီးတော့
လက်ယပ်ခေါ် ၏။

"မိန်းကလေး ဘာလဲ"

"ဟင် ..."

အနှစ်ကိုယ်လေး ပြန်မတ်သွားသည်။ နှုတ်ခမ်းမွေးကားကား၊ ပုဂံ့စွဲ
နှင့်လူကြီးတစ်ယောက်က ခြံထဲကနေ မျက်နှာရှေ့နီးနီးလေးမှာ ကပ်ပေါ်
လာ၏။

"ဩော်.... ဟို.... ကျွန်မ..."

"ဦးချို ခဏ"

ပြေးလွှားရင်း ပြောလိုက်သံကြောင့် ဦးချို ဆိုသော ခြံစောင့်ကြီးက
ကိုယ်ကိုလည်းဖယ်သည်၊ နောက်ကိုလည်း ပြန်ကြည့်၏။ ရောက်လာသူ
ကိုမြင်လိုက်တော့ အနှစ် ဝမ်းသာလုံးဆို့သွားသည်ထင်၏။

"ညီ"

တိုးတိုးလေးပဲအသံထွက်ကာ သန့်စင်ဝင်းမွတ်နေသည့် မျက်နှာကို
တမေ့တမောငေးသည်။ သီချင်းသံကိုသတိရတော့ သူဆိုတာမှန်း သိသော
ကြောင့် လိုလားခြင်းမှာ နှစ်သက်ခြင်းက အပိုဆောင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အနှစ်"

ညီ့မျက်နှာကလည်း ပြုံးနေသည်။ မဲ့တာ ပြုံးတာ ဘာဖြစ်ဖြစ် နှုတ်ခမ်းတစ်ချက်လှုပ်ရှားသွားတာနှင့် ပြုံးပြက်လက်သွားတတ်သည့် ပါးချိုင့်ကလေးက ရင်ခုန်ဖို့ကောင်း၏။

"အနှစ် ကျွန်တော့်ဆီကို ဘယ်လိုလုပ်ရောက်လာတာလဲ"

ဝမ်းသာ၍အံ့ဩနေသော ညီ့မျက်ဝန်းတွေကလည်း အနှစ် တစ်ကိုယ်လုံးကိုကြည့်တာ အားနာဖို့မေ့သွားသည်ထင်၏။

သခွားရောင် ဖာပြောင်ကိုယ်ကျပ်လေးနှင့် ပုစွန်ဆီရောင်အလွှာပါးကလေး ထပ်ဝတ်ထားသည့် အနှစ်ကိုယ်လုံးက ထင်းနေသည်။

ဆံပင်က မရှည်ပါ၊ နားရွက်ကုပ်လေးပဲဖြစ်သည်။ ဒါပေမယ့် ကြေးနီရောင်ရင့်ရင့်တင်ကာ ပျော့နွဲ့အိတွဲနေပုံလေးက လှုပ်ရှားမှုတိုင်းမှာ စီးမျောနေ၏။ ပွင့်လင်းတတ်သည့် အနှစ်မျက်နှာချိုချိုလေးကို ဆံပင်တိုတိုပျော့ပျော့လေးတွေက ပို၍ချစ်စဖွယ်ဖြစ်နေသည်။

ထိုပြင် ဒီနေ့ အနှစ်က ပြင်ဆင်လာတာဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက်ငေးကာ အံ့ဩဝမ်းသာဖြစ်နေကြသည့်နှစ်ယောက်ကို ဦးချိုက ဘာမှမပြောဘဲ ရပ်ကြည့်နေ၏။ အနှစ်က ရှေ့ကိုတိုးလိုက်ပြီး တံခါးသံပန်းကို လှမ်းကိုင်ကာ ...

"ညီ့အိမ်မှန်း အနှစ် မသိဘူး ညီရဲ့၊ ရှေ့မှာလေ ကားရေကုန်သွားလို့ ထိုးရပ်သွားတာနဲ့ ဒုက္ခရောက်နေတုန်း သီချင်းသံကြားလို့"

"ဟုတ်လား"

"ညီက အရမ်းအသံကောင်းတယ်၊ အနှစ် ဒီထိရောက်လာတာ ကြည့်လေ"

ညီက ဂစ်ပာကို ခြေဖျားပေါ်မှာ မထိတထိထောက်၍ မျက်နှာငိုရယ်သည်။





"ညီ အနှစ်ကို တစ်ခုလောက်ကူညီပါလားဟင်"

"ဟင် ... ဗျာ ..."

ခုမှ အနှစ်အတွက် တွေးမိသွားပုံနှင့် ညီက ဦးချိုဘက်ကိုလှည့်၍...

"ဦးချို တံခါးခဏဖွင့်ပေးစမ်းပါ၊ အနှစ်က ကျွန်တော့်သူငယ်ချင်း"

ဦးချို တစ်ခုခုပြောချင်ပုံရသည်။ အနှစ် သိလိုက်တာက တံခါးဖွင့်ချင်ပွင့်မပေါ်။ ညီ့ကို တောင်းပန်သလိုကြည့်၍ အနှစ်ဘက်ကိုလှည့်လာတော့ ဆိုလားဗျာ၊

"ဖွင့်ပေးပါ"

ညီ့အသံက မာသွားသည်။ ဦးချို ခေါင်းညိတ်ပြီး ချက်ချင်းဖွင့်ပေးသည်။

"လာလေ အနှစ်"

"အနှစ် မဝင်တော့ပါဘူး၊ ဟို.. ရေလေး တစ်ပုံးလောက်တော့လိုချင်တယ်"

"လာပါ ရေလဲ ပေးပါ့မယ်"

ခုကျတော့ ညီက သွက်လက်လို့ပါလား။ အနှစ် ခြံထဲကိုဝင်လိုက်တော့ တစ်ခြံလုံး နှင်းဆီတွေချည်း ရောင်စုံအကွက်ချထည့်ထားတာကို မြင်ရသည်။

ခြံတံခါးကနေကြည့်တော့ တိုက်ကြီး၏သုံးပုံတစ်ပုံ အစွန်းကိုပဲမြင်ရ၏။ ပြီးတော့ ခြံနှဲ့လည်းဝေးသည်။ ကားလမ်းကို နိုင်လွန်ကတ္တာရာခင်းထားလိုက်တာ မှန်ကြည့်လို့ရလောက်အောင် ချောမွတ်မည်းပြောင်နေလေသည်။

"တိုက်က အရမ်းမကြီးဘဲနဲ့ လှလိုက်တာ"

တကယ်လှလို့ပြောလိုက်တာဖြစ်သည်။ နှစ်ထပ်တိုက် ခပ်ပုပုဖြစ်တာ ဝရန်တာတွေထည့်ထားပုံနှင့် ခေါင်မိုးစွန်းတွေ လွှတ်ထားပုံက ခေတ်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

တိုက်နှင့်မတူဘဲ ပန်းချီနဲ့တူအောင် အနုစိပ်၏။ ညီက အနှစ်ကို ခြံထဲ ကိုပဲခေါ် လာရင်းမှ...

"ဘယ်လိုမှမှအောက်မေ့နဲ့နော် အနှစ်၊ အထဲမှာ ဘယ်သူမှမရှိကြဘူး ဒီမှာပဲထိုင်ရအောင်"

"ကောင်းတာပေ့ါ ပန်းတွေက မွှေးလိုက်တာ"

အနှစ်က မျက်မှန်ပြန်တပ်ပြီး လှည့်ပတ်ကြည့်သည်။ အတူတွဲသွား ကြရင်း ညီက အနှစ် မျက်မှန်တပ်လိုက်တာကို နှစ်ခါပြန်ငုံ့ကြည့်၏။

"ဒီကျောက်ခုံလေးက အေးမှာပဲ၊ ထိုင်ရအောင်"

အစိမ်းရောင်ကျောက်ခုံလေးက နှစ်ယောက်ထိုင်ရုံပဲရှိတော့ အနှစ် ထိုင်လိုက်ပေမယ့် ညီက မထိုင်ပေ။

"အနှစ် ဘာဖြစ်လို့ မျက်မှန်တပ်လိုက်တာလဲ"

"ဟင် ဘာဖြစ်လို့လဲ၊ မလှဘူးလား"

"အနှစ်ရဲ့မျက်ဝန်းလေးတွေလောက် မလှဘူး"

"တကယ်"

အနှစ်က မော့ကြည့်မေးကာ မျက်မှန်ကို ချွတ်ပစ်လိုက်၏။ ထိုအခါ မျက်လုံးချင်းတိုက်ရိုက်ဆုံမိကြသည်။ ငေးခနဲကြည့်ပြီးမှ ညီ့မျက်တောင် ဖျားတွေ မြက်ခင်းထက်သို့ စိုက်ကျသွားသည်။

"ကြည့်လေ ညီရဲ့ လှတယ်ဆို"

ညီသာ ရှက်ကိုးရှက်ကန်းရယ်ပြီး မော့လာသည်။ ဒါပေမယ့် မျက်ဝန်း ချင်း နောက်ထပ်မဆုံစေဘဲ နားသယ်စပ်ဆံပင်တစ်ခြမ်းကိုသပ်ရင်း ဟို ဘက်လှည့်မလိုလို ပြန်ကြည့်မလိုလို ဖြစ်သွားသည်။

သို့သော် မျက်နှာငုံ့ခြင်းသို့ပဲ ပြန်လည်ရောက်ရှိကာ ...

"ကျွန်တော် ရင်တွေခုန်နေလို့"





"ဟင် ...."

"ရင်ဘတ်ထဲမှာ ဘယ်လိုဖြစ်နေမှန်းမသိဘူး၊ စောစောက ချစ်မျက်ဝန်း သီချင်းကို ဆိုနေမိတာလဲ အနှစ်ကို သတိရလို့ဆိုတာ"

"ဟုတ်တယ်"

အနှစ် တကယ်အံ့သြသွားခဲ့သည်။ တကယ်လားလို့ မမေးရဘဲ ချက် ချင်း ယုံ၏။

"မျက်နှာက ဘာဖြစ်လို့ ဒီလောက်ငုံ့နေရတာလဲ ညီရဲ့၊ လာ ဒီမှာ ထိုင်လေ"

"ရပါတယ်"

ခေါင်းခါပြီး လည်ပင်းကို တစ်ချက်ပွတ်သည်။ အနှစ်က ကျောက်ခုံ၏ အစွန်းကို သေချာတိုးထိုင်လိုက်ပြီးမှ ...

"ရပြီ ထိုင်"

ညီက ငုံ့ကြည့်ပြီး ခေါင်းညိတ်၏။ ပြီးတော့ တစ်ဖက်စွန်းမှာ ကပ်ကပ် လေးဝင်ထိုင်သည်။

ညီကို ဘာမှန်းမသိပေမယ့် အနှစ်က နားလည်နေလို့သာ၊ မဟုတ် လျှင် ကောက်ညင်းက မစေးရဘဲ ဆန်ကြမ်းကစေးသည် ဘာညာ ထင် မြင်တွေးရှိ၏။ ပြီးတော့ သူက အိမ်ရှင် မဟုတ်ဘူးလား။

သူ့ကိုယ်က ဆပ်ပြာမွှေးနံ့လေး ဝေ့သွားတာကိုလည်း အနှစ် အမှတ် တရလေး ဖြစ်သွားသည်။

"ထူးဆန်းတယ်နော်"

"ဟင် ဘာကိုလဲ ညီ"

ဘေးတစောင်းဖြစ်သွားတော့ အတူဝင်လာတုန်းကလို ညီက ငုံ့ကြည့် ဖော်ရလာ၏။

"ကျွန်တော် အရမ်းသတိရနေတုန်း အနှစ် ရောက်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



အနှစ်က ရယ်သည်။ တန်းစင်းနေသည့် သူ့နှာတံကို ဘေးတိုက်က နေ သေချာငေးကြည့်မိရင်း ...

"ဒါဆိုရင် အနှစ် ကားပျက်တာ ညီနဲ့ လုံးဝ သက်ဆိုင်သွားပြီ"

"ဘာဖြစ်လို့လဲ"

"ညီက သတိရနေလို့ ဒီရှေ့ကျမှ ထိုးရပ်သွားတာ"

"သြော်... အပွန်း"

နှစ်ယောက်သား ရယ်မိကြသည်။

"အနှစ်ကို ရေပေးလေ၊ ပြန်တော့မယ်"

"ဟာ နေပါဦး၊ ကျွန်တော် ..."

တစ်ခုခုပြောမလိုဖြစ်သွားပြီးမှ သူ ဆွံ့အသွားသည်။ အနှစ်ကိုလည်း ကျပျောက်ဆုံးရှုံးသွားတော့မည် ပစ္စည်းတစ်ခုလို ငေးကြည့်၏။

"ကျွန်တော့်အတွက် ဒီလိုအချိန်လေးက သိပ်ကိုရှားပါးတာ အနှစ်ရဲ့၊ တစ်သက်မှာ လိုချင်တာကို ရခဲ့ဖူးတာဆိုလို့ ဒီတစ်ခါ ပထမဆုံးပဲ"

"ဟင် ..."

"ကျွန်တော် အနှစ်ကို မြင်လိုက်ရတော့ သိကြားမင်း ဖန်ဆင်းပြီး ကိုယ့်ရှေ့ကိုချပေးလိုက်သလားတောင် ထင်မိတယ်"

"ညီကလဲ"

အနှစ် ရှက်ဝဲဝဲပေးပြုံး၍ မျက်နှာငုံ့ပင် ညီက တစ်ချက်မှမလွှဲဘဲ လိုက်ငေးသည်။

"အနှစ်နဲ့ တစ်ခါဆုံဖူးကတည်းက အနှစ်ကို ကျွန်တော် စွဲလမ်း၊ အဲ... ဘယ်လိုပြောရမလဲမသိဘူး၊ မေ့လို့မရတာ စွဲလမ်းတာလားဟင်"

"လုပ်ပြီကွာ၊ ဘယ်သိမလဲ"

သူ့ကို ကိုယ်ကချည်းပဲ ဦးဆောင်ခင်မင်လာခဲ့ပေမယ့် ဘာလိုလို စကားတွေ ပြောလာတာမှန်းသိတော့လည်း ရှက်သည်။ ဒါပေမယ့် ညီက





တော့ မပြောတတ်ရှာတာပါ။

သူ ဘာဖြစ်လို့ ဒီလောက်ရိုးသားနေရတာလဲ၊ တိုးတက်သွက်လက်နေကြတဲ့ခေတ်ရေစီးထဲမှာ ဘာဖြစ်လို့ စီးမျောမလိုက်နိုင်ခဲ့တာလဲ။

မေးခွန်းတွေတော့ ဖြစ်လာခဲ့၏။ ညီ့ထံမှ ပင့်သက်ရှိုက်သံတစ်ချက် ကြားလိုက်ရကာ ...

"အဲဒါ ကျွန်တော်လဲမသိဘူး၊ ဒါပေမယ့် အနှစ်ရဲ့ မျက်ဝန်းလေးတွေကို သတိရနေတယ်၊ တကယ်လှတယ်"

"ဟင်... ဒါ ..."

အနှစ်က မျက်တောင်ဖျားတိုပင့် ကပ်တက်သွားသည်အထိ သူ့ကို မျက်လွှာပင့်ကြည့်သည်။ ပြီးတော့ မျက်ဝန်းတို့ကို လက်ညှိုးနှင့်ထိုးပြပြီး မေး၏။

"အင်း"

ညီက စိုက်ကြည့်ပြီး ခေါင်းညိတ်သည်။ ပြီးမှ မျက်ဝန်းတွေ ဖျပ်ခနဲ လွှဲပစ်ကာ ...

"မျက်တောင်တွေကရှည်ပေမယ့် မထူဘူး၊ တစ်ပင်ချင်း ကော့နေတာ"

"အပွန်း အဲဒါ အထင်မကြီးနဲ့ ညီရဲ့၊ ကီရိယာလေးနဲ့ ကော့ထားတာ"

"ကျွန်တော် မြင်ဖူးတယ်၊ မလတ်လဲ သုံးတယ်လေ၊ ဒါပေမယ့် မျက်တောင်အတုတော့ မဟုတ်ဘူးမို့လား"

"ဟင့်အင်း"

"အနှစ်က လှလို့ ပိုလှသွားတာပါ၊ ပြီးတော့လေ အနှစ်က ပွင့်လင်းတယ်၊ ကျွန်တော် အနှစ်ကို ခင်တယ်၊ အနှစ် လက်ခံမယ်မဟုတ်လားဟင်"

"ခင်တာပဲညီရယ် အနှစ်လဲ ညီ့ကိုမြင်ဖူးကတည်းက ခင်တာပါ။ အဲဒါကြောင့် ညီ ဘယ်လိုပဲနေနေ အနှစ်ဘက်က သာတယ်၊ နာတယ်မတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဆက်ပြီးခေါ် ပြောနေတာပေါ့"

"ဘယ်လို၊ ကျွန်တော် ... ကျွန်တော့်ပုံစံ ဘယ်လိုဖြစ်နေလို့လဲဟင်"

မေးပုံက ထိတ်ထိတ်ပျာပျာ၊ သူ့ကိုယ်သူ အဲဒီလိုပုံစံ ဖြစ်ခဲ့တာကို သေမင်းလက်က လက်မတင်လေး လွတ်မြောက်လာခဲ့ရသူကဲ့သို့ ရင်တုန်ပန်းတုန် ဖြစ်နေဆဲပုံပေါက်၏။

အနှစ်က ပြုံးနေရင်း မျက်ခုံးလေးတွန့်၍ သူ့ကိုစိုက်ကြည့်သည်။

"ဘယ်လိုပုံစံလဲဆိုတော့ မိန်းကလေးတစ်ယောက်နဲ့ မခေါ်မပြောချင်လို့ ပြေးတဲ့ပုံ"

"ဟာဗျာ ..."

"မျက်လုံးချင်းဆုံလိုက်မိတာနဲ့ ဖုံးတစ်လုံးထကွဲသွားနိုင်သလို ..."

"တော်ပြီ... တော်ပါတော့ဗျာ၊ ကျွန်တော် အဲဒီလိုစိတ်တော့ မဟုတ်တာ တကယ်ပါ။ မာမီက အပေါင်းအသင်းများတာကို မကြိုက်ဘူး၊ မိန်းကလေးတွေနဲ့ ခင်တာဆို ပိုဆိုးတယ်"

"သြော် ..."

"အဲ... အဲဒါကြောင့်လဲ ကျွန်တော် မဟုတ်ပါဘူး။ အပြင်ကိုသွားလာဖြစ်တာလဲ ကျွန်တော့်အတွက် အခွင့်အရေးက သိပ်ကိုရှားတာလေ၊ အဲဒီတော့ တစ်ခါတစ်ခါ ထွက်ခွင့်ရတဲ့အခါကျတော့ ကျွန်တော့်အာရုံထဲမှာ ခြေထောက်နဲ့မြေပြင် ထိတွေ့နေရတဲ့အရသာကပဲ အဓိကဖြစ်ခဲ့တာ"

အနှစ် အံ့သြဟန်လေးနှင့်ငေးကြည့်နေမိသည်။ ဒီယောက်ျားဟာ တစ်စုံတစ်ခုသော အတ္တ သို့မဟုတ် အတားအဆီးတစ်ခုခုအောက်မှာ မွန်းကျပ်စွာ ရှင်သန်နေရသူလား။

"ဘယ်လိုလဲဆိုတော့ ကိုယ့်ရဲ့ ဘောင်းဘီ၀တ်၀န်းကျင်ထက် ကိုယ် သွားခွင့်ရနေတဲ့ခြေလှမ်းတွေကို ပိုပြီးစိတ်၀င်စားမိတာမျိုးပေါ့။ မာမီ မကြိုက်လို့ ဒီလိုနေမယ်ဆိုတာမျိုးမဟုတ်ဘူး၊ ယုံလားဟင် ..."





"ယုံပါတယ်၊ ညီမှာ မာယာမရှိဘူးဆိုတာ အနှစ်က ယုံကြည်ထားပြီးသား၊ ညီက ဘာနဲ့ကျောင်းပြီးထားတာလဲ"

"ကျွန်တော် အဝေးသင်နဲ့ပဲဖြေခဲ့ရတာ၊ အပေါင်းအသင်းများမှာ မကြိုက်တဲ့ မာမီ့အစီအစဉ်ပေါ့"

"သြော်... ညီရယ် မိဘနဲ့သားသမီးပေမယ့် ကိုယ့်ဆန္ဒရှိတာလေးကိုတော့ တင်ပြခွင့်ရှိပါတယ်၊ ညီက လုံး၀ကို မပြောဆိုရဲတာလား"

ညီက လည်ပင်းကိုပွတ်နေရင်း ကုပ်ပေါ်မှာ လက်ဖဝါးကပ်ထားလျက်နှင့်ငေးနေသည်။ ပြီးမှ ခေါင်းခါ၍ ...

"မပြောချင်တော့တာထင်တယ်၊ မောင်နှမတွေအားလုံးထဲမှာ ကျွန်တော် တစ်ယောက်ပဲ မနာခံတဲ့သူလို့ ကဲ့ရဲ့ခံရမှာကို ရင်မဆိုင်ချင်ဘူး၊ မာမီကလဲ ၀န်ခံတယ်၊ ဒီအတ္တတစ်ခုကိုတော့ နားလည်ပေးပါတဲ့"

"ညီ့ကို ပတ်၀န်းကျင်ထဲ ထည့်မပေးလိုက်ချင်တာလား"

"ဟုတ်တယ်"

အနှစ် ညီ့ကို နားလည်သွားသည်။ သံယောဇဉ်ချည်နှောင်ခြင်း ဆိုသည့် အရှာကလည်း တစ်ထိုင်တည်းမှာပဲ အမြစ်တွယ်လေသည်။

ရေပြင်ညီကလေးပေါ်မှာ လှိုင်းကြက်ခွပ်လေးတွေအဖြစ်နဲ့ ပို၍လှပသွားအောင် အလင်းနှစ် ဆိုသော သူမက လှိုင်းစေသောလေ ဖြစ်ချင်ပါ၏။

ဿဏ ဿဏ ဿဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မေမေ အနှစ် ဘာဖြစ်လို့ရောက်မလာတာလဲ"

"မောင့်ညီမက ညကတည်းက ဒီမှာနေပါဆိုတာတောင် မရတဲ့ဟာ မျက်စိရှုပ်တာမကြိုက်လို့ဖြစ်မှာပေါ့"

ကြည့်စမ်း မအေရှေ့မှာတောင်။ ဒေါ်ပိုပို့မျက်ဝန်းတွေက ချေးမဖြစ်သူဆီ ဒိုင်းခနဲရောက်သွားသည်။ 'မဟုတ်လို့လား'ဟု ပြန်မေးလိုက်သလို သတ္တိမနည်းသည့် မျက်ဝန်းများနှင့် ဆုံမှ ကိုယ်က လူကြီးမို့ မျက်တောင်တစ်ချက်ခတ်၍ လျှော့လိုက်ရသည်။

"မင်းညီမက နေဖို့ပါ မေမေ့ဆီ ခွင့်တောင်းတော့ မေမေက ခွင့်မပြုလိုက်တာ၊ သူက ..."

"သူကပြောတော့ သိပ်နေမကောင်းလို့ဆို၊ အဟွန်း.. ဖုန်းဆက်တယ်ဆိုတာ ခုမှပဲ သိရတော့တယ်"

ဒေါ်ပိုပို့မျက်နှာ ရဲခနဲဖြစ်သွားသည်။ သူက ကိုယ့်သားကိုပါ 'ဘယ့်နှယ်လဲ မောင့်ညီမ'ဆိုသည့် မျက်လုံးများနှင့် ခဲ့ကြည့်လိုက်သေးသည်။





သမီးက မအေကို ပြုံပြင်မှာစိုး၍ သူမသဘောနှုပြန်သလိုလို ပြောခဲ့တာဖြစ်မည်။ ကိုယ်ကလည်း သမီးကို အပြစ်မြင်မှာစိုးလို့ ကာကွယ်ပေးလိုက်မိသည်။

သင်းကို ဂရုစိုက်လို့တော့မဟုတ်ပါ။ မောင်နှမနှစ်ယောက် စိတ်ကွက်ကြမှာစိုးလို့ဖြစ်၏။

"အမေတို့သားအမိကြည့်ရတာ ရင့်တို့ဆီမှာ အလှူအိမ်ဆိုတော့ ဝိုင်းကူနေရင် ပင်ပန်းမှာစိုးလို့ထင်တယ်၊ အဟွန်း ..."

ပြောပုံက သားမျက်နှာကိုမော့ကြည့်ပြီး တမင်တကာ သိစေလိုက်တာမျိုးဖြစ်၏။ ပြောရဲလိုက်တဲ့ မိန်းကလေး၊ ကွယ်ရာမှာ တို့ထောင်ပြောတာမဟုတ်။

ကိုယ့်မျက်နှာကြီးကိုကြည့်ပြီး ဟုတ်လားလို့ တည့်တည့်မေးတာမို့ ငိုရခက်၊ ရယ်ရ အခက်။

"မဟုတ်ပါဘူးကွယ်၊ သမီး နေမကောင်းတာကိုသိလို့ အမေကလဲ ပြန်ခဲ့ဖို့ ပြောတာပါ။ ဒီမှာ ဒ်ပေါက် အော်ဒါမှာကျွေးတဲ့ဥစ္စာ ဘာပင်ပန်းစရာရှိလို့လဲ"

ဖနီးနဲ့အမေ ငြိတော့မှာကိုသိကာ မိုးသားရောင် ဟိုဘက်ကြည့်ရ ဒီဘက်ကြည့်ရ ဖြစ်နေခဲ့၏။ ဖနီးဖြစ်သူကလည်း လျှာစောင်းထက်သည့်သူ။

"တကယ်နေမကောင်းတာလား၊ အဲဒီလိုမှန်းသိရင် သူ ညနေကျမှ ခေါင်းလျှော်တာကို ရင့် ဘယ်ကြည့်နေမလဲ၊ ဒီမှာ သူ ပြန်ခါနီးမှတောင် ခေါင်းလျှော်သေးတာ"

"သြော် ... အဲဒါကြောင့် နေမကောင်းချင်ဖြစ်သွားတာနေမှာပေါ့ ရင့်ရယ်၊ ညီမလေးက ခေါင်းလျှော် ရေချိုး သိပ်ရဲတင်းတာ"

"မဟုတ်ဘူးလေ အမေကပြောတော့ အိမ်ကသွားကတည်းက နေမကောင်းတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ အမိအရ ပြန်ဖမ်းဖို့ကြိုးစားနေသဖြင့် ဒေါ်ပိုပို ဒေါသဖြစ်လာမိ၏။ ထိုစဉ် အပြန်မှာနှုတ်ဆက်လာကြသည့် ဧည့်သည်တွေနှင့်အတူ ခမည်းခမက်ဖြစ်သည့် ဒေါ်မမခက်လည်း ပါလာကာ ...

"သမီးရေ ဒီမှာ ဒေါ်မမခက်တို့ကို နှုတ်ဆက်လိုက်ပါဦး"

"မမပို ..."

သူ့ဧည့်သည်တွေကော ကိုယ့်လူတွေကော ဘေးမှာ ချက်ချင်း ဝိုင်းလာကြသဖြင့် လှေကားကြီးအဆင်းနားမှာပဲ ပြုံးပြနှုတ်ဆက်ရင်း အားလုံးကို ခဏတော့ မေ့ထားလိုက်ရ၏။

"သားနဲ့သမီးကပဲ ချောတာမဟုတ်ဘူးနော်၊ နှစ်ဖက်က အမေတွေကလဲ ကြည့်ပါဦး၊ မိုးမြင့်အောင်တို့ မေသဥ္ဇာဦးတို့ အရှုံးပေးရလောက်ပါတယ်"

"ဟုတ်လို့လားကွယ်"

"တကယ်ပြောတာပါ မမပိုရဲ့၊ မမခက်ကလဲ နုတယ်၊ သားသမီးဆိုတာ မိဘအသက်ယယ်နေတော့ ဂုဏ်တစ်မျိုးတင့်တာပေါ့"

"ဒါနဲ့ မမခက်မှာ သားလေးတစ်ယောက် ရှိသေးတယ်နော်"

"ရှိတာပေါ့"

"အံမယ် ဒီလိုမေးရင် မမပိုကိုလဲ မေးရမှာပဲ၊ သမီးချောလေးရှိသေးတယ်မဟုတ်လား၊ ဂုဏ်မထားကြေး"

ဒေါ်ပိုပို့မျက်နှာ မအီမသာဖြစ်သွားခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်စလုံးကိုမှ ဘာဖြစ်လို့ တစ်ပြိုင်တည်း မေးနေကြတာလဲ၊ အမေးရှိတော့လည်း အဖြေရှိရမည်သာ။

"သမီးငယ်က အငယ်ဆုံးပီပီ သူ့အစ်ကိုအစ်မတွေကို ဆိုးနွဲ့ဖို့ပဲသိတာ မနွယ်ရဲ့၊ ပညာရေးမှာလဲ လောဘကြီးတယ်၊ ကျောင်းပြီးသွားပေမယ့် အခုထိ သူ့မှာ သင်တန်းတွေ တက်လို့မပြီးနိုင်ဘူး၊ စာတွေလဲ ကျက်တုန်း"





"ဟုတ်တယ် ဟုတ်တယ်၊ နွယ် မြင်ဖူးတယ်၊ သွက်သွက်လက်လက် ချစ်စရာလေး၊ အကြီးမ ပိုပိုသာထက် ပိုလှတယ်နော်"

"ဒါနဲ့ ပိုပိုသာက စင်ကာပူမှာဆို"

"ဟုတ်ပ၊ သူ့ကုမ္ပဏီကလွှတ်တာလေ၊ ဟိုမှာနေရတာ နှစ်နှစ်ရှိပြီ ရသမျှ အကုန်ပို့တယ်၊ ဝင်ငွေကတော့ ကောင်းပါတယ်ကွယ်၊ သမီးကြီးကို ခွဲနေရတော့ စိတ်တော့မချမ်းသာဘူးပေါ့"

သူ့လူက သူ့ကိုမေး၊ ကိုယ့်လူက ကိုယ့်ကိုမေးနှင့် နှုတ်ဆက်ကြသူတွေနှင့်ရောကာ တံခါးဝထိ စကားက မပြတ်နိုင်။

ဒီဘက်က စကားပြတ်သွားချိန်မှာ ဟိုဘက်က စကားသံက ထိုးခွင်းလာ၏။

"သားရှင်ပေမယ့်လဲ ပူရတာပဲ သိတာရယ်၊ အိမ်ထောင်ကျသွားပြီဆိုရင် မိဘက ဆိုင်သာဆိုင်တော့တာ၊ တို့က ဒီသားကိုတော့ ဘယ်သူ့မှ မပေးနိုင်ဘူး၊ အဲဒါကြောင့် တယုတယ ထုပ်ပိုးပြီး သိမ်းထားရတယ်"

"ရပ့်ါမလား မမခက်ရယ်၊ ဒါမျိုး ဆိုတာက ..."

"ရလို့ပဲ အခု တို့သားလေးက တို့စကားတစ်ခွန်းပဲ၊ အိမ်ကနေ တစ်ဖဝါးမှကိုမခွာဘူး၊ မြို့ပြင်ကို တစ်ထွာဖြစ်ဖြစ်၊ တစ်လံဖြစ်ဖြစ် တို့မသိဘဲ မသွားခဲ့ဘူး၊ မိန်းကလေးတချို့ဆိုရင် ရိုးပုံရိုးပန်းနဲ့ မိဘကွယ်ရာမှာ ထင်သလိုနေကြတာ"

ဒေါ်ပိုပို မျက်နှာပျက်မသွားအောင် ကိုယ့်ကိုယ်ကို အတော်ကြီးထိန်းလိုက်ရသည်။ အနားမှာ သူ့သမီးလည်းရှိနေသေးသည်မို့ ကိုယ့်ကိုပဲ စောင်းပြောလိုက်တာတော့ မဖြစ်နိုင်ဟု တွက်ပြီး ဖြေလိုက်၏။ ပြီးတော့ သမီးလေး အနှစ်က လိမ္မာလိုက်တာမှ...။

"ပိုတယ်ပဲပြောပြော တို့ကတော့ တို့သားလေးနဲ့ ထိုက်တန်တဲ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်တိုင်ရှာပေးနိုင်မှပဲ အိမ်ထောင်ဖက်ကိစ္စကို ခေါင်းထဲထည့်မှာ၊ ခုချိန်မှာ ဘယ်မိန်းကလေးကိုမှ စောင်းကြည့်ခွင့်မပေးဘူး၊ ကိုယ့်သားကို မျက်စောင်းလာမထိုးနဲ့ မောသွားမှာပဲ”

“ဟုတ်တယ် အန်တီသိတာ၊ မာမီက အပိုပြောနေတာမဟုတ်ဘူး၊ အသယ်လေးကို ဒီနေ့ထိ ယင်မတောင် အနားခံခဲ့တာမဟုတ်ဘူး၊ အဲဒါ တကယ်”

ရယ်သံတွေ စီခနဲထွက်လာသည်။ အားပေးကြတာလား၊ ကဲ့ရဲ့ကြတာလားတော့မသိ၊ လှိုက်လှဲပျူငှာကြတာတွေကတော့ ယုတ်လျော့သွားသည်မရှိပေ။

ထိုစဉ် လက်ကိုင်အိတ်ထဲက ဖုန်းသံပေးလာသဖြင့် ပေါ်တီကို ဖဲအောက်ထိဆင်းသွားပြီး ဒေါ်ပိုပို နားထောင်လိုက်သည်။

“မေမေ လမ်းမှာ ကားပျက်သွားလို့ နောက်လဲကျနေပြီ၊ ကိုလတ်ကို ပြောလိုက်ပါနော်၊ အနှစ် မလာတော့ဘူး”

ဒေါ်ပိုပို ဖုန်းကို ဆောင့်အောင်ပြန်ထည့်လိုက်ကာ ...

“ကောင်းတယ် မလာနဲ့”





## အခန်း (၆)

“ခွမ်း”

“ဟာ ...”

“ဒုန်း... ချလွမ်...”

“ဘာတွေဖြစ်ကုန်ပြီလဲ”

မိုးသား ရွှေလက်စ ပန်းအိုးတင်ခုံလေးကို လွှတ်ထားခဲ့ပြီး နောက်ဖေးပြေးဝင်လာခဲ့သည်။ မီးဖိုခန်းထဲမှာ အဖုံးဖွင့်လျက် အိုးကြီးအိုးငယ်တွေက မြင်မကောင်း။

ဟိုတယ်သုံး ကြွေပန်းကန်ပြားကြီးတွေက အထပ်လိုက်လည်းရှိပြီး တစ်ချပ်စီး နှစ်ချပ်စီ ပြန့်ကျဲကာ စားပွဲပေါ်မှာတွေကော ဘေဇင်ဘေးမှာပါ ပွထလျက်ရှိ၏။

ဟင်းသောက်ပန်းကန်လုံးကြီးတွေမှာ ဖွန်း၊ ခက်ရင်းတွေ စုပြုံ ... ထွက်နှင့် မှောက်တာတွေကမှောက်၊ လဲတာတွေ လဲ။

“ဘာလာကြည့်တာလဲ”

www.burmeseclassic.com



ရင့်က ရှုပ်ပွနေသည့်ကြားထဲကနေ ဆတ်ခနဲထရပ်ကာ ခါးထောက်အော်သည်။ မနက်က အိမ်တက်မှာတုန်းက ကြံရည်ရောင်ပိုးပါတိတ်နှင့် ပဝါကလေးခြုံထားသေးသည်။ စည်းနှောင်မထားတတ်သော ပခုံးအောက် ဆံပင်တွန့်တွန့်တွေကို ကလစ်နဲ့ နှစ်ဖက်ခွဲ၍ လှလှပပပြင်ထားသည့်ပုံစံ။ ခုကျတော့ ...

"ဘာပုံစံပေါက်နေပြီလဲ ကြည့်ဦး လူကို"

ဘောင်းဘီရှည်ပွပွနှင့် တီရှပ်တိုနန့်နန့်လေးကို ခါးကနေ နှစ်ဖက်စလုံး ပါအောင်စုဆွဲကိုင်ပြီး ကိုယ်တစ်ခြမ်းလုံးလည်း တွန့်ပြ၏။

"အစုတ်ပြတ်ဆုံး အိမ်ဖော်တောင်မှ ရင့်လောက် စုတ်မှာမဟုတ်ဘူး"

"မဟုတ်တာ မိန်းမရာ"

"ဘာမိန်းမလဲ သွား ..."

ရင့်က လက်ခုံပေါ်ထိ ဆီဝေ့နေသည့် သူမအဖြစ်ကို ငုံ့ကြည့်ပြီး ငိုချလိုက်တော့မလိုပင်။

"မောင့်အမေက သိပ်လည်တာ သိလား။ သူ့သမီးကို အဲဒီလိုပင်ပန်းမှာစိုးလို့ လုံးဝကို မလာခိုင်းတာ"

"မဟုတ်ပါဘူးကွာ၊ ညီမလေး ကားပျက်လို့ ဖုန်းဆက်တာ မောင်လဲ သိတာပဲ"

"မောင့်မေမေ လာပြောလို့ သိတာမဟုတ်လား။ အလကား မယုံဘူး သွား။ ကိုယ့်သားလေး တစ်မြို့တစ်ရွာက ပြောင်းလာတာကို ဝမ်းသာအားရကြိုဆိုမယ်၊ ကူညီမယ် မရှိဘူး။ ညှိုသည်လိုလား၊ ညှိုသည်လိုပြန်"

မိုးသား စိတ်ညစ်သွားသည်။ ဒီလိုလာပြီး ဒီလိုပြန်ကြတာ ရင့်ဘက်ကမာမီလည်းအတူတူပဲမဟုတ်ဘူးလား။ မေးလိုက်လျှင် ရင့် ဘယ်လိုဖြစ်သွားမည်မသိ။





တစ်ခန်းလုံး ဆေးကြောစရာတွေနှင့် စုပုံထပ်နေတာကို ဝေ့ကြည့်ပြီး ရင့်ကို စာနာစိတ်လေးလည်းဖြစ်မိသဖြင့် ဘာမှမပြောဖြစ်တော့ပါ။

"ကဲပါကွာ မောင် ဟိုရှေ့မှာပြီးရင် လာကူမယ်၊ ရင့် ဖြည်းဖြည်းပဲလုပ်နော်"

"ဖြည်းဖြည်းမှကိုမလုပ်နိုင်တော့ဘူး၊ လက်မှာ ဆီပူတွေလဲလောင်ကုန်ပြီ၊ ရေနွေးပြီး ဒီမှာ လက်သည်းတွေလဲ ကျိုးတော့မယ်၊ ထိုင်နေရတာ ဘယ်လောက်ကြာပြီလဲ၊ မိန်းမကို တစ်ချက်မှဖြင့် လှမ်းကြည့်ဖော်မရဘဲနဲ့ ခြေထောက်တွေကျဉ်နေပြီ၊ ခါးတွေတောင့်လို့ အနှိပ်ခန်းပြေးရတော့မယ် သိလား"

"ပြဿနာပါလား"

ရှေ့တိုးလျှောက်လာရင်း မိုးသား ခေါင်းကုတ်မိလေသည်။ နေခြည်ရင့်ဆိုသော မိန်းမလှလေးဟာ တော်တော်လှ၍လည်း သူ ချစ်မိတာဖြစ်သည်။ အလှအပကြိုက်တတ်တာလည်း သူမပဲဖြစ်၏။

လက်ထပ်ကြပြီးကတည်းက ဒီဖနီးလေးကို သူ မျက်နှာညိုမခံနိုင်ခဲ့တာ၊ သူငယ်ချင်းတွေ မြှောက်ပေးကြတာလည်း မအောင်မြင်။

"မင်းမိန်းမက လည်ပါတယ်ကွာ၊ မင်းကို အလိုလိုက်တာလို့မထင်ဘဲ ငါလှည့်တိုင်ရပါတယ်လို့ ထင်နေတာ" စသဖြင့် ဝေဖန်ကြ၏။

သွေးတိုးစကားဖြစ်ဖြစ်၊ စေတနာဖြစ်ဖြစ် သူကတော့ ဘာကိုမှ ခေါင်းထဲမထည့်ခဲ့ပေ။ လင်နဲ့မယားဆိုတာ တစ်ယောက်ကိုတစ်ယောက် နားလည်နေဖို့ပဲဟု သတ်မှတ်ထား၏။

ဒါကြောင့် ရင့် ဘယ်လောက်ပဲ စိတ်ကောက်နေနေ ချော့ရဖို့အတွက်က ကိုယ့်အလုပ်ဟုတွက်ထားသည်။ တမင်တကာဆိုးနေမှန်း သိတာတောင် ခွင့်လွှတ်နိုင်သည်။ ခွင့်မလွှတ်နိုင်အောင်ဖြစ်လာတာကိုလည်း သည်းခံခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေလုပ်ဖော်ကိုင်ဖက်အချင်းချင်းကတောင် သူ့ကို ဟိုလိုစ၊ ဒီလိုစ၊ ဒီမိန်းမကတော့ မသိပါလား၊ သက်ပြင်းမောကြီး ဟူးခနဲ မှုတ်ထုတ်မိရင်းနှင့် ...

"ကဲ ပြော မောင် နှိပ်ပေးရမလား၊ နင်းပေးရမလား"

"မောင်နော်"

ခြေထောက်ကို ဘယ်ညာဆောင့်နင့်ပြီး ရင့် သူ့ရှေ့ရောက်လာ၏။ မျက်နှာချင်းဆိုင်ရပ်ပြီးမှ နောက်ကိုပြန်ငဲ့ကြည့်ကာ...

"မောင့်ညီမကို ဝိုင်းကူပေးဖို့ လှမ်းခေါ်ပေး"

"ဟာကွာ"

ဒါတော့ မတည့်အောင်ပြောတာပဲ။ မိုးသား မျက်နှာရှုံ့မဲ့သွား၏။ သေချာသည်၊ ရန်ကုန်မှာ နေ့မကူးသေးမီ မေမေနဲ့ သူ ကွိုင်တက်ရတော့မှာ...။

"နေမကောင်းဘူးလို့ပြောသွားတာကို ခေါ်ခိုင်းတော့ ကောင်းမလား ရင့်ရဲ့၊ ဩော်... ဒါနဲ့ ရင့်မောင်လေးတောင် မလာဘူးနော်"

"ဘာ..."

ရင့်က မလိုအပ်ဘဲ ရန်လိုစွာထအော်၏။ နောက်မှာ ဖြစ်သလိုစုစည်းထားသည့် ဆံစတိုလီမုတ်စတွေ နဖူးကကျ၊ နားသယ်စပ်ကကျနှင့် ဖြစ်နေတာကို မျက်နှာမော့ခါလိုက်၊ နားရွက်နောက်ကိုပို့လိုက်နှင့် လင်မယားချင်း ခုပဲ ထသတ်ကြတော့မလိုလို။

"မောင်က သူ့မောင်ကိုတော့ ခေါ်မခိုင်းဘူးလို့ ပြောချင်တာလား"

"ဒီလိုမဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် တစ်ယောက်မရှိတော့ တစ်ယောက်ရှိနေရင် ကောင်းမှာလို့ တွေးမိတာမျိုးပါ။ မောင်က မောင့်ယောက်ဖကိုတောင် မေးခွင့်မရှိဘူးလား"

"မရှိဘူးလေ၊ အငယ်လေးကို မျက်စိထဲ ထည့်မြင်တာကိုက မောင်





တာ ရင့်တို့မိသားစုကို နားမလည်တာ"

ဖြစ်ရလေ။ ရင့် တစ်ဖက်သတ်ကြီးပြောနေတာကျတော့ စိတ်ထဲမှာ အောင့်သက်သက်ဖြစ်မိ၏။ ပြောကြကြေးဆို ကိုယ့်ဘက်က မိန်းကလေး။

"မောင့်ညီမက မိန်းကလေးဆိုပေမယ့် ပခုံးမှာ လွယ်အိတ်တစ်လုံးချိတ်ပြီး မြို့ထဲမှာ သင်တန်းတွေလျှောက်တက်၊ သင်တန်းမဝင်ဘဲ ရုပ်ရှင်ကြည့်၊ ပလာဇာသွားဖြစ်တာတွေပါချင်ပါနိုင်သေးတယ်၊ အငယ်လေးက အဲဒီလိုနေခဲ့ရတာမဟုတ်ဘူး၊ လုံးဝ လုံးဝကို ကွာတာ မောင် သိသားနဲ့ကွာ"

ရင့်က မျက်မှောင်ကြုတ်နေသည့် မိုးသား၏ရင်ဘတ်ကို တိုးတိုက်လျှောက်သွားပြီး ဧည့်ခန်းထိ တောက်လျှောက်ထွက်သွား၏။ ပြီးတော့ နောက်က မိုးသား ပါလာတာ မပါလာတာကို ငဲ့မကြည့်ဘဲ ပြောချင်တာတွေ ပြောနေ၏။

"ရင့်က ကိုယ့်မောင်ကိုကျတော့ ထုပ်ပိုးပြောနေတယ်လို့ မောင်က ထင်တယ်မဟုတ်လား၊ မတွေ့လို့ မတွေ့ဘူးပြောတာ၊ မနက်က မိသားစုလိုက်ပို့လာကြတာတောင်မှ အငယ်လေး ပါမလာတာ ကြည့်ပါလား၊ ပြီးတော့ ရင့်ကို မန္တလေးတက္ကသိုလ်မှာ သွားတက်ခိုင်းတာလဲ ဘာဖြစ်လို့လဲဆိုတာ မောင့်ကို ရင့် ပြောဖူးသားပဲ"

နောက်ကနေ မိုးသား လှုပ်လီလှုပ်လဲ့ပါလာရင်း ရင့်ရှေ့မှာ ထိုင်ချလိုက်မိသည်။ သူ ပြောဆိုအော်ဟစ်နေတုန်း ထွက်သွားကြည့်ပါလား...

"မောင်က ခွေးဟောင်တိုင်း ထ,မကြည့်နိုင်ဘူးဆိုတဲ့သဘောနဲ့ စိတ်ရာထဲဝင်မှောက်နေတာလား၊ တစ်ယောက်တည်း ဒီကပြောနေတော့ ခွေးလားဟင်၊ ဘာဖြစ်ဖြစ် မောင်လဲ လွတ်မှာမဟုတ်ဘူးနော်၊ ဒီက ခွေးဆိုရင် ခွေးချင်းညားမှဖြစ်တာ၊ ရှုးနေရင် အရှုးမလင်ပဲ"

ရင့်က စွာလည်းစွာသည်၊ ဘာဖြစ်ဖြစ် ပြောရဲ၏။ ကိုယ် သည်းခံနိုင်တာကျတော့ စွာတာလေးက ချစ်ဖို့ကောင်းနေသည်၊ သည်းမခံနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



လန်ထွက်ပါ၏။

"ရင့် အိမ်ကနေကျောင်းတက်ရင် မိန်းကလေးသူငယ်ချင်းတွေ ရှ
ဆီကိုလာမယ်၊ အိမ်မှာ ဝင်ထွက်ရင်းနှီးကြနဲ့ အငယ်လေးကို ထိခိုက်မှာ
လို့ မန္တလေးထိပို့ပြီး အဒေါ်ဝမ်းကွဲအိမ်ကနေ ကျောင်းတက်ခိုင်းတာ"

"ဟုတ်ပါပြီ အဲဒါ မောင်သိတယ်၊ ဘာဖြစ်ဖြစ်ကွာ လောလောဆ
လုပ်ချင်တာလုပ်လို့ရချင်ရနေမှာပေါ့။ ဒါပေမယ့် သဘာဝကို တိုးတ
အောင်ပဲလုပ်လို့ရတာ၊ ပြောင်းလဲပစ်လို့မရဘူး၊ ရင့်နဲ့မောင် မန္တလေးမှ
တုန်းက အငယ်လေးက ငယ်ချင်ငယ်ဦးမှာပေါ့၊ အခု ဒီလိုမဟုတ်တော့
လို့ မောင်ကထင်ဟာ"

"တော်ပါ မောင်ရယ်၊ မောင်တို့သားအမိရှေ့မှာပဲ မာမီ ပြောနေတ
မကြားဘူးလား။ ဟိုတုန်းကထက်တောင် ပိုသေးတယ်၊ အခု ကြာ
လူပျိုဖြစ်လာလေ မာမီက သူ့သားကို လေတိုးခံတာမဟုတ်ဘူး"

နှုတ်ခမ်းမဲ့မိတော့မလို့ သိသိလေးပဲလိုသည်။ ရမလားဟု ပြော
ဟားတိုက်ရယ်ချလိုက်ချင်တာလည်း လျှာတွေယားနေ၏။ ရေပြင်ညီ
အငယ်လေးကို သူ မန္တလေးမှာ တစ်ခါဆုံဖူးခဲ့သည်။ ဒုတိယနှစ်ဖြစ်နေ
အရွယ်ကတည်းက မိန်းမသားတွေမပြောနှင့် အကြီးဆုံး လေမိုးထန်ထ
ပင် အရပ်က ကျော်ချင်နေသေးသည်။

သူနဲ့လည်း အရပ်အမြင့်အတူတူပင်။ ဒီဘက်နှစ်တွေမှာတော့
တော့ပါ။ ပိန်ချပ်ချပ်ကိုယ်လုံးက လူပုံကို ခပ်ကိုင်းကိုင်း ခပ်ငွဲ့ငွဲ့ ဖြစ်
စေ၏။

ယောက်ျားမပီသတာ ဘယ်နေရာမှာမှမရှိ။ ချောလိုက်တာမှ လူ
ခပ်သွယ်သွယ်နှင့် မင်းသားတစ်ပါးလို နန်းဆန်နေသေးသည်။

ဒီလိုကောင်ကို ဘယ်လိုထည့်ပိတ်ထားမလဲ၊ အဘွားကြီးက
ဓောက်ပ်ပြီး အတွေကြီးနေတယ်ထားပါဦး ဒီမိန်းမ လူငယ်တစ်ယော





ပြီး ဘာဖြစ်လို့ အစွန်းရောက်နေတာလဲ။ ဘာထူးလို့လဲ၊ သူ့မောင်ကို
ား ဘိုမရုပ်လေးတစ်ရုပ် မှတ်နေသလားမသိ။

စိတ်ထဲမှာ လွှတ်လွှတ်လပ်လပ်ကြီး ဝေဖန်ပစ်လိုက်ပြီးမှ မိုးသားက
ဘာင်းပန်သည့်မျက်ဝန်းများနှင့် ရင့်ကိုကြည့်ကာ ...

"ဟုတ်ပါပြီ ရင့်ရယ်၊ ကဲ ရင့် ပင်ပန်းရင် နားလိုက်တော့၊ တော်ကြာ
ောင့်သူငယ်ချင်းတွေလာကြမှာ၊ မောင်တို့ပဲ လုပ်လိုက်မယ် ဟုတ်ပြီလား"

"သူငယ်ချင်းတွေလာမှတော့ ရင့်ကို ကဲ့ရဲ့ကြမှာပေါ့"

"ကဲ ဒါဆိုလဲ မောင် ခုပဲ ဝင်လုပ်လိုက်မယ်ကွာ၊ ပါးစပ်လေးပိတ်ပြီး
ချိုးဖို့ပဲလုပ်တော့"

ရင့်နှုတ်ခမ်းတွေ ပြုံးသွားသည်။ မောင် ထွက်သွားသည်နှင့် လက်
ပူကယာသုတ်ပြီး ဖုန်းကိုကိုင်လိုက်၏။ မာမီနဲ့ ပြောဖို့က ရှိသေးသည်။

ဆရ ဆရ ဆရ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဘာ… ဘာပြောတယ် သားကြီး၊ မင်း …"

ဒေါ်မမခက် မျက်နှာကြီး ခက်ထန်သွားသည်။ အနားမှာရှိနေကြသည့် သားနဲ့သမီးဆီသို့ တစ်ချက်ပြန်ကြည့်ပြီးမှ …

"မိန်းမ စိတ်ကောက်နေတာကို မင်းက ချော့စရာလား၊ ကလေးအဖေဖြစ်နေကာမှ မင်း ဘာစိတ်တွေပေါက်သွားတာလဲ"

"မဟုတ်ပါဘူး မာမီရာ၊ ညက ကျွန်တော် အသက်တို့နဲ့ပြန်လာတော့ နည်းနည်းမူးလာတယ်၊ ပြီးတော့ အသက်က သူ့ရှေ့မှာ ဘာတွေလုပ် ဘာတွေပြောသွားမှန်း မသိဘူး၊ တစ်ညလုံး ငုတ်တုတ်ထိုင်ငိုနေတာ"

"အမယ်လေး အဲဒါနဲ့ မင်းက သနားသွားသပေါ့"

"မနက်ကျတော့ မအိပ်ရဘူးအရှိန်နဲ့ နေမကောင်းဘူးဖြစ်နေတာပေါ့ ကလေးကတစ်ဖက်နဲ့ဆိုတော့ ကျွန်တော် …"

"မလိုချင်ဘူး မင်း အခုလာခဲ့၊ ဒီမှာ သမီးလတ်လဲရှိတယ်၊ မိသားစုစုံစေချင်လို့ ခေါ်တာနော်၊ နာရီဝက်အတွင်း ရောက်အောင်လာ"

"ဟုတ်ကဲ့ပါ"





သားအမိနှစ်ယောက် ဖုန်းကို ပြိုင်တူချလိုက်ပြီး ရင့်က မျက်ခုံးနှစ်ဖက် ပင့်၍ မဲ့ရွဲ့နေသည်။

"မာမီ့သား သွားပြီ"

ဟု ပြောကာ ဆိုဖာမှာ ပြန်ထိုင်၏။

"ဘာဖြစ်လို့သွားရမှာလဲ၊ ဟွန့် … မမခက် တဲ့၊ မာမီ ပုံသွင်းဖန်တီးထားတဲ့အတိုင်းမဟုတ်ဘဲ ဒီလိုလွယ်လွယ်ခုန်ထွက်လို့ ဘယ်တော့မှမရဘူး၊ လက်ထပ်ပြီးတာနဲ့ ဒီမိန်းမကို ဦးချိုးထားခိုင်းခဲ့တာ၊ မိန်းမရေ ဆိုရင် ငါလာပြီးသားပဲ၊ မိန်းမတစ်ယောက် ဘယ်လိုဟန်ပြင်ရင် ဘယ်ခြေလှမ်းလှမ်းတော့မယ်ဆိုတာ မမခက်က သိပြီးသား၊ ငါ့သားတွေကို ဘယ်လိုမိန်းမမှ လွှမ်းမိုးလို့မရဘူး"

ရှေ့မှာ စပျစ်သီးထိုင်စားနေသည့် ညိုက အင်တာနက်ပေါ်ကနေ မမခက်ထံသို့ အကြည့်ရောက်၏။ မလတ်ကလည်း ဟုတ်လို့ပင်။

"မာမီ့သမီးကျတော့ ယောကျ်ားကို အသေနိုင်တာနော်၊ အဟွန်းတော်ကြာ အဲဒီချွေးမက သမီးချင်းမစာနာလို့ မာမီ့ကိုအတင်းတုတ်ဦးမယ်"

"ကွယ်ရာမှာ မကြားအောင်တုတ်လေ၊ ကြားလို့ကတော့ မမခက် သက်ဝါးက ဘယ်ပါးမှမရွေးဘူး၊ ဟုတ်တော့ ဘာဖြစ်လဲ၊ မမခက် မွေးလိုက်တာ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် တခြားတစ်မိသားအတွက် ခြေသုတ်ပုဆိုးမွေ့ဆွယ်ကျိုး ဘယ်တော့မှ မဖြစ်ရဘူး၊ ခေတ်တွေ စနစ်တွေ ဘယ်မှာဘယ်လိုရှိရှိ ငါ့လက်ထဲမှာ ငါ့ဝါဒပဲ"

ဒေါ်မမခက်က စကားပြောရင်း ညိုကိုလည်းဝေ့ကြည့်၏။ ဒီတိုင်းဖြစ်ရမှာ မင်းလည်းမှတ်ထား ဆိုသည့် သက်ရောက်လိုခြင်းပဲဖြစ်သည်။

ညိုက အင်တာနက်ကြည့်နေသဖြင့် ရင့်က ညိုဘေးကိုကပ်ထိုင်လိုက်ပြီး ဆံပင်တွေကို လက်ချောင်းတွေနှင့် ထိုးဖွပစ်လိုက်၏။

ညိုက ခေါင်းတိမ်းပစ်ပြီး လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း အငယ်လေးကော ချစ်ရမယ့်သူ ရှိနေပြီလား"

"ဘာ… ဘယ်လိုမေးလိုက်တာလဲ ကလေးကို"

ဒေါ်မမခက် ပြုံးပြုံးထအောင်တော့ ရင့်က ရယ်ကာ…

"မေးကြည့်တာပါ မာမီရဲ့၊ မာမီ့သားကို မာမီက သည်းသည်းလှုပ်နေ ဘေးလူတွေက 'စောင့်ကြည့်ပါဦး' ဆိုတဲ့ မျက်လုံးတွေနဲ့ ခနဲ့နေကြတာ"

"ဘာမျက်လုံးနဲ့ကြည့်ကြည့် မာမီလုပ်သမျှ မဖြစ်ခဲ့တာမရှိဘူး၊ ဘယ် သမီးရှင်မဆို သမက်ရရင် ခိုင်းစားဖို့ နွားတစ်ကောင်ရလိုက်သလိုပဲ သဘောထားတာ၊ လုံးဝအဖြစ်မခံနိုင်ဘူး၊ သဘာဝကို ရှောင်တိမ်းလို့မရ လို့ လက်ထပ်ပေးရတော့မယ့်နေ့ဟာ မာမီ့သားက မာမီ့စိတ်နဲ့ သူ့ရဲ့ကိုယ် ပဲ ဖြစ်နေရမှာ"

"ဖြစ်ပါပြီဗျာ၊ ဒီမှာ ရောက်လာပြီ အပျွန်း၊ လူတွေစုံလို့ပါလား"

ရင့်က လေမိုးမျက်နှာကိုလှည့်ကြည့်ပြီး ဆတ်ခနဲ ထရပ်လိုက်၏။ ပြီးတော့ လက်မောင်းကိုပြေးဖက်၍ …

"အပြောကြီးပြမနေပါနဲ့ ကိုကိုရာ၊ ကိုကို့မိန်းမ ချူကလီးယားတွေ လုပ်နေလို့ အခု မာမီ မခေါ်ရင် ကိုကို ပျော်ကျသွားမှာပါ"

"ဟား … နင့်အစ်ကိုလား အဲဒီလိုဖြစ်မှာ"

ကိုင်လာသည့် ဝိုက်ဆံအိတ်ရှည်ကြီးကို စားပွဲပေါ် ချပြီး အတူထိုင် လိုက်ကြတော့ ဒေါ်မမခက်က သပ်သပ်၊ မောင်နှမသုံးယောက်က အတူ တွဲလျက်ဖြစ်သွား၏။

ညီက လေမိုးနဲ့ကပ်လျက်မှဖြစ်ကာ အင်တာနက်ရှေ့ကနေ ဒီဘက် ပြန်လှည့်လာပြီး …

"ကိုကို ညီမှာတာ ဝယ်ဖြစ်သေးလား"

"ဟင် … ဪ… ဟန်းဆက်အသစ်လား၊ ဝယ်ပေးမှာပေါ့ သားညီ ရဲ့၊ ညီကိုင်နေတဲ့ဟန်းဆက်လောက်တောင် ကောင်းတာ မတွေ့သေးလို့"





"ကိုကိုရယ် ကိုယ့်မှာ ပူဆာမယ့်ကလေးလဲမရှိဘူး၊ ကိုယ့်အိမ်မှာ ဒီ ကလေးတစ်ယောက်ပဲရှိတာတောင်မှ ဂရုမစိုက်ချင်ဘူး၊ အငယ်လေး ဒီမှာ မလတ် ဝယ်ပေးမယ်"

ညီက ကျေးဇူးတင်ပုံလည်းမရှိ ကျေနပ်ပုံလည်းမရဘဲ ရင့်ကိုကြည့်ပုံ က မကြည်လင်။

"မျက်နှာလေးက ဘာဖြစ်နေတာလဲ အဲဒါ"

မေးပြီး လေမိုးကိုကျော်၍ ညီ့ပါးကို လှမ်းပုတ်သည်။ ညီက မကြိုက် သည့်မျက်နှာနှင့် တစ်ဖက်လှည့်ပစ်လိုက်ကာ …

"မလတ်တို့ကလဲ ညီ့ကို ကလေးလို့ခေါ်တာတွေ ပြင်ပါတော့ဆို မရ ဘူး"

"ဟင် ဘာဖြစ်လို့လဲ၊ ကိုယ့်မောင်လေးကို ကလေးလို့ပဲမြင်တာလေ၊ ချစ်လို့ခေါ်တာ ဘာဖြစ်လဲ"

သားအမိသုံးယောက် မျက်လုံးချင်းဆုံတော့ ဒေါ်မမခက်နှင့် ရင့် မျက်နှာ မှာ အံ့သြစိုးရိမ်မှုများနှင့်ဖြစ်ကာ လေမိုးက ညီ့ကိုကြည့်၍ပြုံးနေသည်။

"ဟုတ်သားပဲ ညီမလေးရယ်၊ ညည်းမောင်က ဘွဲ့ရတော့မယ်၊ လူပုံ ထိုက်ဆိုက်ကြီးကိုလဲ ကြည့်ပါဦး"

"ဟုတ်တယ် ကိုကိုပဲစဉ်းစားကြည့်၊ ညီ့ကို ကလေးလို့ခေါ်တာနဲ့ အဲသွဲနားဆွဲတွေလုပ်တော့ ကိုယ့်ကိုယ်ကို မိန်းမလျာစိတ်တောင်ပေါက် ချင်တယ်"

"ကြည့်စမ်း မာမီ့သား စကားတွေတတ်နေလိုက်တာ"

ပို၍သေချင်သွား၏။ ညီ ကျွတ်ခနဲမဲ့ကျသွားကာ မာမီ့မျက်လုံးကြီး တွေသာ စူးရဲဝင်းလက်မနေလျှင် ဒီနေရာကနေ ထွက်သွားပြီဖြစ်နိုင်သည်။ မလတ်၏ 'မာမီ့သားလေး စကားတွေတတ်နေလိုက်တာ' ဟူ၍ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်ပုံက ချက်ချင်းပဲ ပုခက်ထဲ ပြေးဝင်ရတော့မလိုလို၊ မျက်လုံးထဲမှာ ခဏခဏမြင်နေသော ကောင်မလေးတစ်ယောက်ကို မုန်း၍ ရှက်မိသည်။

ချစ်တတ်၊ မြတ်နိုးတတ်နေသည့် ရင်ဘတ်ထဲမှာ သူမကို ဖျောက်ဖျက်မရတော့တာ သေချာ၏။ သူမနှင့် စကားတွေပြောနေရတာ ကျေနပ်သည်၊ အနားကထထွက်သွားတော့ လက်ကလေးကို ပြေးဆွဲထားချင်၏။

အချစ်ကို ဆာလောင်တတ်ခဲ့ပြီဖြစ်သည့် ဒီကောင်က ကလေးလား...

ဆာဖြ လူဖြ ဆာဖြ





အခန်း (၈)

ဖုန်းလာတယ်ဟုပြောကာ မေမေ လာပေးတော့မှ ဖုန်းကို အိတ်ထဲမှာထားပြီး လွယ်အိတ်ကိုလည်း အိမ်ရှေ့ခန်းမှာပဲ အပုံလိုက်ချထားခဲ့တာကို သတိရသည်။

ခေါင်းလျှော်ပြီးစမို့ ဆံပင်တွေ ရေသုတ်ရင်း ဖုန်းကို ပခုံးနဲ့မေးကြားမှ ညှပ်၍ နားထောင်လိုက်သည်။

"ဟဲလို"

"အနှစ်"

"ဟင် ဘယ်သူလဲ၊ ခဏ ခဏလေး မကြားရလို့"

အနှစ် တဘက်စောင်ကို မွေ့ရာပေါ် ပစ်တင်လိုက်ပြီး ဖုန်းကို ပြန်ကိုင်သည်။ ဝရန်တာဘက်ကို ထွက်လာခဲ့ရင်း ...

"ရပြီ၊ ဘယ်သူလဲ"

"ကျွန်တော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ညီလားဟင်"

"အင်း"

"ဆောရီး ညီရယ်၊ တစ်ခါမှမဆက်ဖူးတော့ ညီ့ဖုန်းနံပါတ်ကို သတိမထားလိုက်မိဘူး"

"ဒီနေ့ ဆက်မယ်လို့ပြောထားတယ်လေ"

"ဟုတ်ပါတယ် ညီရဲ့၊ ဒါပေမယ့် ညီပဲ ညဦးပိုင်းကျမှဆို"

"အခု လူလစ်လို့လေ၊ မာမီတို့အားလုံး အောက်ထပ်မှာ"

သနားစရာပါလားဟု တွေးဖြစ်ရင်း ပင့်သက်ရှိုက်မိသည်။ အပေါ်ထပ်နဲ့အောက်ထပ် လူကွဲနေတာကို လူလစ်တုန်းဆိုတော့ တစ်ချက်ကလေးမှ အလစ်မခံဘဲများ ထိုင်ကြည့်နေကြသလား။

ဘယ်လိုလူတွေလဲ...။

"ညီ ပြောလေ၊ ဘာတွေထူးခြားနေလို့လဲ"

"အနှစ်"

"ဟင်"

"အရမ်းသတိရတာပဲ"

ရင်ထဲမှာ ဒိန်းခနဲဆောင့်ခါသွားသည်။ သီချင်းဆိုသည့်အသံလေးတိုင်းပဲ အသံက နားထောင်ပြီးတိုင်း တမ်းတနေချင်အောင် ဆွဲဆောင်မှုရှိ၏။ ညီဟာ လူပုံကလည်းမိသည်။ ရုပ်၊ အသံ ဘာမှ ပြောဖို့မလို။

ခက်နေတာ တစ်ခုပဲရှိ၏။ ညီ နေရတဲ့ ကမ္ဘာလေးက ကျဉ်းလွန်းနေသည်။

"ကြားလား အနှစ်"

"အင်း"

"အနှစ်ကော ကျွန်တော့်ကို သတိရရဲ့လား"

"ရတာပေါ့၊ ဒါပေမယ့် ဒီရက်ပိုင်းက အလုပ်ရှုပ်နေတယ် ညီရဲ့၊





သင်တန်းတွေ လောဘကြီးပြီး လျှောက်ယူနေတာ၊ စာမေးပွဲတွေ စုပြုံဖြေရတော့ သေရော"

ညီ့အသံ ခဏတိတ်သွား၏။

"ညီ အခု ဘာလုပ်နေလဲဟင်"

"ဝရန်တာမှာ"

"ဟယ်... အနှစ်လဲ ဝရန်တာမှာပဲ၊ ညီ ဘယ်ဘက်ကိုလှည့်ရပ်နေလဲ"

"အင်း... အနှစ်နဲ့ကျွန်တော် စကားအတူထိုင်ပြောခဲ့တဲ့ ကျောက်ခုံလေးကိုလှမ်းကြည့်နေတာဆိုတော့ ဘယ်ဘက်မျက်နှာကျမလဲမသိဘူး၊ အပြင် သိပ်မထွက်ရတော့ အရပ်လေးမျက်နှာတောင် မျက်စိလည်နေတယ်"

"ညီရယ်"

ညီ့ကို သနားလည်းသနား၊ ရယ်လည်းရယ်ချင်မိသည်။ ဒါပေမယ့် မရယ်ရက်ပါ။

"အဲဒါလဲ ဆန့်ကျင်ဘက်ပေမယ့် တိုက်ဆိုင်နေတာ အံ့သြစရာပဲ ညီ၊ အခု ညီနဲ့ အနှစ် စကားပြောနေကြတာ အရပ်မျက်နှာအရဆို မျက်နှာချင်းဆိုင်ပဲ"

"ဟုတ်လား"

တော်တော်ဝမ်းသာအားရဖြစ်သွားပုံရသည့် ညီ့အသံက ကလေးတစ်ယောက်လို လွတ်လတ်လပ်လပ်ပင်။

"အနှစ်"

"ဟင်"

"နောက်ထပ် စကားပြောခွင့်ရချင်တယ်"

"အခု ပြောလို့ရတယ်လေ ညီရဲ့၊ ပြောသာပြော အနှစ် နားထောင်မယ်"

"မဟုတ်ဘူး၊ ကျွန်တော့်ဘေးမှာ အနှစ်ကိုထားပြီး ပြောချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း"

ဘယ်သူမှလည်း အနားမှာမရှိဘဲနဲ့ အနှစ် ရှက်သွားသည်။ မျက်နှာလေးငုံ့ချကာ ဝရန်တာကြမ်းခင်းကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေမိ၏။

"အနှစ်ကိုလေ ကျွန်တော်က ..."

စကားသံက ဖျော့ကျသွားတာမဟုတ်ဘဲ ချက်ချင်းကြီး ပြတ်တောက်သွား၏။

"ဟဲလို ညီ ..."

ပြန်ခေါ်တော့ ညီ ဖုန်းချသွားပြီမှန်း သိလိုက်၏။ တစ်ယောက်ယောက်လာလို့ဖြစ်မှာပါ။ ဒါမှမဟုတ် ဖုန်းခိုးဆက်တာ လူမိသွားလို့လား။ ဖြစ်ရလေ ညီရယ်...။

သနားလိုက်တာလို့ တွေးမိပြီးကာမှ ပြန်ဖျက်ပစ်မိသည်။ ယောက်ျားတစ်ယောက်ဟာ သနားစရာအသွင်နှင့် ရပ်တည်နေသင့်သလား။ ပျော့ညံ့တဲ့ယောက်ျားတွေကို အနှစ် ကြည့်မရပေ။ ယောက်ျားဖြစ်ပြီး မိန်းကလေးတွေလို အလှအပပြင်တာ...

ဘာဖြစ်ဖြစ် ကျားကျားလျားလျား ရှေ့ကမထွက်ချင်တာ၊ ဥပမာ ဖေဖေနဲ့မေမေကိုကြည့်၊ စီးပွားရေးမှာ ဦးစီးဦးဆောင်နေတယ်ဆိုပေမယ့် အိမ်မှာ ဘာဖြစ်ဖြစ်...

"မင်းသွားလိုက်လေ၊ မင်း တွေ့လိုက်ပါ"

"အတူတူပါပဲကွာ၊ လင်မယား မင်းပြောလဲ ငါပြောတာပဲ"

"အိမ်ထောင်ဦးစီးခေါ်တာ ဘာဖြစ်လဲ၊ မိဘနှစ်ပါးစလုံး အိမ်ထောင်ဦးစီးပဲ"

ဆိုတာမျိုးတွေ၊ ရပ်ရေးရွာရေး လူမှုရေးမှာ ဘာဆိုဘာမှ ဝင်ပါတာမရှိ။

"ဦးသာလွန်"





ဆိုပြီး ဘာအရေးကိစ္စနဲ့လာလာ 'မိန်းမ ... မင်း သွားလိုက်' ဆိုတာပဲဖြစ်၏။ ငါ အပြင်မှာ စီးပွားရှာနေတာပဲ၊ ကျန်တာ မင်းလုပ်ပါ ဆိုတာမျိုးနှင့်တူနေသည်။

ပြောရလျှင် ယောက်ျားကောင်းမပီသသော တွက်ကပ်တတ်သည့်စိန်ဖြစ်သည်။

ပြီးတော့ ကိုလတ်၊ ကိုယ်လည်း မိန်းမပါပဲ၊ ဒါပေမယ့် ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်အပေါ်မှာ မျက်စိစုံမှိတ်ပြီး ယုံကြည်ကိုးကွယ်နေတာ ညံ့ဖျင်းခြင်းပဲဟု အနှစ်ကတော့ တွက်သည်။

သူမ၏ခံယူချက်တွေက ဤသို့ရှိခဲ့သော်လည်း ကိုယ့်အတွက်ကျမှ ယောက်ျားကောင်းဆိုတာကိုယူပြီး နှန့်မှီခိုဖို့တော့ ဘယ်တော့မှ စိတ်မကူးပေ။

ထို့ကြောင့် အနှစ် သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်နေတော့ မေမေက ပြောဖူးသည်။

"လူတစ်ယောက်ရဲ့ လှပ်ရှားနေထိုင်ပုံဟာ အတိတ်နဲ့မဆိုင်ဘူး၊ အနာဂတ်နဲ့ပဲဆိုင်တယ်၊ ငါ့သမီး ကြိုးစားနေပုံက နောင်အနာဂတ်မှာ ခေါင်းဆောင်ဖြစ်ဖို့ထင်တယ်၊ ကြည့်လဲလုပ်ပါဦးသမီးရယ်၊ ညည်းတို့ခေတ်ကျမှပဲ အိမ်ရှင်မတွေ ဘယ်လိုရှာရမှန်းမသိဖြစ်ကုန်ပါ့မယ်"

မေမေပြောလို့ အနှစ် ပြန်ပြောခဲ့သေးသည်။

"ရှာရမှာပဲ မေမေ၊ အခုယောက်ျားတွေကို ကိုယ်ဝန်ဆောင်နိုင်းလို့ရနေပြီတဲ့၊ မေမေ မဖတ်ရဘူးလား၊ အတိတ်တပေါင်ဆိုတာ အဲဒီလိုနဲ့ တောပဲ၊ နောက် တကယ်ဖြစ်လာမှာ"

"ပေါက်ပေါက်ရှာရှာပါအေ"

ဆိုပြီး မေမေက ရယ်နေခဲ့သည်။ ယောက်ျားတစ်ယောက်မှာ ဘယ်လိုအရည်အချင်းရှိရမည်ဆိုတာ သတ်မှတ်ချက်မထားခဲ့ဖူးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသတာကို အထင်မြင်သေးဖို့အတွက်ကတော့ အနှစ် အမြဲ
တမ်း ရှိခဲ့၏။

ခုတော့ ညီကို ဘာဖြစ်လို့ အထင်မသေးရက်ဘဲဖြစ်နေတာလဲ။ ညီ
မျက်နှာကို ပြန်မြင်မိတဲ့အခါ ဖေးဖေးမမလေး တွေးမိတာရှိသည်။

သူ့စိတ်ဓာတ် အမှန်နဲ့ရပ်တည်ခွင့်ရှိခဲ့တာမှ မဟုတ်ဘဲ။





## အခန်း (၉)

"ရှင့် ... ရှင့် တံခါးဖွင့်ကွာ၊ မောင် အိပ်ချင်နေပြီ"

"သွားအိပ်လေ တစ်အိမ်လုံး အကျယ်ကြီးပဲ၊ ရှင့်က [illegible]ပဲနော်
မောင် သိတယ်မဟုတ်လား၊ ဒီည မောင် အထဲဝင်အိပ်လို့ [illegible] မရဘူး
[illegible]"

"ကျွတ်"

စိတ်ပျက်လက်ပျက်နှင့် ပြန်လှည့်လာခဲ့ရသည်။ ဆိုဖာပေါ်မှာ ပိုးစိုး
[illegible]တ်စက် လှဲချလိုက်ပြီး ကိုယ့်အဖြစ် ဘယ်လောက်ကြီးသွားသလဲ ပြန်
တွေးမိ၏။

လခထုတ်လာတဲ့ပိုက်ဆံကို ဘောလုံးပွဲရှုံးသွားတာ လေးသောင်း
ကျော်။ ဘာဖြစ်လဲ ဒါ အမြဲမှမဟုတ်တာ၊ တခြားယောက်ျားတွေလို
ချော်ပါးသုံးဖြုန်းနေတာလည်းမဟုတ်၊ လစဉ် ဒီလခကို ပွန်းပဲပြီးမှ မိန်းမ
လက်ထဲကို ဖိတ်တစ်ဝက် စဉ်တစ်ဝက် ရောက်စေတဲ့ကောင်မျိုးလား
ဒါက...

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ညဆယ့်တစ်နာရီထိုးနေသည့်နာရီကို မျက်လုံးရောက်သွားတော့ ခေါသနှင့် ဝေါက်ခနဲထထိုင်လိုက်မိသည်။ ဒီမိန်းမ လွန်ပြီ၊ တစ်ခါတလေ လခဝဲ့လာတိုင်း သူ ဒီလိုပဲ ခွဲအိပ်ခဲ့ရတဲ့ညတွေကို အမှတ်ရတော့ ဒေါသ တွေ ပွထလာ၏။

"ရော့"

"ဘုတ်"

ကိုယ့်မှာ ဒေါသဖြစ်ဖို့စဉ်းစားတုန်း ခေါင်းနဲ့ခေါင်းအုံးက ရင်ဘတ်ကို လာမှန်ကာ ထိုင်လိုက်ပြီးသည့်ကိုယ်က လက်နောက်ပြန်ထောက်လိုက်ရ တဲ့အထိ၊ ကြည့်လိုက်တော့ ညဝတ်ဘောင်းဘီရှည်ပွပွ၊ အင်္ကျီပွပွကြီးနှင့် ရင့်က လက်ပိုက်ရပ်လို့။

"တက်တွေဘာတွေခေါက်မနေနဲ့ မောင်၊ မောင်ပေးတဲ့လခနဲ့ ပွတ် သပ်သုံးနေရတဲ့ ရင့်ဘက်ကိုလဲ ပြန်ကြည့်ဦး"

"ကြည့်စရာလား မောင် အပြင်မှာလုပ်မယ်ဆိုတာ မင်းပဲ ကုမ္ပဏီကြီး တွေမှာလုပ်တာက ဂုဏ်ကျက်သရေရှိတယ်၊ အဲဒီလောက်လခနဲ့ဆို ဖြစ် တယ်ဆို"

"ဖြစ်တယ်လေ၊ မောင်က အပြည့်အဝ ပြန်အပ်ခဲ့"

"ဟ ဒါကတော့ မောင်လဲ အဝေါင်းအသင်းနဲ့ လူမှုရေးနဲ့ ရှိတာပဲ တစ်ခါတလေ ငွေတုန့်ကြေးကျရှိတာ မင်း နားလည်မှာပေါ့"

ပြောရင်း ရင်ခွင်ထဲမှာပုံနေသည့် ခေါင်းတွေကို ဖယ်ချပစ်လိုက်ပြီ ထရပ်သည်။ ရင့်က လက်ပိုက်မျက်နှာ မဲတည်တည်လေးကြည့်နေ ကာ...

"နားမလည်နိုင်ဘူး မောင် ပိုက်ဆံသုံးနေတာထက် ပြန်ချိန် ပြ ရောက်တဲ့ အဲဒီလိုခြေရှည်တာတာကိုလဲ မကြိုက်ဘူး လခထုတ်တဲ့ရက် မှာ ဒီမိန်းမ ဒီလိုဖြသာနာရှာတယ်ထင်ရင် နောက်မဖြစ်အောင် မော





ကြိုးစား။ ရင့်ကတော့ ဆောရီး"

"ရင့် ..."

သူ လှမ်းဆွဲလိုက်ပေမယ့် မမီ။

"ရင့် မောင် တောင်းပန်တယ်ကွာ၊ မင်းနဲ့ခွဲအိပ်ရရင် မောင် ဘယ်လို ပျော်တာ သိရဲ့သားနဲ့ နောက် ဒီလိုမဖြစ်စေရဘူး နော်"

"ဟာ မရဘူး ဖယ်"

"ဂျိမ်း"

"ရင့် ..."

တံခါးကို လက်သီးဆုပ်နှင့် ထုပစ်လိုက်မိသည်။

တော်တော်ရက်စက်တဲ့မိန်းမ ...

ဆဆဆ ဆဆဆ ဆဆဆ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟော့ ကားရပ်စမ်း၊ ရှေ့မှာ ညီမဟုတ်လား"

ဦးချစ်မိုး၏စကားသံအဆုံးမှာ ကားက အရှိန်လျှော့ကျသွား၏။ ကား နှစ်စီး ဘေးချင်းယှဉ်မိတော့မှ ညီက လှည့်ကြည့်ကာ ...

"ဦး"

"ဘာဖြစ်နေလို့လဲ ကားက"

မေးရင်း ဦးချစ်မိုးက ကားပေါ်ကဆင်းသွားလိုက်၏။ ညီက ကုန်းနေ သည့်ကိုယ်ကို ပြန်မတ်ကာ လက်ဝါးချင်းပွတ်လျက် ...

"ကြည့်တာတော့ ဘာမှမတွေ့ဘူး၊ ညီလဲ မသိတော့ဘူး၊ ဦး ကြည့် တတ်လား"

"ဘယ်လိုလုပ်ကြည့်တတ်မှာတုန်းကွ၊ မင်းက ဘယ်ကိုလဲ"

"ဘဏ်ကိုသွားမလို့၊ မာမီ ခိုင်းလိုက်လို့လေ"

"ပေါက်ပေါက်ရှာရှာကွာ၊ ဒီနေ့ ဘဏ် ဘယ်လိုလုပ်ဖွင့်မှာလဲ"

"ဟုတ်တယ်၊ အဲဒါကို မာမီ မေ့သွားတယ်ထင်တယ်၊ ညီ သတိရ တော့ ပြန်လှည့်ဖို့လဲ စိတ်ကူးမိရော ကားက ထိုးရပ်သွားတာပဲ"





တူဝရီးနှစ်ယောက် ဘာမှန်းလည်းမသိကြဘဲ ကားစက်ခန်းထဲကို အတူတူ ပြန်ငုံ့ကြည့်မိသေးသည်။ ပြီးတော့ ဒီဘက်ကို ပြိုင်တူ ပြန်လှည့်၍...

"ကားထားခဲ့လိုက်တော့ကွာ၊ ဝပ်ရှော့ကို ဖုန်းဆက်လိုက်ပေ့ါ၊ မင်း ကို ငါ ပြန်ပို့မယ်"

ဦးချစ်မိုးက သူ့ပဲပြောပြီး ဝပ်ရှော့ကို ဖုန်းဆက်လိုက်၏။ ပြီးတော့ နှစ်ယောက်သား ဦးချစ်မိုး၏ကားပေါ်မှာ ပြန်ထိုင်နေလိုက်ကြပြီး ...

"ကားကို စိတ်မချဘူး၊ ဝပ်ရှော့ကကား လာမှ တို့ သွားတာပေ့ါ"

"ဦး"

"ဆို ဘာလဲ"

"ညီ အိမ်မပြန်ချင်သေးဘူး၊ တစ်ခါတလေပဲ အပြင်ထွက်ရတာ၊ ဦးနဲ့ လိုက်မယ်"

"ဟင် ..."

ဦးချစ်မိုး 'ဖြစ်ပါ့မလား' ဟူသော ကြောင့်ကြသည့်မျက်လုံးများနှင့် ညီကို ကြည့်သည်။ ညီက သူ့လက်မောင်းကို ခပ်ဖိဖိ ဆုပ်ကိုင်ပြီး လှုပ်ခါပစ်၏။

"တစ်နာရီလောက်ပဲနေမယ် မရဘူးလား"

"ဘာလို့မရရမှာလဲ၊ ငါလဲ ညနေပိုင်း ဂျူတီအော့ဖ်မို့လို့ ပြန်လာတာ၊ ဒါပေမယ့် မင်းအမေက မလွယ်ဘူးကွ"

"လွယ်ပါတယ်၊ မာမီ ဒီနေ့လယ် အိမ်ကပ်ရမှာမဟုတ်ဘူး၊ ပွဲစား ဒေါ်မာလာနဲ့ ချိန်းထားတာကော၊ မလတ်တို့အိမ် ဝင်ဦးမှာနဲ့ ..."

ဦးချစ်မိုးက ညီ့ကို သေချာစိုက်ကြည့်ပြီး ပြုံးလိုက်၏။

"မင်းမှာလဲ သနားဖို့တောင်ကောင်းနေပြီ၊ အပြင်ခဏလေးထွက်ချင် တာတောင် အလွန်ပူပင်းဖို့ကောင်းတဲ့ ငါ့အိမ်ကိုပဲ ခြေဦးလှည့်ရတယ်နော်"

ပြောပြီး ရှေ့တည့်တည့်ပြန်လှည့်ကာ သက်ပြင်းချသည်။

"မင်းအမေကလဲ တကယ်မလွယ်တာကွ၊ ငယ်ငယ်ကဆို ငါနဲ့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ကိုမတည့်တာ၊ အထက်အောက် မောင်နှမ ဆိုပေမယ့် ငါကလဲ အစ်မ
တစ်ယောက်လို ရှိသေနေတာမဟုတ်ဘူး။ သူကလဲ မောင်လေးပါလားလို့
မြင်ပြီး ညှာတာရမှန်းသိတာမဟုတ်ဘူး။ ငါက မမခက်လို့ခေါ် တော့ မသိ
တဲ့လူတွေဆိုရင် အစ်မမို့လို့ မမခက်လို့ခေါ်တယ်ထင်မှာ၊ တကယ်က သူ့
နာမည်ကိုက 'မမခက်' လေ၊ အဟွန်း"

သူ့ဟာသူပြောရင်း သဘောကျသလို ရယ်လိုက်သေးသည်။ ဦးချစ်မိုး
က လူပျိုကြီးဖြစ်တာလည်းမပြောနှင့်၊ တစ်ယူသန်စိတ်ရှိသလောက်
အပြောလည်းဆိုးသည်။

တစ်ကိုယ်ရေသမားပီပီ မိဘအမွေပစ္စည်းတွေနှင့် ကိုယ်တိုင်က ပညာ
တတ်မို့ ဆရာဝန်ကြီးဖြစ်နေတာတောင် ကိုယ်ပိုင်ဆေးခန်းမဖွင့်၊ ဘယ်
ဆေးခန်းမှာမှလည်းမထိုင်၊ သူ့အတွက်က ငွေများများရှာဖို့မှ မလိုဘဲ။

"ဆေးခန်းဖွင့်ရင် ဆေးလိုက်ဖို့လိုသလို ဆက်ဆံရေးက ပါလာဦးမယ်
တချို့လူမှုဆက်ဆံရေးတွေကို ငါ သိပ်စိတ်ပျက်တာ၊ ကိုယ့်ကိုယ်ကို သေ
အောင်လို့ အဆိပ်သောက်ထားတဲ့သူကို ဆေးကုခိုင်းရင် ဘယ်လိုလုပ်
စေတနာထားမလဲ၊ မင်း စဉ်းစားကြည့်ပါလား၊ ရောဂါကုတယ်ဆိုတာ
လူနာရဲ့စိတ်နဲ့ ဆက်ကုရတာလေ၊ သူက သေချင်နေတာကို ရှင်အောင်
ကုပေးရတာ အဓိပ္ပာယ်မှမရှိတာ၊ အဲဒါ အဆိပ်ပြန်ထုတ်ပေးပြီး 'ခေါ်သွား
တော့' လို့ပြောတော့ ဆရာဝန်က အပေါက်ဆိုးလိုက်တာတဲ့၊ ကိုင်း..."

ခွကျကျ ဦးချစ်မိုး၏ အပြောအဆို အယူအဆတွေကို ညီကတော့
သဘောကျသည်။ ခင်လည်းခင်သည်။ မာမီကတော့ တစ်ခါမှ အကောင်
မပြောပါ။

"မုန်းတယ် အဲဒီဆရာဝန်မျိုး။ သူ့ အမြင်ကတ်လာရင် အဲဒီလူနာ
ဆေးထိုးသတ်ချင်သတ်နေမှာ၊ ပြောလို့မရဘူး။ စိတ်က ဇက်တစ်ဆစ်နဲ့"

တိုယ့်မောင်လေးရယ်လို့ ကြင်ကြင်နာနာ ပြောဆိုတာ မရှိပေမယ့်





အရေးအကြောင်းရှိလျှင်တော့ 'ဖိုးချစ် ဘာဖြစ်တာလဲ' ဟု ပြူးပြာမေးကာ
ခြေမကိုင်မိ၊ လက်မကိုင်မိပင်။

"မင်း ငါနဲ့မလိုက်နဲ့"

ဦးလေးဖြစ်သူကိုကြည့်၍ အတွေးလွန်နေတုန်းမို့ ဖြန်းခနဲ စကားပြန်
ဆက်လိုက်တော့ အဆက်အစပ်မဲ့သွား၏။

"ဘယ်လို ဦး"

"မင်းမာမီမေးရင် ငါ့ဆီမှာလို့ ပြောပေးမယ်၊ မင်း နှစ်နာရီလောက်
လျှောက်လည်ကွာ၊ ပြန်ခါနီးရင်တော့ ငါ့ဆီ အရင်ဝင်၊ ငါ ပြန်ပို့ပေးမယ်"

"ဘယ့်နှယ်လဲ' ဟု မေးလိုက်စဉ်မှာ ညီ ဝမ်းသာအားရ ထဖြစ်သွား
ည်ဟု ဦးချစ်မိုးက ထင်ထားခဲ့သည်။ ဒါပေမယ့် ညီက မဆိုင်းမတွ ခေါင်း
ခါလေသည်။

"မလည်ချင်ပါဘူး မာမီလဲ အပြင်မှာဆိုတော့ တကယ်လို့ တွေ့သွား
ရင် နားညည်းလို့ဆုံးမှာမဟုတ်တော့ဘူး။ ဦးနဲ့ပဲလိုက်မယ်"

"ဟော့ ဟား ဟား"

ဦးချစ်မိုး အံ့သြသလိုကြီးဖြစ်သွားပြီးတော့ ရယ်သည်။ ခေါင်းတခတ်
ခတ်ညိတ်နေလျက် ...

"မမခက်ရဲ့ ဝါဒီဝါဒက မဆိုးဘူးဘဲ၊ သားလေးပေမယ့် အပိုးကိုကျိုးနေ
တာပဲ၊ အင်း... ဒါလဲကောင်းပါတယ် ငါ မညာရတော့ဘူးပေါ့"

ညီက မျက်နှာခပ်လွဲလွဲနှင့်ပြုံးနေ၏။ ဦးနဲ့လိုက်ပါခွင့်ရလိုက်ခြင်း
အတွက် ရင်ထဲမှာ အတိုင်းအဆမဲ့ ပျော်သွားခဲ့သည်။

ဒါပေမယ့် အပိုးကျိုးနေတာတော့မဟုတ်ပါ။

သူ့မျက်နှာလေးကို မြင်ချင်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"အဲဒီမှာ မင်း လုပ်ချင်တာသာလုပ်တော့၊ ငါတော့ ရေချိုး ထမင်းစာ
ပြီးတာနဲ့ တစ်ရေးလောက်အိပ်ဦးမယ်"

ထမင်းစားဖို့ခေါ် တော့လည်း ညီက မစားဘဲ ကွန်ပျူတာရှေ့မှာ ဂိ
စက်နဲ့ အလုပ်ရှုပ်နေသဖြင့် ဦးချစ်မိုး အိပ်ရာပေါ် ရောက်သွားတဲ့အ
မျက်နှာချင်းမဆိုင်ဖြစ်ကြတော့ပေ။

တစ်အိမ်လုံး တိတ်ဆိတ်သွားသည့်အချိန်ကျမှ ညီ မော်နီတာ
ထသည်။ ဟိုဘက်ခြံကိုလှမ်းကြည့်လိုက်တော့ အဝါနုရောင်ဆေးသ
လေးနှင့် နှစ်ထပ်တိုက်မြင့်ကြီးကို မြင်ရ၏။ ပြတင်းပေါက်တွေမှာ ဆင်
ရောင်ခန်းဆီးတွေ တင်ထားပုံက တစ်မျိုးလှနေသည်။

ခြံနဲ့တိုက်တစ်ခုလုံးကို လိုက်ငေးကြည့်ပေမယ့် လူရိပ်လူယောင် မ
ရပေ။ ပြီးတော့ ဒီဘက်ခြံမှာမှ သစ်ပင်မြင့်ကြီးတော တွန်းစီနေသဖြင့်
ကွင်းကမရှင်း။ ညီ ဘောင်းဘီအိတ်ထဲမှာထည့်လာသည့် လက်ကိုင်
ကို ထုတ်လိုက်သည်။





အိမ်မှာ ဟန်းဖုန်းကိုင်ဖို့ သူ့ အခွင့်အရေးရတာက ကိုကို့ကျေးဇူး
ကြောင့်ဖြစ်သည်။ မာမီက ဒါကို အန္တရာယ်ဟုပြော၍ တားဆီးခဲ့ဖူး၏။

"ဘာဖြစ်လဲ မာမီရာ၊ ဒီခေတ်ထဲမှာ ဖုန်းတစ်လုံးတော့ဆောင်ထားနိုင်
မှ လူရာဝင်တာ၊ ပြီးတော့ ဒါက ရှိုးလိုလို၊ ကြွားနေသလိုလို ထင်စရာရှိပေ
မယ့် သိပ်ကိုအသုံးဝင်တဲ့ပစ္စည်းပါ၊ သူ မူကြိုကလေးလေးမှမဟုတ်တော့
တာ၊ ညီ့အတွက် ဝယ်ပေးချင်နေတာ ကြာပြီ"

ဆိုပြီး မာမီ့ရှေ့မှာပဲ လက်ထဲထည့်သည်။ ကိုကိုကွယ်သွားသည်နှင့်
မာမီက ကြိမ်း၏။

"ကိုယ်နဲ့မကွာဆောင်ထားဖို့ မလိုဘူးနော်၊ မာမီ့ကိုပေးထား၊ အပြင်
သွားစရာရှိမှ ယူရမယ်"

အပြင်ဆိုတာကလည်း အထူးသဖြင့် မာမီခိုင်းသည့်ကိစ္စမျိုးနှင့်
ဦးလေးဆီကိုလာရခြင်းပဲဖြစ်သည်။ သူ့ ငယ်ငယ်က ဦးလေးအိမ်မှာပဲ
အနေများကာ ဦးလေးကလည်း သူ ပျော်အောင်လို့ ကစားစရာတွေ ဘယ်
လောက်ထိ ဖန်တီးပေးခဲ့သလဲဆိုလျှင် သူ့ကြောင့် တီဗွီ၊ ကွန်ပျူတာတွေ
ခဏခဏ ပျက်စီးသည်၊ ကွဲရှကုန်သည်အထိ ဖြစ်၏။

ဒါလည်း ဂရုမစိုက်ဘဲ ညီ့ကို ငါမွေးမယ်လို့ တောင်းခဲ့သေးသည်တဲ့။
မာမီက ပြောတာတောင် ရင်ဘတ်ထုချင်နေသေးသည်။

"ငါ့သားထွေးလေးကျမှ ပြောရက်တယ် မောင်ဖိုးချစ်"တဲ့။

နောက်ပိုင်း ဦးလေး ဒီဘက်ကိုပြောင်းလာကာမှ သူလည်း ကလေး
ပေါက်စလေးမဟုတ်တော့တဲ့နောက်မှာ အသွားအလာတွေ ကျဲခဲ့သည်။
လာဖြစ်တော့သလောက်ဖြစ်ခဲ့ပြီး မာမီက သူခိုင်းချင်တာမှခိုင်းသည်။
ဒါတောင် ဘယ်လိုသွား၊ ဘယ်အချိန်ပြန်။

နာရီတစ်ချက်ငုံ့ကြည့်ဖြစ်ကာ အချိန်သိပ်မရှိတော့တာကို ညီ တွက်
နေမိ၏။ အနှစ် အိမ်မှာမှ ရှိပါ့မလား၊ ဖုန်းကိုင်ထားပြီး တစ်အိမ်လုံးနဲ့အောင်



www.burmeseclassic.com

www.burmeseclassic.com



သွားရင်း မြင်ကွင်းစုံ၊ ထောင့်စုကနေ ချောင်းမြောင်းရှာနေမိသည်။ မဆက် ဖြစ်သေးပေ။

တွေ့ချင်နေသည့်စိတ်ကလည်း ထွက်ပေါက်ရှာနေသည့်ငှက်ကလေး တွေလို သူ ဖြစ်နေပြီထင်သည်။ ခြေထောက်တွေက လူးလာခေါက်တုံ့ သွားနေသလိုဖြစ်ကာ ရင်ဘတ်ထဲမှာ တစ်ပြင်လုံး လျှောက်လှုပ်နေတာနှင့် တူ၏။

နောက်ဆုံးကျတော့ အခက်အခဲတွေ၊ စိုးရွံ့မှုတွေကို သူ ဘေးဖယ်ပစ် လိုက်ကာ..

"ဟဲလို ညီလားဟင်"

ဆိုသည့် အသံလေး ကြားလိုက်သည်နှင့် ညီတစ်ယောက်တည်း ရယ်လည်းရယ်၊ ဆံပင်တွေသပ်လိုက်၊ လည်ပင်းကိုင်လိုက်တွေဖြစ်ကာ 'အင်း'တစ်လုံးကို နောက်ကျစွာ ထွက်မိသည်။

ရင်တွေတလှပ်လှပ် တဆတ်ဆတ်ခါအောင် တုန်လှုပ်နေတာ ဘယ် သူ့ကို ပြေးပြောရမှန်းမသိ၊ ဘာတွေဖြစ်ကုန်တာလဲလို့ တစ်ယောက် ယောက်ကိုပဲ ပြေးမေးချင်သလိုလို...။

"အနှစ်"

"အင်း ပြောလေ ညီ၊ ဒီမှာ ကားမောင်းရင်း နားထောင်နေရတာ"

"ဟင် အနှစ်က အိမ်မှာမဟုတ်ဘူးလား"

"ဟင့်အင်း၊ အခု ရောက်တော့မယ်၊ မီးပွိုင့်မှာရပ်နေတာ၊ နောက် သုံးမိနစ်ဆို ရောက်ပြီ၊ ညီကရော"

"ညီက အနှစ် အိမ်မှာရှိတယ်မှတ်လို့ ကြည့်နေတာ၊ ဦးရဲ့အိမ်ပေါ် ထပ်မှာ"

"ဟင် ဟုတ်လား၊ ဒေါက်တာဦးချစ်စိုးရဲ့အိမ်မှာ"

"ဟုတ်တယ်"





အနှစ်အသံလေးက တအံ့တသြမေးပြီး တိတ်ကျသွား၏။ တစ်အောင့် ကြာမှ ...

"ဟုတ်ပြီ ခဏပဲစောင့် သိလား၊ အနှစ် ပြန်ရောက်ရင် ဒီဘက်ဝရန် ဘာကို ထွက်ခဲ့မယ်၊ ညီ လှမ်းမြင်ရတဲ့နေရာမှာ ရပ်ပြီး စကား ဆက်ပြော မယ်လေ နော် ဒါပဲ"

သူမအသံလေးက တိမ်ကျသွားတော့ ရင်ထဲမှာ ဟာခနဲဖြစ်သွား၏။ ဒါပဲဆိုပြီး သူမက ချသွားလိုက်တာ၊ ရက်စက်လေခြင်းဟုပင် အပြစ်တင် ချင်မိသည်။

တကယ် သုံးမိနစ်မပြည့်တပြည့်အချိန်လောက်မှာ ကားအဖြူလေး တစ်စီး ဟိုဘက်ခြံထဲကို မောင်းဝင်လာတာ မြင်လိုက်ရ၏။

သိပ်မကြာလိုက်ဘဲ ဒီဘက်ကို အစွန်းထွက်နေသည့်ဝရန်တာလေးမှာ အနှစ်၏အရိပ်လေးကို မြင်လိုက်ရလေသည်။

တစ်ပြိုင်နက်မှာ သူ့ဖုန်းကမြည်လာ၏။ အနှစ်က ဖုန်းကိုထောင်ပြပြီး နားထောင်ဖို့ပြော၏။ အဖြူရောင်စွတ်စွတ်ဘောင်းဘီရှည်၊ အတွင်းခံစပို့ ရှပ်အဖြူမှာ အညိုရောင်လေးထပ်ဝတ်ထားသည့် အနှစ်ပုံစံလေးက ထင်း နေသည်။

ဖုန်းကို နားမှာကပ်လိုက်မိသော်လည်း သူ အနှစ်ကိုပဲ ငေးနေမိဆဲ..

"ကဲ ပြောလေ ညီ၊ ဒီမှာ ရေတစ်ခွက်ကို ကမန်းကတန်းမှုချပြီး ပြေး ထွက်လာရတာ"

"အနှစ်"

"အင်း ပြောပါဆိုမှ"

"ကျွန်တော် ..."

"အင်း"

"အနှစ်နဲ့တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု တွေ့နေပြီလေ"

"မဟုတ်ဘူး၊ အနှစ် အောက်ကိုဆင်းခဲ့ပါလားဟင်"

အနှစ်ထံမှရယ်သံလေးကို နီးနီးကပ်ကပ် ကြားလိုက်ရ၏။ သွားတန်းကလေးတွေပေါ် အောင်ရယ်နေတာကို သူ လှမ်းမြင်နေရသည်။ နှုတ်ခမ်းလွှာလေးတွေကိုတော့ အနီးကပ်မဟုတ်လို့ မမြင်ရပါ။

"ညီ"

"ဟင်"

"အောက်ကိုဆင်းလိုက်ရင် အနှစ်နဲ့ညီ ဘယ်လိုလုပ်မြင်ရတော့မှာလဲ လန့်ဆာပန်းနွယ်တွေနဲ့ ခြံခတ်ထားတာ ကျပ်ပိတ်သိပ်နေတာပဲ ညီ ကြည့်ပါလား"

ကြည့်လိုက်တော့ ဟုတ်သည်။ လန့်ဆာနွယ်တွေက အပြာမှိန်မှိန် အပွင့်လေးတွေပွင့်တာ နွယ်မှာ ဆူးပေျာ့ပျော့လေးတွေပါသည်။ ပျော့သည်ဆိုပေမယ့် အုံလိုက်ကြီးခဲနေတော့ ကပ်မိလိုက်လျှင် နာသည်။

အနှစ်နဲ့သူ မဆုံဖူးခဲ့စဉ်က ဒီခြံစည်းရိုးတွေနားမှာ ဦးလေးနဲ့သူ ခဏခဏ လျှောက်ဖူးခဲ့သည်။ ပြီးတော့ ဦးလေးပြောတာ ရှိသေးသည်။

"ဒီစည်းရိုးက ဟိုဘက်က ခတ်ထားတာလေ၊ အဲဒီဘက်က ဒီပန်းနွယ်တွေကို နိုင်ငံခြားရောက်နေတဲ့သမီးက ပို့လိုက်တာတဲ့၊ ငါ ဟိုဘက်မှာ မျိုးကူးမလို့ရှာတာ မရဘူး၊ အလကားပါကွာ၊ အဲဒီခြံကလူတွေလဲ ငါဖြင့် နားကိုမလည်ဘူး၊ လူသာ သိပ်မတွေ့တာ ဆူညံနေတာပဲ၊ လူငယ်တွေလဲ ဝင်လိုက်ထွက်လိုက်၊ ကကြခုန်ကြ မွေးနေ့လဲ မွေးနေ့မို့လို့၊ မဟုတ်တော့လဲ ခြံထဲမှာ တီးကြ ဆိုကြ ဆူနေတာပါပဲ"တဲ့။

ဦးလေးအမြင်မှာ အနှစ်တို့မိသားစုတစ်ခုလုံးဟာ အမြဲတမ်းပဲ အမြင်မတော်တဲ့ဘက်မှာ ရှိနေခဲ့သည်။ အနှစ်နဲ့သူ ခင်မင်သည့်ကိစ္စမှာလည်း မာမီနဲ့ဆန့်ကျင်၍ သူ့ဘက်ကနေမှာမဟုတ်ဘူးဆိုတာက သေချာပါသည်။





ပိုသေချာတာက ရှိပြီးသား ငုံ့ညှာစာနာမှုလေးတွေပါ ပျောက်သွားနိုင်သည်။

ကာဆီးနေသည့်ခြံစည်းရိုးကို ငုံ့ငေး၍ သူ ငြိမ်ကျသွားတာကို အနှစ်သည်းမြင်သည်။ တော်တော်ကြာတဲ့အထိ ဘာသံမှ ထွက်မလာတော့ခု ...

"ညီ... ညီ ဘာပြောစရာရှိလို့လဲဟင်၊ ဟို... တစ်ခုခုတိုင်ပင်ချင်တာမျိုး ရှိလား"

"အင်း အနှစ်က ဆင်းလာလို့မရဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲ"

"ဆင်းလာလို့ရပါတယ်၊ ဒါပေမယ့် ခြံစည်းရိုး ဟိုဘက်ဒီဘက်မှာ ရပ်နေကြရမှာပဲ၊ မမြင်ကြရဘဲနဲ့ ညီက စကားပြောမှာလား"

"ဟုတ်တယ်၊ အဲဒီလိုမဖြစ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် ..."

သူ ဘာဆက်ပြောရမှန်းမသိ။

"အနှစ် ကျွန်တော် အခု ပြန်မယ်ဆိုရင် ခြံပြင်ကနေထွက်စောင့်နေလို့ရမလားဟင်"

"စောင့်ရမယ်"

အနှစ်က ခေါင်းလေးပါငုံ့ဝါသွားသည်အထိ သူ့ကိုထပ်မေးသည်။ သူ ခေါင်းညိတ်ပြလိုက်ပြီး ...

"ခဏလေးပါ၊ အနှစ်ကို ကျွန်တော် ခဏပဲမြင်ရရင် ရပြီ"

"ညီရယ် အဲဒါက မလွယ်ဘူး၊ အနှစ် ခုပဲ အပြင်ကပြန်လာတာဥစ္စာ၊ ခြံဝနဲ့ အိမ်က အဝေးကြီးပဲ၊ အောက်ထပ်မှာ မေမေတို့လဲ ရှိနေတယ်၊ ခြံဝမှာ မာမူးကြီးကလဲ သိပ်အမေးအမြန်းထူတာ"

ရင်ထဲမှာ ဟာသွားပြန်သည်။ ပူလောင်ခြင်းတွေဖြစ်လာ၏။ သူ ရောနေတုန်းမှာ အနှစ်မျက်နှာလေး၊ အိမ်ထဲဘက်ကို သမင်လည်ပြန် လှည့်ကြည့်လိုက်တာ မြင်ရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖမေမေ လှမ်းခေါ်နေပြီ ညီ၊ ဒါပဲနော်၊ ဟို ဆောရီး ညီရယ်၊ နောက်တစ်ခါ အခွင့်အရေးရရင် ဆုံကြမယ်နော်"

လက်တစ်ဖက်လှမ်းပြပြီး အနှစ် သူ့ရှေ့ကနေ ပျောက်ကွယ်သွားသည်။ မခံစားနိုင်စွမ်းသော ဝေဒနာတစ်ရပ်က နှိပ်စက်လာသည်။ မင်း ဘာဖြစ်တာလဲ ညီ။

ရှေပြင်ညီ ဆိုတဲ့ မင်းဘဝမှာ လေပြည်လေညင်းတောင်မှ ဖြတ်သန်းခွင့် မရှိဘူးလား၊ လှိုင်းကြက်ခွပ်လေးဖြစ်ဖြစ် မင်းဘက်က ရုန်းကြွလှုပ်ရှားခွင့် မရှိတော့ဘူးလား၊ ဘာလုပ်မှာလဲ...

မင်းကိုယ်မင်း ဆန်းစစ်လိုက်၊ ချစ်ပြီဆိုရင် ခရီးဆက်တော့ ...

* * *





## အခန်း (၁၂)

"သားရော... ဟဲ့ ဘယ်သူမှ ရှိကြဘူးလား"

"ရှိတယ်လေ၊ အမေက သမီးရေလို့မှ မခေါ်တာ"

လှုပ်လီလှုပ်လဲပုံကို ဂရုမစိုက်သလို တမင်လုပ်ထွက်လာသလားဆင်ရသည်။ ရင့်မျက်နှာပေါ်ကအပြုံးကလည်း အမောတကောရောက်လာတဲ့သူကို အမောမပြေစေခဲ့။

"ဒီအချိန် အမေ့သားမှမရှိတာ.ဘာဖြစ်လို့ သူ့ကိုခေါ်တာလဲ အမေရဲ့"

"သားမရှိလဲ 'ရှိတယ်အမေရေ'လို့ အသံပေးလိုက်ရင် သမီးပဲရှိတာကို သိရတာပေါ့တွယ်၊ ဒါနဲ့ သား ဒီနေ့ နားရက်မဟုတ်ဘူးလား"

"နားရက်လေ၊ ဒါဒါကို သူက မနားတာ"

"ဟင် ..."

ဒေါ်ပိုပို မျက်နှာပျက်သွားတာကို ရင့်က ဖျတ်ခနဲ မျက်လုံးလှန်ကြည့်တာ...

"နားရက်တောင်မှ မနားရပါလားလို့ ထင်ပြီး အမေက အမေ့သားကို ရင့်က ခိုင်းတယ်ထင်သွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူ့ဟာသူ သွားတာပေါ့"

ဒေါ်ပိုပိုကလည်း ပြောင်ပဲမေးသည်။ ရင့်က ဆိုဖာတွေဆီသွားနေရင်း ပြန်လှည့်ကြည့်၍ ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အမေ့သားက အခု ဘောလုံးသောင်းတတ်နေပြီလေ၊ အဲဒါ လခထဲက ထုတ်လို့မရတော့ သူ့စရိတ်သူရှာမယ်ဆိုပြီး ထွက်တာ"

ကြည့်စမ်း၊ ဒေါ်ပိုပို ရင်ဘတ်ထဲမှပင် စူးခနဲအောင့်သွား၏။

"လခထဲက ဘာဖြစ်လို့ထုတ်လို့မရတာလဲ၊ ကြိုထုတ်ထားတာတွေ များလို့လား"

"တစ်ပြားမှ ကြိုမထုတ်ဘူး၊ ရင့်က မပေးတာ၊ အမေပဲ စဉ်းစားကြည့်လေ၊ သူ့လခ ဘယ်လောက်ရှိလို့လဲ၊ မန္တလေးမှာတုန်းက အလုပ်က ဝင်ငွေလဲကောင်းတယ်၊ သူလဲ ခုလိုမဖြုန်းတတ်ဘူး။ အိမ်မှာ တခြားလူပိုတွေ ရှိတာတောင်မှ ဂရုစိုက်ဖို့မလိုဘူး။ ရန်ကုန်ကို သူ့ဆန္ဒအတိုင်းပြောင်းလာရတာ၊ ရောက်ခါစ အလုပ်ကလဲ ကုမ္ပဏီသူဌေးက တစ်ဦးတည်းပေမယ့် ရန်ကုန်နဲ့မန္တလေး လစာပေးပုံလွဲလိုက်တော့ ကွာတယ်၊ ပြီးတော့ ဒီမှာ အောက်ဆိုဒ် ဘာမှရှိတာမဟုတ်ဘူး၊ အပိုသုံးချင်ရင် အပိုရှာပေါ့"

ဒေါ်ပိုပို ဒေါသဖြစ်နေသည့်မျက်နှာကို ပြုပြင်ပြင်ဆင်ဖို့ မေ့နေမိသည်။ ဒါဟာ အိမ်ရှင်မတစ်ယောက်၏ စည်းစနစ်ကျမှုဖြစ်ပေမယ့် ရှာဖွေနေရတာက ကိုယ့်သား။

သူ့အမေရှေ့မှာ ဒီလောက်ထိပြောရဲနေတာက စော်ကားနေတာနှင့်တူ၏။ မှန်တိုင်းမကောင်းဘူးဆိုတာ သင်း နားမလည်ဘူးလား။

နေခြည်ရင့် ဆိုသည့် ချွေးမအကြောင်းကို အနီးကပ်မနေခဲ့ဖူးပေမယ့် ခဏတဖြုတ် အလည်သွားခဲ့ဖူးကတည်းက သိခဲ့သည်။ ကိုယ့်သားက တစ်နယ်တစ်ကျေးမှာ တာဝန်ထမ်းဆောင်ဖို့သွားရင်း သူမနှင့်တွေ့၏။ လိုချင်လှပါသည်၊ လက်ထပ်ချင်ပါသည်ဆိုတော့လည်း ရုပ်ရည်၊ ပညာနှင့်





အသိုင်းအဝိုင်းလောက်ပဲ သုံးသပ်ကျေနပ်ကာ တခမ်းတနား တောင်းကာ လက်ထပ်ပေးခဲ့ပါသည်။

သူ့အကြောင်း ပေါင်းမှသိဆိုတာ မှန်လှချေလား။ လူကဲခတ်ကြတယ်ဆိုတာ တကယ်တော့ မြင်နေရသည့်အရောင်အဆင်းနှင့် ကောတ်ကွေ့ ကြောင်းတချို့ကိုပဲ ခန့်မှန်းနိုင်ကြတာဖြစ်သည်။

ရင်ဘတ်ထဲမှာ သိုဝှက်ထားရှိနေသည့်စိတ်က ဖြစ်သည့်စာကို မျက်ဝန်းမှာ မှန်ကန်စွာ ဖတ်ရှုနိုင်ဖို့က မလွယ်။

နေခြည်ရင့်ဟာ တော်တော့်လှသလောက် ထက်မြက်လွန်းတဲ့ မိန်းမလေးပါလား။

ကိုယ်သာ သမီးရှစ်ဆိုရင်တော့ ဒီလိုသမီးမျိုးကို မွေးခဲ့မိတာ တွေး၍ ဂုဏ်တွေဖြစ်ရင်းနဲ့ပဲ အသက်ရှည်သွားနိုင်သေးသည်။ ခုကျတော့ ချွေးမ။

ဒေါ်ပိုပို ဒေါသတွေ တဖျစ်ဖျစ် ရန်းကြွလာပေမယ့် မျိုသိပ်နေရသည်။ ကိုယ်က လူကြီးဖြစ်နေသည့်ပြင် ရင့်က မပြောမဆိုတတ်သည့် မိန်းမငယ် လေးမဟုတ်။

"အမေ့သားကိုတွေ့ဖို့လာတာလား၊ တခြားကိစ္စရှိသေးလားဟင်"

ရင့်က ဒေါ်ပိုပိုမျက်ဝန်းထဲကစာတွေကို ကြက်ခြေခတ်ပစ်လိုက်၏။ ဘာကိုမှ သတိမထားမိလိုက်သလို ရိုးစင်းသောမျက်ဝန်းများနှင့်မေးသည်။

ဒေါ်ပိုပို ဖြေမလို့ ပါးစပ်ပြင်ပြီးမှ ကိုင်လာခဲ့သည့်သားရေအိတ်အမည်း စားပွဲပေါ်မှာ တင်ပေးလိုက်သည်။ သူမ ဘာမှမပြောရသေးမီ ကားဝင် သံ ကြားလိုက်ရပြီး ...

"မေမေ ရောက်နေတယ်"

သားအသံကြားလို့ လှည့်ကြည့်လိုက်တော့ ကုမ္ပဏီတံဆိပ်နှင့် ဘောင်းဘီရှည်နက်ပြာ၊ ကုတ်အကျီအနက်နှင့်...

လိုင်းတွန့်ရှိသည့်ဆံပင်တွေကို နောက်မှာ သိမ်းလှန်ဖြီးထားလျက်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ထူသည့် ဒီသားမျက်နှာဟာ အစကတည်းက ဒီတိုင်းပဲဖြစ်သည် ဒါပေမယ့် အခု ဆံပင်က ပိုဖွနေသလိုလို၊ ချောင်ကျသွားသလိုလို စိတ်ထ မှာဖြစ်ကာ သေချာစိုက်ကြည့်နေမိ၏။

"မေမေက ခုမှရောက်တာလား၊ ရင့်က မေမေ့ကို ကော်ဖီဖျော်တိုက် လေကွာ၊ မေမေက ကော်ဖီကြိုက်တယ်"

"ကော်ဖီမစ် ကုန်နေတယ်လေ၊ မောင် ဝယ်မလာဘူးလား၊ နှပ်ပြီ သားလဲ မရှိလို့"

မိုးသား မျက်နှာ ကွက်ခနဲပျက်သွား၏။ ရင့်ကို လှည့်ကြည့်လိုက်ပြီး မျက်နှာက ချက်ချင်း တစ်မျိုးဖြစ်သွားကာ..

"ဟုတ်... ဟုတ်သားပဲ မေ့နေတာ"

"တော်ပါပြီ၊ ကော်ဖီသောက်ဖို့လာတာမဟုတ်ဘူး"

ဒေါ်ပိုပို အသံတွေတုန်နေတော့ ရင့် နှုတ်ခမ်းမှာ တွန့်ခနဲ မဲ့ကျသွ ၏။ မဲ့ပြီးမှ ပြုံး၍ကြည့်နေခဲ့၏။

"ဒီမှာ ရော့ အိမ်ဂရန်၊ သားနာမည်နဲ့ အမည်ပေါက် တစ်ခါတည် ပြီးပြီ၊ လာမယ့်အပတ်မှာ သတင်းစာထဲမှာ ပါလိမ့်မယ်"

"အမေတို့က မျက်နှာလိုက်တယ်နော်၊ ခြံနဲ့တိုက် ဝယ်ပေးတယ်ဆိုပြီ တော့ ကိုယ့်သားနာမည်နဲ့ တစ်ခါတည်းလုပ်လာတယ်"

ဒေါ်ပိုပိုမျက်လုံးတွေ လက်ခနဲဖြစ်သွား၏။ လက်ပိုက်၍ ထိုင်ကြည် ပြောနေသည့် ရင့်ကို စေ့စေ့ကြည့်ကာ ...

"လင်နဲ့မယား ဘာမဆို အတူတူပိုင်တာပဲ ရင့်၊ ပြီးတော့ မန္တလေးမှ မင်းတို့ဘက်က လက်ဖွဲ့သွားတုန်းကလဲ သူ့သမီးနာမည်နဲ့ပဲမဟုတ်လား ကိုယ့်သားသမီးအတွက်ကိုယ်ဝတ္တရားကျေကြတဲ့သဘောပဲ၊ ဘယ်သူပိုင် စေ၊ ဘယ်သူယိုင်စေလို့မဟုတ်ဘူး"

"ဩော်... အမေကလဲ ဒေါသချည်းပဲ၊ ရင့်က စတာပါ။ အဟွန်း ကိုယ် ...ည်နဲ့ ဖြစ်ချင်ရင်တောင်မှ ဘယ်လိုလုပ်လုပ် လွယ်လွယ်လေးပဲဟာ ...းထဲ ထည့်ပြောစရာလား"

တော်တော်လည်တဲ့ပါးစပ်။ ဒီဂရန်ကို သူမနာမည်နဲ့ထွက်အောင်များ ...လုပ်ဦးမှာလားမသိ။ မန္တလေးမှာ ဆွေမျိုးတွေ အိမ်ပေါ်မှာ ခေါ်တင် ...တယ်ဆိုလို့ သားကို ဒီပြောင်းချင်လာအောင် ဒေါ်ပိုပို ကြိုးစားဆွဲယူ ...ည်။

ကိုယ့်မျက်စိရှေ့ကျကာမှ 'သင်းတို့လူလည်လုပ်ကြည့်' ဆိုတာလည်း ...ထားခဲ့ဖူး၏။ ခုတော့ ကိုယ့်မျက်စိရှေ့မှာလည်း မတတ်နိုင်ပါလား။ ယောက်ျား၊ မိန်းမ လူငယ်လေးတွေကြားမှာ ကြွေးကြော်နေကြ ...ည်။

ယောက္ခမအထာ ဘယ်လိုရှိတယ်၊ ဘယ်လောက်ဆိုးတယ်နဲ့၊ ချွေးမ ...ကောင်းလို့ ရင်ဖွင့်နေတာတောင်မှ ဒီယောက္ခမ အတင်းတုတ်လွန်းသည် ... သတင်းထွက်၏။

ချွေးမတွေကျတော့ ကောင်းသလား ...

ꩦ ꩦ ꩦ







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ဘာဖြစ်ဖြစ် ကိုယ့်မှာ ဦးခွင့်မရှိပါလား။ ခြံထဲကို ကားဝင်လိုက်သည်နှင့် ပေါ်တီကိုအောက်မှာရပ်ထားသည့်ကားကို လှမ်းမြင်လိုက်ပြီး ဒေါ်ပို... စိတ်ပျက်သွားသည်။

"မမခက်ရဲ့ကားပဲ သမီးငယ်၊ ချောချောမောမော ပြောလို့ရဖို့တော့ မလွယ်ဘူး"

"ဘာဖြစ်လဲ မေမေ၊ ကိုယ့်စရိတ်နဲ့ကိုယ် အိမ်ဖော်ထားပေးမယ့်ကိစ္စ... သူတို့ကတောင် ဝမ်းသာရဦးမှာ"

ဒီမိန်းကလေးကလည်း နားဝေးလိုက်တာဟု တွေးမိရင်း ဘာမှ ပြော... ဆိုတိုင်ပင်ချိန်မရတော့ဘဲ ကားက မာစီးဒီးနောက်မှာ ရပ်တန့်သွားပြီဖြ... ၏။ အိမ်ပေါ်ကို မတက်ရသေးမီမှာပင် ဧည့်ခန်းကမြင်ကွင်းကို လှမ်းမြ... လိုက်ရ၏။

ဒေါ်မမခက်တို့သားအမိနှင့် မိုးသားတို့လင်မယား မျက်နှာချင်းဆိုင်... ထိုင်နေကြသည်။ မိုးသားက သူတို့ကိုမြင်တော့ ပျာပျာသလဲထထွက်လာ၏





"မေမေ လာလေ၊ ငါ့ညီမကလဲ နေနိုင်လိုက်တာနော်၊ အစ်ကိုတစ်... ...ကလုံးဆီကိုများ တော်တော်လာရှာတာ"

"ကိုလတ်ကလဲ ညီမလေး စာမေးပွဲတွေဆက်နေလို့ပါ"

အနှစ်က မိုးသားလက်ကို ဆုပ်ကိုင်ပြီး တောင်းပန်သလိုလေး ရယ်... ...ည်။ ဒေါ်ပိုပိုနှင့် ဒေါ်မမခက်တို့ မျက်လုံးချင်းဆုံလိုက်ကြစဉ် အပြုံးကိုယ်စီ... ...နှုတ်ဆက်လိုက်ပြီး ...

"တိုက်ဆိုင်လိုက်တာနော်၊ ဒီနေ့မှပဲ မိသားစုတွေ လာဆုံကြတယ်"

ဒေါ်မမခက်က ဦးစွာ လှမ်းပြောသည်။ ပြောရင်း မျက်လုံးတွေက ...နှစ်ကို စူးစမ်းဝေ့ကြည့်၏။ အနှစ်ကတော့ ဒေါ်မမခက်နှင့် အတူရှိနေ... ...ည့် လူတစ်ယောက်ကိုပါ ပြောင်ပြောင်ကြည့်ပစ်လိုက်သည်။ ဒီလူက ...ဒေါ်မမခက်၏ သားနှစ်ယောက်ထဲမှ တစ်ယောက်ဖြစ်နိုင်သည်။ အကြီး... ...ား အငယ်လားဆိုတာ မသိ။

ခမည်းခမက်တွေတော်နေကြရပြီး ရန်ကုန်မြို့မှာ အတူတူနေကြတာ ...ျင်းလည်းတူသည်။ ဒါတောင်မှ ဒေါ်မမခက်နှင့်ဒေါ်ပိုပိုတို့မိသားစု နှစ်စု... ... မရင်းနှီးကြပေ။

နှစ်ဖက်စလုံးမှာ သားသမီးသုံးယောက်စီ ရှိကြတာချင်းတူနေမှန်း ...ကြသော်လည်း တစ်ဖက်ကမိသားစုကို တစ်ဖက်က မမြင်ဖူးကြ။ သား... ...သမီးက မန္တလေးမှာ ဆုံကြ၊ လက်ထပ်ကြ ဖြစ်ခဲ့ကြပြီး မင်္ဂလာကိစ္စကို... ...သည်း ဟိုမှာပဲ ပြီးခဲ့ကြသည်။

တစ်မြို့တစ်နေရာဆိုတော့ မင်္ဂလာပွဲကို မိသားစုလိုက်လည်း မတက်... ...ခဲ့ကြ။ အခုချိန်မှာ သူ့မဘေးမှာလည်း သားပါသည်၊ ကိုယ့်ဘေးမှာ... ...သည်း သမီးပါ၏။ မသိမသာ အကဲခတ်ကြရ၏။

အနှစ်ကိုကျတော့လည်း ခုမှမြင်ဖူးကြတာမို့ လူငယ်တွေပီပီ ...ရဲ့ပဲ ...ကြည့်လိုက်ကြတာဖြစ်သည်။ ထိုသူက အနှစ်ကို ပြုံးပြ၏။ အနှစ်က



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းများဖြင့်သာ ရယ်မြူးရိပ်လေးထည့်ကာ မပြုံးဖြစ်ဘဲ မျက်နှာ… ပစ်လိုက်သည်။ ကြားထဲကကြည့်နေသည့် ဒေါ်မမခက် မျက်လုံးကြီးတွေ… ကို စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်သွားလို့ပင်။

"ဟဲ့ သမီးက အအေးလေးဘာလေး သွားလုပ်လေကွယ်၊ ကူဖော်… လောင်ဖက်မှမရှိတာ ကိုယ်ပဲလုပ်ရမှာပေါ့"

ဒေါ်မမခက်က သူမလိုသည့်ဘက်ကို ဆွဲယူပြီး စကားဝိုင်းကို ဖြန်… ၏။ ရင့်က နေရာမှထသည်။

"မလုပ်နဲ့ သမီး၊ ဧည့်သည်မှမဟုတ်တာ၊ စားသောက်ပြီးမှ လာခဲ့… တာ စားလဲမစားနိုင်ပါဘူး"

"ဩော် … ဘယ်ဟုတ်ပါ့မလဲ မပိုရယ်၊ ဂါရဝါစတရားဆိုတာ ရှိသေး… တဲ့ဥစ္စာ၊ ခုပဲ အဲဒီကိစ္စကို ပြောနေကြတာလေ"

ဒေါ်မမခက်က ပြုံးလျက် မိုးသားနှင့်ရင့်တို့ကို ဝေ့ကြည့်သည်။

"ကိုယ့်ယောက်ျားက ဝင်ငွေမကောင်းဘူးဆိုပေမယ့် မိဘတွေ… ကောင်းတောင်သာသာရှိရက်နဲ့ ဖိုသီဖတ်သီဖြစ်နေတာ သဘာဝမကျ… လေ၊ ပေါ့ဘိသားကြီးတို့ဆိုရင်လဲ အိမ်မှာ အလုပ်သမားတွေမှ ပြည့်… သားသမီးချင်းအတူတူ မျက်နှာငယ်လို့ခြားတယ် ဖြစ်ပြန်ရင်လဲ မကောင်… ဘူး"

"ဩော်ရင် ဒါကတော့ အစက သူတို့တွေက အဝေးမှာနေကြတာ… လူငယ်တွေချည်းပဲ အုပ်ထိန်းမှုကင်းလွတ်နေသလိုဖြစ်နေကြတော့ မပြ… စုံတာတွေ၊ လိုအပ်နေတာတွေ ဒီကမိဘတွေက သိမှမသိကြရတာ … တတ်နိုင်မှာလဲ"

ဒေါ်ပိုပိုကလည်း မခံချင်စိတ်တွေနှင့် ချက်ချင်း ဝင်ပြော၏။ ကို… သားကို ဝင်ငွေကောင်းကောင်းမရှာနိုင်သည့်ပုံစံမျိုး ချိုးဖဲ့ပြောလိုက်တာ…





…နှန်း သိတော့ ပိုဆိုး၏။ သားအမိ တစ်လေသံတည်းပါလား။

ခေတ်ပညာတတ်ဆိုတဲ့အထဲမှာ ဆရာဝန်၊ အင်ဂျင်နီယာက နိမ့်သေး လို့လား။

"ဒါနဲ့ မခက်ရဲ့သားတစ်ယောက်လဲ အင်ဂျင်နီယာပဲဆို၊ သူ့လား"

သိစေချင်တာ၊ အင်ဂျင်နီယာချင်းအတူတူကို ကိုယ့်သားကျမှ ပြော ရှာလား၊ ဒေါ်မမခက် တစ်ချက်တော့ အမ်းသွား၏။ သို့သော် ခဏလေး ပဲဖြစ်ကာ…

"ဟုတ်တယ်လေ၊ ဒါပေမယ့် သားက သူ့အဖေလုပ်ငန်းတွေကိုပဲ ဦးစီးတော့တာ၊ သူများတွေလို ဘွဲ့တစ်ခုရထားရင်ပြီးရောဆိုပြီး မလုပ်စေ ချင်လို့လေ။ ကိုယ် ဒီပညာနဲ့ လုပ်စားသည်ဖြစ်စေ၊ လုပ်မစားဘူးဖြစ်စေ ဘုတူတန်တန်ဖြစ်တာပေ့ါနော်၊ ဘာပဲဖြစ်ဖြစ် မမခက်က ကိုယ့်သားသမီး ဘက်က တာဝန်ကျေပြီးသားပဲ၊ ဘာလိုအပ်ချက်မှ မရှိစေရဘူး"

"အမယ်လေး ဒီကလဲ ပိုပိုပါနော်၊ လိုအပ်တယ်ဆိုတာ မရှိစေရဘူး၊ အခု အဲဒါ စီစဉ်ပေးချင်လို့ လာတာ"

"ဘယ်လို …"

"သားနဲ့သမီးအတွက် အိမ်ဖော်ရှာထားတယ်လေ၊ အားလုံး စိတ်ချရ တယ်၊ ပွဲစားနဲ့ရှာခိုင်းထားတာလဲမဟုတ်ဘူး၊ အိမ်ကထမင်းချက် ဒေါ်ဘုတ် ရဲ့ မြေးမလေးရယ်"

"အို… တိုက်ဆိုင်ပြန်ပြီ၊ ဒီမှာလဲ အခု အဲဒီကိစ္စအတွက် အပြီးအစီး လုပ်လာတာပေါ့"

"ဟင် …"

ဒေါ်ပိုပို မျက်နှာမည်းသွားမိတာ ထိန်းမရပေ။ သားဖြစ်သူကို ကြည့် လိုက်တော့ မျက်နှာပွနေသလိုလို၊ အားနာသလိုလို၊ သူတို့သားအမိတွေ ကတော့ ပိုင်နိုင်သည့်အပြုံးတွေနှင့်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘယ်လိုလုပ်ဖြစ်မှာလဲ မေမေ၊ အနှစ်တို့က ဒေါ်ဒေါ် တုတ်ရဲ့ မြေးကို ခေါ်ခိုင်းလိုက်ပြီးပြီ"

"ခေါ်ခိုင်းလိုက်တာလား၊ မာမီက အိမ်ထိတောင် ခေါ်လာပြီးပြီ"

ရင့်က ခန့်ခန့်ပုံနှင့် ဝင်ပြောကာ အိမ်နောက်ဘက်ကို လည်ပင်း လိမ်ကြည့်၍...

"မအေးစန်းနဲ့ ကြည်ကြည် ခဏ"

ဟူးလိုက်တာလား ဘာပြန်ပြောသံလည်း မသိပါ၊ ခဏအတွင်းမှာပဲ မိန်းကလေးနှစ်ယောက် ရောက်လာကြသည်။ တစ်ယောက်က အသက် သုံးဆယ်ကျော်တော့ ရှိလိမ့်မည်ထင်၏။

တစ်ယောက်ကတော့ အလွန်ဆုံးရှိမှ ဆယ့်လေး ဆယ့်ငါးပေါ့။ သိသာ တာက အိမ်ဖော်ပုံစံတွေ မဟုတ်တာပင်။ ဒေါ်ပိုပိုနှင့် အနှစ်တို့ ကြည့်သည့် သဘောကို ဒေါ်မမခက်က နားလည်သည့်ရယ်သံမှုဉ်းမှုဉ်းနှင့် ...

"ခက်ရဲ့ တူမတွေလေ၊ သမီးလက်နဲ့ဆိုရင် ညီအစ်မဝမ်းကွဲတွေပေါ့ ခုဒေါ်ခက်က အိမ်ဖော်ခေါ်ရတာ ကိုးဆယ်ရာနှုန်းက အဆိုးဘက်မှာပဲဆို တော့ မစဉ်းစားတော့ဘူး။ သူတို့က မန္တလေးမှာတုန်းကလဲ အတူနေဖူးကြ တဲ့လူ တွေ၊ အခု သမီးတို့ပြောင်းလာတော့ ဒီမှာပဲ ကျောင်းတက်တော့မယ် ဆိုပြီး လိုက်လာကြတာ"

ဒေါ်ပိုပိုက သမီးဖြစ်သူထံ လှမ်းကြည့်၏။ ဒါတွေနဲ့ စိတ်ညစ်လှပ သည်ဟု သားလတ်က လှမ်းပြောလွန်းလို့ ဒီကိုပြောင်းလာဖြစ်အောင် သူ တို့မှာ ခြံတွေ၊ တိုက်တွေ ချက်ချင်းဝယ်ရ၊ ကြိုးစားရနှင့် ...

"သူကတော့ ကလေးနှစ်ယောက်ကိုထိန်းဖို့ပါလာတာပါ၊ မအေးစန် ဘဲ့၊ သူက ကြည်ကြည်ကျော်လွင်၊ ရီရီကျော်လွင်ကတော့ မာမီတို့အိမ်မှာ ညကျမှ ပြန်လာမှာတဲ့၊ သူတို့က အမြွှာညီအစ်မပေါ့၊ ဒီနှစ် ဆယ်တန်းဖြေ ကြမှာ"





ရှင်းပြနေရင်း ဒေါ်မမခက်က ဒေါ်ပိုပို့မျက်ဝန်းတွေထဲကို စိုက်ကြည့် သည်။ မြွေမြွေချင်း ခြေမြင်ဆိုသည့်စကားက အလွန်ဟောင်းခဲ့ပြီဖြစ်သော် သည်း မြွေရဲ့ခြေရိပ်ကို မြွေမြွေချင်းပဲမြင်မှာဖြစ်သည်။ ဒေါ်မမခက်က 'ရမလား'ဟု ရင်ထဲမှာ ကြိမ်းဝါး၍မဲ့လိုက်၏။ အများရှေ့မှာမို့ မဲ့ပြုံးလိုလို၊ ရှင်းနှီးတဲ့အပြုံးလိုလို။

သူက သူ့သားဘေးမှာ လူယုံထားချင်တာမျိုးလား၊ ကိုယ်ကလည်း ကိုယ့်သမီးအတွက်ဆို အားလုံးထော့စေ့အောင်တွေးပြီးသားပင်။ မန္တလေး မှာ အဆင်မပြေဖြစ်ကြသည့်ကိစ္စတွေကို ဒီကနေ ဒေါ်မမခက် အားလုံး တွေးပြီးဖြစ်သည်။

ယောက်ျားလုပ်သူက မိန်းမကိုတော့မနိုင်ဘဲနဲ့ မအေကို ရင်ဖွင့် အကူ အညီတောင်းပုံပေါ်သည်။ အိမ်ထောင်တစ်ခု ထူထောင်ကြပြီဆို သူ့ဘက်၊ ကိုယ့်ဘက်ဆွေမျိုးဆိုတာ ကင်းလို့ရမလား၊ ချို့တဲ့ကြသူတွေဆို စားမှု နေမှုတွေက အစ ထောက်ပံ့ကူညီကြရသေးသည်။

အခုဟာက သမီးလည်း တစ်နယ်တစ်ကျေးမှာ အဖော်ရအောင်၊ သူတို့ညီအစ်မချင်းကလည်း အစကတည်းက ချစ်ခင်နေကြတာမို့လို့ ကြည်ကြည်တို့အမေကလည်း 'သွားနေကြ'ဆိုပြီး ခွင့်ပြုထားတာဖြစ်သည်။

ဒါကို မိုးသားက မလွှတ်လပ်လို့ဆိုသည့် အကြောင်းပြချက်နှင့် ကြည်လင်။ ကလေးတွေက ငယ်သူတွေပီပီ ဟိုဝင်ပါ ဒီဝင်ပါ လုပ်ကြ သည်။ အထူးသဖြင့် လင်မယား စကားများတိုင်း အစ်မဖြစ်တဲ့သူဘက်က ဝင်ဝင်ပါကြ၏။ ဒါကို မိုးသားက မကြိုက်။

ယောက်ျားပဲ ယောက်ျားလိုနေပေါ့။ သမီးက ကိုယ့်ကို ဖုန်းဆက်၍ ပြောပြသည်။

"နေပါစေ သမီး၊ သင်းက သူ့မိဘကိုတိုင်နေတယ်ဆိုတော့ တိုင်ပါစေ လေ၊ မာမီတို့ ဆွေမျိုးတွေက မစားနိုင် မသောက်နိုင်လို့ ခိုကပ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်တာ၊ သူတို့ ဘာလုပ်မလဲ စောင့်ကြည့်နေလိုက်၊ မမခက်တဲ့၊ လွယ်လွယ်ကူကူ အကြောမပေးတတ်လို့ မမခက်ဆိုတာ ဖြစ်လာတာ”

ဒေါ်မမခက်က ဤသို့ကြိမ်းဝါးထားခဲ့သည်။ မိုးသားတို့ ရန်ကုန်ကို ရွှေ့လာတော့မည်ဆိုကတည်းက ကြည်ကြည်တို့လည်း ထက်ကြပ်မကွာ ပါလာလို့ရအောင် ဆွေမျိုးချင်း လက်ဝါးရိုက်ထားပြီးသားဖြစ်သည်။

ဟွန်း ... ဒီလိုရရိုးလား၊ ကျကျနန ခါးထောက်ရယ်လိုက်ချင်သေးသည်။ ဒီနေရာမှာ ကြည်ကြည်တို့၊ ရီရီတို့မဟုတ်ဘဲ မိုးသားဘက်က ဆွေမျိုးတွေဖြစ်ကြည့်ပါလား ကိုယ့်သမီးက သူတို့ခြေထောက်အောက်မှာ နင်းပြားဖြစ်မသွားနိုင်ဘူးလို့ မပြောနိုင်။

မျက်လုံးချင်း စကားပြောနေကြပေမယ့် သိစေလိုကြတာမဟုတ်ပေ။ လျှို့ဝှက်ကြံစည်မှုများနှင့်ဖြစ်၏။ ဒေါ်မမခက်၏ မျက်လုံးတွေကို ဒေါ်ပိုပို နားလည်သွားပါသည်။

မပြောပေမယ့် သိလိုက်၏။ ဒီလောက်ထိ လာဘ်မြင်လွန်းတာကို အံ့လည်းအံ့ဩသည်။ ရွံရှာသလိုကြီးလည်းဖြစ်သွားခဲ့သည်။

ဒေါ်မမခက်တို့ နာမည်ကြီးတယ်ဆိုတာ ‘ဘာကြောင့်မှန်း’ တွေးမိသွား၏။ ကိုယ်ကတော့ သူများသားသမီးအပေါ် ကိုယ့်သားက နိုင်စေ စားစေဆိုတဲ့တာမျိုး တစ်ဖက်သတ်ကြီးတော့ မဟုတ်ပါ။ ဒါပေမယ့် ဒီမိန်းကလေး ကိုယ့်သားအပေါ်မှာ အနိုင်ယူလွန်းတာကို မကြိုက်။

ချစ်တာက ချစ်တာပေါ့၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်မာနဆိုတာ ရှိရမည်။ မိုးသားက နည်းနည်းလေးမှာ ဟန်ကိုယ်ဖို့ဆိုတာ မရှိ မာန်ဆိုတာတော့ အဝေးကြီးပင်။

ကိုယ့်သား ဒီလိုဖြစ်နေတာကို ပြောင်းလဲပေးလိုက်ချင်သည့် မာနစိတ်တော့ သူမမှာရှိနေသည်။ ကိုယ့်သား သူ့သမီး ဆိုတဲ့ အနေအထားမှာ လင်နဲ့မယားမို့ သာတယ်နာတယ် မတွက်သင့်တာက တစ်မျိုး၊ အခုထ





သူတို့ချည်းပဲသာနေသည်။

တစ်နယ်စီနေပေမယ့် သတင်းတွေကို အကုန်ကြားနေရသည်။

‘ငါ့သားလေး ကိုယ့်မျက်စိအောက်ရောက်လာရင်တော့ ကိုယ့်အလှည့်ပဲ’ဟု ခဲလေသမျှ သဲရေကျဖြစ်ကုန်ပြီလား။

လောလောဆယ် ပိတ်ပြီးဆိုပြီးသား ချည်တုပ်ပြောလိုက်သော ဒီသားအမိနှစ်ယောက်စကားထဲမှာ ဒေါ်ပိုပို ဘယ်က အစပြန်ကောက်ရမှန်းပင်မသိ။

အနှစ်က အမေနှစ်ယောက်၏ လွန်ဆွဲနေကြခြင်းကို အကဲခတ်သည်။ ကိုယ့်ဘက်ကတော့ လျှော့ရိလျှော့ရဲဖြစ်နေပြီဖြစ်၏။ ပြောဖို့သင့်တာမသင့်တာ ခေါင်းထဲမထည့်နိုင်တော့ပေ။

“အိမ်မှာ ကလေးလဲရှိသေးတာမဟုတ်ဘဲနဲ့ ကူဖော်လောင်ဖက် ရအောင်ခေါ်လိုက်တာကလဲ သုံးယောက်တောင်မှလား အံ့နိုတီ၊ အားလုံးမိန်းကလေးတွေချည်းပဲ၊ ကိုလတ်က ယောကျ်ားလေးတစ်ယောက်တည်း အနေကျပ်မှာပေါ့”

အနှစ်က ဝင်ပြောတော့ ရင့်မျက်နှာ တင်းခနဲဖြစ်သွား၏။

“ဒါက တို့လင်မယားပူရမယ့်ကိစ္စပါ။ ဒီမှာ အလင်းနှစ် မင်း ခုနပြောလိုက်သလို တို့က ကြည်ကြည်တို့ကို ကူဖော်လောင်ဖက်ခေါ်ထားတာမဟုတ်ဘူးနော်၊ တိုးတိုးဖော်လိုချင်လို့ ခေါ်ထားတာ၊ သူတို့က ဒီမှာ ခိုချင်ကပ်ချင်လို့ လာကြတာလဲမဟုတ်ဘူး၊ သူတို့အဖေက သစ်တောဦးစီးအရာရှိ၊ အမေက ဒေါက်တာ ...”

“ဒါဆိုလဲ အစကတည်းက ဆွေမျိုးတွေကိုခေါ်ထားတယ်လို့ ပြောလိုက်ရင်ပြီးတာပဲ မမရင့်၊ ဘယ်လိုပုဂ္ဂိုလ်တွေသားသမီးပဲဖြစ်ဖြစ် မိုးသားရောင်နဲ့ နေခြည်ရင့်တို့ရဲ့ နေအိမ်မှာ လာနေကြတာကတော့ နေတာပါပဲ”

“မိန်းကလေးက ဒီလိုမပြောနဲ့လေ သူတို့ကို ...”



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြပါဦး၊ ခဏ ခဏလောက်ပါ"

ငြိမ်သက်စွာထိုင်ကြည့်နေခဲ့သည့် မိုးသားက လက်ဖဝါးနှစ်ဖက်စလုံး ဖြန့်ကာပြီး တားဆီးလိုက်ပေမယ့် မျက်လုံးတွေက ညီမဖြစ်သူထံမှာပဲ ဖြစ်၏။

သူ့ကိုယ်တစ်ခြမ်းက အမေနဲ့ညီမဘက်မှာ ပို၍လှည့်စောင်းနေသည်။ မပြောနဲ့တော့လို့ မတားဆီးသော်လည်း မပြောစေချင်၍ တောင်းပန်နေတာနှင့်တူ၏။

"လာကြတာက ကျွန်တော်တို့အတွက်ပဲမဟုတ်လား၊ နှစ်ဖက်စလုံးက စေတနာနဲ့ပါပဲ၊ ဒီမှာက အားလုံးပြီးနေပြီဆိုတော့ ညီမလေးနဲ့မေမေက ကျေနပ်လိုက်ပါ"

ဒေါ်ပိုပို ဆတ်ခနဲဖြစ်သွား၏။

"ဘာ … ကျေနပ်လိုက်ပါ ဟုတ်လား"

ဒေါ်သဲ ရှေ့ရောက်သွားပြီးမှ ထိန်းသင့်တာကို သတိရသည်။

"ဟုတ်ပါပြီ၊ သားတို့ချင်းကျေနပ်ဖို့ပဲလိုတာ၊ မေမေတို့က ဘေးကနေ အနည်းအပါး တည့်မတ်ကူညီပေးရုံပဲ တတ်နိုင်တာလေ"

"ဒါပေမယ့် ခက်ကတော့ ရှင်းအောင်ပြောလိုက်ချင်သေးတယ်"

ဒေါ်မမခက်က စောစောက ဆုံးအောင်မပြောလိုက်ရသည့်စကားအတွက် ကျေနပ်သေးပုံမရဘဲ ပြန်ဆက်၏။

"ကြည်ကြည်နဲ့ရီရီကို ခက်တို့က ကိုယ့်စရိတ်နဲ့ကိုယ် ဒီအိမ်မှာ လာထားပေးတာနော်၊ မိုးသားရဲ့ဝင်ငွေလောက်နဲ့ ခက်ရဲ့တူမတွေ နေထိုင်စားသောက်ပုံကို အကဲခတ်ကြည့်ပေါ့"

"ဒီလိုတော့ ဝင်ငွေ ထွက်ငွေတွေ မတိုင်းပါနဲ့ရှင်၊ ကျွန်မသား စိတ်ချမ်းသာမယ်ဆိုရင် ကျွန်မတို့ကလဲ ငွေဆိုတာကို ခေါင်းထဲထည့်စရာမလိုပါဘူး ခုနက မခက်ပြောလိုက်သလိုပေါ့ ဘွဲ့ရပညာတတ်ဆိုတာ ဘဝ





အတွက် ထည့်ဝါဖို့ပြယုဂ်တစ်ခုပါပဲ၊ သူကိုယ်တိုင်က သူ့ရဲ့ဘဝကို သူ့စွမ်းအားနဲ့ဖန်တီးကြည့်ချင်တယ်လို့ပြောလာလို့ လွှတ်ထားကြည့်ခဲ့တာ၊ မခက်တို့ဘက်က အိမ်ထောင်တွေ၊ စီးပွားတွေနဲ့ တွက်ချက်ပြလာပြီဆိုရင် ကျွန်မသားဘက်က ဘာမှလိုအပ်ချက်မရှိစေရဘူး၊ မပြည့်စုံဘူးဆိုတာ မဖြစ်ရဘူး"

ဒေါ်ပိုပိုက ပြောနေဆဲမှာ စကားသံတုံ့ဆိုင်းသွား၏။ မလှမ်းမကမ်းမှာရပ်နေဆဲဖြစ်သည့် ကြည်ကြည်ဆိုသော ဆံပင်တိုတို တရုတ်မ မျက်နှာလေးနှင့် မိန်းကလေးထံသို့ တည့်တည့်မော့ကြည့်၍ …

"သူတို့က တိုးတိုးဖော်ဆိုတော့ ခိုင်းစေဖို့ဆိုတာ လိုမှာပေါ့၊ ဒီအိမ်မှာ အိမ်ဖော်တစ်ယောက်တော့ ကျွန်မဘက်က ထားပေးမှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်ရှင်မတစ်ယောက်ဟာ မအားလပ်လောက်အောင် အလုပ်များလာပြီဆိုရင် ဘယ်အရာကိုမှ စိတ်မရှည်တော့ဘူး၊ သူများဖနီးမယားတွေ ကြွကြွရွရွလှလှလေးထွက်လာနိုင်ကြပြီး ကိုယ့်မှာတော့ နောက်ဖေးချောင်ကမထွက်နိုင်ဖြစ်နေရရင် ယောကျ်ားဖြစ်သူအပေါ် ငြိုငြင်လာမယ်။ ပထမတစ်ချက်က သားနဲ့သူ့အိမ်ထောင်ရေးကို အဆင်ပြေပြေဖြစ်သွားစေချင်တာပါ။ နောက်တစ်ခုက ဒါဟာ ဖြည့်ဆည်းသင့်တဲ့ လိုအပ်ချက်တစ်ခုပဲလို့ ထင်တယ်လေ"

"လိုအပ်ရင် ရင့် ပြောပါ့မယ် အမေ၊ ခိုင်းလို့မရပေမယ့် ကြည်ကြည်တို့က အားကိုးရပါတယ်"

ရင့်က မိုးသားမျက်နှာသို့ တစ်ချက်ဝေ့ကြည့်သည်။ ပြီးမှ နှုတ်ခမ်းတို့က ပြုံးယောင်သမ်းကာ …

"လူကြီးတွေရှေ့မှာပဲ ပြောရဦးမယ်၊ ယောကျ်ားဆိုတာမျိုးက အပေါင်းအသင်းစကားနားယောင်တတ်တယ်မဟုတ်လား၊ ယောကျ်ားလေးတွေပေမယ့် တချို့ကျတော့ သူများအိမ်ထောင်ရေးကိုကြားဝင်ဖို့ထောင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကြီးတာတွေရှိတယ်၊ အဲဒီလိုဖြစ်လာရင် ကိုယ့်ယောက်ျားက ကြံ့ကြံ့ခံနိုင်ရင်တော်သေးတယ်၊ မြှောက်ပေးတိုင်း ကွေးအောင်ကတဲ့လူ ဆိုရင်တော့ သွားပြီ"

"ရှင် ..."

မိုးသားမျက်နှာ နီရဲသွား၏။ တစ်လုံးမှ ဝင်မပြောဘဲနေသည့် လေမိုးပင် မနေနိုင်။

"ညီမလေး အဲဒီလိုမပြောရဘူးလေ"

ရင့်က အားလုံးကို ဂရုမစိုက်စွာ ရယ်ပစ်လိုက်ပြီး မိုးသားလက်မောင်းကို လှမ်းဖက်သည်။ လက်မောင်းမှာ ပါးလေးကပ်သွားတဲ့အထိ မှီလိုက်ပြီးမှ ...

"မောင်ကလဲ ရင့်က စိုးရိမ်လို့ပြောတာဥစ္စာ၊ ပြီးတော့ မောင့်မေမေရှေ့မှာ တမင်ပြောတာလေ၊ မိဘဆိုတာ တိုင်ရတာပဲ၊ မောင် မဆိုးရဲအောင် ကြိုပြီးတိုင်ပြောထားတာ"

ချွဲနွဲ့သံလေးနှင့်ပြောတော့ မိုးသားမျက်နှာနီနီက ပန်းနုရောင်သို့ ချက်ချင်းပျော့ကျသွားလေသည်။

ဒေါ်ပိုပိုကတော့သည်းခံနိုင်စွမ်းကုန်ပြီဖြစ်၏။

နေရာမှ ခပ်ဖြည်းဖြည်းထရပ်လိုက်သည်။ နီမြန်းတုန်ယင်နေသည့် နှုတ်ခမ်းသားတို့က မခံရပ်နိုင်ဖြစ်နေသည့်မာန၏ရိုက်ခတ်မှုများဖြစ်သည်။

အနှစ်ကလည်း တစ်ဆက်တည်းမှာ ထရပ်လိုက်လျက် ...

"ကိုလတ်"

"ဟင် ဘာလုပ်တာလဲ၊ ပြန်တော့မလို့လား"

အနှစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ နောက်ဆိုရင် သူများမလိုအပ်တာကို မပေးမိအောင် ဆင်ခြင်ရမယ်၊ ကိုလတ် လိုအပ်ရင်တော့ ဖုန်းဆက်လိုက်ပေါ့"





အနှစ်က ဒေါ်ပိုပို့လက်ကို ဆွဲကိုင်လိုက်ပြီး ဒေါ်မမခက်ကို စီးမိုးကြည့်၏။

"ကျွန်မတို့ ပြန်လိုက်ပါဦးမယ်"

မကြည်လင်တာကို ကြေညာနေကာမှတော့ ဒေါ်မမခက်ကလည်း ဟန်ဆောင်ပြုံးဖို့ မကြိုးစားတော့ပါ။ မပြုံးမရယ်မျက်နှာနှင့် စိုက်ကြည့်နေလိုက်သည်။

ယောက္ခမနဲ့ချွေးမဆိုတာ သားအမိမှမဟုတ်ဘဲ၊ ဘယ်တော့မှလည်း ဟုတ်လာဖို့မရှိဘူးဆိုတာ နားလည်ဖို့တော့လိုလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"သားညီ"

ဖုန်းထဲက ကိုကို့အသံ တစ်မျိုးဖြစ်နေသည်ဟုတော့ ထင်မိ၏။ ဒါပေမယ့် အနှစ်နဲ့ပတ်သက်မည်ဆိုတာ မတွေးမိပေ။ ကိုကို့အသံက ရယ်နေသလိုလို၊ စိုးရိမ်မှုတွေကြောင့် အလေးအနက်ဖြစ်တော့မလိုလို...

"တကယ်ပြောတာ သားညီ၊ အဲဒါ မင်းနဲ့ခင်တဲ့ အနှစ်ဆိုတာ ဖြစ်နိုင်တယ်၊ နာမည်အပြည့်အစုံက 'အလင်းနှစ်' တဲ့"

"ညီက အနှစ် ဆိုတာပဲ သိတာ"

ကိုကို့ရယ်သံက ယုံတာလား၊ မယုံတာလား၊ သူကတော့ အမှန်အတိုင်းပြောတာပါ။

"အေးပါ၊ ဘာပဲဖြစ်ဖြစ် အဲဒီကောင်မလေးက မင်းရဲ့မလတ်လိုပဲနော်၊ သိပ်မခေဘူးကွ၊ မင်းနဲ့တွေ့ဖြစ်သေးလား"

ကိုကို တကယ်သိချင်လို့မေးတာလား၊ စကားအစ်တာလားတော့ မသိ၊ အမှန်အတိုင်းမပြောဖို့ကို စိတ်က ချက်ချင်း သတိပေး၏။





"မတွေ့ဖြစ်ဘူး"

"အေး တွေ့ရင်လဲ ဇာတ်လမ်းတော့သွားမလုပ်နဲ့နော်။ မာမီရယ်၊ ရင့်ဦး၊ အဲဒီ အလင်းနှစ် သုံးယောက်ဆုံမိရင် အပြင်းထန်ဆုံးပေါက်ကွဲမှု ဖြစ်သွားနိုင်တယ်၊ အားလုံး မိုလ်ချည်းပဲ၊ တပည့်မရှိဘူးကွ။ ပိုဆိုးတာက အနှစ်ဟာ မိုးသားရဲ့ညီမ 'အလင်းနှစ်' ဆိုတာမှန်ရင် သွားပြီ၊ အဲဒီကောင်မလေးကော၊ သားညီကို ဘယ်ကလဲ၊ ဘယ်သူ့သားလဲ မေးဖူးလား"

"ဟင့်အင်း"

"ဒါဆို သူလဲ သိပုံမပေါ်ဘူး"

"အနှစ်က အလင်းနှစ်ဆိုတာ သေချာလို့လား ကိုကို"

"ဖြစ်နိုင်လို့လေ၊ မင်းရဲ့အနှစ်က ဘယ်လိုပုံစံလဲ၊ ဆံပင် နားရွက်အောက်နဲ့ အရောင်တင်ထားတာမဟုတ်လား၊ မျက်တောင်တွေအရှည်ကြီးနဲ့ မျက်လုံး တော်တော်လှတယ်"

ညီ့ရင်ထဲမှာ သောကလုံးကြီး တက်ဆောင့်လေသည်။ တသိမ့်သိမ့်တက်ခါတုန်ယင်ခြင်းဖြင့် နှလုံးသားက တဖျစ်ဖျစ်မြည်အောင် ချစ်တတ်ပြီဆိုတာမှ ကံကြမ္မာက ရက်စက်လှချေလား။

'ငါ့သားကို ဘယ်မိန်းမှ ချုပ်ကိုင်ပိုင်ဆိုင်လို့မရဘူး' ဟု တတွတ်တွတ်ကြွေးကြော်ခဲ့သော...

'ဒီအတ္တတစ်ခုကိုတော့ မာမီ ထားပါရစေ' ဟုလည်း သူ့ကို တိုင်တည်ပြောခဲ့ဖူးသည့် မာမီ့ကို ရင်ဆိုင်ဖို့အင်အား သူ့မှာ မရှိသေးပါ။ ထို့ကြောင့် အချစ်နဲ့ သူ့ဘဝက အဝေးကြီးပဲ ရှိပါသေးသည်။ ခုတော့ ပို၍ဝေးကွာခဲ့ပြီ။

အနှစ်ဟာ မာမီ အမြဲတမ်း အတိုက်အခံနေရာမှာထားခဲ့သည့် မိသားစုတစ်ခုထဲက မိန်းကလေး တကယ်ဖြစ်နေခဲ့လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"သားညီ"

"ဗျာ"

"ငြိမ်လှချေလား၊ ဘယ့်နှယ်လဲ ကိုကိုပြောတဲ့ပုံစံက မင်းရဲ့အန

ဖြစ်နေလို့ ဟတ်ထိသွားတာလား"

"ကိုကို"

"ပြော"

"မာမီ့ကို အနုစ်နဲ့အလင်းနှစ် အတူတူဖြစ်နိုင်တဲ့အကြောင်း ကို

ပြောလိုက်ပြီလားဟင်"

သူ့ရင်ထဲကသောကကို အကဲခတ်သိရှိသွား၍ထင်သည်၊ ကိုကို

ရယ်သံမဟုတ်ဘဲ သက်ပြင်းချသံသံ့ ထွက်လာ၏။

"မပြောပါဘူး၊ ဒါပေမယ့် သားညီ... မင်း ခရီးဆက်လို့တော့မ

နော်၊ အားလုံး စိတ်ညစ်ရလိမ့်မယ်"

ကိုကို ဖုန်းချသွားတော့ သူ အကြာကြီးစဉ်းစားသည်။ ပြီးတော့

စိတ်ပိုက်ကာ အနုစ်ဆီကို ခေါ်လိုက်၏။ ဒီအချိန် အနုစ် အိမ်မှာမရှိတ

တာကို အနုစ် ပြောထား၍ သိသည်။

ဒါပေမယ့် သိချင်နေသည့်စိတ်က နောက်ထပ် အချိန်ကိုစောင့်ဖို့ စိ

မရှည်။

"ဟဲလို"

မိန်းမကြီးတစ်ယောက်၏အသံကြောင့် ရင်ထဲမှာ ဒိန်းခနဲမြည်အော

လန့်သွား၏။

ဒီနေရာမှာ မာမီသာဆိုလျှင် တစ်ဖက်က မိန်းကလေးသံများ ကြ

လိုက်ရင် သွားပြီ။

ညီ တုံတွေးမျိုးချမိတာ နှစ်ခါ...။

"ဟဲလို ပြောပါ၊ အနုစ်ရဲ့ ဖုန်း မှန်ပါတယ်၊ အိမ်မှာကျန်နေခဲ့လို့ ရှိ





သူတာ ကိုင်တာပါ၊ မှာစရာရှိတာ မှာထားခဲ့လို့ရပါတယ်"

"အန်တီ... အန်တီက..."

"ဒေါ်ပိုပို၊ အနုစ်ရဲ့အမေ..."

သူ ဘာမှမပြောနိုင်တော့ပါ။

နားမှာကပ်ထားခဲ့သည့်ဖုန်းက တဖြည်းဖြည်း လျှောကျကာ တွဲ

လောင်းကျသွားသည့်လက်ထဲမှာ ဒီတိုင်းပါသွား၏။

ဒါ တကယ့်အဖြစ်အပျက်လား ...။

ဆဓဖ ဆဓဖ ဆဓဖ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဇနီးဖြစ်သူကိုကြည့်ကာ ဦးသာလွန် ဘယ်လိုနှစ်သိမ့်ရမှန်းမသိ ဖြ
နေ၏။ သူ ဘာပဲဝင်ပြောပြော 'ရှင်ကတော့ပြောမှာပေါ့'၊ 'ရှင်တို့ယောက်
တွေ ဒီလိုပဲ' စသဖြင့် ဘယ်ဘက်ကမှ မျက်နှာရမှာမဟုတ်သော.တုံ့ပြ
ထိုးနက်ချက်တွေပဲ လာမှာကို သိနေသဖြင့် သူ ပြောဖို့ စကားလုံးရှာ
သည်။ ဒေါသဖြစ်၍ ကြိတ်မနိုင်ခဲမရဖြစ်နေသော ဒေါ်ပိုပို့မျက်ဝန်း
လည်း မျက်ရည်စတွေနှင့်။

"ရှင် စဉ်းစားကြည့်လေ၊ ဘယ်မိဘမဆို ကိုယ့်သားသမီးဘက်
ရပ်တည်ချင်ကြတာပဲ၊ အဲဒါကြောင့် မိဘတွေမှာ ဘီလူးဆိုင်းတီးရ၊ တယေ
ထိုးရနဲ့။ တော်တော်များများဆိုရင် သားရှင်မို့လို့ မာရေကျောရေပြော
ပြီး သမီးအလှည့်ကျမှ ဝင့်လည်ကြတော့ ပြားပြားကိုဝပ်သွားတာပဲ။
ခက် ဆိုတဲ့ မိန်းမကျတော့ သားမွေးထားတာလဲမြတ်တယ်၊ သမီးမွေးထ
ပေမယ့်လဲ မရှုံးဘူး၊ သူ ရှုံးရတဲ့ ဘာမှကိုမရှိဘူး၊ ကျွန်မကျတော့ ..."

ဒီစကားကျမှ မျက်ရည်က ပေါက်ခနဲကျ၏။ တစ်သျှုံးလေးတင်





ထုတ်ကာ မျက်ရည်ကိုပဲ ရန်သူလို ပွတ်သပ်ဆွဲသုတ်၏။ ပြီးတော့
ခေါင်းကိုပါ ရောပွတ်ပြီး အမှိုက်ခြင်းလေးထဲကို ပစ်ချလိုက်သည်။

"မင်းတို့ကလဲ ခမည်းခမက်ချင်း စုမှ မျက်နှာချင်းဆိုင်တယ် 'နောက်
ယ်တော့မှမပတ်သက်တော့ဘူး' ဖြစ်လာတော့ မခက်ဘူးလားကွာ၊
လေးတွေလဲ မဟုတ်ကြဘဲနဲ့"

"ဘာရှင့် ..."

"မဟုတ်ဘူးလေ၊ ငါပြောတာက ဘယ်သူကပဲ အနိုင်ယူပြောပြော
တောင်မှ ပြုံးနေနိုင်ရင် ကိုယ်လဲ ပြုံးပြုံးလေးနဲ့ နောက်ဆုတ်ပေါ့။
လိမ္မာအမျက် အပြင်မထွက်နဲ့တဲ့"

"နုခေတ်မှာ လည်တဲ့သူက စားသွားတာပဲ၊ ပြောရဲတဲ့သူစကား မှန်
ယ်၊ ပါးစပ်ကြီးပိတ်ထားတိုင်း အဲဒါ လူလိမ္မာတွေလို့ ဘယ်သူက အမှတ်
မှာလဲ။ သတ္တိမရှိတဲ့လူ၊ အသုံးမကျတဲ့ ငါက်ကြီးဆိုပြီး ဝိုင်းတောင်
ပစ်ကြဦးမယ်"

"မဟုတ်သေးပါဘူးကွာ၊ မင်းတို့မိန်းမတွေကိုက စိတ်တိုလွယ်တာပါ"

"ဟုတ်တယ်၊ ရှင်တို့ပဲရှည်နိုင်တာ၊ ဆက်ပြီးတော့လဲ ရှည်ကြပါ"

ဒေါ်ပိုပို ဆတ်ခနဲထရပ်လိုက်ပြီး လက်သီးနှစ်ဖက်ဆုပ်သည်။

"သမီးက ကိုယ့်လူ၊ သားကျတော့ သူယူတာတဲ့၊ ဒီစကားတွေက
ခက်ဆိုတဲ့မိန်းမအတွက်ကျတော့ မဟုတ်ပါလား။ မွေးထားလိုက်တာ
သားကျတော့လဲ ဒီအမေမှ အမေ၊ မိန်းမကို ကျွန်လိုထားပြီး သခင်လို
ကက်ဆံတာတဲ့၊ ရှင့်သားကို ရှင် တစ်ခေါက်လောက်သွားကြည့်စမ်းပါ။
များမွေးထားတဲ့သားနဲ့ ဘယ်လိုကွာသလဲဆိုတာ ..."

"ဒါကတော့ မင်းသားကိုက ဒီလိုဖြစ်နေတာကိုး၊ ဒါ ကိုယ်ပေးပယူလို့
ရတဲ့၊ သူ့အိမ်ထောင်နဲ့သူ့ ခံစားချက်၊ သူကိုယ်တိုင် ပြည့်စုံတယ်လို့နေ
တာ ဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်မှာလဲ၊ ဘာလုပ်ယူလို့ရသလဲ၊ ရှင်တို့ပြောရင် ဒါပဲပဲ"

"ခက်ပါလားကွာ"

ဒေါ်ပိုပိုက ဖုန်းနားထိလျှောက်သွားပြီးမှ ပြန်လှည့်လာကာ ...

"မိန်းမတွေ ယောကျ်ားတွေကိုအားကိုးကြတာ ရှင် နားမလည်ဘူး
လား ကိုသာလွန်၊ ကိုယ်ယူထားတဲ့ယောကျ်ားမှာ ခြေကျိုး၊ လက်ကျိုး
မျက်စိမမြင်၊ နားမကြား ဘာတွေချို့ယွင်းနေပါစေ ချစ်သူအတွက်ဆို
မြင်းမိုရ်တောင်ကို ဒူးနဲ့တက်တိုက်မယ်၊ ကြယ်တွေကို မှေကောဘာမှာ ပန်
ဆင်ဖို့ခွတ်ခူးပေးမယ် ပြော၊ မဖြစ်နိုင်တာ ဘာတွေပြောပြော ကျေနပ်ပြီး
အားကိုးနေချင်တာမျိုး၊ ရှင်ကတော့ ညာတာပါတောလေး အလိုက်သင့်
ပြောပေးဖော်မရဘူး"

ဒေါ်ပိုပို နောက်ထပ် မျက်ရည်ကျတော့ စားပွဲပေါ်မှာကျန်ခဲ့သည်
တစ်သျှူးဆီကို လှမ်းပဲကြည့်မိပြီး လက်နဲ့ ဖြစ်သလိုသုတ်လိုက်၏။ ထို
နောက် ဤစကားကို မဆက်လိုတော့ဟန်နှင့် ...

"ဘာဖြစ်လို့ ဒီမိန်းမနဲ့ ဒီသမီး ကျွန်မတို့ကို ဒီလောက် အရွဲ့တိုက်ချင်
နေမှန်း စဉ်းစားလို့ကိုမရဘူး။ ယောကျ္ခမဆိုရင် ကိုးဆယ့်ကိုးရာနှုန်းက
မဖြူစင်ကြဘူး၊ ဒါ မှန်ပါတယ်။ ကျွန်မလဲ ကျွန်မသားကို ဒီမိန်းမ မလွှမ်းမိုး
ရဘူးဆိုတဲ့ မာန်တွေရှိခဲ့တယ်၊ ကိုယ့်သားဘက်က ရပ်တည်ဖို့ကြိုးစားရင်
ချွေးမကိုတော့ ဖယ်ရမှာပဲ၊ သမီးနဲ့တူတဲ့ချွေးမဆိုတာလဲ ရှိခဲ့တာမှမဟုတ်
ဘဲ။ အဲဒီတော့ ချွေးမ၊ ယောက္ခမဟာ သားအမိဖြစ်လာဖို့ မရှိဘူး၊ မကောင်း
တာတွေထဲမှာပဲ မမခက်က ဆိုးလွန်းနေတာ၊ သူ့ကိုမီအောင်ဆိုးမယ် ဆို
ရင်တော့ ကြားထဲက ကလေးတွေ ဒုက္ခရောက်ကုန်မှာပဲ၊ အထူးသဖြင့်
သားကြီး အလိမ္မာလေ၊ ဟွန်း ..."

ငိုသံပါကြီးနှင့် မဲ့ရယ်တော့ ဦးသာလွန် စိတ်မကောင်းဖြစ်သွား
သည်။ ခက်သည်က သူ ဘာဝင်ပြောပြော ဒီမျက်ရည်က ရပ်တန့်သွား





တွေယ်။

"သူတို့က မကျေနပ်ခဲ့တဲ့အကြောင်းအရင်းခေတ်ခံတွေရှိခဲ့လို့ ဒီလို
ထိရွံ့နေကြတာဆိုရင်လဲ ဆက်ရွံ့ကြပေတော့။ အိမ်က နွားတစ်ကောင်
လဲ သူများဖမ်းသွားပြီလို့ပဲ မှတ်တော့မယ်။ ကောင်းတာတွေ၊ မကောင်း
တွေ မသိဘူး။ မမခက်ဆိုရင် အသံတောင် ကျွန်မ မကြားချင်တော့ဘူး"

ရလိုမှုချင်းကတော့ အတူတူပဲမဟုတ်ဘူးလား။ သူ့သား ငါ့သမီး ဆို
သည့် မာန်မာနတွေထဲမှာ သူ့သားလေးကိုတော့ ငါ့သားလို သဘောထား
ဆိုတာမပါ၊ သူ့သမီးလေးကို ငါ့သမီးလေးလို သဘောထားပြီး ကိုယ်
စာရမယ်ဆိုတာ မရှိ။

ဒါတွေဟာ ယောက္ခမ အထာတွေပဲဖြစ်သည်။

ဘယ်လိုလုပ်မလဲ၊ ကိုယ့်မှာ သားသမီးရှိနေပြီဆိုရင် ယောက္ခမ မဖြစ်
ဘူးဆိုလည်း မရ။

ဆဆ ဆဆ ဆဆ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

မမကြီး ...

အနှစ် အရမ်းသတိရလို့ ဒီစာကို အီးမေးလ်ပို့လိုက်တယ်နော်

မမကြီး ပြန်မလာနိုင်သေးဘူးဆိုတာသိရလို့ စိတ်မကောင်းဖြစ်ရသ

ကိုယ်လတ်ကလည်း၊ မမကြီးဆီကို မလာနိုင်ဘူးဆိုတော့ အနှစ် တက

ဝမ်းနည်းမိတယ်။

ကိုလတ်က သူ့ မိန်းမနဲ့ယောက္ခမကို အနှစ်တို့ထက် ပိုအလေးထ

တာ မမကြီး။ မမကြီး စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဒါတွေ နော

တော့မှ ပြောပြမယ်နော် ...။

အနှစ် စာတွေရိုက်ထည့်နေရင်း ကိုလတ်မျက်နှာကို မြင်လာ

တစ်ဆက်တည်းမှာ ဒေါ်မမခက်၏မျက်နှာဟန်ပန်တွေပါ ပါလာသည်

နောက်မှပြောတော့မယ် ဆိုပြီးတော့လည်း ရေးမိ ပြောမိကုန်သည်။

အစ်မကြီးတော့ အမိအရာ ဆိုသည့်အတိုင်း မမကြီးက တက

ခေါင်းဆောင်ပီသသည့်အစ်မမျိုးလည်းဖြစ်သည်။ ဒီနေ့ထိ မမကြီးနှင့်





သက်၍ မေမေတို့မှာ ဂုဏ်ကျက်သရေတိုးပွားခဲ့ရတာပဲရှိသည်၊ မျက်နှာ ငယ် အရှက်ရဖူးတာ မရှိ။

မိဘကိုသိတတ်သလို သူမကိုယ်တိုင်ကလည်း ကြိုးစားသည်။ ငယ် တဲ့ မောင်နှမတွေကို ကြိုးစားချင်အောင်လည်း လမ်းပြစွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။ တကယ်ဆို ကိုလတ်လည်း တော်ပါသည်။ လိမ္မာသည့်သား ဖြစ်သလို စာလည်းတော်သည်။ ဒါပေမယ့် နေခြည်ရင့် ဆိုသည့် မိန်းမ လက်ထဲ မရောက်ခင်ကာလက ဖြစ်၏။ ခုတော့ ...

"မပြီးသေးဘူးလား သမီး"

ရင်ထဲရှိတာတွေ အားလုံး စီရီပြီးမှ မေမေ ဝင်လာသည်။

"ပြီးပြီ မေမေ၊ ကိုလတ်အကြောင်းတွေလဲ ပါကုန်ပြီ၊ မတတ်နိုင်ဘူး။ ကိုလတ်ကို မမကြီးက အလုပ်လာလုပ်ဖို့ ခေါ်နေတာဥစ္စာ၊ ဘာဖြစ်လို့ မလာဘူးဆိုတာ ပြောပြရမှာပဲမဟုတ်လား"

"အေးလေ ပြောသင့်သလောက်တော့ ပြောပြမှသိမှာပေါ့၊ သားလတ် ဆီကို အီးမေးလ်တွေ ပို့နေဦးမယ်၊ အဲဒါ ပြောလိုက်ရဲ့လား"

ဒေါ်မမခက်က သမီးဖြစ်သူကို အဖော်ထားပေးရုံတင်မက အင်တာ နက်ချိတ်တဲ့အထိ အသေးအဖွဲ့က အစ အားလုံး ဝင်ပါနေသည်။ တကယ် တော့ ခြံကြီးတစ်ခြံလုံးတောင် သိန်းထောင်ချီပြီး အကုန်ခံဝယ်ပေးခဲ့သေး တာ ဒါတွေအားလုံးကို ပြည့်စုံအောင် စီမံပေးသွားရမှာက ကိုယ့်တာဝန်ပဲ ဖြစ်သည်။

မန္တလေးမှာတုန်းကလည်း ဒေါ်မမခက်တို့ ဤသို့ဤနှယ် ကျောသွား ခဲ့ပြီးပြီ။ သားရှင်က ချို့တဲ့နေလျှင် ဒီနေရာမှာ ပြည့်စုံအောင်ဖန်တီးမပေးရ ကောင်းလားဆိုပြီး စောင့်ကြည့်ကဲ့ရဲ့ဦးမှာဖြစ်၏။

လုပ်ပေးနိုင်တာကိုသိတော့ သူတို့က ဦးအောင်လုပ်ပြပြီး ကလေး အပေါ်မှာ လွှမ်းမိုးဖို့ကြိုးစား၏။ ကိုယ့်သားဟာ သင်းရဲ့ သိမ်းနိုင်မှ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ငြိတွယ်သွားခဲ့မှန်းမသိပါ။

"ဟင်… ဒါ ဘာလဲ"

ဝင်နေသည့် အီးမေးလ်တစ်ခုကို ဒေါ်ပိုပို မြင်သွား၏။ အနှစ်လည်း မေမေ လှမ်းကြည့်လိုက်မှ နောက်ပြန်လှည့်ကြည့်လိုက်မိသည်။

အနှစ် …

ကျွန်တော် အီးမေးလ်တွေပို့နေတာ တော်တော်များနေပြီ၊ ဖတ်ရရဲ့လား၊ ဒါမှမဟုတ် မဖတ်ချင်တော့လို့ ဒေါသများဖြစ်နေမလားမသိဘူး။ တစ်ခါမှမပြန်တော့ မျှော်လင့်မိရင်းနဲ့ ဆွေးတယ်ဗျာ…။

ဒေါ်ပိုပိုနှင့်အနှစ် မျက်လုံးချင်းပြန်ဆုံ၏။ အနှစ် မျက်နှာပူသလို ဖြစ်သွားပြီးမှ ရယ်ကျဲကျဲလေးလုပ်ပစ်သည်။ ဒေါ်ပိုပိုက အင်တာနက်ရှေ့ကို ရောက်သွား၏။

အီးမေးလ်ပို့တိုင်း ထည့်ပေးလိုက်တဲ့ မေးခွန်းလေးတစ်ခုကိုကော အနှစ် သတိထားမိလားဟင်၊ စိတ်ကူးလေးရှာလို့ရနိုင်မယ်ဆိုရင် အဲဒီ မေးခွန်းလေးကို ဖြေပေးစေချင်တယ်။

'သတိရတိုင်း ရင်ခုန်သံတွေမြန်လာတာ ဘာဖြစ်လို့လဲ' ဆိုတာ …

"အဲဒါ ဘယ်သူလဲ သမီး"

"သွားလာရင်းနဲ့ ခင်သွားတာပါ"

အနှစ်က ဝေ့လည်ကြောင်ပတ် ဖြေသည်။

"အေးလေ ခင်တာက သမီးမှာ ယောကျ်ားလေးသူငယ်ချင်းတချို့ ရှိတာပဲ မေမေ သိတာပေါ့။ ဒီကောင်လေးက သမီးသူငယ်ချင်းတွေထဲက မဖြစ်နိုင်ဘူး။ ဘယ်သူလဲ"

အနှစ်က မျက်နှာလေးကို အတည်အတံ့ ပြင်ဆင်လိုက်ပြီးမှ …

"အနှစ်ကတော့ ခင်တာပါ"

"သူက မရိုးသားဘူးဆိုတာတော့ သိတယ်မဟုတ်လား"





"မေမေကလဲ …"

ကိုလတ်ကိစ္စကနေ အီးမေးလ်ဘက်ကို အာရုံတွေပြောင်းကုန်ကြသည်။ ဒေါ်ပိုပိုကတော့ အိမ်ထောင်ရေးကို ကြားလိုက်တာနှင့် ဒေါသက အလိုလိုဖြစ်ချင်လာပြီဖြစ်၏။

ပိုပိုဆိုတဲ့နာမည်ဟာ ကိုယ့်သားသမီးတွေကျမှပဲ သုံးစားမရတဲ့ နာမည်တစ်လုံး ဖြစ်နေခဲ့သည်။

"အနှစ်နော် မေမေက နေရာတကာ ချုပ်ချုပ်ချယ်ချယ်မလုပ်ဘဲထားတာ ခွင့်ပြုထားတာမဟုတ်ဘူးဆိုတာကို နားလည်၊ သားသမီးရဲ့ အကျင့်သိက္ခာကို ယုံကြည်လို့"

"အနှစ်လဲ မေမေ့ကို ဘယ်တော့မှ ဒုက္ခမပေးဘူး မေမေ၊ အဲဒါ ဘာကယ်ပြောတာ"

ပြောကြတာပဲ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

အနှစ်တို့ခြံကိုကျော်ခဲ့ပြီးမှ ဦးတို့ခြံထဲကို ဝင်ရတာမို့ ကားကို ဖြည်းဖြည်းလေးလိုမှ၍ မျက်လုံးကို အစွမ်းကုန် အလုပ်ပေးထားမိသည်။ ဒါပေမယ့် ဘာကိုမှလည်းမမြင်ခဲ့ရပါ။

အနှစ်ကို သူ စွဲလမ်းနေပြီဖြစ်သည်။ တွေ့ကြတာ သုံးလကျော်လေးလ ဆိုပေမယ့် သူ့ရင်ထဲမှာ နှစ်ချို့အလွမ်းထုပ်ကြီးကို မျိုချထားရသလို ကျုပ်ခဲပူလောင်နေ၏။

ပြောလည်းမပြောရဲ၊ မပြောရဲတာထက် ပြောလို့မထွက်တာ ဖြစ်သည်။ မျက်နှာချင်းဆိုင်မိလျှင် ရင်တွေတုန်၊ ဒူးတွေတုန်၊ အိးမေးလ်ထဲက ရင်ဖွင့်လိုက်ဖို့ ကြိုးစားသော်လည်း ခုမြင် ခုကြိုက်လို့ တွေးပြီး စိတ်ဆိုးသွားမလား၊ ယုံပါ့မလား။

မပြောဖြစ်လေ ရင်ထဲမှာ ကျပ်နေလေ၊ ကိုယ့်ရှေ့မှာ ချစ်ကြ ညားကြနှင့်အဆင်မပြေသွားကြသည့်စုံတွဲတွေ အချစ်ကို ဘယ်လိုရင်ဖွင့်ခြင်းဖြင့်ပြေလည်သွားကြသည်တော့မသိ။

သူ့အတွက်က တိုင်ပင်စရာ တိုးတိုးဖော်မရှိ။ ဒီလိုပြော၊ ဒီလိုချစ်လို့





မြှောက်ပင့်လမ်းပြမည့်ဆရာလည်း မရှိခဲ့ပါ။ ဘာနဲ့တူသလဲဆိုရင် လူသူမဲ့သော တောကြီးမျက်မည်းထဲမှာ သူယောင်မယ်ကိုတမ်းတရင်း ရှူးသွပ်ခဲ့ရသည့် ယောကျ်ားတစ်ယောက်လို ...။

"ဘာတွေအရူးထနေတာလဲ၊ ဒီဇာတ်ကားတွေကိုမကြိုက်ခဲ့ဘဲနဲ့"

ဒီဗီဒီဇာတ်လမ်းတွေကို တစ်ချပ်ပြီးတစ်ချပ်ကိုင်နေသည့် သူ့ဘေးကို ဦးချစ်မိုးက လာငုံ့ကြည့်၏။

"ဘာကြည့်မလို့ ရှာနေတာလဲ၊ အဲဒါ ဆေးပညာသိပွဲကားတွေ"

ညီ ကိုင်နေတုန်းကတော့ စိတ်က တခြားမှာမို့ ဘာတွေမှန်းမသိဘဲ ဆိုင်လိုက် ချလိုက် လုပ်နေခဲ့တာဖြစ်သည်။ ဦးချစ်မိုး ပြောလိုက်ကာမှ သတိရသွားကာ ...

"တရုတ်သရဲကား ကြည့်ချင်လို့၊ ဦးမှာ မရှိဘူးလား"

"ဟာ ကြဲကြဲဖန်ဖန် လာရှုးနေပြန်ပြီ၊ ဘာလုပ်ဖို့လဲ၊ တရုတ်သရဲသေနာပါရင် အဲဒီမှာ လက်နှစ်ဖက်ရှေ့ဆန့်ပြီး နှစ်ချက်သုံးချက် ခုန်ကြည့်အတူတူပဲ"

ညီက ကိုင်ထားသမျှကို ချထားလိုက်ပြီး နေရာမှ ထရပ်လိုက်၏။

"ဦးကလဲ ညီ ဒီကိုလာတုန်းပဲ လွှတ်လွှတ်လပ်လပ်နေရတာ၊ အခုဆမီနဲ့မလတ်တို့ ပလာဇာသွားကြတုန်း လစ်ထွက်လာတာ၊ ခဏဖြစ်ဖြစ် စိတ်ချမ်းချမ်းသာသာ နေပါရစေ"

"အေးလေ မင်းရောက်လာတာနဲ့ လုပ်ချင်တာလုပ်လို့ရအောင် မင်းအတွက် ငါက ဒီမှာလဲ တယောင်တဆောင်ပြင်ပေးထားတာပဲ၊ ငါနဲ့ သက်ဆိုင်တာတွေကော မဆိုင်တာတွေကော ဒီမှာရှိနေတာ မင်းအတွက် မဟုတ်ဘူးလား"

"ဦး"

ပြောပြီး ဦးချစ်မိုး ပြန်လှည့်သွားတော့ ညီက ဘေးက ကပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှုံ့မဲ့ညည်းပြသည်။

"အဲဒါတွေနဲ့မဆိုင်ပါဘူး၊ အခု အပြင်မှာ ခွေသွားဝယ်ချင်တယ်၊ ခဏပဲ

"ဟ မင်း ပြဿနာရှာပြန်ပြီ"

ဦးချစ်မိုးက သူ့ကိုမော့ကြည့်ရင်း မျက်မှန်ကို မာန်ပါပါဆွဲတင်၏။

"ဒီကားတွေ မင်းကော ကြိုက်ခဲ့လို့လား၊ ခုမှ ဘာဖြစ်တာလဲ၊ ဒီအနီး အနားမှာ ငှားတာ၊ ရောင်းတာ ဘာဆိုင်မှမရှိဘူး"

"နီးနီးလေးမှာတော့မရှိဘူး၊ ဒါပေမယ့် မီးပွိုင့်နားက ရှီးခန်းမှာရှိ တယ်၊ ဝယ်ပြီး တန်းပြန်လာမယ်"

"ဟာ ဘယ်မှာနီးလို့လဲကွ"

"နီးပါတယ်၊ ဒီဘက် အထက နောက်ကနေ ဖြတ်သွားလိုက်မယ်"

"အံမယ် သူက လမ်းတွေသိနေပြန်ပြီ"

ညီက နဖူးပွတ်၍ရယ်သည်။ ဒီကိုလာတိုင်း အနှစ်ထွက်သွားတာမြင် သည်နှင့် အကြောင်းမရှိအကြောင်းရှာပြီး ထွက်လိုက်၊ ပြီးတော့ အနှစ် ဘယ်ဘက်ရောက်သွားမှန်းမသိလို့ သူ့မှာ ဟိုတွေရောက်၊ ဒီတွေရောက် နှင့် ဦးချစ်မိုး၏ခြံဝကနေ ပြန်ဝင်နိုင်ဖို့ သေလုအောင်ကြိုးစားရသည်။

အတွေ့အကြုံရှိနေပြီလို့ပြောလိုက်လျှင် ဦး ဘာဖြစ်သွားမည်မသိ။ နောက်ဆုံးမှာ ဦးရဲ့ခွင့်ပြုချက်ရကာ ညီက စက်ဘီးကို ဆွဲထုတ်လာ၏။

"ဟေ့ စက်ဘီးက ဘာလုပ်တာလဲ"

"လမ်းကြားထဲကသွားတော့ စက်ဘီးက အဆင်ပြေတာ ဦးကလဲ ညီ စက်ဘီးစီးချင်လို့ပါ"

ပြောပြီး နောက်ပြန်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ စက်ဘီးစီးချင် တာက သိပ်မမှန်ပေမယ့် ဒါနဲ့မှ အဆင်ပြေတာကတော့ အမှန်ပဲဖြစ်သည်။

ကားကြီးတကားကားနဲ့က ဘယ်ဝင်၊ ဘယ်ထွက်လို့မှမကောင်း။ အပြင်ရောက်တော့ ဖုန်းဆက်လို့ရသည့်နေရာရောက်အောင် အရင်သွားရ





သည်။ ညနေပိုင်းမို့ အနှစ် အိမ်မှာပဲရှိနိုင်သည်ဟု တွက်မိထား၏။ သူ့မှာ တော့ ဖုန်းပါမလာပါ။ မာမီက အချိန်တိုင်းကိုင်ခွင့်ပေးတာမဟုတ်တော့ ခုလို မာမီမသိအောင်ထွက်လာသည့်လမ်းမှာ သူ့မှာ ဖုန်းမပါ။

"ဟဲလို ..."

ထူးသံက ဟိုတစ်ခါအမျိုးသမီးကြီး၏အသံပဲမို့ သူ စိတ်ညစ်သွား၏။ ဒေါ်ပိုပိုဆိုတာ သူ သိနေသည်။ ပြီးတော့ ကိုကိုပြောထားလို့ မာမီနဲ့ အဆင် မပြေဖြစ်နေကြသည့် ကိစ္စတွေကိုလည်း သိသည်။ ထို့ပြင် ...

"အဘွားကြီးက ပိုတင်းမာကွ၊ ဘာဖြစ်လို့လဲဆိုတော့ မာမီက ရေရေ လည်လည် နှိပ်ကွပ်တာ၊ မိလတ်အကြောင်းလဲ သားညီ သိတယ်မဟုတ် လား၊ လောလောဆယ် တို့ဘက်က သာနေတယ်၊ မင်းမှန်းသိရင် အဘွား ကြီးက တင်းမှာပဲ၊ အနှစ်ကလဲ လက်ခံမယ်လို့ ကိုကို မထင်ဘူး"

တကယ်ချစ်နေပြီလို့ မပြောရုံတစ်မယ်ဖြစ်နေသည့် သူ့ကို အကဲခတ် မှီ ကိုကိုကတော့ ဖြစ်နိုင်ခြေရှိတာတွေကို ပြောပြထားခဲ့သည်။ ဒါကြောင့် သူ အနှစ်ကိုလည်း ဘာမှ အစမဖော်ဘဲ ရိုးရိုးလေး ဆက်သွားနေခဲ့ခြင်း ဖြစ်သည်။

"အနှစ် ဆိုတဲ့ နာမည်ကို သားညီ ပြောတုန်းက မာမီ သိပေမယ့် အခု မေ့သွားတာလား၊ ဒါမှမဟုတ် အနှစ်က သူ့ကိုယ်သူ အနှစ်လို့ပြော တော့ သတိမထားမိတာလား၊ အမှန်တော့ မသိဘူး၊ ဒါပေမယ့် သိရင် တော့ မလွယ်ဘူး"တဲ့။

လွယ်ကူတာ ဘာမှမရှိ၊ ကိုကိုကိုယ်တိုင်က သူ့ကို နောက်ဆုတ်ဖို့ပဲ သာသာထိုးထိုး ပြောသွားခဲ့တာဖြစ်သည်။ သူကသာ အနှစ်ကိုမှ ချစ်ခွင့်မရ ရင် ဒီရင်ဘတ်ကြီးထဲမှာ မီးဟုန်းဟုန်းတောက်ရတော့မယ့်အဖြစ်ကို ပြော ပြခဲ့မိရင်တော့ ...

"ဟေ့ ဘယ်သူလဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



မေးသံက သူ့ရင်ဘတ်ထဲကို တစ်စုံတစ်ရာနှင့် ဆောင့်တိုက်ပစ်လိုက်သလို မလိုလားခြင်းတွေနှင့် စူးရှစွာဝင်လာသည်။

"ကျွန်တော်က သူ့သူငယ်ချင်းပါ"

"အင်း သမီးရဲ့သူငယ်ချင်းတွေကို အန်တီ သိတယ်၊ အခု ဆက်တာ ဘယ်သူလဲ၊ သမီးကမွေးနေ့လက်ဆောင် သွားဝယ်နေတယ်၊ ဒီည မွေးနေ့ သွားဖို့ရှိလို့လေ၊ ဘယ်သူလို့ ပြောလိုက်ရမလဲ"

ဒီတစ်ခါ ဘာမှမပြောဘဲ ဖုန်းချလို့မဖြစ်တော့တာကို ညီ သိသည်။ မဟုတ်လျှင် နောက်တစ်ခါ သူ့အသံကြားတာနှင့် အစစ်အဆေး အမေး အမြန်းမရှိ ကျော်က်ခနဲ ချပစ်လိုက်မှာသေချာ၏။

"ကျွန်တော့်နာမည် ကျော်ကျော်ပါ"

"ဩော်... သမီးငယ် ခေါ်ခေါ်နေတဲ့ ဖိုးကျော်ဆိုတာလား၊ ဆောရီး ကွယ်၊ အန်တီက အသံကို မကျွမ်းမိလို့ပါ၊ ဘာပြောစရာရှိလို့လဲဟင်၊ ပြော ခဲ့လို့ရတယ်လေ"

"ဘာ... ဘာမှမရှိတော့ပါဘူး၊ ဟို မွေးနေ့လေ ကျွန်တော့်ကိုလဲ ဖိတ် တယ်၊ သူ့ကို ဖိတ်လားလို့ သိချင်လို့ပါ"

ဒီတစ်ခါ ပါးစပ်ထဲမှာပြောသမျှ အဆင်ပြေလို့ပါလား၊ နာမည်တစ်ခု ပါးစပ်ထဲကောက်ထည့်လိုက်တာလည်း တန်းခနဲ့မှန်သွားသည်။ အကြောင်း ပြချက်တွေလည်းကောင်းလို့။

ဒါပေမယ့် ရင်ထဲမှာတော့ ဆူးတစ်ချောင်း နစ်သွားခဲ့ပါပြီ။

'သမီးငယ်က ခေါ်ခေါ်နေတဲ့ ဖိုးကျော် ဆိုတာလား' တဲ့။

ဖျာဖျာသလဲကြီးဖြစ်သွားသည့် ဒေါ်ပိုပို့အသံကလည်း 'ဖိုးကျော်' ဆိုသည့်ပုဂ္ဂိုလ်အပေါ်မှာ ဘယ်လောက်ထိ အလေးထားတယ်ဆိုတာ သိသာလွန်းသည်။ အနှစ်ရယ် ကျွန်တော့်အကြောင်းကိုတော့ နည်းနည်း လေးမှ ပြောမပြခဲ့ဘူးလားဟင်။





ဒါမှမဟုတ်-ညီ ဆိုတဲ့ နာမည်တစ်ခုကို ဒေါ်ပိုပို သိချင်သိနေမည်၊ ...ကာ မပြောရဲလို့များလား။ ဖုန်းချခဲ့ပြီး စက်ဘီးကို ဒေါက်ဖြုတ်လိုက်စဉ် ...န်းထဲကထွက်လာသည့် အနှစ်ကို သူ လှမ်းမြင်လိုက်၏။

"အနှစ်"

နှုတ်ခမ်းမှာ တိုးတိတ်စွာ ရေရွတ်လိုက်မိရင်း အတိုင်းအဆမရှိ ပျော်...သည်။ သူ ဒီလောက်ထိ ကံကောင်းနေလိမ့်မည်ဟု မထင်ခဲ့မိတာ ...ပင်။

စက်ဘီးကိုတွန်းသွားရင်း အနှစ် ကူးလာမည့် ဒီဘက်ထိပ်ကနေ ကြို...ဉ့်နေဖို့ စိတ်ကူးနှင့် ရင်ခုန်သံတွေ မြန်လာသည်။ အနှစ်ဘေးမှာ ဘယ် ...ပါပေ။ မီးခိုးရောင်ဖျော့ဖျော့ဘောင်းဘီရှည်ကို ရှပ်အကျီအဖြူပွပွ ...နှင့် တွဲဝတ်ထား၏။

ကြိုးရှည်အိတ်အနက်လေးကို စလွယ်သိုင်းလွယ်ထား၏။ အနှစ်ပုံစံ ...က ဘယ်အချိန်ကြည့်ကြည့် လန်းနေသည်။ လမ်းလျှောက်သွားပုံ ...က ခြေလှမ်းကျဲတတ်သဖြင့် ရဲရင့်နေ၏။ ဘယ်ကပဲလှမ်းမြင်မြင် ...နေသည်က အသားဖြူ၍ ဆံပင်ရောင်လေးတွေလက်နေတာကြောင့် ...သည်။

ထိုပြင် နှုတ်ခမ်းစင်းစင်းလေးက ကော့ချွန်နေသည်။ အနှစ်က သူ့ကို ...င်ပါ။ လမ်း၏ဘယ်ညာကိုလှမ်းကြည့်ကာ လမ်းကိုဖြတ်ကူးလာ၏။ ...ဘက်ကိုရောက်တော့မှ မျက်နှာပေါ်မှာ အုပ်ဝဲနေသည့်ဆံပင်တချို့ကို ...က်လေးတစ်ဖက်နှင့် ထိုးသိပ်တင်ပြီး ဆတ်ခနဲမော့လာလျှင်...

"ဟင်... ညီ"

သူ့မျက်နှာမှာ နီးနီးကပ်ကပ်လေး ပိတ်စောင့်နေသည့် ညီကို တော်တော် ...ညသွားသည့်မျက်ဝန်းလေးတွေနှင့်ကြည့်ရင်း ...

"ညီ ဒီမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အနှစ်ကိုမြင်လို့ လာစောင့်နေတာလေ"

"ဟင် ..."

နောက်ထပ် အံ့သြသွားပုံပေါ်ပြီး ပတ်ဝန်းကျင်ကို မျက်ဝန်းလေးတွေ

ဝေ့သွား၏။ ပြီးတော့ ညီကိုင်ထားသည့်စက်ဘီးဆီသို့ ပြန်ကြည့်လာ၍

"စက်ဘီးနဲ့ ဘယ်ကလာတာလဲ"

"အိမ်ကထွက်လာတာလေ၊ ဒါပေမယ့် အနှစ်ကို တွေ့မလားလို့

ရင်းနဲ့ ..."

စကားရပ်သွားပြီး သူ မျက်နှာလွှဲမိတော့မလိုဖြစ်သွားသည်။ အနှ

ကို မရိုးမသားစကားပြောဖို့ ဘယ်လိုအားထုတ်လို့မှ မရပါလား။ အနှ

က သူ့ကိုကြည့်ပြီးရယ်သည်။

ဒီလိုပါပဲ အနှစ်နဲ့ဆုံမိတိုင်း သူ့မှာသာ အံ့ဖွဲ့တင်းကျပ်နေခဲ့ရပြီး အနှ

ကတော့ ပွင့်လင်းစွာ ရယ်နိုင်ပြုံးနိုင်သည့်ဘက်မှာပဲ ရှိခဲ့သည်။ ဘာဖြစ်

လဲ၊ အနှစ်ရင်ထဲမှာ သူ့လို မဖြစ်လို့လား။

ခေါ်သည့်အတိုင်းမှန်ခဲ့လျှင် သူ့ရင်ထဲက ပစ်လွှတ်ရန်ပြင်ဆင်ထား

မိသည့် အချစ်မြားကလေးဟာ ပန်းတိုင်ရှိပါ့မလား။

"ဖုန်းဆက်လိုက်ရင် ရရဲ့သားနဲ့ ညီရယ်။ အဲ နောက်ဆိုရင်လေ အ

ဆီကို ဖုန်းဆက်ရင် ညကိုးနာရီလောက်ကျမှဆက် သိလား၊ နေ့ဘက်

တော့ ဖုန်းက အနှစ်ဆီမှာ မမြဲဘူး"

"ဘာဖြစ်လို့လဲဟင်၊ အနှစ်မေမေက ပေးမကိုင်တာလား"

ကိုယ်လိုပဲလားဟုတွေးမိကာ လွှတ်ခနဲမေးလိုက်တော့ အနှစ်

ခေါင်းခါသည်။

"မဟုတ်ပါဘူး၊ ကိုင်ကိုမကိုင်ချင်တာ၊ အနှစ်က စိတ်ကူးထဲမှာဖြစ်

ရင် ဒီလိုသွားနေတုန်း ဟိုလိုဖြစ်ရင်ဖြစ်တာ၊ သွားလာနေတုန်း ဖုန်းဝင်

ရင် အရှိန်ပျက်တာပေါ့။ နောက်တစ်ခုက အနှစ် သွားချင်ရာသွားပစ်လို





ာကို မေမေ မသိစေချင်တာလေ၊ ကြိုသိတော့ ဟိုမသွားနဲ့ ဒီမလာနဲ့

တားမြစ်တာတွေ ပါလာတာပေါ့။ အနှစ်က မေမေ့စကားကို နားထောင်

တယ်၊ နားမထောင်ချင်တဲ့ဟာကျတော့ ခုလိုမျိုးလေ၊ လုပ်ချင်ရာ လုပ်

က်တယ်၊ ပြီးမှ မေမေသိတော့ ဘာပြဿနာမှမရှိတော့ဘူး"

အနှစ် ပြောနေပုံလေးကို စီးမိုးကြည့်ပြီး သူ ပြုံးလိုက်မိသည်။ ဒီလို

ကြည့်မိတိုင်း သူ သတိထားမိတာက အနှစ်၏ မျက်တောင်ကော့လေး

တွေကိုဖြစ်၏။ ဒီမျက်ဝန်းလေးတွေကြောင့် သူ ရင်ခုန်တတ်ခဲ့သည်။

နေတာ ဘယ်လိုပြောရမလဲ။

"အနှစ်"

"ဟင်"

"ကားမပါဘူးလား"

"သူငယ်ချင်းတွေနဲ့လာတာလေ၊ သူတို့ လာခေါ်ကြတာ၊ သူငယ်ချင်း

ယောက်ရဲ့မွေးနေ့သွားကြမလို့ လက်ဆောင်လာဝယ်ကြတာ"

"သူတို့ကော ..."

"ရွေးနေကြတုန်းပဲ၊ အနှစ်က သူများစိတ်ကူးကို သိပ်စိတ်မဝင်စား

ဘူး။ ကိုယ်လဲကိုယ့်စိတ်ကူးနဲ့ကိုယ် ဝယ်တာပဲ၊ အဲဒါ ပြန်နှင့်မယ်ဆိုပြီး

ယောက်တည်းပဲ ပြန်လာခဲ့တာ"

"ဘာနဲ့ပြန်မှာလဲ"

"ခြေထောက်နဲ့လေ၊ အနှစ်က လမ်းလျှောက်ရတာလဲ ဝါသနာပါ

ယ် လိုင်းကားတိုးစီးရတာလဲ သိပ်မကောင်းပေမယ့် နေရာအတော်များ

ကျတော့ အဆင်ပြေတယ် ညီရဲ့၊ ကားကြီးနဲ့ဆိုတော့ ကားရပ်လို့ရတဲ့

ရှိတယ်၊ မရတဲ့နေရာရှိတယ်၊ မှတ်မိတဲ့မိတ်တွေသူငယ်ချင်းတွေ

ရင် ဟိုမှာတွေ့တယ်ပြော၊ ဒီမှာမြင်တယ်ပြောနဲ့ မေမေက တောင်မေး

ကမ်းမေး အရမ်းရှုပ်တာပဲ။ အခုကတော့ သိပ်လဲမဝေးလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



အနှစ် ပြောသမျှကို သူ့မှာ အံ့သြငေးမောရင်း နားထောင်ရုံသ
သက်ပဲ လုပ်နေမိ၏။ ပြီးတော့မှ စက်ဘီးလက်ကိုင်နှစ်ဖက်မှာ လက်ရေ
ထောက်ကိုင်ထားပြီး ခပ်ငုံ့ငုံ့ငေးကာ ...

"အနှစ်"

"ဟင်"

"ကျွန်တော့်စက်ဘီးနောက်က လိုက်စီးပေးပါလား"

"ဘာ ..."

အနှစ် ထပ်မေးတော့ သူ ကမန်းကတန်း ခေါင်းခါလိုက်ပြီး ကိုယ်
မတ်မတ်ပြန်ရပ်သည်။ စက်ဘီးကုန်းမှာ လက်တစ်ဖက်နဲ့ပဲ ထိန်းကိုင်
တစ်ဖက်က လည်ပင်းကြားထဲရောက်၏။ ရှင်းပြမလို့ပေမယ့် ဘာ
စထွက်ရမှန်းမသိပေ။

ရိုးရိုးသားသားပါလို့ ဘယ်လိုညာရမလဲ၊ ရင်ထဲမှာ အချစ်က တ
ချစ် မြည်နေသည်။

မရိုးသားတာကို ရင်ဖွင့်ပြောလိုက်ဖို့ကျတော့ အနှစ် စိုက်ကြည့်
သည့် မျက်လုံးဝိုင်းလေးတွေအောက်မှာပဲ သူ့ရည်ရွယ်ချက်တွေ အလဲ
အပြိုပြိုဖြစ်နေခဲ့ရာ ...

"ကျွန်တော် တကယ်ပါ။ အနှစ်ကို အထင်မြင်သေးလို့မဟုတ်ဘူး။ အ
တကယ်၊ တွေ့ချင်လို့ နေ့တိုင်းညတိုင်း ကြံစည်နေရတာ အခုလို တကော
ကောက်လိုက်နေတာတွေ အဲဒါတွေက ကျွန်တော့်ရဲ့ တကယ့်ခံစားချ
အမှန်တွေပါ"

"တကယ်မဟုတ်တာရှိရင် ပြောပါဦး"

အနှစ် နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းနေ၏။ မျက်ဝန်းလေးတွေ
မှာ ဒေါသမြူမှုန် ဘာမှမရှိတာကို မြင်ရမှ ညီ ပျော်သွားသည်။

"အနှစ် ကျွန်တော့်ကို နားလည်တယ်နော်"





"ဘယ်သူက ပြောလဲ"

အနှစ်က လွယ်အိတ်ကြိုးလေးကို နှစ်ဖက်ဆုပ်ကိုင်ရင်း ရယ်သည်။
ဘေးကနေ အနှစ် ဆက်လျှောက်သွားတော့ ရယ်နေသည့်ပါးမို့လေး
တွေကို လိုက်ငေးရင်း သူလည်း အတူတွဲလိုက်ခဲ့၏။

အရပ်ကမြင့်မြင့်၊ စက်ဘီးကသေးသေးလေးမို့ သူ့ပခုံးနှစ်ဖက်ပါ ကုပ်
နေအောင် ငုံ့တွန်းနေတာကို အနှစ်က ငဲ့ကြည့်လိုက်တော့ သူ့ကိုကြည့်
ယ့်ပြန်ကြည့်နှင့် ရယ်မိကြသေးသည်။

"ဘယ်ကိုသွားမှာလဲ"

"အနှစ် သွားတဲ့အတိုင်းလေ"

မော့ကြည့်တာနှင့် မျက်လုံးချင်းဆုံတော့ ညီက ဖျတ်ခနဲ မျက်နှာလွှဲ
သည်။ ထုံးစံအတိုင်း အနှစ်ရဲ့မျက်ဝန်းလေးတွေပဲ ကျန်ခဲ့ကာ တစ်
ဘက်တည်း ခရီးဆက်ရသည်။

"ညီ တကယ် အနှစ်နောက်ကို လိုက်မှာလား"

"ဟုတ်တယ်၊ ခုနကပြောတဲ့ တကယ်တွေထဲမှာ ပါပြီးပြီလေ၊ တကယ်
ဆိုမှ"

"ဘာလဲ"

"အနှစ်ကိုတွေ့ချင်လို့ ဦးဆီကိုလာခဲ့တယ်၊ မတွေ့လို့ စက်ဘီးဆွဲပြီး
ထွက်ခဲ့တယ်၊ ဖုန်းဆက်ကြည့်တော့ အနှစ်မေမေက အနှစ် အပြင်မှာတဲ့"

"ဟင်..."

အနှစ် ခြေလှမ်းတွေပင် ရပ်တန့်မတတ်ဖြစ်သွားသည်။ သူ တကယ်
ပြောနေတာတွေမှန်းသိတော့ မယုံချင်၊ အင်တာနက်ကနေ အီးမေးလ်ပို့
ဝေဒနာတွေပါလာတာကတော့ စာလုံးကလေးတွေပဲမဟုတ်လား
ပြောရဲနေလိုက်တာ'လို့တွေးမိပြီး သူ့စာတွေကြောင့် ပြုံးမိရသေးသည်။
ယောကျ်ားလေးတစ်ယောက်မှာရှိသင့်သည့် ရဲရင့်ပွင့်လင်းမှုမျိုး ညီ



www.burmeseclassic.com

www.burmeseclassic.com



မှာ လုံလောက်စွာရှိမနေတာက အားနည်းချက်တစ်ခုလား၊ ဒါမှမဟုတ် အစွန်းရောက်နေတာလား။

ဘာပဲဖြစ်ဖြစ် ညီ မရှိးသားတာကိုသိနေသော်လည်း ဒီလိုသတ္တိ မြန်မြန်ဆန်ဆန်ဖြစ်လာမည်ဟုတော့ မထင်ခဲ့ပေ။ ငေးခနဲဖြစ်သွားပြီး အနှစ် မျက်နှာပြန်လွှဲပြီး ရှေ့ဆက်လျှောက်ခဲ့၏။

"အနှစ်"

ညီ့စကားသံတွေကလည်း လဲပြိုချင်နေပြီထင်၏။ မှုမမှန်စွာ တိုး သွားသည်။

"အနှစ် ကျွန်တော် ထပ်ပြီးတောင်းဆိုပါရစေနော်၊ ကျွန်တော် စက်ဘီးစီးရအောင်ပါ"

"ညီကလဲ သိတဲ့လူတွေ မြင်ကုန်မှာပေါ့"

သူကတောင်းဆိုပြီး အနှစ်က ပြန်မော့ကြည့်တော့ မျက်နှာလွှဲပစ် ပြီးမှ ရှက်အမ်းအမ်းအပြုံးနှင့် ပြန်လှည့်လာကာ ...

"ဒီလမ်းမကြီးက မသွားဘူးလေ နော်"

ပြောပြီး ညီက စက်ဘီးကို အနှစ်ရှေ့မှာ ခပ်စောင်းစောင်းဝိတ်လိုက် ပြီး သူ ထိုင်၏။ အနှစ် ချက်ချင်းမတက်တော့ သူက ပြန်ငုံ့ကြည့်သည် မျက်ဝန်းချင်း စကားနဲ့တွေ အကြာကြီးဆုံမိနေပြီးမှ အနှစ်က စလွယ်သိုင်း ချိတ်ထားသည့်အိတ်ကို ရင်ခွင်ရှေ့ ပြောင်းလိုက်သည်။

ထို့နောက် သူ့နောက်မှာ တင်ပါးလွှဲလေးထိုင်လိုက်၏။ ညီက စက်ဘီး ကို ဘေးကိုထိုးဆင်းသွားသဖြင့် အနှစ် သူ့ခါးကို ကိုင်လိုက်ရသည်။

"ညီ ဖြည်းဖြည်းနင်းလေ"

"ဖြည်းဖြည်းပါပဲ အနှစ်ရယ်၊ ချိုင့်ထဲကိုဖြတ်ဆင်းလိုက်လို့ပါ၊ ဒီဘက်ဆို လမ်းထဲက သွားမယ်လေ"

"အင်း"





ငါးပိရောင်ပုပ်ပုပ် ရုပ်အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်အဖြူကို ထားသည့် ညီ့ပုံစံက စက်ဘီးစီးတော့လည်း စမတ်ကျသည်။ သူ့ ယ်က ဘယ်တော့မှ ရေမွှေးနံ့မရဘဲ ဆပ်ပြာမွှေးနံ့လေးကိုပဲ ရတတ် လည်း အနှစ်နဲ့တူပြန်သည်။

အနှစ် ရေမွှေးဆွတ်တာကို ဝါသနာမပါပေ။ သူများကိုယ်ကရသည့် မွှေးနံ့တော်တော်များများကိုလည်း မကြိုက်တာဘဲများ၏။

မိမိကိုယ်မှာ ချွေးနံ့ ကြေးနံ့ မရှိရအောင် တစ်ကိုယ်ရေသန့်ရှင်းနေဖို့ ဆပ်ပြာမွှေးနံ့လောက်ကလေး တင်ကျန်ခဲ့ရင်ပဲ လုံလောက်ပြီဟု သတ် ၏။

"အနှစ်"

"ဟင် ညီ"

"စောပါသေးတယ်၊ ဟိုဘက်လမ်းက ထွက်လိုက်မယ်နော်"

"ဟင် ဆုယ်လို..."

ညီက စက်ဘီးကို အိမ်သို့မဟုတ်ဘဲ တစ်ဖက်လမ်းထဲသို့ လှည့်ဝင် ကသဖြင့် နောက်ကနေ အနှစ် လည်ပင်းလေးရှည်ကြည့်သည်။

"ညီ ဘယ်ကိုသွားမှာလဲ၊ လမ်းမကြီးတွေပေါ်တော့ မတက်နဲ့ကွာ"

"မတက်ဘူး။ ဒီဘက်မှာပဲ လှည့်နင်းနေမှာ"

"ဒါ ဘယ်နေရာလဲ"

"ညီလဲမသိဘူး"

"တော်တယ်"

ညီ့ထံမှရယ်သံကို ကြားလိုက်ရသည်။ အနှစ်လည်း ရယ်မိ၏။ တကယ် ဒီနားလောက်ကိုတော့ သူမလည်း သိတာပေါ့။ ဒါပေမယ့် ကားဝင်လို့ ကောင်းသည့်နေရာတွေကျတော့ လှမ်းမြင်ရုံ ဖြတ်သွားရုံပဲရှိခဲ့သည်။

"အနှစ် စိတ်ညစ်နေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မညစ်ပါဘူး၊ ညီကော"

"ပျော်လွန်းလို့ ဘယ်လိုပြောရမှန်းတောင်မသိဘူး"

"မဟုတ်ပါဘူး၊ လမ်းကသိပ်မကောင်းတော့ လူတင်းနင်းနေရတာ မမောဘူးလားလို့ မေးတာ"

"နိုး...၊ အနှစ်လိုက်မယ်ဆိုရင် ဒီတိုင်း မနားတမ်းနင်းသွားမယ်၊ ဘယ်လိုလဲ"

"ဘာကိုလဲ"

"လိုက်မလား"

"သွား"

သူ့ကျောကို ဖွဖွလေးထု၍ အနှစ် ရယ်တော့ ညီ သမင်လည်ပြန် ငုံ့ကြည့်သဖြင့် စက်ဘီးက ခါသွား၏။

"အို ..."

အနှစ် လန့်သွားကာ သူ့ခါးကို ဖက်ထားလိုက်မိသည်။ ထိုစဉ်မှာ စက်ဘီးက လုံးဝ ရပ်တန့်သွားလေသည်။ ညီ ခြေထောက်တစ်ဖက် ရပ်ထားလိုက်မှန်းသိတော့ အနှစ်က ဖက်ထားမိသည့်လက်ကို ပြန်ရုပ်၏။

သို့သော် ညီက အနှစ်၏လက်ခုံနုနုလေးကို အပေါ်ကနေ ထပ်ဆုပ်ထားလိုက်ပြီး ...

"အနှစ်"

"ညီ"

အနှစ် စက်ဘီးပေါ်ကနေဆင်းရပ်လိုက်ဖို့ စိတ်ကူးမိပေမယ့် ညာဘက်လက်ကို ညီ ဆုပ်ကိုင်ထားသဖြင့် ဆင်းလို့မရ။

"ညီ လွှတ်လေ"

"အနှစ် ... အနှစ်ကို ကျွန်တော် ..."

"စကားနောက်မှပြောပါ ညီရယ်၊ ရှေ့မှာ လမ်းမကြီးပေါ် ရောက်တော့မယ်၊ ပြန်လှည့်ရအောင်"





"နေတောင်မဝင်သေးဘူး အနှစ်ရယ်၊ ကျွန်တော် ဒီလိုအချိန်လေးကို ပြန်ရဖို့ နောက်ထပ် စိတ်ကူးယဉ်ခွင့်တောင် မလွယ်တော့ဘူး။ ဒီလမ်းမကို ကန့်လန့်ဖြတ်ကူးမယ်လေ၊ ဟိုဘက်မှာ ကန်ပေါင်ကြီးတစ်ခုရှိတယ်၊ အဲဒီမှာ စကားပြောရအောင်"

စကားပြောရင်း ဖိဆုပ်ထားသည့်လက်ကို ပြန်ဆွဲနုတ်တာ မရ။ သူ့အရပ်ရှည်လို့ စက်ဘီးကို မယိုင်မနဲ့ ထောက်ရပ်ထားတာက ဟုတ်သည်။

နင်းနေတာမဟုတ်ဘဲနှင့် ဒီတိုင်းကြီးထိုင်ပြီး ကိုယ်က သူ့ခါးကို ဖက်ထားသလိုဖြစ်နေတာကျတော့ အနှစ် ရှက်လေသည်။

"ညီ ပြောစရာရှိရင် သွားလေ၊ လက်ကိုလွှတ်"

"ဟင် ..."

လက်ကို ဖျတ်ခနဲလွှတ်ပစ်လိုက်တာက အလန့်တကြားဖြစ်၏။ ကိုယ်ပြောလို့လွှတ်လိုက်တာ မဟုတ်မှန်း အနှစ် သိလိုက်စဉ်မှာပဲ ညီက စက်ဘီးကို ခြေထောက်နှင့်တွန်းလိမ့်ပြီး ကမန်းကတန်းပြန်လှည့်၏။

ထို့နောက် နောက်ကြောင်းအတိုင်း အတင်းလိမ့်နင်းရင်း အကျဉ်ဆုံးလမ်းသွယ်ထဲကို ကွေ့ပစ်လိုက်သည်။ အနှစ် နောက်က ထိုင်လိုက်ရသူမို့ လမ်းမကြီးဘက်ကနေ ဒီဘက်သို့ ဦးချိုးလှည့်ဝင်လာသည့် မာစီဒီးအနက်တစ်စီးကို မြင်နေရ၏။

ညီ ဒီကားကိုမြင်လို့ ပြန်လှည့်ပြေးတာမှန်း သိလိုက်သည်။ ကိုယ့်ဘက်ကကားတော့မဟုတ်သေချာ၏။

"ညီ ဘာဖြစ်တာလဲ"

"မာမိတို့ တွေ့သွားပြီ"

ပြော၍ နောက်ကို လည်ပင်းလိမ်ကြည့်သည်။ လမ်းကြားထဲရောက်လာပြီမို့ နောက်ကား ပါ့မပါကို ရုတ်တရက် မသိသေးသော်လည်း ညီက စက်ဘီးကိုရပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆင်း ... အနှစ် ဆင်း"

စက်တီးကို ကန်စွန်းခင်းကြီးထဲကို ဖြစ်သလို တွန်းချပစ်လိုက်၏။

"အို ... ဘယ်လိုလုပ်လိုက်တာလဲ"

"နေပါစေ လာ"

"ညီ...ညီ နေဦး"

အနှစ် ရုန်းပေမယ့် အလိုက်သင့် ပါသွားခဲ့၏။ တားနေသော်လည်း ညီက လက်ကိုဖွတ်ဆွဲ၍ ချောင်ကြိုချောင်ကြား လှည့်ပတ်ပြေးနေသည်။ နောက်လှည့်ကြည့်တော့လည်း ဘာကားမှမရှိတော့သဖြင့် အနှစ် အတင်း ပြန်ရုန်းမိ၏။

"ခဏရပ်ဦး ညီ၊ ဘာမှမရှိတော့ဘူး"

ခဏဆို ခဏလေးပဲ ညီက ရပ်သည်။ ထို့နောက် ဆတ်ခနဲပြန်ဆွဲပြီး ဆက်ပြေး၏။

"ညီ"

"ဟိုး ... ဟိုး ..."

အခန့်မသင့်တော့ ဒီဘက်ကွေ့ဝင်လာသည့် အငှားကားတစ်စီးနှင့် တည့်တည့်တိုး၏။ ဒါကိုတော့ အနှစ် လက်မခံနိုင်ပေ။ ပြေးရင်းလွှားရင်း ခရီးလွန်ရင် ဘယ်လိုလုပ်မလဲ။ လက်ကို ပြန်ရုန်းပြီး ခြေဆုံးရပ်ပစ်လိုက်မိ၏။

"ဟိုမှာ မာမီတို့ပါလာပြီ၊ လိုက်ခဲ့ပါ အနှစ်ရယ်"

"အို... ဟင့်အင်း"

ဘယ်လိုမှမထင်ခဲ့ပေ။ ခေါင်းခါလိုက်သည့်အနှစ်ကို ညီက ဖွေ့ခနဲပွေ့၍ အဆင်သင့်ဖွင့်ထားပြီးသော တံခါးထဲကို သူကော ငုံ့၍ ဖြစ်သလို တိုးကြိတ်ဝင်သည်။

"ဦးလေး မောင်း၊ မြန်မြန်ပြန်ဆုတ်ပါ၊ ဟိုကားကို မျက်ခြည်ဖြတ်ပေးပါ"





ကားက သိမ့်ခနဲပြန်ဆုတ်၏။ အနှစ် တစ်စုံတစ်ခုပြောမလို့ ပြင်လိုက်စဉ်မှာ လက်ကို ဖိဆုပ်ဖျစ်ညှစ်လာသည့် အေးစက်စေးထန်းနေသော လက်တွေကြောင့် ပါးစပ်အဟောင်းသားနှင့် မော့ကြည့်လိုက်မိ၏။

"အနှစ် ... အနှစ် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မာမီတို့နဲ့ ရင်မဆိုင်ရဲတော့ဘူး"

ညီ့အသံက ဆောင်းနှင်းတွေထဲကို ဖြတ်ပြေးလာသော အပေါ်ရုံလွှာ မပါသည့် လူတစ်ယောက်၏နှုတ်ဖျားမှ မေးရိုက်သံလို ဖြစ်နေသည်။

ကားက အကြမ်းပတမ်းပြေးနေသဖြင့် ပြန်လှည့်ကြည့်လိုက်တော့ နောက်မှာ မာစီဒီးအနက်ကြီးကို လှမ်းမြင်လိုက်ရ၏။ အနှစ် ကိုယ့်ကိုယ်ကို တောင် ဘာတွေဖြစ်ကုန်ပြီမှန်းမသိတော့ပေ။

အလည်လွန်ပြီး အမေဆူမှာစိုးလို့ ချစ်သူနောက်လိုက်ပြေးရတာ မိန်းကလေးအလုပ် မဟုတ်ဘူးလား။

ဒါဆို သူမက ဘာလဲ၊ ကားက ဘယ်ဘက်ကို သိမ့်ခနဲဝိုက်ကွေ့လိုက်သည်။

အနှစ်ကိုယ်လေး ယိမ်းထိုးကာ ညီ့ရင်ခွင်ထဲ ရောက်သွား၏။

တင်းခနဲဖက်ထားလိုက်သည့် လက်တွေက တုန်ယင်နေ၏။ ရင်ခွင်သည် နွေးမနေဘဲ အေးနေခဲ့၏။ သူက ရင်ခွင်ထဲမှာ အနှစ်ကိုဖက်ထားပြီး အားပေးတာလား...

ဒါမှမဟုတ် တောင်းပန်တာလား၊ အေးစက်နေသည့်ရင်ခွင်လွင်ပြင်ဟာ ဘာမှန်းမသိပါ။

နွေးစေချင်ရင်တော့ မီးပုံလေးတစ်ပုံ လိုမည်ထင်သည်။

ဧဧဧ ဧဧဧ ဧဧဧ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"နေပါဦး မခက်ရဲ့၊ တကယ်ခိုးပြေးကြတယ်ဆိုရင်တောင်မှ ဒီစကားတွေကို ကျွန်မက ပြောရမှာလား၊ မခက် ပြောရမှာလား၊ နေရာမှားနေပြီထင်တယ်"

"ဩော် ..."

"ကျွန်မက မိန်းကလေးရှင်"

"အမယ်လေး လေး၊ မိဘတိုင်း သမီးမိန်းကလေးကိုပဲ ပိုချစ်နေကြသလား၊ သမီးရှင်ကသာ ပူပန်ခွင့်ရှိနေသလား၊ ဖြစ်ရလေ မပိုရယ်၊ ဟောဒီ မမခက်ဆိုတဲ့မိန်းမ ဒီသားထွေးလေးကို ဘယ်လိုမွေးခဲ့ရသလဲဆိုတာ တစိုးတစိလေးတောင် မကြားဖူးခဲ့ဘူးလားဟင်"

ဒေါ်မမခက် ရင်ဘတ်ကိုအသံမြည်နေအောင် ဖုတ်လို့မပြီးနိုင်။ ကားနှစ်စီးနှင့် ဝေါခနဲ ဝေါခနဲ ရောက်ချလာသည်။ ရှေ့ကား နောက်ကား နှစ်စီးစလုံးမှ ဆင်းလာကြသူတွေ နည်းတာမဟုတ်ပေ။ ထိုထဲမှာ ဒေါ်မမခက်နှင့် နေခြည်ရင့်က ပခုံးချင်းယှဉ်လျက် တံခါးအတက်မှာပဲ ခြေစုံရပ်လိုက်တော့ နောက်ကလူတွေက နောက်တစ်ထစ်အနိမ့်မှာ ရပ်တန့်ကုန်ကြသည်။





ကိုယ့်သမီး ပြန်မလာ၍ ဖုန်းနားမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် ဒေါ်ပိုပိုကတော့ အပြင်မှာထွက်ရှာနေသော ခင်ပွန်းဖြစ်သူ ဦးသာလွန်ထံမှ ဆက်သွယ်ချက်ကိုပဲ မျှော်နေတာဖြစ်သည်။

ဒေါ်မမခက်တို့ ရောက်လာတာကိုတောင် ဘာလာလုပ်ကြမှန်းမသိ။ အချိန်က ညကိုးနာရီကျော်နေပြီဖြစ်သည်။

"ညနေငါးနာရီကျော်ကျော်ပဲရှိသေးတာ၊ ဒီလောက်နီးနီးလေးကို ကျွန်မတို့က လူမှားစရာလား၊ အနှစ်ဆိုတာ ရှင့်သမီး အလင်းနှစ်ဆိုတာ ခုန်း ခုမှသိတာ၊ အသက်ထွက်သွားမလောက်ကို အံ့ဩတာယ်၊ ရင်ဘတ်ထုပြီး အော်ငိုချင်တယ်၊ ဒီလောက်ကြိုက်စရာရှားလို့ ဒီမိသားစုထဲမှာပဲ ပတ်ငြိနေတာ အံ့ရော"

ညကြီးမင်းကြီးမှာ တံခါးဝကနေရပ်၍ ဒေါ်မမခက်.အော်သည်။

"မြင်လိုက်တာကိုပဲ မထင်လို့ လာကြည့်တာ၊ အခု ရှင့်သမီးလဲ မရှိဘူးမဟုတ်လား၊ ဟွန်း.. ဒီလောက် သိမ်းထုတ်ဖျောက်ဖျက်ထားတဲ့ကလေးကို ဘယ်လိုပညာတွေနဲ့များ ဆွဲထုတ်သွားတာလဲမသိဘူး"

ဟု မြင်မြင်ချင်းပဲ စပြောသွားလိုက်တာ ဘယ်လိုမှ မယုံနိုင်အောင် အံ့ဩနေဆဲရှိသည့် ဒေါ်ပိုပို ဘာမှ ချက်ချင်း မတုံ့ပြန်နိုင်။ ရှက်သည့်စိတ်တွေ တရိပ်ရိပ်တက်လာတော့ ဒေါသက ထိန်းမရအောင် ဖြစ်လာ၏။

"စကားကို သားသမီးချင်းစာနာပြီး ပြော မခက်၊ ရှင့်မှာ သားတွေချည်းပဲမွေးထားတာမဟုတ်ဘူး"

ထိုစကားကျတော့ ရင့်က ဆတ်ခနဲ ရှေ့တိုးရပ်ကာ ...

"သမီးချင်းစာနာဖို့ပြောတာကဲ ရိုးရိုးပဲပြောပါ၊ စာနာတယ်ဆိုတာ ကိုယ်တိုင် ကြုံဖူး၊ ခံစားဖူးမှဖြစ်တာ၊ မာမီ မစာနာတတ်ဘူးဆိုတာ မွေးကြည့်ရင် သိသာပါတယ်၊ သူ့သမီးက ယောကျ်ားတစ်ယောက်ကို ဒိုလိုမျိုး ခိုးသလို ကြံသလို ဆွဲထုတ်ယူခဲ့တာမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နေခြည်ရင့် မင်း ..."

"ဟွန့် ..."

ဒေါ်မမခက်က သမီးဖြစ်သူကို လက်ဆွဲ၍ သူမနောက်ကို ပို့ပစ်လိုက်သည်။

"ဒါ စော်ကားတာမဟုတ်ဘူးလေ၊ မပိုသမီး ဒီလိုလုပ်သွားတာပဲ မဟုတ်လား"

"ကျွန်မသမီး ရှင့်သားနဲ့ ဆိုတာ သေချာနေရင် အဲဒီသမီးမျိုးကို ဒီဘဝ မဟုတ်ဘူး နောက်ဘဝအထိ သေခန်းဖြတ်မယ်"

ဒေါ်မမခက်က အထင်မြင်သေးစွာ စိုက်ကြည့်ပြီး မဲ့ပစ်လိုက်၏။

"မဟုတ်ရင်တော့ ဒီတစ်ခါ ခမည်းခမက် ဆိုတဲ့မျက်နှာကိုလဲ ကျွန်မ ထောက်မှာမဟုတ်ဘူး"

"ဘယ်လို... ဒီတစ်ခါ ဟုတ်လား၊ ဒီတစ်ခါဆိုတော့ ဟိုတစ်ခါ ထောက်ထားခဲ့တာတွေများ ရှိနေလို့လား"

"သိပ်ရှိတာပေါ့"

ဒေါ်ပိုပို မျက်ရည်တွေဝေ့နေ၏။ ကြေကွဲဝမ်းနည်းနေတာမဟုတ်ပါ ရှက်လွန်း၍ဖြစ်သည်။ မျက်ဝန်းက ရှင့်ကို စူးစူးရဲရဲ ကြည့်နေပြီးမှ ...

"ရှိပါစေတော့၊ ဘာမှ ပြန်နှိုက်ယူလို့ရတော့တာမှမဟုတ်တာ၊ အခုကိစ္စ ကို..."

"ကျွန်မတို့ လုံးဝ သဘောမတူဘူး"

ဒေါ်မမခက်က အပြတ်ကြေညာသည်။ နောက်မှရပ်နေသည့်လူတွေ ဘေးမှာ ဝိုင်းလာတော့ ဒေါ်ပိုပိုက တစ်ယောက်တည်း အလယ်မှာ ဖြစ် သွား၏။

"မထူးတော့ဘူးဆိုပြီး ထားတော့ အတော်ရှည်လေ အရေးများလေ ဖြစ်မှာပေါ့ မပို။ အခု ကျွန်မကလဲ ရှင့်သဘောကိုသိချင်လို့ လာခဲ့တာပဲ





ဘယ့်နှယ်လဲ၊ မနက်ဖြန် ကလေးတွေကို တွေ့အောင်မြေလှန်ရှာမယ်၊ ကိုယ့်ကလေးကို ပြန်သိမ်းကြမလား"

"ဘာ ..."

ဒေါ်ပိုပို တစ်ကိုယ်လုံး တုန်ခါသွားသလိုပင်၊ ဒေါ်မမခက်က ဒေါ်ပိုပို ကတုန်ကယင်ဖြစ်သွားတာကို မမိတ်မသုန် စိုက်ကြည့်၍ ရှေ့သို့ ရဲရဲရင့်ရင့် ဆပ်တိုးလိုက်သည်။

"ရှင်ပဲ နောက်ဘဝအထိ သေခန်းဖြတ်မယ်ဆို၊ သဘောမတူဘူးဆိုရင် ခွဲပစ်ရုံပဲမဟုတ်ဘူးလား၊ ကျွန်မကလဲ သဘောမတူဘူး။ ဒါပေမယ့် ရှင်က ကိုယ့်သမီးကို တောင်းဆိုးပလုံးဆိုး ပစ်နိုင်တယ်ထားဦး ကျွန်မက ကျွန်မ သားထွေးလေးကို မစင်ပုံဘဝ ရောက်သွားရင်တောင် ယင်ခတ်ပေးဦးမှာ။ ဒါ့ကြောင့်စပ်က သဘောမတူဘူးလို့ ဟစ်နေမယ့်အစား လက်တွေ့ပြပေါ့၊ ဘယ် သိုလဲ"

"ရှင် ... ရှင်တို့ တော်တော်မိုက်ရိုင်းတဲ့လူတွေ ..."

ဒေါ်ပိုပို ဒေါသနှင့် ရင်ဘတ်မဆဲ့နိုင်တော့ပေ။ ရင်ထဲကနေ မျက်လုံး ဆံထိ ဆို့ကျပ်ပြာဝေလာကာ နေရာမှာတင် ပုံခနဲ လဲကျသွားလေသည်။ ခုန်နေဆဲ နှလုံးအိမ်အတွင်းမှာမတော့ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"လုံးဝ သဘောမတူဘူး"

"လုံးဝ မပေးစားနဲ့ မာမီ၊ အနှစ်ဆိုတဲ့ကောင်မ သက်သက်လုပ်ကြံတာ၊ ရင့်တို့မိသားစုထဲကိုဝင်ပြီး မွှေချင်လို့လုပ်တာ၊ ရင့်က သူ့အစ်ကိုကိုနိုင့်ထက်စီးနင်းလုပ်နေတယ်ထင်ပြီး ..."

"ရင့် ..."

ဘယ်လိုမှ နားမခံသာတော့ပေ။ မိုးသား အခန်းထဲကနေ မျက်နှာနီနီကြီးနှင့် လှမ်းထွက်လာ၏။ ညှိခန်းမှာ မိသားစုတွေ တစ်ယောက်မကျန် စုရုံးနေကြသမျှ ပြောနေလိုက်ကြတာ သူ့များကောင်းဖို့မပါ။

"မင်း မဆိုင်တာတွေ ဘာဖြစ်လို့ လျှောက်ဆွဲထည့်နေတာလဲ၊ ညီနဲ့ မောင့်ညီမကိစ္စက မောင်တို့နဲ့ ဘာဆိုင်လို့လဲ"

အားလုံး မျက်လုံးတွေ သူ့ထံရောက်လာသည်။ ဒါပေမယ့် သမီးရဲ့ ပါးစပ်ကို လုံးဝယုံကြည်ထားကြသောအခါ သူတို့ပါးစပ်တွေကို အလုပ်ရှုပ်ခံပြီး ဖွင့်မနေတော့သလိုမျိုး။

"မောင်ကမှမသိတာ၊ မောင့်ညီမနဲ့ ရင့်တို့ ဘယ်နှစ်ခါရင်ဆိုင်ခဲ့ကြပြီး





နှစ်ကြိမ်မြောက် ပဋိပက္ခဖြစ်ခဲ့ရသလဲ၊ အကျိုက်အခဲတွေ မျိုထားတဲ့ ဘားထမ်းပြီး ပြေးဝင်လာတဲ့လူထက် ကြောက်ဖို့ကောင်းတယ် သိရဲ့ ဒီလောက်ဖြစ်လာတာဆိုပြီး အငယ်လေးကို တမင်တကာ နှိုက်ထုတ် တာ၊ ယောက်ျားနဲ့မိန်းမ ဆိုပေမယ့် ဒီက ကလေးက မောင့်ညီမလို အိတ်တစ်လုံးနဲ့ ပညာရှာ ခြေဆန့်နေတာမဟုတ်ဘူး"

"မင်း ..."

"သင်တန်းတွေ ရှာဖွေပြီးတက်နေတာလေ မဟုတ်ဘူးလား၊ အငယ် က မောင့်ညီမ သိနေတာတတ်နေတဲ့ ပညာတွေကို ဘာမှမသိဘူး၊ တစ်ခု တတ်ဘူး"

"ရင့်... မင်း ...."

"အံမာ မင်းက လက်သီးတွေဘာတွေ ဆုပ်လို့လား"

မိုးသား ခြေလှမ်းပြင်ရုံပဲရှိသေးသည်၊ ဒေါ်မမခက်က သူ့ရှေ့ရောက် ၏

"မာမီ နေပါဦး"

လေမိုး ပြေးလာပြီး နှစ်ယောက်၏အလယ်မှာဝင်ကာ မာမီ့ဘက်ကို ၍ ...

"ဒါ မိသားစုတွေပဲ မာမီရာ၊ အေးအေးဆေးဆေးပြောကြပါ"

"မင်း ဖယ်စမ်း သားကြီး"

ဒေါ်မမခက်က လေမိုးကို တွန်းဖယ်၏။ ဖယ်လို့မရတော့ ဒေါသတွေ သွားသည်။

"ဟော့ ဒီမှာ မိုးသားရောင်၊ မင်းက မင်းညီမထိလို့နာတာလား၊ မင်းတို့ နေကုန်နေ့ခန်းလမ်းပေါ်မှာပစ်ချထားတဲ့ သင်ဖြူးတစ်ချပ်လို နေခဲ့ တာမှ တုတ်နဲ့ရိုက်ခါပြီး သိမ်းရမှန်းသိတာ၊ မင်းတို့အတွက်မှာ အလင်း က အဲဒီအဆင့်ပဲရှိတာပါ။ ငါကလေ ငါ့သားလေးကို ပါးစပ်ထဲငုံထားလို့



www.burmeseclassic.com

www.burmeseclassic.com



မရလို့သာ အခန်းထဲ ထည့်ပိတ်ထားရတာ၊ ပိုးမွေးသလိုမွေးခဲ့ရတယ် ခ တာထက် ပိုတယ်၊ သူများမိဘတွေချစ်လိုက်တာဆိုတာထက်ပိုချစ်တယ်

အတွဲ့မျက်ရည်တွေပါ စီးကျလာလျက် ဒေါ်မမခက် အသားဆတ် ဆတ်တုန်အောင်ဖြစ်နေ၏။

"မိဘတိုင်း သားသမီးကို တစ်ပုံစံတည်းချစ်ကြတာမဟုတ်ဘူးကွ အဲဒါ မင်း နားလည်လား။ သားသမီးဆိုတာ ရတနာလို့ မြင်ကြတယ်၊ ကိုယ် အသက်ကြီးတဲ့အခါ ကျောထောက်နောက်ခံ၊ ဆေးပေးမီးယူဆိုတာမျို တွက်တယ်။ သူတို့ဘဝလေးကောင်းစားဖို့ပါပဲလို့ယူဆပြီး ကိုယ့်ဘက်က တတ်နိုင်သမျှ ပေးဆပ်ရင်း တာဝန်ကျေသွားချင်တာမျိုးတွေလဲရှိတယ် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသဘောနဲ့ သူ့အလှည့် ကိုယ့်အလှည့် အသွာ အပြန် ထောက်ပံ့ကူညီမှုတွေပဲလို့ မျှော်လင့်ကြတာတွေရော..."

ဒေါ်မမခက်က မျက်ရည်ကို မလိုလားသည့်ပုံစံနှင့် မျက်နှာမော့ ခါထုတ်ပစ်၏။

"ထပ်ပြီးခွဲခြားပြသွားလို့ရသေးတယ် သိရဲ့လား၊ ဒါပေမယ့် အဲဒီ မျာ ပြားတဲ့မေတ္တာအမျိုးပေါင်းမြောက်မြားစွာထဲမှာ ငါ မပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါက ပေးလဲမပေးနိုင်ဘူး၊ ဘာမှလဲပြန်မလိုချင်ဘူး၊ ကိုယ့်ရဲ့သွေး သားကို တိုက်ကျွေးပြီးမွေးခဲ့တဲ့ရင်သွေး ကိုယ်ကလွဲပြီး ဘယ်သူမှ ကိုင်ခွင် မရှိရဘူး"

ပြောရင်း ငိုသံကြီးဝင်ကာ အက်ရှလိုက်ခါသွားပြန်သည်။ နှစ်ယောက် အလယ်မှာနေခဲ့သည့် လေမိုးမျက်နှာမှာ ချက်ချင်း သဲကြီးမဲကြီးရှာချတော့ မည့် မိုးလိုပင်။

"ငါ့သားနဲ့သမီးကို ငါ့အတ္တနဲ့လွှန်ဆန့်ပြီး သူများတွေက ဆွဲထုတ်သွား ခဲ့ပြီးပြီ၊ ဒီသားထွေးလေးတစ်ယောက်ပဲ ငါ့မှာ ကျန်တယ်၊ မပေးနိုင်ဘူး ဒီသားက ငါ့ဘဝ ငါ့အသက်"





"ဟုတ်ပါတယ် အမေ၊ ခုဖြစ်နေတဲ့ကိစ္စကို အမေတို့ပဲ ဆုံးဖြတ်ကြပါ၊ နော်ကက မိန်းကလေးဘက်က အစ်ကို ဆိုပေမယ့် ဖြစ်သွားခဲ့သမျှမှာ ယ်တတ်နိုင်တာ ဘာမှမရှိတော့တဲ့အတွက် ဘယ်ဘက်က ဘယ်လို တာမျိုးလဲ မဝေဖန်ပါဘူး၊ ဒါပေမယ့် ရင့်အနေနဲ့ ဒီကိစ္စကို ခုလောက်ကြီး ပြောနေတာ ကျွန်တော့်ကို ထိုင်စောင့်ကားနေရာရောက်လို့ပါ၊ ဘာဖြစ် လဲဆိုတော့ အနှစ်က ကျွန်တော့်ညီမ ..."

"သူကလဲ သူ အလွန်ချစ်တဲ့မောင်ပဲလေ၊ မနာဘူးလို့ မပြောစမ်းပါနဲ့ ညီမကို ချိုးဖဲ့ပြောနေတာပဲဆိုပြီး မင်း ရှုးခနဲထဖြစ်လာတာ မဟုတ် လား"

"မာမီ တော်ပါတော့ဗျာ၊ အခု ကလေးတွေကို သွားခေါ်ဖို့ပဲရှိတော့ မဟုတ်လား၊ အဲဒါကိုပဲ ဆွေးနွေးရအောင်ပါ"

လေမိုးက ငြိမ်းချမ်းဖို့ကိုပဲ ဦးတည်ပြော၏။ ဒေါ်မမခက်က လက်မခံ

"သွားခေါ်မှာ၊ ငါ့သားထွေးလေးကိုပဲ ငါခေါ်မှာ၊ သူ့အမေကလဲ ပြော သား၊ သရွှဘာမတူဘူးတဲ့"

"မဟုတ်ဘူးလေ မာမီ၊ မိန်းကလေးဘက်ကတော့ ဒီလိုပဲရှိမှာပေါ့၊ တော်တို့က သားရှင် ..."

"သားရှင်... သားရှင် ဘာဖြစ်လဲ၊ မိန်းကလေးဘက်ကကော သမီး ကလေးတစ်ယောက်ကို ဘယ်လိုထိန်းသိမ်းသင့်သလဲ၊ ဘယ်လိုခြေ ရင် ဘာဖြစ်သွားနိုင်သလဲ၊ ဘာမှ မဆင်ခြင်တော့ဘူးလား၊ ဒီကိစ္စမှာ လိုက်ပြေးကြလောက်တဲ့အထိ ငြိစွန်းကြတယ်ဆိုတာ ငါ လုံးဝကို မခံနိုင်ဘူး၊ ပြောရင် မစာမနာပြောတယ်ဖြစ်ဦးမယ်၊ ဒါ မိန်းကလေး အထိုင်မတတ်လို့ဖြစ်တာ"

"မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ် မကိုင်နဲ့ မတားနဲ့ ငါ့ကို"

ဒေါ်မမခက် ဘီလူးသရဲစီးသလို ဖြစ်နေလေသည်။ သူမသည် ဒေါသကြီးနေသော်လည်း အရှုံးကြီးရှုံးခဲ့ပြီး ရင်ကွဲသေဆုံးရတော့မည် စစ်မြေပြင်က သားရဲတစ်ကောင်နှင့်လည်းတူနေသည်။

မျက်ရည်တွေတွေကျလျက် မိုးသားကိုပဲ စူးစေးကြည့်ကာ ...

"မင်း... မင်း မကျေနပ်ရင် မင်းလဲသွားတော့ ထွက်သွား၊ ငါ့သားလေးကို ငါ့ရင်ခွင်ထဲက ဆွဲထုတ်သွားတဲ့အဖြစ် ငါ ဘယ်တော့မှခွင့်မလွှတ်ဘူး"

စကားတွေက ဆင်ကန်းတောတိုးဖြစ်လာသည်မို့ လေမိုးက မိခင်ဖြစ်သူကို နှစ်သိမ့်ချော့မော့၍ ခေါ်သွားလေသည်။ မိုးသားမျက်နှာကြီးရဲတက်လာလိုက်၊ ညိုပုပ်သွားလိုက်နှင့် တောင့်မတ်စွာ ရပ်နေခြင်းမှ ချာခနဲပြန်လှည့်သွား၏။

ရင့်က မိုးသားနောက်ကို လိုက်မလို့ ခြေလှမ်းပြင်ပြီးမှ ပြန်ရပ်သည်။ ထို့နောက် ဆိုဖာမှာပဲ လေးဖင့်စွာထိုင်ချလိုက်လေသည်။ မောင့်ကို မညှာတာသလိုဖြစ်သွားတာ ရင့် သိသည်။

ဒါပေမယ့် အခုဖြစ်နေတာတွေကို 'ငါ့အိမ်ထောင်ရေးနဲ့မဆိုင်ဘူး'ဆိုတဲ့ အမြင်မျိုးပဲ မောင် ထားသင့်တာမဟုတ်လား။

မာမီနဲ့ရင့်တို့ပြောနေကြတာလည်း မောင့်ညီမဆိုတာကို ခေါင်းစဉ်တပ်ပြောနေတာမဟုတ်။ 'အလင်းနှစ်'ကိုပြောချင်တာ၊ အလင်းနှစ်နဲ့ပဲ ဆိုင်သည်။

ဒီလိုသာ ဟိုကိုပြောတိုင်း ဒီမှာ လာငြိနေရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ကိုယ့်မောင်လေးကို အပိုင်ဆွဲယူသွားပြီဆိုမှတော့ အဲဒီ အလင်းနှစ်ဆိုတာကို ဘယ်လိုမျက်လုံးကြီးနဲ့ကြည့်ပြီး မေတ္တာထားရမလဲ၊ ဒေါသဖြစ်တိုင်း ပြော၊ ပြောမိသမျှ မောင်နဲ့ငြိ။

"တောက်"





ဒေါသဖြစ်ဖြစ်နှင့် တက်ခေါက်ရင်း ထရပ်မိပြန်သည်။ ငါ့မောင်လေးကို ယူသွားတာ တခြားမိန်းမတစ်ယောက်ဖြစ်နေရင်တောင် ဖြေနိုင်သေးတယ်။ သင်း သက်သက်လုပ်တာ။

စဉ်းစားသမျှ ထွက်လာနေသည့်အဖြေက တစ်ခုပဲရှိသည်။ သူတို့ နှစ်ယောက်ကို လုံးဝ ပေါင်းခွင့်မပေးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ညီ...ညီက မသေဆုံးဖြတ်နိုင်ဘူးလား"

အနှစ်လေသံက တည်ငြိမ်နေသလိုထင်ရပေမယ့် မျက်ဝန်းမှာ မျက်ရည်တွေဝေ့နေ၏။ ညီက ရှေ့မှာရပ်နေကြသူတွေကို ထိတ်လန့်စိုးရွံ့စွာ ကြည့်သည်။ ဒီဘက်ပြန်လှည့်တော့ ချစ်သူမျက်ဝန်းမှာ မျက်ရည်တွေနှင့်

"အနှစ်... ညီ"

"ဒီဘက်ကို ပြန်လှည့်ပါဦး သားတွေးရယ်၊ မာမီ့မေတ္တာအကြင်နာတွေကို မာမီ့သားလေး မသိတော့ဘူးလား၊ ဥပေက္ခာထားလိုက်ပြီလား၊ သားလေးကို မာမီ ချစ်ခဲ့ ယုယခဲ့တာတွေ ..."

ချစ်သူက မျက်ရည်ကို အံခဲ၍ထိန်းချုပ်ထားခဲ့ပြီး မိခင်ကတော့ မျက်ရည်မြစ်ထဲမှာ လက်ပစ်ကူးတော့မလိုပင်။ ညီ့ရင်ထဲမှာ ပူနွေးလောင်နေ၏။ မာမီ့ကို သူ သနားသည်။ မျက်နှာချင်းဆိုင်ကြဖို့ ဖြစ်လာခဲ့လျှင် သူ ဒီလိုတွေဝေရတော့မှာကိုသိ၍ ပြေးနိုင်သမျှ ပြေးနိုင်ခဲ့တာတောင် မလွတ်





"သားဖတ္တွေးရယ်၊ မင်း... မင်း မာမီ့ရင်ခွင်ထဲမှာပဲ နေသင့်တာ၊ မင်း ...ယ်ကိုမှထွက်သွားလို့မရပါဘူး သားရယ်၊ ထွက်သွားနိုင်တယ်ဆိုပြီး ...ဘယ်သွားပြခဲ့ရင်လဲ မာမီ ရင်ကွဲနာကျပြီး သေရမှာပဲ"

"အနှစ်ကတော့ ရင်ကွဲနာကျသွားရလောက်အောင် ဖြစ်မှာမဟုတ်... ပါပေမယ့် ..."

အနှစ့်ပါးတစ်ဖက်မှာ မျက်ရည်မြစ်တစ်စင်း ဖြောင့်တန်းစွာ စီးလေ...ည်။

"အနှစ်"

ညီ့ရင်ထဲမှာ စူးရှပူလောင်သွား၏။ မာမီ ချောင်းစီးအောင်ငိုကြွေးနေ...သည့်မျက်ရည်များနှင့် ချစ်သူ၏မျက်ရည်တစ်စက်က အဘယ်ကြောင့်...င်အားချင်းကွာခြားနေခဲ့တာလဲ။

"အနှစ် ညီ့ကြောင့် ..."

"ဘယ်သူ့ကြောင့်ဖြစ်ဖြစ် အနှစ်က ညီ့ရဲ့အသိုင်းအဝိုင်းထဲမှာ ချော်...င်းထဲပြုတ်ကျတဲ့ဖားတစ်ကောင်လိုဖြစ်သွားပါပြီ၊ အခု သူတို့က ညီ့ကို ...ခေါ်သွားကြမယ်တဲ့၊ ညီ ဘယ်လိုဆုံးဖြတ်မှာလဲ"

"ညီ့ကို ညည်း မေးဖို့မလိုပါဘူး"

ရင့်က ရှေ့ကိုတိုးထွက်လာသည်။ ညီက အနှစ်လက်ကိုဆွဲ၍ နောက်...တ်၏။ ထွက်ပြေးတော့မလိုဖြစ်သွားသည့် ခြေလှမ်းပြင်မှုကြောင့် ဒေါသ... ရင့်ခြေလှမ်းကလည်း တုံ့ခနဲရပ်သွားလေသည်။

"ဒီမှာ အလင်းနှစ်၊ နင့်အမေကိုယ်တိုင်က သဘောမတူပါဘူးလို့ ...ကြည့်ပြီး လိုက်ရှာနေတာ၊ ယောက်ျားလေးရှင်ကလဲ သဘောမတူနိုင်...ဘူးဆိုတာ အခု သိပြီ၊ နင် ဆုံးဖြတ်ဖို့ပဲရှိတော့တယ်"

"ငါ့သားလေးက ငါ့ရဲ့အသည်းနှလုံးလေးမှန်းသိလို့ ညည်း ...မင်...တာ ဒီလိုလုပ်တာဆိုရင်လဲ အခု ခြေသလုံးဖက်ပြီး တောင်းပန်ပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားနဲ့ ချိန်စက်ပြီး ညည်းကြိုက်တာကိုတောင်းပါ၊ ငါ ပေးမယ်"

"ရတနာရွှေငွေနဲ့ လဲယူရအောင် အနှစ်က ညီကို ပြန်ပေးဆွဲထား

မှမဟုတ်တာ အန်တီ၊ ရေပြင်ညီဆိုတဲ့ယောက်ျားဟာ ဒေါ်မမခက်ရဲ

နှစ်သည်းချာမှန်းသိရင် အစကတည်းကခေါ် ပြောခဲ့မှာတောင်မဟုတ်

မယုံဘူးဆိုသည့်အကြည့်နှင့် ရင့်က နှုတ်ခမ်းမဲ့၏။ သတင်းအနံ့

သူ ကောင်းလို့ ခိုးသွားကြပြီး နှစ်ရက်အကြာမှာပဲ ရှာတွေ့ခဲ့သည်။ ညီ

ကလည်း လက်မှတ်ထိုးကြဖို့ တိုက်ခန်းထဲကနေ ထွက်လာကြတာ

ပက်ပင်းကြီးဆုံမိတာဖြစ်၏။

ဒီကိစ္စမှာ ဘယ်သူလဲဆိုတာ မေးစရာတောင်မလိုပေ။ အခု ဒီတ

ခန်းပိုင်ရှင်က ဒေါ်ယမင်းသူ ဖြစ်သည်။ ဒေါ်ယမင်းသူ၏သမီး မေ

က အနှစ်ရဲ့သူငယ်ချင်း၊ ဟွန့် ...

အလွန်အမင်းရွံရှာသည့်အကြည့်နှင့် ထပ်၍မဲ့လိုက်တော့ အနှ

လည်း မျက်ခုံးလေးနှစ်ဖက် စုကုတ်၍ပြန်ကြည့်၏။

"မယုံတာ မတတ်နိုင်ဘူး၊ ဒါပေမယ့် ထပ်ပြောချင်တယ်၊ ညီကို

ခြည်ရင့်ရဲ့မောင်ဆိုတာ မသိလို့ ပတ်သက်ခဲ့မိတာ၊ အခုလဲ မထင်မှတ

ဖြစ်ကုန်တာ၊ ဒါတွေဒီလိုရှိခဲ့ပေမယ့် အခု အနှစ် နောက်မဆုတ်နိုင်

"ဟင် ..."

အနှစ်၏ မျက်ဝန်းလေးတွေက ရေခဲပြင်ပေါ်ကို နေရောင်ထိုးက

သလို တလက်လက်ဖြစ်နေ၏။

"အဲဒါ မိန်းကလေးတစ်ယောက် ခြေလှမ်းမှားသွားတဲ့အတွက် 

ဆပ်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"အို... မဆုံးဖြတ်ပါနဲ့၊ ညည်းဆုံးဖြတ်တာ ငါ့သားလေးကို ရယူ

"ညီက လိုချင်ခဲ့တာပါ မာမီ"

ညီစကားသံက အဖျားခတ်တုန်ယင်နေသော်လည်း ပြည့်စုံပါသ





ဘယ်ကိုမှမကြည့်ဘဲ မျက်လွှာချထားလျက်နှင့် အနှစ်လက်ကလေးကို ဖိဆုပ်ထားတာ မလွှတ်။

"အနှစ်ကို ဘာမှထပ်မပြောပါနဲ့၊ ဒီကိစ္စတွေဖြစ်လာတာ ညီ့ကြောင့်ပါ၊ မာမီတို့ ကားနဲ့လိုက်လာတာမြင်လို့ အနှစ်ကို ဖွတ်ဆွဲပြေးခဲ့တာ ညီပါ"

"မဟုတ်တာမပြောစမ်းပါနဲ့ သားရယ်၊ မာမီ့သားလေးမှာ ဒီလိုညာဏ်တွေ ဝင်မလာနိုင်ဘူး၊ အဲဒါ မာမီ သိတယ်၊ ဒီတိုက်ခန်းကိုခေါ် လာတဲ့အထိ သူပဲ ဦးဆောင်တာ"

အနှစ် ဆတ်ခနဲဖြစ်သွားသည်။ မဟုတ်ပါဘူး ငြင်းတာကျတော့ ဘာမှ လက်မခံ။ ရှိပါစေတော့ဆိုပြီး ဘာပြောပြော မျက်လုံးစုံမှိတ် နားထောင်နေလိုက်တော့လည်း သူ့သားနှင့် သဘောမတူပါဘူးတဲ့။

ဒေါသမဖြစ်နဲ့ အနှစ်၊ မျက်လုံးတွေမှိတ်ထား၊ နှုတ်ခမ်းတွေထပ်ပိတ်လိုက်ပြီး ဒေါသတွေကို ပြန်မျိုချပစ်စမ်း၊ မျိုချ။

ဒီလိုတွေဖြစ်ကုန်အောင် တိုက်ဆိုင်မှုတွေဖြစ်ခဲ့ရတာကိုက ညည်းကံကြမ္မာပဲ။ ညီနဲ့သူမ နောက်ကလူ မျက်ခြည်မပြတ်မချင်း လှျောက်ပတ်ပြေးနေခဲ့သည်။ ကားဘီးတွေရပ်သွားတဲ့အချိန်ဟာ ည ၁ နာရီ။

အနှစ် ဒီအခြေအနေမှာပဲ စိတ်ပျက်လက်လျှော့၍နေလိုက်ဖို့ ဆုံးဖြတ်မိလိုက်ချိန်မှာ ဘယ်သွားရမည်မှန်း နှစ်ယောက်စလုံး မသိကြပေ။ ဒါကြောင့် ...

အနီးစပ်ဆုံး ဆက်သွယ်လို့ရနိုင်မည့် မိတ်ဆွေသူငယ်ချင်း တစ်ယောက်ယောက်ကို စဉ်းစားရသည်။ ဒါလည်း အနှစ်ကပဲ မေသူစိုးမျက်နှာလေး ပေါ် လာခဲ့၏။ ဒီနေ့ လက်ထပ်ကြဖို့ ဝိုင်းစီစဉ်ပေးတဲ့အထဲမှာလည်း မိစံက ခေါင်းဆောင်မှာဖြစ်သည်။

ပြောတာ နည်းသေးတယ် အနှစ်၊ ညည်း ခံလိုက်တော့၊ မစဲပေမယ့် ဆုံးအောင်ဆက်လျှောက်ဖို့ ညည်းကိုယ်တိုင် ဆုံးဖြတ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နင့်နေသည်။ မျက်ရည်သည် မျက်ဝန်းထဲမှာပဲ ငွေ့ရည်ဖွဲ့လျက်ရှိပြီး ပြိုဆင်းမလာခဲ့။

"ဒီမှာ အလင်းနှစ်.. ညည်းကို ငါက လူပုံလေးကိုကြည့်ပြီး ဖြတ်သားရဲရင့်မယ်လို့ထင်ခဲ့တာ၊ မာနတော့်တော်ကြီးမှာပဲလို့ထင်ခဲ့တယ်၊ မင်း ဘယ်လိုလဲ၊ ခုချိန်မှာ မင်းရဲ့ သိက္ခာ မာနအတွက် ဆုံးဖြတ်ချက်တစ်ခုပဲရှိတယ်လေ၊ ငါ့သားလေးကို ပြန်ငဲ့ကြည့်မနေပါနဲ့"

ဒေါ်မမခက်က မြောက်ပင့်သလိုပြော၍ အနှစ် ထွက်သွားဖို့ကိုပဲ ဦးတည်ကြိုးစား၏။ အနှစ်က ဘယ်စကားကိုမှ ဂရုမစိုက်တော့ဘဲ ညီကို ကြည့်၍ ကိုင်ထားသည့်လက်ကို အသာလေးရုန်း၏။ ညီက ပို၍ဖိဆုပ်ထားသည်။

မျက်လုံးချင်းဆုံမိတော့ ညီက ခေါင်းခါပြ၍ ...

"ညီကို ခွဲမသွားပါနဲ့၊ အနှစ်ကို ညီ မခွဲနိုင်ဘူး"

အနှစ်နှုတ်ခမ်းလေးတွေက အသနားခံနေကြသည်။ မာနရောင်လက်နေပေမယ့် မျက်ဝန်းတွေမှာ မျက်ရည်ငွေ့က ပြိုးပြက်လက်ရင်း တစ်စုံတစ်ရာကို စိန်ခေါ် နေသလိုရှိ၏။

ဒီအချိန်မှာ ဒေါ်မမခက်ပြောသလို မာနတွေကြီးပြီး ညီ့လက်ကို ဖြုတ်ချထွက်သွားလို့မဖြစ်ပါ။ မိန်းမတစ်ယောက်၏မာနဆိုတာ ကိုယ့်ဘဝပျက်အောင် အရောင်တင်ဖို့မဟုတ်ဘူးဆိုတာ ...

"သားထွေး ဘာမှမပြောနဲ့၊ ဒါက သားနဲ့မဆိုင်ဘူး"

"ဟုတ်တယ်၊ စိတ်ကစားတယ်ဆိုတာ ခဏပါပဲ၊ နောက်တော့လဲ ဒါတွေပြန်တွေးပြီး ရယ်စရာတွေဖြစ်လာလိမ့်မယ်၊ ရည်းစားထားလို့လွမ်းရတာလဲ အလွမ်းဇာတ်ကားတစ်ကား ကြည့်ရသလောက်ပါပဲ"

ရင့်က စာနာခြင်းကင်းသည့်မျက်နှာနှင့် အနှစ်ကိုကြည့်၍ ...

"ဖြစ်ချင်တာက တို့တွေပြောသမျှ နင်က ဘာမှမဟုတ်ဘူး၊ ဖွပ်ဖွဲ့





တာပါဆိုရင် မဟုတ်ကြောင်းတော့ သက်သေပြရမှာပေါ့၊ နင့်ဘက်က သက်ပြထားခဲ့ရင် ရပြီ၊ တို့မောင်လေးက တို့ရဲ့စကားတစ်ခွန်းပဲ"

"အနှစ်ကလဲ သူ့စကားကိုပဲ ကြားချင်တာ"

"ဘာ ..."

"သားထွေး"

အစ်မနဲ့ အမေ၏ခေါ်သံတွေကို ညီ မကြားပေ။ အနှစ်ရဲ့မျက်ဝန်းသားတွေမှာ သူ့နှလုံးသားငြိတွယ်ကာ ဘယ်ကိုမှ ခရီးမဆက်နိုင်ဘဲဖြစ်သွားခဲ့၏။

အနှစ်၏ မျက်နှာစာနှစ်ဖက်နှင့် မျက်ကြည်လွှာတို့ကိုတော့ သူ သတိထားမိခဲ့ပေ။ ဟိုဘက်လှည့်လိုက်တော့ 'အလှည့်ကျရင်မခွဲနဲ့'ဟု ကြိမ်းဝါးနေသည့် ရေခဲမျက်နှာ၊ ညီဘက်မှာ ရောက်လာကာတည်းက 'ချစ်တဲ့စကားလေးတစ်ခွန်းပဲ ကြားသွားပါရစေ'ဟု တောင်းဆိုနေသော သေအံ့မူးမူးပြုကျနေခဲ့သည့် မျက်နှာလေး ...။

အနှစ်၏မျက်နှာကို ဒေါ်မမခက် မမြင်ရပါ။ ဒီဘက်လှည့်နေသည့် ညီ့မျက်နှာကိုပဲ စိုးရိမ်တကြီး ကြည့်နေမိကြသည်။ တိတ်ဆိတ်ခြင်း၏နောက်မှာ စကားပြောသွားသည့် ညီ့ဆုံးဖြတ်ချက်ကို နားလည်သွားသည့်နောက်တွင် ဒေါ်မမခက် အံကြိတ်လိုက်ကာ မျက်ရည်တို့က ပါးပြင်ထက်မှာ အေးခဲကျန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အနှစ် နင် မိုက်လှချေလားဟင်၊ နင်... နင်... ခဲတောက်"

မိုးသား အနှစ်၏ ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ကိုင်ထားရာမှ ... လွှတ်လိုက်သည်။ ပြီးတော့ ချက်ချင်းပြန်ကိုင်ပြန်ကာ ...

"နင် ဒီလောက်တောင်မှ ယောကျ်ားရူးသလား။ ရေပြင်ညီ ... ကောင်ကို ရင့်တို့ ဘယ်လိုသဘောထားနေကြသလဲဆိုတာ နည်း... လေးမှမသိခဲ့ဘူးလား"

"မသိဘူး"

အနှစ်က ဆုံးဖြတ်ပြီးတဲ့အတိုင်းပဲ မျက်နှာပြောင်တိုက်ရဲ... လေ့ကျင့်ထားခဲ့ပြီးဖြစ်၏။ တကယ်မသိခဲ့တာတွေ၊ မရည်ရွယ်ဘဲဖြ... အကြောင်းတွေ အားလုံးကို မနေ့က အတိတ်မှာ ထားခဲ့လိုက်သည်...

ဒီနေ့က ဒီနေ့ရည်ရွယ်ချက်များနှင့် 'အလင်းနှစ်'ပဲဖြစ်၏။

"နင့်ကို မေမေကလဲ သေခန်းပြတ်ပဲတဲ့၊ ဒီမှာလဲ အားလုံးက ... စောင်းမြောင်းနေကြတာ၊ နင့်ဘဝ သွားပြီ"





မိုးသားအသံတွေက ညီမဖြစ်သူကြောင့် မာနများနှင့် လှိုင်းထန်နေ...ည်။ ရင့်ကိုချစ်လွန်း၍သူ အရှုံးပေးနေခဲ့ရင်း ဒေါ်မမခက်၏လွှမ်းမိုးမှု...ဒ ဖိစီးနေခဲ့တာကိုလည်း သူ နားလည်သည်။ နားလည်ပေမယ့် သူ ...နိုင်ခဲ့ပေ။

...အနိုင်လိုချင်သူကို အရှုံးပေးထားခဲ့သည်။ အရှုံးပေးနေတာကိုမှ သာ...တဲ့ဓနီးကိုလည်း သူ အချစ်မပျက်ခဲ့တာ အမှန်ပင်။ ဒါပေမယ့် ညီမလေး...တော့ သူ မကြည့်ရက်ပါ။

ဝင့်လည်သည်ဆိုတာမရှိခဲ့သော ဒေါ်မမခက်၏ရာဇဝင်မှာ သားမွေး...တာလည်းမရှိ။ သမီးမွေးခဲ့ရလို့လည်း နစ်နာခဲ့တာမရှိသေးပေ။

အတွေးသဖြင့် မွေးမြူထားခဲ့သော ပိုးကလေးနှင့်တူသည့်ယောကျ်ား...ဲ ဒီမိန်းကလေး ဆွဲထုတ်ယူပစ်လိုက်တာ သွားပြီပေါ့။ ဒါကို အနှစ်က ...ဘ်ကန်းတဖွေမကြောက် မျက်နှာနှင့် ...

"ဒေါ်မမခက်ရာဇဝင်မှာ သားသမီးနဲ့ပတ်သက်ပြီး ကြည်ဖြူခဲ့တာ...မှမရှိဘူးမဟုတ်လား ကိုလတ်၊ ကိုလတ်ကိုကော သူ ကြည်ဖြူခဲ့လို့ ..."

"ဘာ ..."

"လေမိုးထန်ဆိုတဲ့လူရဲ့ မိန်းမ စပယ်ဖြူလေ၊ တကယ်ပါ စပယ်လေး ...ဖြူတဲ့သူ၊ မိဘတွေကလဲ ချမ်းသာတာပဲ၊ မဖြူက ယောကျ်ားကိုချစ်လို့ ...တွေ နိုင်ငံခြားရောက်ကုန်ကြတာတောင် ဒီမှာ တစ်ကောင်ကြွက် ...နေခဲ့တာတဲ့။ ဒီလိုမိန်းမမျိုးကိုကော ဒေါ်မမခက်က ကြည်ဖြူခဲ့သလား၊ ...ကိုယ်တိုင် ထိမ်းမြားပေးထားတဲ့ သမက် ချွေးမကိုတောင် ဒီလိုပဲရှိခဲ့... မကြည်ဖြူတဲ့ အနှစ်ကို ဖြူစွတယ်ဆိုတာ ခွင့်လွှတ်ထားသင့်တဲ့ကိစ္စ..."

"ကြည့်စမ်း အနှစ် ..."

မိုးသား မျက်လုံးတွေပြူးထွက်လာသလား ထင်ရလေသည်။ သူ့ညီမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ဘယ်သူမှမသိလိုက်သော ထောင့်တစ်နေရာကနေ မိသားစုထဲကို ခုန်ပေါက်ဆင်းချလာလိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့ပေ။

ယောကျ်ားလေးတစ်ယောက်ကြောင့် ဒီလောက်မျက်နှာပြောင်တိုက်တတ်နေတာကိုလည်း အံ့ဩသည်။ ဒါမှမဟုတ်လျှင် ရင့်ပြောသလို ညီမလေးရင်ထဲမှာ အပြုံးအတေးတွေ တကယ်ရှိနေခဲ့လို့လား။

အမှိပ္ပာယ်မရှိပါ။ သူ မပေးချင်တာကို မရမက ယူပြလိုက်နိုင်တာနဲ့ အောင်မြင်မှုတစ်ခုရပြီလို့ သတ်မှတ်နိုင်သလား။ ညီကိုရလိုက်တာက ကိုယ် ဘာနဲ့ရင်းလိုက်ရသလဲဆိုတာ ထည့်မတွက်မိဘူးလား။ အနှစ်က မိုးသားရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ကာ..

"ပြန်ပါတော့ ကိုလတ်ရယ်၊ တော်ကြာ သူတို့ပြန်လာရင် မောင်နှမနှစ်ယောက် ပူးပေါင်းကြံနေတယ်ဆိုတဲ့ စွပ်စွဲချက်တစ်ခု ထပ်တိုးသွားဦးမယ်"

"ငါ့ကို နင် ဘာမှ ထည့်ပူစရာမလိုဘူး အနှစ်၊ နင့်ကိုနင်ပဲ စဉ်းစားနင် တကယ် မေမေ့ကို မငဲ့တော့ဘူးလား၊ အခု နင် မပြန်ဘူးဆိုရင် မေမေနင့်ကို တော်တော်စိတ်နာသွားမှာပဲ၊ ဒီမိန်းမကြီး သွားပြီးမိုက်ရိုင်းခဲ့လို့ မေမေ့မှာ အိပ်ရာထဲလဲခဲ့ရတာ"

အနှစ် နှုတ်ခမ်းလေးစေ့သွား၏။ မျက်နှာပြင်မှာ အရေးအကြောင်းရှိသမျှ တွန့်ကွေးရှုံ့တွသွားခဲ့ပြီးမှ ချက်ချင်း ပြေချသည်။ စိုက်ကြည့်နေသည့် မိုးသားကို လှုပ်ရှားမှုကင်းမဲ့သည့်မျက်နှာနှင့် ပြန်ကြည့်၍ ...

"အဲဒါ ကိုလတ်နဲ့ကော မဆိုင်ဘူးလား၊ ကိုယ့်သမက်မျက်နှာ ရှိတာတောင် လုပ်ရက်တယ်လို့ကော ကိုလတ် နည်းနည်းလေးမှ မတွေးမိဘူးလား"

"ဘာလဲ အနှစ်၊ နင်က ငါ့ကိုလှည့်ပြီး သွေးထိုးတာလား"

"သွေးထိုးတဲ့အလုပ်ကို ကိုလတ်ရဲ့ညီမအရင်းခေါက်ခေါက်က လုပ်





ရောလား"

အနှစ်က ပြတ်ပြတ်မေး၍ အံကြိတ်သည်။ မနာဘဲရှိပါ့မလား၊ ဒီရင်ထဲမှာ ...

"ဘယ်ဟာ အရင်းအဖျားဆိုတာ နားလည်အောင်ပဲ ကိုလတ် ကြိုးစားပါဦး၊ အနှစ်က ကိုလတ်ထက် အသက်ငယ်ပေမယ့် အဲဒီလောက်တော့ တုံးအူးထင်တာပဲ"

"အနှစ် ..."

"အနှစ် အလုပ်တွေရှိသေးတယ် ကိုလတ်"

လှည့်ထွက်သွားတော့ မိုးသားက တောက်လျှောက် လိုက်ကြည့်သည်။ မီးပူတိုက်သည့်လျှာထိုးခုံမြင့်ထက်မှာ ယောကျ်ားအကျႌဘောင်းဘီတွေ အထပ်လိုက်ကြီး။

သူ သက်ပြင်းရှိုက်၍ မလှုပ်မယှက်ရပ်နေခဲ့မိသည်။ အနှစ် မာနကြီးတာ သူ သိသည်။

ဒါပေမယ့် အခု မသိတော့ပေ။ ဘာတွေဖြစ်ကုန်ပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဩော် အေးလား ... ဟုတ်တယ်၊ ရုံးမှာလက်မှတ်ထိုးပြီး ခြံထဲမှာ ညည်ခံပွဲလုပ်လိုက်တယ်လေ"

"....."

"အကြီးအကျယ်မလုပ်တော့ဘူးကွယ်၊ ကိုယ့်သားလေးကို သူများလက်ထဲ ထည့်ပေးလိုက်ရတာ ဝမ်းသာအားရဖြစ်စရာမှမဟုတ်တာ"

ဖုန်းပြောရင်းကနေ ဘုရားပန်းတွေချူးပြီးဝင်လာသည့် အနှစ်ကို လှမ်းကြည့်၏။ လေသံကိုလည်း ပို၍မြှင့်တင်လိုက်၍ ...

"အို... သမီးရှင်တွေ သားရှင်တွေ မရှိဘူး၊ သူလဲ သမီးပေးရသလို ကိုယ်ကလဲ သားပေးရတာပဲ၊ ကိုယ် မတျေနပ်ဘဲနဲ့ သူများကျေနပ်အောင် လုပ်မပေးနိုင်ဘူးလေ"

"....."

"ချွေးမဆိုတာ ဘယ်ရာဇဝင်မှာ ကောင်းခဲ့လို့လဲ၊"

"....."

အနှစ် ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ သို့သော် နောက်ခန်းထဲကထွက်





ည့် ညီ့မျက်နှာကိုမြင်လိုက်သဖြင့် မျက်လွှာပြန်ချပြီး ဆက်လျှောက်

ဒေါ်မမခက်က အနှစ်၏ကျောပြင်ထိ စွေစောင်းလိုက်ကြည့်ပြီး ပါးရ ပြောနေသည်။ အကွယ်မှာရှိနေသည့် ညီကို မမြင်ပေ။

"တစ်အိုးတစ်အိမ်ထောင် ခွဲပေးစရာလား အေးရယ်၊ ကိုယ့်သားထွေးကို ဘယ်မိန်းမလက်ထဲကို ထည့်ပေးလိုက်ရမှာလဲ၊ လိုချင်ရင် လိုချင်သူက လာရမှာပေါ့၊ ကိုယ့်သားတွေက သားလိမ္မာလေးတွေပဲဟာ၊ ...န်း သားလိမ္မာဆိုတာ လင်ကောင်းတစ်ယောက်ဖြစ်လာဖို့ မရှိဘူး ...ကား မယုံတဲ့မိန်းကလေးတွေရှိနေသရွေ့ အပြောခက် အဆိုခက် ...မမခက်က လူကြမ်းကြီးဖြစ်နေရဦးမှာ"

ပြော၍ရယ်နေသေးသည်။ အနှစ်နဲ့ညီ မျက်နှာချင်းဆိုင်ရပ်လိုက်မိ ...ညီ့မျက်နှာက စိုးရိမ်စိတ်တွေနှင့် လှုပ်ရှားလျက်ရှိ၏။ အနှစ် ခေါင်း ...လိုက်ပြီး ညီ့ကိုရှောင်ထွက်ခဲ့သည်။

"အနှစ်"

ညီ နောက်ကနေ ပြန်လှည့်လိုက်လာသည်။

"အနှစ် ခဏလေးကွာ"

"ဘာလုပ်မလို့လဲ ညီ"

ညီ ရှေ့ကပိတ်ရပ်လိုက်သဖြင့် အနှစ်က မျက်နှာမမော့ဘဲ အတင်း ...က်ထွက်ဖို့ကြိုးစား၏။ ညီက ပခုံးလေးနှစ်ဖက်ကိုကိုင်ကာ မျက်နှာ ...ကိုင်ကြည့်သည်။

"အနှစ် ညီ့ကိုကြည့်စမ်းပါ"

"ဘာဖြစ်လို့လဲ၊ အနှစ် ဒီလိုပဲ ကွယ်ရာမှာငိုနေရတဲ့မျက်ရည်တွေကို ...ချင်လို့လား"

အနှစ် မျက်နှာလေးမော့လိုက်တော့ မျက်ဝန်းမှ မျက်ရည်ကြောင်း

www.burmeseclassic.com



လေးတွေ ဖြတ်ဆင်းကျသွားတာကို ညီ မြင်လိုက်ရ၏။ ရင်ထဲမှာ လှိုက်
လျက် ညီ ဟင်ခနဲဖြစ်သွားသည်။ အနှစ်က ပြုံးပြသေးသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ညီ၊ ညီမာမီပြောတာ မှန်ပါတယ်၊ အနှစ်
သူ မကြည်ဖြူဘဲ ..."

"အဲဒါ မဟုတ်တာပဲ အနှစ်ရယ်၊ ညီကြောင့် အနှစ် ခုလိုဖြစ်ရတာ
ကျွတ်..."

ပြောပြတော့လည်း ဘယ်လိုပြောပြော မာမီက လက်မခံ။ အ
ကြောင့် ဆိုသည့်စကားကို ရှေ့မှာတင်ကော ကွယ်ရာမှာကော ဘ
မျက်နှာရှေ့မှမရှောင်ဘဲ ပြောသည်။

ဘယ်မိဘကမှ သဘောမတူဘူးဆိုတာကိုလည်း လူသိရှင်ကြ
ကြေညာကာ မင်္ဂလာပွဲကို မည်ရုံလေးပဲ လုပ်ပေးခဲ့သည်။ နောက်
လက်ထပ်စာချုပ်ကိုတောင်မှ ဘယ်သူ့လက်ထဲကိုမှထည့်မပေးဘဲ
က ယူထားခဲ့၏။ ဒါကို ကိုကိုက ပြောပေးရှာပါသည်။ သို့သော် ...

"မင်းက မင်းမိန်းမနဲ့ပတ်သက်ပြီး မကျေလည်ခဲ့တာတွေကို မျိုး
ထားပြီး ညီ မိန်းမယူမှ ပရိယာယ်နဲ့ ရင့်ဖွင့်နေတာလား သားကြီး"

မေးချလိုက်တော့ ကိုကို ခေါင်းငိုက်စိုက်ကျသွားခဲ့၏။

"လက်ထပ်ပေးလိုက်ရတာတောင်မှ ငါ အမျိုးဖျက်မဖြစ်သွား
စိုးလို့၊ လူမှုရေးနယ်ပယ်၊ လူ့စည်းလူ့ဘောင်ရဲ့ အနားသတ်မျဉ်းဆို
သာ ရှိမနေရင် ဒီထက်ရက်စက်ဖို့တွေရှိသေးတယ်။ ငါ့မျက်လုံး၊ ငါ့အသ
မှာ အဲဒီမိန်းကလေးက ချွေးမ မဟုတ်ဘူး၊ သူလဲ ကိုယ် ဘယ်ဘဝရော
နေပြီလဲဆိုတာ သဘောပေါက်ရင် ကြိုက်တဲ့လမ်းက ကြွပဲ"

ဒီစကားတွေလည်း သူ ကြားခဲ့ရပါသေးသည်။

"ငါ့သားလေးက ငါ့ရဲ့ကိုယ်ပွား၊ ငါ့သဘော၊ မင်းတို့ ပါးစပ်တွေပိတ်
ကြ"တဲ့။





အနှစ်ကို သူ သနားနေမိသည်။

'ညီကြောင့်'လို့ ခုချိန်ထိ အနှစ် တစ်ခွန်းမှ မပြောခဲ့သေးပါ။ သူ့ကို
သည်း မပြောသလို ဘယ်သူ့ကိုမှလည်း ပြောသံမကြားပေ။

မာမီ ပြောသလို သူဟာ တကယ်ပဲ လင်ယောကျ်ားကောင်း တစ်
ယောက် ဘယ်တော့မှဖြစ်ခွင့်မရှိဘူးလား။

"အနှစ် မငိုပါနဲ့ကွာ၊ ဒါတွေဟာ ..."

"ညီကြောင့်လို့ ထပ်ပြောမလို့လား ညီ၊ အနှစ်က သည်းခံပါတယ်၊
ခွင့်လွှတ်ပါတယ်လို့ တွက်ပြီး ကိုယ့်အပြစ်လို့ပုံချခဲ့တာပါ၊ အနှစ်ရှေ့မှာ
ညီ ဒီစကားကို နောက်ဆုံးထွက်သက်ထိ ပြောနေရင်လဲ အနှစ်အတွက်
ဘာမှဖြစ်မလာနိုင်တော့ဘူး"

"မဟုတ်ဘူး အနှစ်၊ မာမီ့ကိုလဲ ညီ ရှင်းပြတယ်၊ လုံးဝ လက်မခံတာ"

အနှစ်က မျက်တောင်ရှည်လေးတွေကို ဖျတ်ခနဲပိတ်ချပစ်ပြီး မျက်ဝန်း
ထဲက မျက်ရည်တွေကို ဖယ်ရှားသည်။

"အဲဒါကြောင့် ထားလိုက်ပါ၊ အနှစ်က ညီကို တစ်ဘဝလုံး ပုံအပ်ခဲ့ပြီး
ပြီကိုး။ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာအတွက် နောက်ထပ် တစ်ရက်
ပမရရအောင် အသက်ပါသွားမယ်ဆိုလဲ လည်စင်းပေးရုံပဲ"

"ဟာကွာ"

ညီမျက်နှာတစ်ခုလုံး ရှုံ့မဲ့ညိုမှောင်သွားသည်။ ထို့နောက် မျက်လုံး
တွေက ပန်းတွေကိုကိုင်ထားသည့် အနှစ်လက်ချောင်းကလေးဆီ ရောက်
သွားလျှင် ...

"ဟင်... နှင်းဆီဆူး စူးသွားတာလား"

လက်ညှိုးကလေးကို သူ ဆွဲယူတော့ အနှစ်က လက်ကို ရုပ်ပစ်လိုက်
သည်။ ပန်းတွေက နှစ်ယောက်ကြားထဲမှာ ဖရိုဖရဲပြုတ်ကျသွားနှင့်၏။
လက်ထပ်ခြေထောက်ကို စူးမိမှာစိုးကာ ညီက အနှစ်ခါးလေးကိုဖက်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပါအောင် ဆွဲလှည့်ပစ်လိုက်သည်။

သွေးထွက်နေသည့်လက်မသွယ်သွယ်လေးကို ပါးစပ်ထဲမှာ ထည့်၏။ အနှစ်သူ့ကိုမော့ကြည့်ရင်း မျက်ရည်တွေ နောက်ထပ်ဝေ့လာသည်။

"ညီ ..."

"ဟင်"

ညီက မျက်ခုံးပင့်ထူးပြီးမှ ပါးစပ်ထဲကလက်ကို ထုတ်ကြည့်သည်။ သွေးမထွက်တော့မှ သူ့လက်နဲ့ အသာလေးဖိကိုင်ထားရင်း ...

"ပြောလေ"

"ညီကကော အနှစ်ကို ဘယ်လိုသဘောထားတာလဲဟင်"

"ဟာ ဘယ်လိုမေးလိုက်တာလဲ အနှစ်ရယ်၊ အနှစ်က ညီ့ရဲ့ ပထမဆုံးနဲ့ နောက်ဆုံး ချစ်ခဲ့တဲ့ ချစ်သူ၊ ဇနီး"

အနှစ်က ကြေကွဲရင်းနှင့် ပြုံးရိပ်ဆင်ခဲ့ရကာ ...

"တကယ်ဆိုရင် သိပ်ကောင်းမှာပဲ"

ဟု ပြော၍ မျက်နှာလွှဲသည်။

"ဘာ... ဘယ်လို အနှစ်"

"အမယ်လေး ပန်းတွေ ဘာဖြစ်ကုန်တာလဲ၊ ကြည့်စမ်း ကတ္တီပါနှင်းဆီငုံကြီးတွေ အဲဒါ ..."

ဇေဒါရောင်လဲ့လဲ့လေးနှင့် နှင်းဆီငုံတွေကို လှမ်းမြင်ပြီး ဒေါ်မမခက် ညှော်ခန်းဘက်ကနေ လှမ်းအော်၏။

"ဟဲ့ ပြောနေတာ ကြားလား၊ ပြန်ကောက်လိုက်စမ်း နှ"

အနှစ်နဲ့ညီ လှုချင်းခွာ၍ရပ်လိုက်ကြသည်။ ဒေါ်မမခက်က ခါးနှင့်ဖက်ထောက်လျက်...

"ဘုရားပန်းလဲဖို့ယူလာတာမဟုတ်လား၊ ဒီမှာ ဘာလုပ်နေတာလဲ ဟင်"





"ညီ စကားပြောနေတာပါ မာမီ"

"သားတွေ့ကိုမေးနေတာမဟုတ်ဘူး၊ ဟော့ အဲဒါတွေကောက်ပြီး ရေခင်ခင်သွားဆေး၊ ပြီးရင် ဟိုဘက် အပန်းဖြေခန်းထဲကစားပွဲမှာ သွားစိုက်ထိုးလိုက်။ ဟွန်း ... ငါမလိုက်ချင်ဘူး၊ အချိန်နဲ့အခါနဲ့ ဒူးနေရာဒူး၊ တော်နေရာတော် နေတတ်ရတယ်၊ ယောက်ျားမျက်နှာကိုပဲ လိုက်ချောင်းနေလို့ နေလား"

"မာမီ"

ညီ့နှားထဲမှာ သံရည်ပူတွေဖြစ်ကုန်၏။ မာမီ့ကို လှမ်းတားမိပြီး ဘာမှ ဆည်းမပြောနိုင်၊ ဘယ်တုန်းကမှ ခံပြော၊ ခံဆို မရှိခဲ့ဖူးသည့် မာမီ့မျက်နှာ က သူ့အပေါ်မှာ အမြဲတမ်း ဟန့်တားလွှမ်းမိုးထားခဲ့၏။

ပြောမည်ဟု ကွယ်ရာမှာ ဘယ်လောက်ပဲ ကြံစည်ထားထား မာမီ့ ရှေ့ရောက်လျှင် ပျောက်ကုန်၏။ ပြောဖို့စကားတွေကို သက်ပြင်းတစ်ရှိုက် ကြီးသွင်းယူစုဆောင်းလိုက်ပြီးမှ မာမီက 'သားတွေ့'ဟု တစ်ခွန်းခေါ်လိုက် တာနှင့် အားလုံး ကြက်ပျောက် ငှက်ပျောက် ဖြစ်ကုန်တတ်လေသည်။

သူ ဘာမှပြောဖို့မစဉ်းစားတော့ဘဲ အနှစ်ဘေးမှာ ဝင်ထိုင်လိုက်ပြီး အနှစ်လက်ကလေးကို ဆုပ်ထပ်ရှားမှာစိုးသဖြင့် လက်ချင်းတို့ကိုဖယ်လိုက်၏။

"ညီ ကောက်လိုက်မယ် ဖယ်"

"မကောက်ရဘူး"

လေသံမာမာနှင့်အတူ နှစ်ယောက်၏မျက်နှာရှေ့သို့ ရေညှိစိမ်းရောင် ပါတိတ်ထဘီပျော့အိအိက သွက်သွက်လက်လက် ရောက်လာ၏။

ထို့နောက် သူ့မကိုယ်ကို ငုံ့လိုက်သဖြင့် ရှည်လျားသောဆံပင်ကြီးကျုံး၏ အဖျားက မြင်ကွင်းရှေ့မှာ လွှဲယမ်းရောက်လာပြီး ...

"မင်း ထစမ်း သားတွေ့"

ဒေါ်မမခက် သူ့သား၏လက်ကို ငုံ့ဆွဲ၍ အတင်းဆွဲယူ ထခိုင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ပန်းတွေကျကုန်လို့ အော်ကြီးဟစ်ကျယ်လုပ်ခဲ့သည့် ဒေါ်မခ
ခက် သူ့သားလက်ထဲမှာကိုင်မိပြီးဖြစ်သည့် နှင်းဆီတွေကိုတော့ အဖူး
ထိပ်ကနေ ကြမ်းတမ်းစွာ ဆွဲယူ၍ လွှင့်ပစ်လိုက်သေးသည်။

"လာခဲ့ သားကို မာမီ မေးစရာတွေရှိတယ်၊ ပြောပြဖို့တွေလဲရှိတယ်"

"ခဏ"

"ဘာခဏလဲ"

ဒေါ်မမခက် ဆွဲခေါ်ချသွားသည်။ ညီက ပန်းတစ်ဖက်မှာ မေးဖျာ
ချိတ်တော့မတတ် အနှစ်ကို နောက်ပြန်လှည့်ကြည့်ရင်း ပါသွားခဲ့၏။

"အ ..."

နောက်ထပ် စူးတစ်ချက်က လက်ဖဝါး၏ မို့မောက်နူးညံ့သောနေရာ
မှာ နစ်ဝင်သွားပြန်သည်။ သွေးစိမ့်လာသည့်ဆူးရာကို လက်ဝါးလေးဖြ
ကြည့်ရင်း မြင်ကွင်းက ဝေဝါးလာခဲ့၏။

ရက်စက်ခဲ့ပြင်းသော နာကျင်ပေမယ့် မျိုသိပ်လိုက်ရသော ဆူးအချောင်
ပေါင်းများစွာက နှလုံးသားထဲမှာ မွှေနှောက်လျက် ပျော်ဆင်းလာသော
မျက်ရည် ...





## အခန်း (၂၃)

"မာမီ အနှစ်ကောဟင်"

"မီးဖိုချောင်ထဲမှာပေါ့ သားတွေ့ရဲ့၊ ဘာဖြစ်လို့လဲ"

"မာမီကလဲ ညှိုသည်တွေပဲရောက်နေပြီ အနှစ် ရေမိုးချိုးပါစေတော့"

ဒါကတော့ မပြောလို့မဖြစ်တော့တူးထင်သည်။ မလတ်တို့စုံတွဲလည်း
ရောက်နေပြီ ကိုကိုတို့လင်မယားလည်း ရောက်ပြီဖြစ်၏။ သူ့ကျမှ အိမ်ရှင်
နေပြီး အနှစ်က ဘေးမှာမရှိ။

"အိမ်ရှင်ပဲ သားရယ်၊ ဒီအိမ်မှာ မာမီပြီးရင် သူပဲ မိန်းမရှိတာ၊ မာမီက
ထားတာမဟုတ်ဘူး စိတ်ချလို့လွှဲထားတာ၊ လာပါ အပြင်မှာ နိုင်နိုင်တို့
အစ်မတွေလဲ ရောက်နေကြပြီ"

ပြန်ပါသွားပြီဆိုတာကို အနှစ် သိလိုက်သည်။ ကိုယ့်အလုပ်ကို ပြီးဖို့ပဲ
ရုံးကိုက်ဖို့ ကြိုးစားသော်လည်း ဝေးကွာသွားသည့်ခြေသံတွေနောက်မှာ
အနှစ်၏စိတ်တွေ ပါသွားခဲ့၏။

ရည်ရွယ်တာတွေအားလုံး ဖြစ်စေနိုင်ဖို့အတွက် မာနနဲ့သိက္ခာကို
လိုခင်းထားလိုက်ဖို့ ဆုံးဖြတ်ထားခဲ့တာလည်း တကယ်တမ်းလက်တွေ့
တော့ မလွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးသည့် မွေးနေ့ဆိုတာက အနှစ် ...
ရောက်လာမှပဲ မွေးနေ့ မွေးရက်တွေ တိုက်ဆိုင်နေသတဲ့လား။

"မွေးနေ့လုပ်မယ်ကြံတိုင်း ကဲ့ရဲ့တဲ့ပုဂ္ဂိုလ်လေးက အားနာရမှ ...
တာမဟုတ်ဘူး၊ အဲဒါနဲ့ မလုပ်ဖြစ်ခဲ့တာ ကြာပြီလေ။ ခုလဲ ခြံထဲမှာ ...
ကျင်းပြီး တခမ်းတနားမလုပ်တော့ပါဘူး၊ မနက်အရုဏ်ဆွမ်းက ...
မိသားစုနဲ့ မိတ်ဆွေနည်းနည်းပါးပါး ညနေခံမှာပဲ အကျွေးအမွေးလေး ...
မယ်"

ဒေါ်မမခက်က စီစဉ်သည်။ မွေးနေ့လုပ်ရင် ကဲ့ရဲ့တဲ့ပုဂ္ဂိုလ်ဆို ...
လည်း ဒေါက်တာချစ်မိုးကိုပြောတာမှန်း အနှစ် ရုတ်တရက် မတွေးမိခဲ့ ...

ဘာကြောင့်ပဲဖြစ်ဖြစ် အုန်းနို့ခေါက်ဆွဲကျွေးမယ်ဟု စီမံခဲ့သည့်နေ ...
မှာ ဦးဆောင်ချက်ပြုတ်ဖို့တာဝန်ကျခဲ့တာ အနှစ်ပဲဖြစ်၏။

"ပွဲသုံးဆယ်လောက်ပဲဟာ၊ အနှစ်က ဦးဆောင်ချက်ပေါ့၊ လိုအပ် ...
မိသဲကိုခိုင်း"တဲ့။ ကြည့်လိုက်တော့ မိသဲက မီးဖိုခန်းထဲ ဝင်လာရသည် ...
ပေ။ 'ဆိုဖာတွေလဲစမ်း' 'ခန်းဆီးတွေပြောင်းတပ်' 'ပန်းအိုးတွေနေရာ ...
ရမယ်' 'သိမ်ကြီးဈေးကိုသွားစမ်း ငါးဝယ်ပြီးမှ မေ့ကျန်ခဲ့လို့'စသဖြင့် တ ...
ခိုင်းလိုက်တာလည်း မိသဲ ချာလည်ပတ်ရမ်းနေတော့သည်။ ထို့ပြင် ...

"အုန်းနို့ခေါက်ဆွဲ မစားတဲ့လူကို မြီးရှည်လေးသုပ်ကျွေးမယ်၊ စုံအော ...
ပြင်ထားဦး"လို့မှာထားခဲ့သေးသည်။ အနှစ် လုပ်တတ်ရဲ့လားလို့ မမေးခဲ့ ...

စိတ်မချလို့ ပါးစပ်တပြင်ပြင်ဖြစ်နေသည့် ညီကိုလည်း အနှစ်နာ ...
ကပ်ချိန်မရလောက်အောင် ဟိုခေါ် ဒီခေါ်၊ ညည်းသည်လာတိုင်းခေါ် ...
နှင့် လင်မယား ညအိပ်ချိန်မှာတောင် တစ်ယောက်အိပ်ရာဝင်ချိန် ...
ယောက်က မရှိ။

"အလင်းနှစ်"

"ဟင်"





ကိုယ့်အတွေးနဲ့ကိုယ် အလုပ်ကိုပဲ ငုံ့လုပ်နေဆဲမှာ စပယ်ဖြူ ဝင်လာ၏။ ဆံပင်ရှည်တွေက ခါးလောက်ရှိသည်။ ဖြူဖြူ အရပ်မြင့်မြင့်လေးမို့ လှပေမယ့် ပိန်သည့်ဘက်ကို ပိုများနေသဖြင့် ပြည့်ပြည့်တင်းတင်းလှတာမျိုးမဟုတ်။

သူမကို နှစ်ခါပဲ မြင်ဖူးခဲ့သည်။ ပြုံးပြဖူးပေမယ့် မခေါ်မပြောဖြစ်ခဲ့ပါ။ ဒါပေမယ့် ဝင်လာတာနဲ့ပဲ စပယ်ဖြူက အနှစ်ကို ရင်းနှီးစွာပြုံးပြသည်။ မီးဖိုခန်းထဲမှာ ပြင်ဆင်ထားသည့်ကြက်သားအိုးတွေ၊ ကြက်သွန်လှီးပြီး ဆေးကြောထားတာတွေ၊ အတိုအထွာစီရီတင်ထားသမျှကို စုံအောင်လှမ်းဝေ့ကြည့်ကာ ...

"တစ်ယောက်တည်းလုပ်နေရတာလား အနှစ်"

"ရှင် ဟုတ်ကဲ့"

စပယ်ဖြူက အနှစ်ဘေးထိဝင်လာပြီး ဆေးပြီးသားပန်းကန်တွေကို ရေစစ်တာကို ဝင်ကူလုပ်၏။

"ဩော်... ရပါတယ် မမဖြူရဲ့၊ သွားပါ ပြီးနေပါပြီ"

"မသွားချင်လို့ပါ အနှစ်ရယ်၊ ညီမနဲ့ တို့ သိပ်မကွာပါဘူး"

"ဟင် ..."

အနှစ် ဖျတ်ခနဲလှည့်ကြည့်တော့ စပယ်ဖြူက ပြုံးချင်တာမဟုတ်ဘဲ မဲ့သလိုလေးပြုံးပြ၏။ နီညိုရောင် ဂျင်းအပွင့်လေးကို ဝတ်ထားသော စပယ်ဖြူ့ မျက်နှာဖြူဖပ်ဖပ်လေးမှာ ကြေကွဲရိပ်တွေက သိသာစွာ စွန်းထင်းနေလျက်...

"အစကတော့ ဒီလိုနေရာမှာ တို့လေ၊ အခုတော့ ညီမလေးပေါ့၊ နောက်ထပ် ချွေးမ ထပ်ရဖို့မရှိတော့ဘူးဆိုတော့၊ အဲ... ဒီသားတွေထဲက တစ်ယောက်ယောက်က သစ္စာမမဲ့ဘူးဆိုရင်ပေါ့၊ နောက်ထပ် လက်ထပ်ခွင့်တွေ ဘယ်သူပေါ် ကျမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမဖြူက အိမ်ထောင်ရေးအဆင်မပြေတာကို မျိုသိပ်ခံစားနေရတာလားဟင်၊ အနှစ်က မမဖြူနဲ့ ဒီမိသားစု နေသားကျနေပြီလို့ထင်တာ"

အနှစ်က ဖွန်းတွေကို ဖန်ခွက်ထဲမှာ စုထည့်လိုက်ရင်း ဖြူနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ဖြူက တဝါးဝါးရယ်သံတွေကို နားစွင့်နေရင်းမှ မျက်နှာလေး မော့၏။

"နေသားကျတယ်ဆိုတာ သက်ရှိသက်မဲ့ပေါင်းစပ်ခြင်းအကြောင်းတစ်ခုခုပဲဖြစ်လို့ရမှာပေါ့ကွာ။ အခုဟာက ခံစားတတ်တဲ့လူတွေ၊ သူက ထုနက်ခွင့်ရနေတဲ့သူ၊ တို့က ထုနက်သမျှကို ခံနေရတာ၊ ဘယ်နေရာကို အသားကျနိုင်မှာလဲ။ ငါ့ဖယ်တောင်မှ ထုလေမာလေဖြစ်သေးတယ်ဆိုရင် ဒီရင်ဘတ်ထဲမှာ ဒီလောက်များတဲ့ဒဏ်ရာတွေကို ဘယ်မှာသွားလွှင့်ပစ်လို့ရမှာလဲ"

ဖြူက ပြောနေရင်း မုန့်ခြောက်ကြော်တူးကို သေချာပြန်ပိတ်သည်။ နောက်ထပ်လုပ်စရာမရှိတော့ စိတ်ထားပြီးသည့် ရှောက်သီးစိတ်လေးတွေကို ပန်းကန်ထဲမှာ လှပအောင် ပုံဖော်ချနေ၏။

စိတ်သည် ရှောက်သီးစိတ်တွေကို သေသပ်လှပစေချင်တာမဟုတ်ဘဲ အိမ်ရှေ့က ရယ်သံတွေမှာဖြစ်လျက် ...

"သူတို့ကတော့ ပျော်နေကြတာပဲ ညီမရဲ့ မကြားဘူးလား၊ မိသားစုစုံစုံညီညီ လာရမယ်လို့ပြောပြီး လူစုံစေချင်တာမှမဟုတ်ဘဲ ချွေးမတွေ စိတ်ဆင်းရဲရေး ရှေးရှုပြီး အစီအစဉ်နဲ့ကြိုးစားနေတာ"

"ဟုတ်လား ရှေ့မှာ ဘာတွေဖြစ်နေလို့လဲ"

"ချွေးမတွေ အများကြီးပဲလေ"

"ဟင် ..."

အနှစ်၏ စိတ်ခံစားခြင်းက အိမ်ရှေ့ဧည့်ခန်းဆီရောက်သွား၏။ စကားသံတွေကြားနေရပြီး မသဲကွဲသဖြင့် မီးဖိုခန်းတံခါးနားထိ လျှောက်သွား





လိုက်မိသည်။

"မာမီကလဲ ကောင်မလေးကြားသွားရင် မကောင်းပါဘူး"

လေမိုး၏အသံ ဖြစ်သည်။ ဒေါ်မမခက် မောက်မာစွာ ထပြောပစ်လိုက်တာက ကျယ်လောင်စွာ...

"ဘာဖြစ်လို့လဲ၊ ဒီမှာ သူ့အစ်ကိုကတောင်နားလည်တယ်၊ သားကြီးတစ်လော မာမီ့ကို တော်တော်ဝေဖန်လာပါလား"

"မဟုတ်ပါဘူး၊ ကိုယ်အချင်းချင်းက ပြဿနာမရှိပေမယ့် ..."

"အချင်းချင်းမဟုတ်တော့ကော ဒါ ဘာဖြစ်စရာရှိလို့လဲ၊ မာမီ့မှာ သားတွေချည်းပဲ မွေးထားတာ၊ ဘယ်မိန်းကလေးကိုဖြစ်ဖြစ် ချွေးမတော်လို့ရတယ်၊ နိုင်နိုင်တို့ကလဲ ညီအစ်မနှစ်ယောက်၊ မာမီ့မှာ သားနှစ်ယောက်ရှိတယ်၊ ဟိုးအရင်ကတည်းက 'ချွေးမ'လို့ခေါ်လာခဲ့တာ၊ ခုလဲ ခေါ်တယ် ဘာဖြစ်လဲ၊ မိန်းကလေးတွေကတောင် နားလည်တယ်၊ ဟုတ်တယ်နော် သမီးနိုင်နိုင်"

"ဟုတ်ပါတယ် ကိုမိုးကလဲ နိုင်နိုင်တို့က နားလည်ပြီးသားပါ။ ကိုမိုးတာသာ မမဆုကို စပြီး သစ္စာဖောက်တာ၊ ဒါပေမယ့် နားလည်နိုင်လို့ပဲ အခု လာကြတာပေါ့"

"မလည်လို့ရမလား၊ ဟွန်း အဲဒီ ကိုမိုးကို မပြောချင်တော့ဘူး"

"ဟော တွေ့လား လွမ်းတာပါလာပြီ"

ညီအစ်မနှစ်ယောက်၏စကားသံတွေနှင့် ဒေါ်မမခက် ပြောဆိုနေကြပုံက ဘေးကလူတွေကို ခွေးတိရစ္ဆာန်တစ်ကောင်လောက်ပင် အလေးထားတာ ရင်နာဖွယ်ကောင်း၏။

"တကယ်ဆိုရင် အချင်းချင်း အတွင်းသိ အတ်သိမှ ကောင်းတာ၊ ချွေးမဆိုတာ တကယ့်သူစိမ်းပြင်ပြင်ကို အိမ်တွင်းထဲ ခေါ်သွင်းထိုက်ရတာလေ၊ ကိုယ့်အိမ်ရဲ့အထာကိုသိဖို့၊ မိသားစုနဲ့ အထာကျဖို့ လုံးဝကို

www.burmeseclassic.com



မလွယ်ဘူး၊ သားသမီးမှမဟုတ်တာ၊ သားသမီးလိုသဘောထားပါတ
ပြောလဲ ဆူလို့မကောင်း၊ ကြိမ်းလို့မကောင်း၊ သူတို့က မိဘအရာထာ
နာခံတာမဟုတ်ဘူးလေ"

"ဒါတော့ဟုတ်တယ် အန်တီ၊ မာမီဆိုလဲ ကိုကိုကြီးမိန်းမနဲ့ သ
မတည့်ဘူး၊ မာမီ့ကြောင့်ဆိုပြီး ခဏခဏ လင်မယားချင်း စကားများ
အိမ်ကထွက်နဲ့"

"အဲဒါပေါ့ ခပ်နိမ့်နိမ့်ရပ်ကွက်တွေထဲမှာ ဆိုပြောသံ မကြားဘူးလာ
ချွေးမဆိုတာ အိမ်မွေးခွေးလေးတွေလိုပဲတဲ့၊ စည်းနဲ့ကမ်းနဲ့ သေချာစေ
ကြည့်ကြပ်မတ်နိုင်လွန်းမှ တော်ရုံရယ်၊ ခွေးတွေ စည်းကမ်းမဲ့ရင် စားအ
စားခွက်ထဲနှိုက်၊ နေရာတကာပါ၊ အလုပ်လုပ်ဖို့ကျတော့ ခြံစောင့်ခိုး
ထပေါင်ဖော်တောင်မရဘူး တဲ့၊ အပွန်း ပွန်း နှိုင်းပဲနှိုင်းတာတ်တ
သိလား၊ ဘယ်သူဖြစ်ဖြစ် အန်တီကတော့ ပြောရဲတယ်၊ ယောက္ခမနဲ့ချွေး
ဆိုတာ ဘယ်တော့မှ သားအမိလို ဖြစ်လာနိုင်မှာမဟုတ်ဘူး"

"အဲ ရှိတော့ရှိကြပါတယ် အန်တီရဲ့၊ တချို့ဆို သင့်သင့်မြတ်မြတ်"

"အပေါ်ယံပါကွယ်၊ ဘာတွေမျိုသိပ်ထားကြသလဲဆိုတာ ဘယ်သ
သိလို့လဲ"

ဟုတ်တယ်၊ ဘယ်သူမှ မသိနိုင်ဘူး။

အနှစ် အံကြိတ်ပြီး ချာခနဲ ကျောခိုင်းလိုက်မိသည်။ သူမ ကြ
သလောက် ဖြူကတော့ ကြားမှာမဟုတ်ပါ။ ဒါပေမယ့် ထိုသို့သောစကာ
တွေကိုကြားပြီး နားမခံနိုင်လွန်းလို့ ဒီထဲထိရောက်လာခဲ့တာကို အနှ
တွေးမိသည်။ ဇနီးမယားတွေကို အမေတစ်ယောက်လက်ထဲကို ဝကွ
အပ်လိုက်နိုင်ကြသည့် ယောကျ်ားတွေကိုတော့ အနှစ် မပြောလိုတော့ပါ
ဒီအမေ ဒီယောကျ်ားတွေ ဘယ်လိုဖွဲ့စည်းတည်ရှိနေခဲ့သည့်အဖြစ်
အစကတည်းက သိခဲ့ပြီးသား၊ ဒါပေမယ့် ...





အိမ်ရှေ့မှာ ကိုလတ်ရှိနေသည်ကိုတော့ အနှစ် အကြီးအကျယ် စိတ်
ငင်းရဲမိသည်။ နှမတစ်ယောက်ကို သူ့မျက်နှာရှေ့မှာ ဒီလောက်ထိ ဂရု
ကိုက်စွာ ချိုးဖဲ့ပုတ်ခတ်နေခြင်းအား ဘယ်လိုနားနှင့်ထောင်ပြီး ဘယ်လို
ဘော်နှာနှင့်နေမလဲ။

"တကယ်ဆို ဒီပွဲကို ကိုလတ် မလာသင့်ဘူး"

ရင်ထဲမှာ မချိမဆံ့ ခံစားလာမိသဖြင့် ပါးစပ်က ဖွင့်ဟညည်းညူမိ
သည်။ ဖြူက အနှစ်ကို လှည့်ကြည့်၍ ...

"ကိုလတ်ဆိုတာ မိုးသားကို ပြောတာလား၊ သူ ခဏပဲထိုင်ပြီး ပြန်
သွားတာ အိမ်ရှေ့မှာမရှိဘူး"

"ဟင်..."

အနှစ် လှိုက်ခနဲ ဝမ်းသာသွားသည်။ ကိုယ်ခံစရာရှိတဲ့ဝဋ်ကြွေး ဘယ်
လိုပဲခံရပါစေ ကိုယ့်ကြောင့် တခြားလူကို ထပ်ပြီး သောကမဖြစ်စေချင်။

"အနှစ်"

"ရှင်"

ခေါ်ရင်းနှင့် ဖြူက အနှစ်ဆီသို့ လျှောက်လာ၏။ အနှစ်ကလည်း
ဖြူ့ရှေ့မှာ ရပ်လိုက်သည်။ စားသောက်ပြီးစီးကာစအချိန်မို့ နောက်လူ
တည်း ထပ်ဝင်မလာသေး၊ အိမ်ရှေ့က ဧည့်သည်တွေလည်း မပြန်ကြသေး
ပါ။ ထို့ကြောင့် စားသောက်ပွဲတွေပို့ဖို့ ယူဖို့ကိစ္စတွေလည်း ကျဲသွားသဖြင့်
မီးဖိုခန်းထဲမှာ အေးချမ်းနေသည်။

ဖြူ တစ်ခုခုပြောမည်မှန်းသိသောကြောင့် အနှစ်က ဒီတိုင်းပဲ ရပ်
ကြည့်နေလိုက်၏။

"အလင်းနှစ် ဆိုတဲ့နာမည်ကိုလေ ပိုပိုသာ့ပါးစပ်ထဲကနေ တို့ ရင်းနှီး
နေခဲ့တာ ကြာပြီ"

"ဟင်ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ပိုပိုသာလေ၊ သာက တို့ရဲ့ အချစ်ဆုံးသူငယ်ချင်း"

"မမကြီးနဲ့ မမဖြူက ..."

အံ့သြခြင်းနှင့်အတူ ဝမ်းသာသွားသလို ခံစားလိုက်မိတာ ဘာကြော မှန်းမသိ။ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည့် ဖြူ့မျက်နှာဟာ မမကြီးမျက်နှ လိုဖြစ်သွားကာ အနှစ် မျက်လုံးထဲမှာ ပို၍ချစ်ခင်ဖွယ်ကောင်းသွားသ ပင်။

"မမဖြူရယ် အနှစ် အဲဒီလိုဖြစ်နိုင်မယ်ဆိုတာ လုံးဝကို မထင်ခဲ့ဘူ မမဖြူက မိဘတွေ နိုင်ငံခြားရောက်ကုန်တာတောင်မှ ဒီမှာ တစ်ကော ကြွက် နေရစ်ခဲ့တာဆို"

"အင်း"

ဟု လေးဖင့်စွာ ခေါင်းညိတ်ပြီး ခံစားချက်လက်ကျန်များနှင့် ဆက် ရှိဆဲ ...

"ဖြူ"

အခန်းတံခါးဝမှာပေါ်လာသူက လေမိုး ဖြစ်၏။ ဖြူနဲ့ အနှစ် နှ ယောက်တည်း စကားပြောနေကြတာကို အံ့သြသလို တစ်ချက်ကြည့်ပြီး ဆက်ဝင်လာ၏။

"လာ ပြန်မယ်"

ဟု လက်ကိုဆွဲခေါ်၏။ အနှစ်ကိုတော့ မတည်မပြုံးမျက်နှာနှင့်ဝေ့ခ ပဲကြည့်သည်။ လေမိုး လက်ထဲမှာ ဆွဲသည့်အတိုင်းလေး ပါသွားသည် ဖြူကလည်း အနှစ်ကို တစ်ချက်မှ ပြန်ငဲ့မကြည့်ပါ။

ဒေါ်မမခက်သည် သူမ၏ကိုယ်ပွားများစွာဖြင့် ဤသို့ထိန်းချုပ်ထာ နိုင်ခဲ့၏။





## အခန်း (၂၄)

"အနှစ်"

"ဟင် ..."

ရေချိုးပြီးစမို့ အထဲဝင်လာလာချင်း ကိုယ်ပေါ်ကစောင်ပင် မခွာရ သေးပေ၊ နောက်ကနေ ညီက ဖက်ထားလိုက်သဖြင့် အနှစ် စောင်ကို ပို၍တင်းအောင်ဆွဲပတ်ထားလိုက်သည်။

"ညီ ခဏဖယ်ကွာ၊ အနှစ် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေလို့ အချိန် မတော်မှ ရေသွားချိုးရတာ၊ စိတ်အိုက်အောင်မလုပ်ပါနဲ့"

"အနှစ်က ညီကို ဘာဖြစ်လို့ အနားကပ်မခံတာလဲ၊ ညီ မနေတတ်ဘူး ကွာ၊ အနှစ်မျက်နှာလေး စူပုပ်ပုပ်ဖြစ်နေတာ ညီ သိတယ်"

"စူပုပ်ပုပ်လေးကနေ ပိုဆိုးမသွားအောင် အနှစ် ဘယ်လောက်ထိ မျိုသိပ်ထိန်းချုပ်နေရသလဲ ညီ သိရဲ့လား"

"အနှစ် ဒီည အလုပ်တွေ လျှောက်မလုပ်နဲ့ကွာ နော်၊ မာမီတို့လဲ ပဲခူးမှာအိပ်ကြမှာ၊ မနက်ဖြန်ညနေမှ ပြန်လာမှာဆိုတော့ ညီတို့ လွတ် လွတ်လပ်လပ်နေရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

အနှစ်က ညီ့လက်တွေကို ဖယ်ချပစ်လိုက်ပြီး ရှေ့ကို နှစ်လှမ်းလောက်တိုးသွားပြီးမှ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ဒီရောက်ခဲ့ပြီးမှ သူမမှာသာ ပုံစံတွေပြင်၊ အချိုးတွေပြောင်းလို့၊ မှန်ထဲမှာ ကိုယ့်ပုံစံကိုကြည့်ရတာတောင် အံ့သြမိရသည်။

ညီကတော့ ဘောင်းဘီရှည်အဖြူ/ စပို့ရှပ်အဖြူစင်းနှင့် မင်းသားရုပ်အောင်ချောမွှန်လို့ပါ။

ဒီကြားထဲ အလှူပြီးကာမှ အိမ်လည်ရောက်လာခဲ့သော နိုင်နိုင် ဆိုသည့် မိန်းကလေးနှင့် ပြောဆိုပြုံးရယ်နေကြသည်များရှိလျှင် အနှစ်က အိမ်ဖော်တစ်ယောက်လိုလို...

"သားတွေးရေ ဒီမှာ နိုင်နိုင် ခေါ်နေတယ် သားရဲ့"

ဆိုတာက တစ်မျိုး၊

"ညီရေ ဘာလို့အခန်းအောင်းနေတာလဲ၊ ခုထွက်ခဲ့နော်၊ မလာရင် နိုင်နိုင် ဝင်လာမှာ"

လို့ တကယ်ခြေလှမ်းပြင်နေရင်း ခေါ်လိုက်တဲ့အသံက တစ်ဖုံ။

မာမီ့ကြောင့်ဖြစ်ဖြစ်၊ အစက တကယ်ခင်ခဲ့တာပြောပြော ကိုယ့်ယောကျ်ားကို စက္ကန့်မိနစ်များစွာ သူများက အပိုင်စီးထားနိုင်တာကတော့ သေချာလေသည်။

အနှစ် ဘာများ တားဆီးပိုင်ခွင့်ရှိလို့လဲ။ ဟွန်း... ညီ့ကို ငေးခနဲကြည့်မိကာ ဟိုရောက်ဒီရောက် ခုန်ပေါက်ပြေးသွားသည့်အတွေးတို့ကို အနှစ်က မချိတရိပြုံး၍ ဖျောက်လိုက်၏။

"အနှစ်မှာ အလုပ်ရှိသေးတယ် ညီ၊ လွတ်လွတ်လပ်လပ်နေလို့မရဘူး၊ ညီရဲ့မာမီပြောထားတဲ့စကားတစ်ခုရှိတယ်၊ ဘာလဲ သိလား"

အနှစ်က ညီ့ကို အလွန်အမင်း အောက်ကျခယသော မျက်ဝန်းလေး





င့်ကြည့်ပြီး မျက်လွှာချပစ်သည်။

"ခိုင်းမှလုပ်တာက ကျွန် တဲ့၊ 'ဟဲ့' ဆိုမှ လှည့်ကြည့်ရမှန်းသိတာက အဲဒါကြောင့် ခိုင်းခိုင်း မခိုင်းခိုင်း အနှစ် လုပ်ရမှာပဲ၊ ညီ့ဘေးမှာ အနှစ် တာကို အမေ မကြိုက်မှန်းသိတော့ အနားကိုမကပ်ရဲခဲ့တာလဲ သူ နေ မနေနေ အကျင့်ပျက်သွားလို့မဖြစ်ဘူး"

"ဘာ ..."

"'ဟဲ့' လို့ ခေါ်လိုက်မှ ထွက်သွားပေးနေရရင် အနှစ်က ခွေးဖြစ် မှာ"

"မဟုတ်ဘူးကွာ၊ အဲဒါ အနှစ် ..."

"ဘာမဟုတ်တာလဲ ညီ၊ အမေတို့ရှိနေရင် ညီလဲ အနှစ်ဘေးကို က်လာရဲလား"

ညီ့မျက်နှာ ညိုမောင်းအိုကျလျက် ဘာမှလည်းမပြောနိုင်။ အနှစ်က တ်ဗီရိုဘက်ကို တရစောင်းပြန်လှည့်ပြီး တံခါးဖွင့်၏။

"ညီ မအိပ်ချင်သေးရင် ဂိမ်းဆော့နေလိုက်လေ၊ ဒါမှမဟုတ် ဟိုည ကလို စာတွေ ဘာတွေ ဖတ်နေလိုက်ပေါ့၊ အနှစ် မီးပူတိုက်ရမယ်၊ တ်တွေအများကြီးပဲ၊ အဲဒါတွေပြီးရင် ..."

"အနှစ်"

ညီ ဒေါသတွေ မထွက်စဖူး ထွက်နေ၏။ အနှစ်က ဆတ်ခနဲလှည့်၍ တ်လဲဖို့ ကန့်လန့်ကာကို ဆွဲပိတ်ပစ်လိုက်သည်။ ရှေ့တိုးဖို့ ညီ့ခြေလှမ်း နေရာမှာပဲ ရပ်တန့်သွားကာ ...

"မီးပူတိုက်ဖို့ ခုံပေါ်မှာတင်ထားတဲ့အဝတ်တွေလား၊ အဲဒါတွေကုန် င်တိုက်ရမယ်ပေါ့"

"ဟုတ်တယ်လေ၊ တော်ကြာ မီးပူတိုက်ပြီးသာအဝတ်တွေဖြစ်နေ အိမ်မှာနေပြီး ယောကျ်ားနားကပ်ဖို့ပဲ စဉ်းစားနေသလားလို့ အနှစ်



www.burmeseclassic.com

www.burmeseclassic.com



အပြောခံရမှာ"

ကန့်လန့်ကာတစ်ဖက်ကနေ အနှစ်က အကျီလဲရင်း ပြောနေသည် ညီ မချင့်မရဲ လက်သီးဆုပ်လျက် ရှေ့ကိုတိုးလိုက်၏။

"မာမီဆိုတာနဲ့ပဲ အနှစ် ပြောနေတာ၊ တကယ်တမ်းကျတော့ ညီ့ အနားကပ်မှာစိုးလို့ တမင်ရှောင်ရှောင်ထွက်နေတာ၊ အဲဒီလိုပဲ ညီ မြင်တယ်"

"ရှောင်ထွက်နေတယ်လို့ထင်ရင်လဲ ညီကတောင် အနှစ်ကို သနား ဦးမှာ။ အနှစ်က ယောကျ်ားယူထားပြီး အတူမနေရဲလို့ လှည့်ပတ် တိမ်းရှောင်နေရတဲ့မိန်းမပါ။ ဒီအိမ်၊ ဒီမိဘက အနှစ်နဲ့ ဘာမှမသက်ဆိုင် တာတွေ။ အနှစ်ကို ညီ ခုလိုစကားနာထိုးနေတာကိုက စာနာမှုမရှိလို့ပဲ"

"ဘာ ..."

"အို ..."

ညီက ကန့်လန့်ကာကို ဆတ်ခနဲဆွဲဖယ်ပစ်လိုက်သည်။ ရှပ်အင်္ကျီ ကြယ်သီးတွေတပ်ရင်းစကားပြောနေသည့် အနှစ် မျက်လုံးပြူးသွား၏

"ညီက စာနာမှုမရှိဘူး ဟုတ်လား အနှစ်"

"အို... ဘယ်လိုလုပ်လိုက်တာလဲ ညီရယ်၊ ဒီမှာ ပြုတ်ကုန်ပြီ"

လက်ကောက်ဝတ်လေးနှစ်ဖက်ကိုဆုပ်ကိုင်ပြီး ဆွဲလှည့်လိုက်သဖြင့် ကြယ်သီးတွေစုံအောင် မတပ်ရသေးသော အနှစ်ကိုယ်လေး သူ့ဘက်သို့ ပုံပန်းမကျ လှည့်ပါလာ၏။

ရှက်ရှက်နှင့်ပြန်ရုန်းတော့လည်း မရပေ။ ညီက ရေချိုးပြီးစ မွှတ်အိ နေသည့် အနှစ်ပါးပြင်လေးတွေကို ဖွတ်တရွတ် နမ်းပစ်သည်။ ပြီးတော့—

"ဟင့်အင်း"

အနှစ် သူ့ကိုယ်ကို တွန်းပစ်လိုက်မိသည်။ ချောင်ကပ်မိသလိုဖြစ်နေ ရာမှ ရှေ့ကို တိုးတိုက်ထွက်သွားလိုက်ပြီး ....

"အနှစ်နားကို ညီ မကပ်ပါနဲ့။ ဒီအိမ်မှာ အနှစ်ကိုယ်အနှစ် မာနလေး





တော့ နည်းနည်းထားခွင့်ပေးပါ။ ယောကျ်ားမ သနားမှ ယောကျ်ားရင်ခွင်ထဲ ဝင်ပြီး ခြေသံကြားတာနဲ့ ထွက်ပြေးပုန်းနေရလောက်တဲ့အထိ ညီ စ်ကို ကန်မချချင်ပါနဲ့"

"ဘာဆိုင်လို့လဲ အနှစ်၊ ဘယ်သူ သဘောတူတူ မတူတူ ဆိုပြီး ညီ က်ကို အနှစ် လိုက်ခဲ့တာမဟုတ်လား၊ ခုကျမှ မာမီ ကြည်တာ မကြည် တွေက ဒီလောက်ထိ အရေးကြီးနေသလား၊ ကိုယ်ချစ်လို့ယူထားတဲ့ ကို ညီက ဒီတိုင်းထိုင်ငေးပြီး ညတိုင်း ဒီလိုပဲနေသွားရတော့မှာလား"

"သြော် ..."

အနှစ်က တော်တော်တရားကျသွားသည့်လေသံနှင့် ခေါင်းလည်း တ်၏။

"ညီက အနှစ်ကိုပြောဖို့ကျတော့ စကားတွေတတ်သားပဲနော်"

မျက်ရည်ရောင်လဲ့လာသည့် အနှစ်မျက်ဝန်းလေးတွေကို မြင်လိုက် တော့ ညီ့မျက်နှာမှုန်ကုတ်ကုတ်က ရုတ်ချင်း ပြေကျသွား၏။

"ညီက မိန်းမကိုထိုင်ကြည့်ပြီး ကြင်နာခွင့်မရလို့ ဒေါသထွက်နေတာ

"အဲဒီလိုလဲမဟုတ်ပါဘူး။ ညီ ..."

"အနှစ်က ယောကျ်ားမရဲ့ခြေထောက်ကအစ လိုက်သုတ်ပေးပြီး နေကုန် ဖတ်ဖတ်မောအောင် ပြေးလွှားနေရတဲ့မိန်းမပါ ညီ၊ ပင်ပန်း တော့ နားခွင့်ရတာနဲ့ အိပ်ချင်တယ်။ လင်မယား မဆုံဖြစ်အောင် ညဉ့်နက် အထိ အလုပ်တွေနဲ့ပုံချထားတဲ့ ယောကျ်ားမကောင်းမှုကြောင့် အိပ်ရာဝင် ကျတော့ ဆယ်နာရီ၊ ဆယ့်တစ်နာရီ ညီနဲ့ အတူကြည်နူးဖို့ ဒီခန္ဓာကိုယ် ဘယ်လိုထုမတ်ထားရမလဲ"

ပါးပြင်ထက်သို့ မျက်ရည်တစ်ကြောင်း ဖြတ်စီးသွားသည်။ ဆံပြာ နုလေးပဲ အချိန်တိုင်းရှိနေတတ်သည့် အနှစ်ရဲ့ပါးပြင်လေးတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရေချိုးပြီးစမှာ မွှန်မွှန်ညက်ညက်လေး နုနေတတ်သည်။ မွှေးနေတာလေးက လတ်ဆတ်၏။

အနှစ် ရေချိုးပြီးစအချိန်လေးကို ညီ မက်မောတတ်ခဲ့တာ၊ ပန်းနုရောင်သမ်းနေသည့် ဒီပါးပြင်လေးတွေကြောင့်လည်းပါသည်။ ခုတော့ မျက်ရည်စီးကြောင်းက ပါးထက်မှာ အကျည်းတန်လွန်းနေသည်။ ညီ မျက်လုံးတွေမှိတ်ပစ်လိုက်ပြီး မျက်နှာလွှဲသည်။

"တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေလွဲနေကြတာပါ အနှစ်ရယ်၊ နောက်ကျရင် ပြေလည်သွားကြမှာပါ၊ ဒါကို ညီတို့က ကြုံကြုံမခံဘဲ..."

"ကြုံကြုံခံတယ်ဆိုတာ ဘာလဲ ညီ၊ အနှစ်က ယောက္ခမပြောလို့ ငိုလိုက်၊ ညီ့အတွက် စိတ်ချမ်းသာမှုဖြစ်ဖို့ ပြေးလာလိုက်၊ ဒါကိုပြောတာလား၊ အဲဒီလိုပုံစံနဲ့ ကြုံကြုံခံနေရင်း သားတွေ၊ သမီးတွေရလာရင် အနှစ်ဘယ်လိုလုပ်ရမလဲ၊ မမဖြူက ဒီနေ့ထိ စိတ်မချမ်းသာရဘူး ဆိုတာတောင်မှ တခြားမှာ သူ့အိုးသူ့အိမ်နဲ့ အမေက နေ့တိုင်းရောက်တယ်ဆိုရင်တောင် နှစ်ဆယ့်လေးနာရီမှာ အလွန်ဆုံး မျက်နှာချင်းဆိုင်ရရင် တစ်နာရီပေါ့၊ အနှစ်က သူ့မျက်စိအောက်မှာ တစ်ချိန်လုံးနေရတာ၊ ကလေးကို ထိန်းလွှယ်ရဦးမယ်ဆိုရင် ..."

"အနှစ်"

ညီ့မျက်နှာက ထိတ်လန့်မှုတွေနှင့်ဖြစ်၏။ ရှေ့ကိုတိုးလာရင်း အနှစ်ကိုပဲ စိုက်ကြည့်ကာ ...

မင်း... မင်းက အဲဒါကြောင့် ညီ့ကို အနားကပ်မခံတာလား၊ ဒါ့ထက် ညီတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဘာလဲ"

"အိမ်ထောင်ရေး ဟုတ်လား၊ အိမ်ထောင်မှုတစ်ခုမှာ အိမ်ရှင်မရှိယ် အိမ်ထောင်ဦးစီးရယ် ရှိတယ်၊ အနှစ်လဲ အိမ်ရှင်မ ဖြစ်ခွင့်မရဘူး။ ညီလဲ ဦးမဆောင်နိုင်ဘူးလေ။ အနှစ်မှာ အိမ်ထောင်ဦးစီးမရှိဘူးဆိုတော့ အိမ်





ထောင်ရေးကို အနှစ် မသိဘူး။ အဲဒီမေးခွန်းကို ညီကော သိနေလို့လား"

အနှစ်မျက်နှာက မျက်ရည်တွေဝေနေသော်လည်း ဆို့နင့်ကြေကွဲနေဟန်မတူ၊ မေးခွန်းတွေထုတ်နေပြီး နားမလည်လို့မဟုတ်ဘဲ စစ်ဆေးနေဟန်တူ၏။

"မဖြေနိုင်ရင် ဒီလို နောက် ထပ်ပြီးမမေးပါနဲ့ ညီ၊ အနှစ် ကိုယ့်ကိုယ်ကို အိမ်ထောင်သည်ဘဝ လုံးလုံးဖြစ်ချင်လာရင် ဒီအိမ်၊ ဒီခြံထဲမှာ အနှစ်ဘယ်ဘဝကိုရောက်နေသလဲဆိုတာ အဖြေရှာမိတော့မယ်။ အဲဒီအခါကျရင် ရှိနေခဲ့တဲ့မာနကြောင့် ယောက္ခမက မကြည်၊ ယောက်ျားက ဂရုမစိုက်လို့ လမ်းဘေးရောက်ရတဲ့ တစ်ခုလပ် ..."

"အနှစ် မင်း တော်ပါတော့"

ညီ အသည်းမမာနိုင်ပါ။ ဤသို့ အနှစ် ပြောသလောက်ကြမ်းတမ်းသည့်စကားတွေကိုပင် သူ နားထောင်နိုင်စွမ်းမရှိ။ ဒီအိမ်မှာ အနှစ် ဘယ်လောက်ထိ အောက်ကျခယစွာနေရသလဲဆိုတာ သူ မသိလို့မဟုတ်ပေ မ ခါပေမယ့် ...

အနှစ်ကလည်း သည်းခံနေသည်။ သူလည်း မာမီ့ကို ဆန့်ကျင်ပြောဆိုရဲသည့်သတ္တိ မရှိ။ ထို့ကြောင့် ဤမျှကြီးထွားနေသည့် ယောက္ခမ၊ ချွေးမဖြစ်နေကြသော ပဋိပက္ခ အစိုင်အခဲကိုလည်း အရေးအခင်းတစ်ခုလို မမြင်ခဲ့တာ အမှန်ပင်။

ခုတော့ ကြာလေ ရင်ထဲမှာ ပူလောင်ကျပ်ခဲလာလေ။ အနှစ်နဲ့သူ လက်ထပ်ခဲ့တာ နှစ်လပြည့်တော့မည်။ လင်မယား အတူယှဉ်တွဲပြီး ကြည်ကြည်သာသာ မိုးလင်းခဲ့ရတဲ့ည ဘယ်နှစ်ညရှိခဲ့လို့လဲ၊ အချိန်မတော်မှ အိပ်ရာဝင်လာသည့်မိန်းမကို ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်စောင့်ပြီး အိပ်ပျော်ခဲ့ရသည်။ အိပ်ရာထဲမှာလှဲ၍ မိန်းမ၏ခြေသံကို နားစွင့်နေရင်း ဝင်လာတာလည်းမသိ၊ ပြန်ထသွားတာလည်းမသိဘဲ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မိုးလင်ခဲ့ရ၏။

ထိုပြင် တစ်ညတလေမှာ မိန်းမကို ပွေ့ဖက်ဖို့ကြိုးစားတော့ မိန်း

က ခါချ၏။

"ခေါင်းတွေမူးနောက်နေပြီ ညီရယ်၊ မျက်လုံးကို မဖွင့်ချင်တော့

"အနှစ် ဒီနေ့ အဝတ်တွေလျှော်ရတာမြင်သားနဲ့ကွာ၊ ခါးတွေကို

နေလို့"

အမျိုးမျိုး အကြောင်းတွေပြ၍ သူ့လက်ကို ဖယ်ချပစ်လိုက်သ

တစ်ခါတလေ မျက်ရည်တွေ ကျိတ်ကျပြီး ဟိုဘက်လှည့်နေတာကို သူ

ချော့ရင်း ပွေ့ဖက်ရင်းနှင့် ငုတ်တုတ်မေ့ရသည်။ ဘယ်မှာလဲ သာယ

အနှစ်ကို သူ ချစ်သည်၊ အနှစ်ကတော့ မချစ်ပါ။ ဒါကြောင့် သူ့ကို စိမ်း

နိုင်တာပဲဟု မြင်ခဲ့ဖူး၏။ မာမီ ဘာပြောနေနေ အနှစ်ကို သူ ဖွတ်ခိုးခဲ့

သူပဲသိသည်။ အနှစ်က ဒါတွေကို ဘာမှမဖော်တော့ဘဲ ဖြစ်သလို

သလိုနေခဲ့ပြီး မိဘကိုလည်း ပြန်လှည့်အားမကိုး၊ မာမီ့ကိုလည်း အ

အခံ ဘာမှမလုပ်ခဲ့ဘဲနေ၏။

ဒါဆို အနှစ်က အားလုံးမှန်နေပြီ။ သူပဲမှားနေတာလား၊ ရင်ထဲ

သိပ်သည်းမှုထုထည်က ပိုကဲလာ၏။





<u>အခန်း (၂၅)</u>

"မင်း ဘာလုပ်နေတာလဲ ဖြူ၊ အချိန်ပြည့် အဲဒီသူငယ်ချင်းဆီပဲ ဖုန်းဆက်လိုက်၊ အီးမေးလ်စောင့်လိုက်နဲ့"

ဖုန်းချလိုက်ပြီး ဖြူ ဒီဘက်ကို ချာခနဲလှည့်လိုက်သည်။ ညဝတ်အင်္ကျီ ဖွာဖွာနှင့် ရေသန့်ဘူးကိုင်ထားသည့် လေမိုးမျက်နှာက တစ်ရေးနိုးပုံစံနှင့် မျက်လုံးတွေက နီချင်ချင်။

"ဘာဖြစ်လို့လဲ အစ်ကို၊ ဖြူ သားလေးအိပ်သွားမှ ..."

"သားအိပ်မှ ဟုတ်လား၊ မင်းမှာ ချက်ပြုတ် လျှော်ဖွပ်ဖို့နဲ့ ဒီကလေး တာဝန်ပဲရှိသလား၊ ဒီကောင်က ဘာလဲ"

ဖြူက သက်ပြင်းလေးချပြီး မျက်ဝန်းလေးတွေကို လွှဲပစ်၏။

"အစ်ကိုရယ် ဖြူ ကျောရမယ့်ဝတ္တရားတွေချည်ပဲလား"

"ဘာကွ"

"နေ့ကျတော့လဲ ဖုန်းတွေဆက်၊ ကိုယ်တိုင်လာကြည့်နဲ့ ဖြူ ထိုင်နေ ဘာမြင်ရင် ဘာအလုပ်မှမရှိဘူးလားလို့ မေးသေးတယ်။ ဖြူလဲ တစ်ချက်မှ မနားခဲ့ပါဘူး၊ ညဘက်လေးကျမှ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ … မင်းက မာမီ့ကိုမကျေနပ်လို့ ငါ့ကို ဆန္ဒပြတာလား"

ဖြူက ခေါင်းခါသည်။ ထိုစဉ်မှာ ဖုန်းသံမြည်လာ၏။ ဖြူ လှည့်ကြ
လိုက်စဉ်မှာပဲ လေမိုးက တလှမ်းလှမ်းရောက်လာပြီး ကောက်ကိုင်လို
သည်။

"ဖြူ ငါပါ"

မိန်းကလေးအသံ ကြားလိုက်သည်နှင့် ဗွပ်ခနဲချကာ ပလပ်ပါ ဖြု
ပစ်လိုက် ၏။

"အဲဒီတစ်ယောက်က ဝိုဝိုသာ မဟုတ်လား။ ဘယ်ကလဲ"

"အခု စင်ကာပူမှာပါ"

"သိတယ်လေ၊ ဘယ်မှာနေတာလဲလို့ မေးတာ"

ဖြူ့မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွား၏။

"ဘာဖြစ်လို့လဲ အစ်ကို၊ ဖြူ့မှာ သူငယ်ချင်း ဒီတစ်ယောက်ပဲရှိတာ
မိန်းကလေးချင်းတောင်မှ ခင်မင်ခွင့်ရှိတော့ဘူးလား"

"ဟုတ်တယ် မရှိဘူး။ မင်းတို့ခင်တာက လွန်နေတယ်၊ မင်း ငါ့
ကြားတာနဲ့ တစ်ကိုယ်လုံး ဖုန်းဖုန်းလဲကျတော့မယ့်အတိုင်းပဲ၊ အဲဒီ
ယောက်ဆီကဖုန်းဆိုရင် ဘာဖြစ်ဖြစ် ထားခဲ့ပြီး ခလုတ်တိုက်အောင်
ပြေးကိုင်တယ်။ ဒီမှာ ဖြူ… မင်းနဲ့ငါ အိမ်ထောင်ရေးအဆင်မပြေတာ
ကြောင့်လို့ချည်းပဲ မင်း ထင်နေသလား။ ယောကျ်ားတစ်ယောက်ရဲ့ လို
ချက်ကိုမှ မင်း အလိုက်မသိတာ ဘာဖြစ်လာမှာလဲ၊ မင်း ငါ့အတွက် ဖူ
သလဲဖြစ်ခဲ့တာ တစ်ခုခုရှိဖူးသလား ပြော"

"အစ်ကို့အတွက် မဟုတ်ပေမယ့် အစ်ကို့မာမီအတွက်ဆို ဖြူ့
က အားလုံး ဖူးဖူးသလဲဖြစ်စေခဲ့တာပါ အစ်ကို"

လေမိုးမျက်နှာ တင်းခနဲဖြစ်သွား၏။ ဒါပေမယ့် ရုတ်တရက်
ပြန်မပြောနိုင်။





"အစ်ကိုပဲ လူတစ်ယောက်အတွက် အမိက အလေးထားစရာ တစ်ခု
ပဲရှိတယ်ဆို"

"အဲဒါ ငါ့မာမီပဲ"လို့ ရက်ရက်စက်စက်ပြောခဲ့ဖူးတာကိုတော့ ဖြူ ချန်ခဲ့
လိုက်သည်။

"ဒါပေမယ့် ဖြူက အမိကတွေ အများကြီးထားပြီး အလေးထားခဲ့တာ
ပါ အစ်ကို။ ဖြူလေ… ဖြူ အစ်ကို့ကို ချစ်လွန်းလို့ ဘာဖြစ်ဖြစ် ကျေနပ်ပြီး
ဘာပေးရ ပေးရ မငြူစူခဲ့တာပါ။ အစ်ကို့ဘက်ကကြည့်ရင် ဖြူက အိမ်
ထောင်စုတစ်ခုကို မထိန်းသိမ်းနိုင်တဲ့မိန်းမ ဖြစ်နေနိုင်ပေမယ့် ဖြူကတော့
အစ်ကို့တစ်မျက်နှာတည်းနဲ့ တစ်ဘဝလုံးကို ကြိုးတစ်စလို ပုံချပေးထား
တာပါ"

"နေပါဦး မင်း… မင်းကို ငါတို့က …."

ဖြူက လေမိုးကို ဆက်ပြောခွင့်မပေးဘဲ ခေါင်းခါလိုက်၏။

"ငါတို့မဟုတ်ပါဘူး အစ်ကို၊ ဖြူက အစ်ကိုတစ်ယောက်တည်းကိုပဲ
ပေးချင်တာပါ၊ အစ်ကို့ကိုပဲ ပေးခဲ့တာတွေပါ။ ဖြူ… ဖြူက အဲဒီလောက်ထိ
ချစ်နေပါလျက်နဲ့ အစ်ကို ဖြူကို ဘာမှမတတ်နိုင်တဲ့မိန်းမလို့ ပြောရက်
တယ်နော်"

ပြောနေရင်း ဖြူက ငိုလေသည်။ လေမိုး မျက်နှာကြီးပျက်ကျကာ
အံကြိတ်လိုက်၊ မျက်နှာလွှဲလိုက်ဖြစ်နေ၏။

"အစ်ကို"

ဖြူက မီးရောင်အောက်မှာ နီမြန်းမြန်းဖြစ်နေသည့် လေမိုး၏မျက်နှာ
ကို ငေးကြည့်ရင်း မျက်ရည်သုတ်၏။ ပြီးတော့ ဖြည်းဖြည်းလေး ရှေ့တိုး
လျှောက်လာ၍ ရှေ့မှာ ခေါင်းငုံ့ရပ်သည်။

"ဖြူ့မှာ အမိကအလေးထားဖို့တွေများနေတဲ့အတွက် အစ်ကို့ဘက်
ကို ဝတ္တရားပျက်ကွက်နေခဲ့ရင် ဖြူ့ကို ခွင့်လွှတ်ပါ။ ဖြူလေ… ဖြူ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်တာကို လုံးဝကို မခံနိုင်တဲ့သူပါ။ ဖြူ့ကို စိတ်မကွက်ပါနဲ့နော်၊ ပြီး တော့လေ...”

ဖြူ့မျက်နှာလေး မော့လာ၏။

“ဖြူ ဘာကိုပဲ ဆုံးရှုံးပါရစေ ဘယ်လောက်ဖြစ်ဖြစ် စွန့်လွှတ်ရဲတာ အဲဒီထဲမှာ အစ်ကိုမပါဘူး။ ဖြူ့ရဲ့ ချို့ယွင်းမှုတွေကိုရှုပြီး ဆုတိုညီအစ် အစ်ကို မတွဲပါနဲ့၊ ဖြူ့ကို မနိုပ်စက်ပါနဲ့ အစ်ကို၊ ဖြူ့ဘက်မှာ အစ်ကို မပေးနိုင်ဘူးဆိုရင်တောင် အဲဒီလိုနည်းနဲ့တော့ ဥပေက္ခာမလုပ်ပါနဲ့”

လေမိုး ဖြူ့မျက်နှာလေးကိုစိုက်ကြည့်ရင်း ရင်ဘတ်က မီးမြိုက် လိုက်ရသည့် သစ်ရွက်တွေလို ဖြစ်သွားခဲ့၏။ စပယ်ဖြူ ဆိုတဲ့အတိုင်း ဖြူနေတဲ့ ဇနီး...၊

ချစ်လို့လက်ထပ်ခဲ့ကြတာပေမယ့် လက်ထပ်ပြီးမှ ဖြူ့ကို သူ တစ်ချ လေးပင် မျက်နှာသာမပေးခဲ့ပေ။ ဒါကလည်း မာမီ စိတ်ချမ်းသာဖို့ပဲဖြစ်

“မာမီ့သားတွေက အိမ်ထောင်ဦးစီးပီပီ ခန့်ညားရမယ်၊ ရဲရင့်ရမယ် မိန်းမကို ဘယ်တော့မှ ရှေ့တန်းမတင်ရဘူး၊ ဦးစားမပေးရဘူး၊ ‘ဟိတ်’ ရင် တုန်ခနဲဖြစ်သွားအောင် ထိန်းချုပ်နိုင်တဲ့ယောကျ်ားမျိုးတွေပဲ ဖြစ် မယ်”တဲ့။

မာမီ့စကားအတိုင်း အိမ်ထောင်ဦးအစမှာပဲ ဖြူ လန့်သွားအောင် ခေါသကြီးပြလိုက်သည်။ တွန်းထိုးအော်ငေါက်ပစ်လိုက်ပြီး ရှိုက်ကြီးတင် ငိုနေတဲ့မိန်းမကို ပြေးမချော့မိအောင် ထိန်းချုပ်ဖို့ကျတော့ မာမီ့ပညာ တွေကြောင့်ပဲ သူ အောင်မြင်ခဲ့၏။

“ဒီယောကျ်ား ဒီလိုပြတ်သားပါလားဆိုတာ အိမ်ထောင်ဦးအစ ကတည်းက နားလည်သွားပြီဆိုရင် ဒီမိန်းမ နောက် မဆိုးရဲတော့ဘူး။ စိတ် ကောက်လိုက်၊ ချော့လိုက် ဖြစ်နေရတဲ့ဒုက္ခတွေ မာမီ့သားကြီး တစ်သ လုံး အေးသွားမှာပဲ၊ မိန်းမဆိုတာ ချွဲလို့ရရင် ချွဲနေမှာပဲ၊ အဲဒီယောကျ်ား





ချော့စမ်း”

မာမီ သွန်သင်တဲ့အတိုင်းပဲ နားထောင်လိုက်မှုကြောင့် ဖြူက သူ့ အပေါ်မှာဆို ဖြားဖြားဝပ်ရှိသေသည်။ ဒါဆိုဒါ ဟိုဟာမလုပ်ခဲ့ပေ။ ပြီးတော့ ဘယ်လောက်ဆူဆူ၊ သူ ဘာပြောပြော စိတ်ကောက်သွားသည် ဆိုတာ လည်းမရှိ။

ထို့ပြင် ခုလိုမျိုး အရှုံးပေးစကားတွေ တတွတ်တွတ်ပြော၍ မထားခဲ့ ပါနဲ့၊ မမုန်းပါနဲ့ဆိုသည့် တောင်းပန်ခြင်းတွေလည်း ပါတတ်သေးသည်။ ဒီစကားတွေပြောပြီး အရှုံးပေးနေလို့ ဒီယောကျ်ား ငါ့ကိုနိုင်နေတာလို့များ ဒီမိန်းကလေး မတွေးမိဘူးလား။

စိတ်ထဲမှာ ဖြူ့ကို သနားကရုဏာကာသပ်သပ်၊ မကျေနပ်ခြင်းက တခြား ခံစားနေရသည်။ ဖြူ မာမီ့ကို မကျေနပ်နေတာ ရှိကောင်းရှိလိမ့်မည်၊ ဒါပေမယ့် ဒါကိုမျိုသိပ်ပြီး ကိုယ့်ရှေ့ကျမှ အရှုံးပေးစကားတွေနဲ့ အမျော့ ဆွဲဆွဲတာမျိုးလည်းဖြစ်နိုင်သည်။ မေတ္တာဖြင့် အနိုင်ယူလိုတာမျိုးလား။

ဤသို့တွေးမိလိုက်သော်လည်း ဖြူ့မျက်ရည်တွေကို သူ ဥပေက္ခာ မထားနိုင်ပေ။

“မိန်းမတွေ မျက်ရည်ခံထိုးတိုင်း မသနားနဲ့ သားရဲ့၊ ‘ဒီယောကျ်ားများ ငါ တစ်ချက်ချွဲရုံ’ဆိုတဲ့စကားက ယောကျ်ားတွေကို နှားလို့ပြောလိုက်တာနဲ့ အတူတူပဲ” တဲ့။

မာမီပြောတာတွေရှိသေးသည်။ ဒါပေမယ့် သူ အားလုံးကို မေ့သွားခဲ့ ၏။ ဖြူ့မျက်ရည်တွေကိုသုတ်ပေးကာ ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်မိ သည်။ တခြား ဘယ်မိန်းကလေးတွေပဲ ကိုယ့်အနားမှာရှိနေကြပါစေ ဒီ မိန်းမကို သူ အချစ်ဆုံး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"သားထွေး မျက်နှာနီလို့ပါလား။ မှန်းစမ်း"

နဖူးပေါ်မှာ လက်ဖဝါးကပ်ကြည့်ပြီး ဒေါ်မမခက် မျက်လုံးပြူး…
လေသည်။ လှသည် ညီဘေးမှာ ဇွေ့ခနဲထိုင်ချလိုက်ပြီးသား ဖြစ်လျှ…

"ကိုယ်တွေပူနေလိုက်တာ ကြည့်စမ်း"

ဟု ပျာပျာသလဲပြောတော့ အပေါ်ထပ်ကနေ စာအုပ်ထပ်ကြီးပိုက်…
ဆင်းလာသည့် အနှစ်ထံသို့ ညီမျက်လုံးတွေ ရောက်သွားသည်။ အ…
ခြေလှမ်းအနည်းငယ်ထိတုံ့သွားသော်လည်း မျက်နှာကတော့ တည်တ…
လှည့်မလာပေ။ ပြီးတော့ လှေကားမှဆင်းကာ မမြင်မကြားလိုက်သလို…
နောက်ကိုဝင်သွားလေသည်။

ညီမျက်နှာ ခွေးသွားသည်။ နဖူးမှာလာစမ်းသည့် မာမီ့လက်…
နောက်ထပ် လည်တိုင်ရောက်လာတော့ ဖယ်ချလိုက်မိ၏။ လိုချင်တာ…
ဒီလက်ဖဝါးမဟုတ်ဘူးထင်သည်။

"သားထွေးရယ် ညကတည်းကဖျားနေတာလား။ ဘယ်လိုဖြစ်ရတာ…





…ကြည့်စမ်း အနှစ်ကလဲ ဘာမှပြောဆိုဖော်မရဘူး၊ သားထွေးကို ဘာ…
…ထားလဲ၊ ဘာဆေးသောက်ထားသလဲ"

ဘာမှကျွေးချိန်မရအောင် သားဖြစ်သူကို သူမပဲ အခန်းဝကနေ သွား…
…ဆင့်နှိုးခေါ်ပြီး ကိုယ်တိုင် လက်ဖက်ရည်ဖျော်တိုက်ခဲ့တာဖြစ်သည်။ အခု…
…လေးပဲအပြင်ကိုထွက်သွားပြီး ပြန်လာတော့လည်း သူမထွက်သွား…
…န်းက ထိုင်နေသည့်သားက ဒီနေရာမှာပဲ ရှိနေသေးသည်။

ဒါကိုသိလျက်နှင့် မေးလိုက်တာက ဒီလိုဖြစ်လျှင် ဒီတာဝန်ကို ဘယ်…
…ယူသင့်တာလဲဆိုတာ သာသာထိုးထိုးလေးပြောပြသိစေဖို့ဖြစ်၏။

ညီကလည်း မာမီ အနှစ်ဘက်ကို မြားဦးလှည့်လိုက်တာမှန်းသိသည်။
…မစိုက်လို့ ရင်ထဲမှာခံစားနေရတာတွေရှိသော်လည်း ဒီတိုင်းပြောလိုက်ဖို့…
…တော့ စိတ်မကူးဘဲ ခေါင်းခါလိုက်၏။ သို့သော် …

"ဖနီးမယားဆိုတာ အဲဒါပဲ သားထွေး။ သူတို့ကတော့ လင်သေရင်…
…င်အစားရတာကိုး၊ ယောက်ျားယူထားတာ အားကိုးချင်လို့ဆိုတဲ့ ခံယူ…
…ချက်နဲ့ ဒီတစ်ယောက်မကောင်း နောက်တစ်ယောက်ပေါ့ မိဘတွေမှာသာ…
…ချိန်တန်တော့ သားသမီးရှေ့ကနေ ဒုက္ခလာသမျှ ရင်ဆီးခံရတာ"

ဒေါ်မမခက် ဆရာဝန်ဆီကို ဖုန်းထဆက်သည်။ ရင့်ဆီကိုလည်း…
…ဆက်၏။ လေမိုးကိုဆက်တော့ မတွေ့ပေ။

"အေး ပြန်လာရင်ပြောလိုက်၊ ဒီမှာ သားထွေး ဖျားနေတယ်လို့…
…ရောက်တာနဲ့ ချက်ချင်းလာလို့"

ပြောပြီး ဖုန်းချကာ ဆေးဗီရိုကို ပြေးဖွင့်၏။ လူတစ်ယောက်ကိုယ်ပူ…
…တာကို ကမ္ဘာပျက်တော့မလောက် အပူအပြင်း ပြေးလွှားနေလျက် ပါးစပ်…
…ကလည်း ဒီအကြောင်းကိုပဲ ပြန်ပြန်ဆက်နေသဖြင့် တစ်ယောက်တည်း…
…ရှုပ်ယှက်ခတ်နေသည်။

"သားထွေးငယ်ငယ်က မာမီ ဖတ်ပြဖူးတယ်လေ၊ ပုံပြင်ကလေး…
…တစ်ပုဒ်ဟာ သူဌေးသားဆိုပြီး မိဘချင်းသဘောတူ၊ လူငယ်ချင်း နှစ်သက်…



www.burmeseclassic.com

www.burmeseclassic.com



လို့ ထိမ်းမြားပေးလိုက်တယ်၊ ယောကျ်ားဖြစ်တဲ့သူကို တစ်အိုးတစ်အိမ် ထောင်သပ်သပ်ထူထောင်ပြီး ပြုစုချင်ပါတယ်၊ ကူညီချင်ပါတယ်နဲ့ ရသင့်တဲ့အမွေအနှစ်တွေတောင်းပြီး မိန်းကလေးက ခေါ်ထုတ်သွားတာလေ၊ ဒီသူငယ်မှာ နှလုံးရောဂါလဲစွဲရော လှည်းပေါ်တင်ပြီး မိဘဆီ ပြန်လွှတ်လိုက်ပါရောလား။ ဒီအချိန်မှာ ရှိသမျှစည်းစိမ်တွေ မယားအလိုကျ သားက တောင်းလို့ပေးလိုက်ရတဲ့ မိဘတွေက တဲအိုပျက်မှာနေရတဲ့ဘဝပေါ့၊ ဒါပေမယ့် ဒီသားလေးကို ပစ်နိုင်ပါ့မလားကွယ်၊ သားရဲ့အဖြစ်ကို မြင်လိုက်တာနဲ့ပဲ စိုးရိမ်တကြီး ပျာပျာသလဲ ပြေးပွေ့ကြရှာတယ်၊ ဒီရောဂါကို မရှုမရှာ ပြုစုကုသပေးကြတယ်၊ မေတ္တာချင်းနှိုင်းကြည့်စမ်း၊ ထောင့်ငါးရာနဲ့ ငါးရာ့နှစ်ဆယ့်ရှစ်ဟာ သဲနဲ့လဲလိုပဲ၊ သဲဟာ အချိန်စီးပေမယ့် တန်ဖိုးရှိတာမှမဟုတ်တာ"

ညီနှားထဲမှာ မာမီ့စကားတွေက နွေးထွေးခြင်းတွေဖြစ်သွားလိုက်၊ တင်းကျပ်အေးခဲသွားလိုက်။

ဒါ အမှန်တွေပဲဆိုတာ သိနေပေမယ့် နှလုံးသားထဲကိုရိုက်သွင်းလို့မရဘဲဖြစ်နေသည်။ ပူလောင်လိုက်ဟာနေသည့်ရင်ထဲမှ မာမီ့မေတ္တာအကြင်နာတွေကြောင့်နွေးထွေးလာခဲ့ခြင်းဖြစ်တာလည်းသေချာနေသည်။

တကယ်ဆာလောင်နေတာက မာမီ့ဆီက ဂရုစိုက်မှုတွေမဟုတ်ပေ။

ဆရာဝန်ရောက်လာတော့ ဆေးထိုး၊ စမ်းသပ်ခြင်းတွေ လုပ်နေတုန်းမှာ အနှစ် အနားမှာရှိသည်။ သူကသာ အနှစ်မျက်နှာလေးကို လိုက်လိုက်ကြည့်နေမိသော်လည်း အနှစ်က မျက်လွှာလေးစင်းချထား၏။

"အနှစ် ညီ့အတွက် အပေါ်အင်္ကျီပါးပါးလေးတစ်ထည် သွားယူထား"

"ခြေရင်းကစောင်တွေ သွားလဲလိုက်တော့"

"သားထွေး သုံးနေကျရေမွှေးကို ခန်းဆီးတွေမှာ လိုက်ဖျန်းလိုက်၊ ကိုယ့်ယောကျ်ား ဘာကြိုက်တယ်ဆိုတာ နည်းနည်းပါးပါးလဲ လေ့လာထား"

စသဲဖြင့် မာမီ ပြောသမျှ၊ ခိုင်းသမျှ လိုလေသေးမရှိ လှုပ်ရှားလုပ်ကိုင်





ပေးသွားတာပဲရှိလျက် ကိုယ်တိုင်ကတော့ သူ့နဖူးကိုပင် တစ်ချက်မျှ စမ်းဖော်မရ၊ လက်ဖဝါးဖြစ်ဖြစ် ထွေးဆုပ်လာတာလည်း မလုပ်။

ညကတည်းက သူ ညနေဘက်ရေချိုးတာကြာသွားလို့ နှာတွေမွှန်နေသည်။ အနှစ်နဲ့ မျက်နှာချင်းဆိုင်မိတော့ မျက်ဝန်းချင်းမှာ ချိတ်ဆက်မမိဘဲ ဖြစ်နေ၏။ ဒီလို တစ်ချက် နှစ်ချက် နှာချေလိုက်ပြီဆို မာမီ ဂရုစိုက်သွားတတ်သဖြင့် အနှစ်၏မျက်ဝန်းထဲမှာက သူ ရှာမိတာက 'ညီ နေကောင်းရဲ့လား' လို့ စိုးရိမ်မကင်းကြည့်လာမည့် အကြင်နာဖြစ်၏။

ဒါပေမယ့် သူလိုချင်တာကို အနှစ် မပေးခဲ့ဘဲ အိပ်ရာဝင်သည်၊ သူ့အတွက် ကျကျနန ခင်းကျင်းပြင်ဆင်ပေးပြီး ပြန်ထွက်လာတော့ 'ညီ အိပ်သေးဘူးလား၊ လာလေ' ဆိုတာမျိုးမဟုတ်။

"အနှစ် အိပ်တော့မယ်နော်" တဲ့။

စားပွဲပေါ်မှာ အိပ်ခါနီးတိုင်း သူ သောက်တတ်သည့် မိုင်လိုတစ်ခွက်ကိုတော့ အဆင်သင့်ထားတတ်၏။ သူ မိုင်လိုဖန်ခွက်ကိုငေးကြည့်ပြီး သောက်ဖြစ်ခဲ့ပေ။ ဒီတိုင်း အိပ်ရာဝင်ပြီး ကြည့်လိုက်တော့ အနှစ်က ကွေးကွေးလေးအိပ်ပျော်နေပြီဖြစ်၏။

အနှစ်ကို သူ မြင်လိုက်တာနှင့် ဘယ်လိုမှ ကျောခိုင်းနေပစ်လိုက်လို့ မလောက်အောင် အနှစ်ရဲ့ မျက်နှာလေးက နှလုံးသားတစ်ခုလုံးကို ချုပ်ကိုင်ထားနိုင်ခဲ့၏။ နေရက်လိုက်တာလို့ ရင်ထဲမှာ ဆွေးနေသော်လည်း ဘာဆိုးလို့မရသည်မို့ အနှစ်ကို သူ ပွေ့ဖက်ထားမိသည်။

ပြီးတော့ မြတ်နိုးသည့်ပါးပြင်လေးကို တပ်မက်စွာနမ်းမိ၏။ အနှစ်က တစ်ဖက်ကိုစောင်းလှည့်ပစ်၏။ သူ အတင်းပြန်လှည့်တော့ သူ့မျက်နှာကို တွန်းပစ်လိုက်ကာ ...

"အနှစ် အိပ်ပါရစေဦး ညီရယ်၊ မနှောင့်ယှက်ပါနဲ့နော်" ဆိုတော့ သာတ်ကိုဆောင့်ကန်ခံလိုက်ရသလိုပင်။ ထို့ကြောင့် သူ ကလေးဆန်ခဲ့သည်။ အနှစ်ဘေးမှာ ဒီတိုင်းအိပ်မရဘဲ ထိုင်ကြည့်နေဖို့က ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သည်မို့ ဝရန်တာမှာ အရင်းဘက်ဒိခင်းပြီး တစ်ညလုံး မိုးလင်းခဲ့၏။ သူ အထဲဝင်လာတော့ အနစ် အိပ်ရာထတာနှင့် တိုးသည်။

"အစောကြီးနိုးနေတာလား ညီ"တဲ့။

ဒီမျက်နှာက အိပ်ထားတာလား၊ မအိပ်ရသေးတာလား မသိဘူးလား။ ညီ ဘာမှမပြောဘဲ မွေ့ရာပေါ်မှာ ပစ်ခတ်လှဲပစ်လိုက်၏။ နေမြင့်တော့ မာမီနှိုးလို့ထတော့ သူ ဖျားနေပြီဖြစ်သည်။

မာမီက စပြီး လူတွေအားလုံးကို သူ့အနားမှာ မရှိစေချင်တော့ပါ။ တစ်ယောက်တည်းခွေပြီး တွေးနေ ဆွေးနေချင်သည်။ ဒီကြားထဲ မလတ် ရောက်လာတော့ ကျွက်ကျွက်ညံသွား၏။

"ဘာဖြစ်တာလဲ အငယ်လေးရယ်၊ ထစ်ခနဲဆို နာစေး၊ ကိုယ်ပူနဲ့ ကလေးလေးကျနေတာပဲ၊ မလတ် စိတ်ပူလိုက်တာ။ မာမ့်သားကို မာမီ သေချာလဲကြည့်ပါဦး။ လူက ဒီလောက်နုနေတာ ရောဂါတစ်ခုခုဝင်လာရင် ခုခံအားနည်းလို့ ဒုက္ခဖြစ်ဦးမယ်။ ဟွန်း ကလေးလို့ မိဘတွေက သဘောထားနေတာကို သင်းက မကြိုက်ချင်ဘူး၊ လူကျတော့ လေတိုက်တောင် မခံတာ မသိဘူးလား"

"အဲဒါပဲ သမီးရေ ညည်းမောင်နဲ့အိမ်ထောင်ရေး ဘယ်တော့မှ အထာကျမှာမဟုတ်ဘူး၊ သတိထားမိနေတာ ကြာပြီ၊ မိန်းမယူပြီးကတည်းက သူ့မှာ ရွှင်ရွှင်ပျပျကိုမရှိဘူး၊ မိန်းမကိုကြည့်တော့လဲ မျောက်သေရုပ်နဲ့"

"ဟုတ်တယ် မာမီ၊ ရှင့် သတိထားမိပါတယ်၊ အဲဒီတစ်ယောက်က ဟိုတုန်းကတော့ ဆတ်ဆတ်ကြဲပုံပဲ၊ ခုကျတော့ မြင်လိုက်ရရင် ပုံစံက အိမ်ဖော်တစ်ယောက်လို အပိုးကိုကျိုးလို့"

"သူနဲ့တန်တဲ့နေရာကို သိသွားတာပါ"

"ဟုတ်ပါ့မလား မာမီရယ်၊ မာမ့်သား စိတ်မချမ်းမသာဖြစ်နေတာ၊ ရှိန်တွက်ကြည့်ရင် အဲဒီတစ်ယောက် ဘယ်လိုပညာပြနေသလဲမှမသိတာ"





အနစ် ခြေလှမ်းတွေ အခန်းဝမှာပဲ ရပ်တန့်သွားခဲ့သည်။ ပြောနေကြသူများကြားမှာစိုးလို့ တိုးတိုးသာသာ ပြောနေတာမျိုးမဟုတ်။

"ဘယ်လိုပဲပညာပြပြ မာမ့်သားကို သူ ဘယ်တော့မှ လွှမ်းမိုးလို့မရ ဆိုတာကိုတော့ နားလည်မှာပါ။ ငှါသားလေးကို ငှါ့ရင်ခွင်ထဲက ဆွဲ ...တ်ဖို့ ကြိုးစားတဲ့မိန်းကလေးမှန်သမျှ မမခက်ရဲ့ခြေဖဝါးအောက်မှာ ...ပဲ ပြားပြားဝပ်စင်းနေရမှာပဲ၊ ငှါ့သားတွေဟာ ငှါ့မေတ္တာအောက်မှာ ...ဘ် ဘယ်မှာမှ အေးမြနိုင်မှာမဟုတ်ဘူး၊ ဒါကို သူတို့လဲသိတယ်၊ ...ကြီးဆိုရင် ကြည့်ပါလား၊ မိန်းမကို ကြပ်ထားတာ မီးကိုသေနေတာပဲ၊ ...ဒီသားကျမှ မပွင့်လင်းလို့ မာမီ ရင်ပူနေရတာ၊ ဒီမှာ သား ..."

ပြောနေရင်း စကားက ညီဘက်ရောက်သွားပြီထင်သည်။

"မိန်းမဆိုတာ လက်သာမှပျော်တာမျိုး။ မာမ့်သားကြည့်ရတာ မာမီ ...မိန်းမရဲ့ကြားမှာ စိတ်ထွေပြားနေပုံရတယ်"

"မဟုတ်ပါဘူး မာမီရာ"

"တွေ့လား ပြောပုံကိုက ရှုံ့မဲ့နေတာပဲ၊ မိန်းမတစ်ယောက်ရဲ့တန်ဖိုး ...အိမ်ထောင်ပြုတဲ့အချိန်မှာ ပေါ်လာတာပဲ သားထွေးရဲ့၊ အဲဒါ မှတ် ...မိန်းကလေးတစ်ယောက်ဟာ တစ်သက်မှာ တစ်မင်္ဂလာပဲပြုရတာ၊ ...မင်္ဂလာကို မိမိတန်ဖိုးနဲ့ ကြီးကျယ်ခမ်းနားစေနိုင်ရတယ်၊ မိမိရဲ့ဂုဏ်ကို ...၊ မိဘဆွေမျိုးရဲ့ဂုဏ်ကိုကော သမီးကောင်းအဖြစ် မြှင့်တင်နိုင်ရ ...ယ်၊ ဒါမှ ဒီတန်ဖိုးအလိုက် သူ့ရဲ့အိမ်ထောင်သက်တမ်းမှာ ဂုဏ်ကျက် ...ရှိရှိ လျှောက်လှမ်းသွားနိုင်မှာပေ့ါ။ အခု သားရဲ့မလတ်ကိုကြည့်စမ်း၊ ...နဲ့ တစ်နယ်တစ်ကျေးမှာခွဲနေတာတောင်မှ သူ့ရဲ့တန်ဖိုးကို အကျမခံ ... မာမီ ဘာမှဆုံးမစရာမလိုဘဲ ချစ်တဲ့သူကိုလဲယူတယ်၊ တင့်တင့်တယ် ...ယ် တခမ်းတနားတောင်းရမ်းလာမှ လက်ထပ်ခဲ့တယ်၊ ဘယ်လောက် ...ဖိုးရှိလိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



အနှစ် ကိုင်ထားသည့်လက်ဖက်ရည်ပွဲတင်သော ဗန်းကလေး
ဖိဆုပ်ထားရင်း အံကြိတ်နေမိသည်။ မျက်ရည်တွေ ဝေလည်လာကာ
ကြောင့် ဒေါ်မမခက်၏ ရင့်သီးသောစကားတွေ အပြောခံရပြီး မူးမေ့လဲ
သွားရှာသည်ဆိုသော မေမေ့ကို မြင်ယောင်မိ၏။

အလွန်နာကျင်မုန်းတီးဖွယ်ကောင်းသောစကားတွေပေမယ့် ဒါ
ဟာ အမှန်ပဲဖြစ်သည်။ သူမဘဝဟာ ထိုအချိန်မှစ၍ ပြောသမျှခံ၊ နင်း
ခံရသောအဖြစ်မျိုးနှင့်...

"မိန်းမဘဝရဲ့ တန်ဖိုးကိုမှ ထိန်းသိမ်းရမှန်းမသိဘဲ ခိုးရာလိုက်ပြေး
ဟာ ဒီမိန်းကလေးမျိုးကို ဘယ်သူက အထင်ကြီးမှာလဲ၊ ဘာတန်ဖိုး
ရှိသေးလို့လဲ၊ ယောကျ်ားလေးတွေက မရလေ ပိုမက်မောလေ။ အပျော်
တဲ့လူမျိုးကျတော့ စမ်းကြည့်လို့မရရင် ပြန်ခေါက်သွားတာပဲ၊ ရခဲ့ရင်
လိုချင်တာယူပြီးတာနဲ့ ထားခဲ့မှာပေါ့ မဟုတ်ဘူးလား။ ဒီလို သဘောလွ
တဲ့ မိန်းကလေးကို မာမီ့သားလို မိကောင်းဖခင်သားသမီးမို့လို့ လက်ထ
ပြီး အိမ်ပေါ် ခေါ်တင်ခဲ့တာ"

"တော်ပါတော့ မာမီ၊ အနှစ် ကြားသွားရင် မကောင်းပါဘူး"

"မာမီက မဟုတ်တာတွေပြောနေတာမှမဟုတ်တာ၊ ကြားလို့
တတ်ရင်လဲ သွားလေ။ မာမီက သားရှင်၊ လှေကားသုံးထစ်ဆင်းဖို့
မလိုဘူး၊ သူ သွားတာနဲ့ အခု ဖုန်းတစ်ချက်ကောက်ဆက်လိုက်ရုံပဲ"

"မာမီရယ် မာမီက ဒက်ဒီ့ကို ဂရုမစိုက်ခဲ့တိုင်း မာနတွေကြီးနေ
တာကိုး၊ တချို့ မိန်းကလေးတွေကျတော့ မာမီပြောသလို သဘောလွ
တာမျိုးလဲမဟုတ်ကြပါဘူး"

"တော်ပါကွယ်၊ ဒါတွေက အဲဒီလိုမိန်းကလေးမျိုးတွေအတွက် နှစ်သ
လို့ကောင်းမယ့်စကားတွေပါ။ မာမီကတော့ အခု သမီးပြောသလို ကွ
ရာမှာ သူများကဲ့ရဲ့လဲ ဂရုမစိုက်ဘူး။ မမခက်က သမီးလဲရှိရက်သားနဲ့ မ





ဘူး ဘာညာနဲ့ ဟွန်း...၊ ဟုတ်တယ် ဘာလို့စာနာရမှာလဲ၊ မမခက်ကလဲ
ယောကျ်ားကို ဂရုစိုက်ခေါင်းမှိုခဲ့တာမဟုတ်ဘူး၊ ယောက္ခမဆို ကြည့်လို့ကို
လို့ မိမရှိ ဖမရှိ တစ်ကောင်ကြွက်ကို ရွေးယူခဲ့တာ၊ အဲဒီယောကျ်ားကိုလဲ
ထဲကမတွေ့တော့လို့ လုံးဝကို အနားကပ်မခံခဲ့တာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"မာမီရယ်..."

ရင့် ရဲ့ရယ်သံက မိခင်ဖြစ်သူကို သဘောကျ၍ ချစ်စနိုးရယ်သံဖြစ်၏။

"မဟုတ်လို့လား သမီး၊ ညည်းတို့အသိပဲ၊ လူတွေအမြင်မှာ ဒေါ်မမ
နဲ့ ဦးမြတ်သူက လင်မယားပဲ၊ ဒါပေမယ့် သူလဲ တခြားနေတယ်၊ မာမီ
လဲ ဂရုမစိုက်ဘူး၊ နောက်အိမ်ထောင်ပြုလိုက်ရင်တော့ အသက်ချင်းလဲ
မယ်လို့ အပြတ်ကြေညာထားတာ၊ အဲဒါလဲ သူ့ကို ဆုံးရှုံးမခံနိုင်လို့
ဟုတ်ဘူးဆိုတာ သူ သိတယ်၊ ငါမွေးထားတဲ့ သားသမီးတွေရဲ့ ဂုဏ်
ကြောင့် သူ့ကို ကွာရှင်းပေးလိုက်တာလဲမဟုတ်ဘူး၊ ဘယ်သူမှလဲ
ထောင်သစ်မထူဘူး၊ သူနဲ့ မာမီ ဒါကိုတော့ အလေးအနက်ထားပါ
ယ်၊ ဒါကြောင့် ဒီနေ့ထိ မာမီတို့မိသားစုအတွင်းရေးကို ဘယ်သူမှ
ချာသတိမထားမိတာပေါ့"

"ဒါဆို ညီ့ကျတော့ကော ..."

ညီ ဒီလိုမေးဖို့တော့ သတ်တရဖြစ်ခဲ့၏။ ပြီးတော့ မာမီ ပြုံးစုမှာကို
သွားပြီး လွှတ်ခနဲမေးလိုက်မိတာလည်းဖြစ်သည်။

"ဘာဖြစ်တယ် သားထွေး"

မာမီ ပြန်မေးတော့မှ မထူးစိတ်ပိုက်ပြီး ညီ့ မျက်လွှာချပစ်ကာ ...

"အနှစ်နဲ့ညီ တကယ်လို့ကွဲသွားကြရင် ..."

"အမယ်လေး ဝမ်းသာစရာအကောင်းဆုံးပေါ့ကွယ်၊ မာမီ့သားကို
ပျော်အောင်ထားနိုင်တယ်။ တကယ်လို့ သားက ဒီလိုမနေနိုင်ဘူး
င်တောင်မှ အများကြီး တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက် ရှာ
ရှာပေးစားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အနှစ်ကိုတော့ ဘာဖြစ်လို့လဲ မာမီ၊ အနှစ်ကို ညီကိုယ်တိုင် ချစ်လို့

"အငယ်လေးရယ် ချစ်တဲ့စကား မင်း မပြောစမ်းပါနဲ့၊ အချစ်နဲ့ စိ ကစားခြင်းကို မင်း သေချာမခံစားတတ်သေးဘဲ မိန်းမကောက်ယူ လိုက်တာပါ၊ အချစ်မပါလို့ ခု မင်း စိတ်မချမ်းမသာဖြစ်နေရပြီမဟုတ်လာ အဲဒါ မှတ်ထား၊ ဒုက္ခကို လက်မခံနိုင်တာဟာ မချစ်လို့ဘဲ"

"မဟုတ်ဘူး ညီက ..."

"ဘာလို့မဟုတ်ရမှာလဲ၊ တော်ပြီ သားတွေး မပြောနဲ့တော့၊ မင် သိချင်တာကို မာမီ ဖြေမယ်၊ အနှစ်နဲ့ကျမှ သဘောမတူဘူးဆိုတာ အ ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မိုးသားရောင်ရဲ့ညီမ ဖြစ်နေလို့"

"အဲဒါ ဘာဆိုင်လို့လဲ မာမီ"

"ဒါတွေ သားတွေး နားမလည်ဘူး၊ နောက်တစ်ခုက မင်းရဲ့ အစ်မလ ကို အမြဲတမ်း ကြိတ်မနိုင်ခဲမရဖြစ်နေတဲ့ ပိုပို ဆိုတဲ့မိန်းမရဲ့ သမီး ဖြစ်နေ မာမီက ကိုယ် အမြဲနိုင်နေရတဲ့သူက ပြန်လှန်လာမှာကို လုံးဝ လက်မခံ တဲ့မိန်းမ၊ အဲဒါကြောင့် သင်းရဲ့သမီးကို အိမ်မှာ နိုင်းထားတာလေ၊ သူ့အ ကို သွားပြီးနေ့စပ်ကြောင်းလမ်းဖို့ လုံးဝ စိတ်မကူးဘူး၊ မြန်မြန်နာပြီး မြ မြန်ထွက်သွားဖို့ လမ်းဖွင့်ပေးထားတဲ့သဘော"

အနှစ် နောက်ကြောင်းကို ပြန်လှည့်လိုက်သည်။ ဝေ့လည်သည့် မျ ရည်သည် ပါးထက်သို့ မခဲ့ဘဲ မဲ့ပြုံးတစ်ချက်ဖြင့် အေးခဲသွားခဲ့၏။ အသက်ကြီးပေမယ့် မသိသေးတာရှိသေးတယ် ဒေါ်မမခက်။

လောကမံ ခုံရုံးက ဘယ်တော့မှ တစ်ဖက်သတ်အနိုင်ပေးပြီး စီ ချက်မချဘူး။

ဆဆဆ ဆဆဆ ဆဆဆ





အခန်း (၂၇)

"ညီ"

အနှစ် ဝင်လာကတည်းက သနပ်ခါးနံ့သင်းသောဆပ်ပြာမွှေးနံ့ကို သူ နေတာဖြစ်သည်။ ဒါပေမယ့် မျက်လုံးဖွင့်မကြည့်ဘဲနေလိုက်၏။ မွှေ့ရာ ာ သိမ့်ခနဲအိဆင်းသွားပြီး သူ့ဘေးမှာ ကပ်ခေါ် လိုက်မှ ညီ မျက်လုံး ွင့်၏။

အနှစ်က အဝါရောင် ညဝတ်အင်္ကျီပွပွလေးနှင့် ဆံပင်တိုလေးကို တစ်ဖက်မှာ သိမ်းညှပ်ထားလျက် သူ့မျက်နှာပေါ် မှ စီးမိုးကြည့်နေသည်။

"ညီ မအိပ်သေးဘူးမဟုတ်လားဟင်၊ နေမကောင်းဘူးလား။ အဖျား ရှိတော့ဘူးဆို"

မေးခွန်းသုံးခုက ဆက်တိုက်။ ခဏကြည့်နေပြီးမှ ညီ ဘာမှမဖြေဘဲ ကြည့်နေတော့ လည်ပင်းကြားထဲကို လက်ဖဝါးလေးသွင်း၍စမ်းကြည့်၏။

"ချွေးတွေထွက်နေတာပဲ၊ အင်္ကျီလဲရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



အနှစ် ချက်ချင်းပြန်ထပြီး ညီအတွက် အပြာရောင် ညဝတ်အကျႌ ယူပေး၏။

"ညီ ထလေ ရော့"

အနှစ်က သူ ထထိုင်လိုက်မှ အကျႌချွတ်တာကို ဝင်ကူသည်။ အ လဲလိုက်ပြီးမှ ...

"ဘောင်းဘီဝတ်ထားတယ်မဟုတ်လား၊ ချွတ်လိုက်လေ၊ အနှစ် ဘက်လှည့်နေပေးမယ်"

ညီက ခေါင်းခါ၍ ...

"ရပါတယ်၊ ခုနကမှ လဲထားကာ၊ အကျႌကတော့ ရင်ဘတ်က အ ဟပ်ပြီး ချွေးစိုနေတာဖြစ်မှာပါ"

ညီက အကျႌကိုစွတ်ချ၍ ခါးစည်းကြိုးကို ငုံ့ပတ်ရင်းပြောသည်။

"ရင်ဘတ်ကပူနေတယ် ဟုတ်လား၊ ကိုယ်ပူပြန်တက်တာလား"

အနှစ်က ဘေးမှာဝင်ထိုင်ကာ ရင်ဘတ်ထဲကို လက်သွင်းလိုက်သ ညီက အနှစ် လက်ဖဝါးလေးကို ဖိကပ်ထားလိုက်သည်။

"အနှစ်"

အနှစ် လက်ကိုပြန်နုတ်တော့ ညီက ဖိဆုပ်ထားလိုက်ကာ ...

"ညီ့ကို တကယ်စိုးရိမ်နေတာလား၊ မကောင်းတတ်လို့လားဟင်"

"မကောင်းကတတ်လို့ ဟုတ်လား။ လင်နဲ့မယားကြားမှာ မကောင်း တတ်လို့ဆိုတဲ့ အနေအထားမျိုး ရှိလို့လား"

"ရှိတယ်၊ အနှစ်ဆီက အဲဒီလိုမေးလာတာလေးကို ညီက အသေခံ စောင့်နားထောင်ချင်တာလေ၊ အဲဒါကိုသိလို့ မနေသာဘဲ ..."

"ညီရယ်"

"မရဘူးကွာ"

"အို ..."





အနှစ်က လက်ကိုပြန်ရုန်းပြီး ဘေးမှာထိုင်လိုက်ဖို့ဖြစ်၏။ ညီက အနှစ် ပခုံးလေးနှစ်ဖက်ကိုပါ ဆွဲယူပြီး ရင်ခွင်ထဲမှာ ထည့်သည်။ အနှစ် မျက်နှာအောက်မှာ ပက်လက်ကလေး ယိုင်ကျလာမှ ...

"အနှစ်ကို ညီ ချစ်တယ်၊ ညီ့ကို ထပ်ပြီး မစိမ်းကားပါနဲ့တော့ အနှစ် ယ်၊ နောက်ထပ် အကြာကြီး ဒီလိုအထီးကျန်ဆန်နေရမယ်ဆိုရင် ညီ သွားနိုင်တယ်"

အနမ်းတွေက တမ်းတမွတ်သိပ်မှုများဖြင့် ကြာရှည်စွာ ဖြစ်ခဲ့၏။ အနှစ် ရှုန်းဖယ်လူးလွန့်ရင်းနဲ့ပဲ မွေ့ရာနုနုထက်သို့ သူနဲ့အတူ စီးမျော သွားခဲ့သည်။

"ညီရယ် ... အနှစ်...အနှစ်... ဟို... ခဏလေး..."

အနှစ် သူ့မျက်နှာကို လက်ဖဝါးလေးနှစ်ဖက်နှင့် အသာလေးတွန်း မိကာ ...

"အနှစ်လေ ..."

တစ်ခုခုပြောမလို့ အားယူနေရင်း သူ့မျက်နှာကိုမော့ငေးလျက် ည်တွေ ပြည့်တက်လာ၏။

"ဘာဖြစ်လို့လဲ အနှစ်ရယ်၊ ညီ အနားကပ်မိတိုင်း ဘာဖြစ်လို့ငိုရတာ ညီ့ကို မချစ်ဘဲလက်ထပ်ခဲ့ရလို့ ကြေကွဲနေတာလား"

"ဟင့်အင်း"

သူမ ခေါင်းခါပြန်ပါသည်။

ပြီးတော့ ညီ့လည်ပင်းဆီသို့ လက်ဖဝါးလေးတွေ ဆင်းကျသွားကာ သုတယပွတ်သပ်နေ၍ ...

"ညီ့ကို အနှစ် ..."

"ပြောပါ ပြောပါ အနှစ်ရယ်၊ ညီက အနှစ် ဘာပြောပြော စိတ်မဆိုးနိုင် ကောင်းပါ"

www.burmeseclassic.com



အနှစ်၏နားသပ်စပ်ဆံစလေးဓိတွေထဲကို မျက်ရည်ကြောင်းေ ဖြတ်ဆင်းသွားတော့ ညီက မျက်နှာငုံ့ကာ သူ့ပါးနှင့် ပွတ်တိုက်ဖျက်ပင်

အနှစ်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လာလျက် ခပ်ဖိဖိေ ကိုက်သည်၊ ပြီးတော့ ညီ့လည်တိုင်နဲ့မေးရိုးနားကို သူမ၏နှုတ်ခမ်းသ လေးများနှင့် တိုးတိုက်ပစ်၍ ...

"အနှစ် မချစ်လို့မဟုတ်ပါဘူး ညီရယ်၊ မချစ်မိအောင်ကြိုးစားနေတာ

"ဘာ ..."

"အနှစ် ညီ့ကိုမချစ်မှဖြစ်မှာ၊ ညီက ယုယတာ၊ ညီ့ကို အနှစ်က ယု ဖို့၊ ဒီလို ထိတွေ့သာယာချင်တဲ့ဆန္ဒတွေကို တောင့်တလာမိမှာ အန ကြောက်တယ်၊ အစကတည်းက အနှစ်က မလိမ္မာခဲ့ဘူး ညီ၊ မာန တယ်၊ စိတ်ဆတ်တယ်၊ ပြောစရာရှိရင် ရိုင်းလဲရိုင်းတယ်၊ အခု... အခု စိတ် ဒီမာနတွေကို ညီနဲ့လက်ထပ်ခဲ့ပြီးမှ အားလုံးကို မြှောင်းထဲလွှင့် ခဲ့ရတယ်"

"ဟုတ်ပါတယ်၊ အဲဒါ ညီ စခဲ့တဲ့ခြေလှမ်းတွေပါ၊ ညီ့ကို အနှစ် ဒီ အပြစ်ပေးခဲ့တာ လွန်တော့မလွန်ပါဘူး"

"ဟင့်အင်း၊ အပြစ်ပေးတာမဟုတ်ပါဘူး၊ ညီ့ကို ထပ်ပြီး ဆုံးရှုံးလို ရမှာစိုးလို့ပါ"

ဟုတ်ရဲ့လား အနှစ် ဆိုသည့် မေးခွန်းနှင့် စူးစိုက်ငုံ့မိုးကြည့်နေသေ ညီ့မျက်ဝန်းများ ခယုံနိုင်စွာဖြစ်၏။ ဒါပေမယ့် မယုံလို့လည်းမရပါ၊ အန မာနကြီးတာ၊ ပွင့်လင်းတာ အားလုံး သူသိသည်။

ဒီအိမ်ကျမှ ဘာမဆို မျိုသိပ်၍ မျက်ရည်ကျတတ်ခဲ့တာလည်း ဖြ နေခဲ့ရ၏။

"အနှစ် မရည်ရွယ်ဘဲနဲ့ လက်ထပ်ခဲ့ရတယ်၊ ဒါပေမယ့် ဒါဟာ ဘ ကြမ္မာရဲ့ မှားယွင်းမှုမဟုတ်ဘဲ အနှစ်ရဲ့ကိုယ်ကျင့်သိက္ခာဖောက်ပြန်





ဖြစ်ခဲ့ရတယ်၊ အဲဒါကလဲ ညီ့အပြစ်မဟုတ်ပါဘူး၊ အနှစ်က ခေါင်းညိတ်ခဲ့တာ၊ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ပြီးတဲ့နောက်မှာ တစ်ယောက်တည်း မှားယွင်းတာလို့ ပြောလို့ဖြစ်မလား"

"မာမီတို့ ပြောဆိုနေကြတာတွေအတွက် ညီ တောင်းပန်ပါတယ် အနှစ်ရယ်။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်လို့ မပြောရဲပေမယ့် အနှစ်ဘက်က သည်းခံခဲ့တာကို ညီ သိတယ်"

ညီက အနှစ်ကိုယ်လေးပေါ်မှာ စီးမိုးထားရင်း ပျော့နွဲ့သော ဆံစ လေးတွေကို သပ်တင်ပေးသည်။ ဖျဉ်းပြင်လေးကို ယုယစွာ ပွတ်သပ်ရင်း ငုံ့နမ်း၏။ အနှစ်က သူ့လည်တိုင်ကို ပြန်ဖက်ထား၍ ငေးကြည့်နေကာ..

"အဲဒါ ကို ရှင်းရှင်းဝန်ခံရရင် အနှစ် နောက်ထပ်မမှားချင်လို့၊ စိတ် လိုက်မာန်ပါ အနှစ် လုပ်သွားခဲ့ရင် ပထမ အနှစ်ပဲ ပန်းကောင်းအညွန့်ကျိုး ဖြစ်မယ်၊ မိဘစကားကိုပဲ မြေဝယ်မကျ နားထောင်တတ်တဲ့ညီက အနှစ် နောက်ကိုပါလာမှာမဟုတ်ဘူး၊ အဲဒီတော့ အိမ်ထောင်ရေးပြိုကွဲရမှာက ဒုတိယ"

"အနှစ်ရယ် ညီ အဲဒီလို တစ်ဖက်သတ်လိုက်နေပေးသလိုဖြစ်နေပြီ လား။ မာမီပဲမှန်တယ်လို့ ညီ သတ်မှတ်ထားတာတော့မဟုတ်ပါဘူး ဒါပေ မယ့် မိဘမေတ္တာဘက်ကတော့ မှန်တယ်လို့ထင်တယ်၊ ပြီးတော့ တစ်သက် လုံးက ဟင့်အင်းလို့ ခေါင်းမခါခဲ့ဖူးတဲ့ ဒီအမေရဲ့စကားကို တွန်းလှန် ပြန် ပြောဖို့ ညီ့မှာ အင်အားမဲ့နေတယ်၊ ရှေ့က အစ်ကိုအစ်မတွေရဲ့ အစဉ် အလာကိုက နာခံခဲ့ကြတာ"

"ဟုတ်ပါတယ် ညီ မှန်ပါတယ်၊ ဒါပေမယ့် ညီရယ် သားသမီးသုံး ယောက် မွေးထားတာချင်းအတူတူပါပဲ၊ ညီ့မာမီရဲ့ ပိုင်နိုင်တဲ့အပြုံးငွေ့ စကားတွေကို သည်းခံနိုင်တာက တစ်ဖက်၊ ငါ့အရှုံမကျတော့ ငါတို့ ကြောင့် မျက်နှာငယ်နေရပါလားဆိုပြီး ဒီအသံ အပြုံးတွေမြင်တိုင်း ကြား



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ကြေကွဲခဲ့ရတယ်၊ အရှမ်းခံစားရတယ်။ ညီ့မာမီကို မိဘချင်း ကိုယ်ချင်းမစာဘူးလို့ အနှစ် မပြောချင်ပါဘူး၊ ဒါပေမယ့် ညီ့ရဲ့စာနာမှုကိုတော့ အနှစ် မျှော်လင့်မိတာ အမှန်ပဲ"

"ဟင် ..."

ညီက မျက်မှောင်ကြုတ်လျက် နားစိုက်ထောင်နေ၏။ အနှစ် ပြောနေတာကို သိပေမယ့် နားမလည်။

"ညီ့ရဲ့ မာမီကို မိဘမေတ္တာအနေနဲ့ မှန်တယ်လို့ ညီကထင်သလိုပေါ့ ဆိုးသည်၊ ကောင်းသည် ဘာမှမပြောခဲ့ဘဲ သူ့ဒေါသနဲ့သူ မျိုသိပ်နေပေးခဲ့တဲ့ မေမေ့ကိုကျတော့ အနှစ် အနေအထိုင်မှားခဲ့လို့ နေ့ရှိသမျှ စော်ကားခံနေရတယ်"

"အဲဒါ ..."

"ညီ့မာမီကို အနှစ် မပြောပါဘူး၊ ငါမှားခဲ့လို့လို့ပဲ ခံယူခဲ့တာ၊ ညီလိုပဲ အနှစ် မေမေ့အပေါ်မှာ သမီးလိမ္မာဖြစ်ချင်မိတာမျိုးပေါ့၊ သားလိမ္မာ တစ်ယောက်ဟာ ဘယ်တော့မှ လင်ကောင်းတစ်ယောက်မဖြစ်ဘူးဆိုတာ တကယ်အမှန်ပဲလားဟင်"

အနှစ်က ပြောနေရင်း ဖြူနုံးခနဲ မျက်ခုံးလေးပင့်၍ သူ့ကိုမေး၏။

"ညီ့ရဲ့မာမီပြောတာလေ၊ ညီ တစ်သက်လုံးပဲ ဒီတိုင်းနေသွားမယ်ဆိုရင် အနှစ်အတွက် ဘယ်တော့မှ ဘာမှဖြစ်မလာတော့ဘူးလို့ ယူဆလိုက်ရမှာပေါ့ ဟုတ်လား ညီ"

ညီ ဘာပြောရမှန်းမသိ။ အနှစ်ရဲ့ ပခုံးလေးနှစ်ဖက်မှာ တင်ထားသည့် လက်တွေကို ပြန်ရုပ်ပြီး ဘေးမှာ ဝင်လှဲလိုက်မိ၏။ ပြီးတော့ အနှစ်၏ ခါးလေးကို သိမ်းဖက်လိုက်ကာ ...

"ကိုကိုတို့၊ မလတ်တို့လို တစ်အိုးတစ်အိမ်ထောင်ခွဲခွင့်ရအောင် ညီ တဖြည်းဖြည်းတော့ ပြောယူမှာပါ။ အဲဒါကို အနှစ်က ..."





"အဲဒီအချိန်ထိ အနှစ်က သည်းခံပေးပါလို့ ပြောမလို့လား ညီ"

"အခြေအနေတစ်ခုကနေ တစ်ခုကို ပြောင်းဖို့ဆိုတာ ..."

"ညီရယ် အနှစ်ရဲ့ဘဝကျတော့ မနက်နဲ့ည အပြောင်းအလဲလေးမှာပဲ ညီ့မာမီရဲ့ ခြေဖဝါးအောက်ကို ကျွမ်းထိုးဆင်းပေးခဲ့ရတာပါ၊ ညီ့ဘက်က ပြောင်းလဲပေးဖို့ကျတော့ မလွယ်ဘူးတဲ့လား"

"မဟုတ်ဘူး အနှစ်၊ ညီ့စိတ်ထဲမှာ အဲဒီလို တစ်ဖက်သတ်တွေးပြီး ပြောခဲ့တာမဟုတ်ဘူး"

"ထားလိုက်ပါတော့"

အနှစ်က မေးဖျားလေးပင့်၍ ခေါင်းညိတ်ကာ ညီ့လက်ကို ဖယ်ချပစ်လိုက်၏။ ညီက ပခုံးတစ်ဖက်ကို ပြန်ဖက်၏။ အနှစ် အသာလေးတွန်းချပစ်၍ ...

"အစက စကားကို ပြန်ကောက်ရအောင် ညီ၊ အနှစ်တို့ ရည်ရွယ်ချက်တွေ မပြည့်ကြမချင်း တစ်ယောက်နဲ့တစ်ယောက် ဝေးကွာရမယ့်အဖြစ်မျိုးကိုမရောက်အောင် ဆင်ခြင်ကြရမယ်။ အနှစ်ကို မစိမ်းကားပါနဲ့ မရက်စက်ပါနဲ့ဆိုတဲ့စကားတွေလဲ ညီ မပြောပါနဲ့နော်၊ အနှစ်က ညီ့ကို ဆုံးရှုံးခံနိုင်လို့ တမင်တကာ စိမ်းစိမ်းနေနေရတာပါ"

"ဘယ်လို...၊ ဘာပြောလိုက်တယ် အနှစ်၊ ညီတို့ နှိုင်းမြှိုကြဖို့က ချစ်နေကြဖို့ အဓိကမဟုတ်ဘူးလား"

"ချစ်နေတာကို မကြိုက်တဲ့သူက ညီ့ရဲ့မာမီလေ၊ လင်မယားမို့ ညဘက် အတူတူပေးသိပ်ရတာတောင်မှ တူတန်တယ်လို့ထင်တာမဟုတ်ဘူး၊ ညီကလဲ သူ့ကို ငြင်းဆန်အာခံဝံ့တာမဟုတ်ဘဲ အနှစ်က သူမကြိုက်တာလုပ်မိရင် ဒီအိမ်မှာ ဘယ်လိုလုပ်နေနိုင်တော့မှာလဲ"

"ကျွတ် ..."

ဘာမှလည်းပြန်မပြောနိုင်၊ ဘယ်ထိထိ ဖယ်ချပစ်နေပြန်သည့် အနှစ်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးလေးကို ဆတ်ခနဲဖမ်းဆုပ်ပစ်လိုက်ရင်း ညီ စိတ်ပျက်စွာ ညည်းမိ၏။

"ညီ့ရင်ခွင်ထဲမှာ ဒီလိုနေချင်လာရင် ညီ့ဘေးမှာ အချိန်မရွေးရှိနေခွင့်လိုချင်လာရင် အနှစ် ရင်ဆိုင်ရမယ့်အန္တရာယ်ကို ညီ စာနာပေးပါ"

"မဟုတ်သေးပါဘူး အနှစ်ရယ်၊ ညီတို့က လင်မယားပဲ။ ဘယ်သူတားတား၊ ဘယ်သူဆူဆူ အပြစ်မတော်တာမရှိဘူး။ လင်မယားက လင်မယားပုံစံတော့ ဖြစ်နေမှာပဲမဟုတ်ဘူးလား၊ အဲဒီထိတော့မလိုပါဘူး"

"လိုတယ် ညီ၊ အနှစ်မှာလဲ အဲဒီလောက်တော့ မာနရှိသေးတယ်၊ 'ယောကျ်ားနားတကပ်ကပ်နဲ့'လို့ အပြောခံရလောက်အောင် အရှက်မရှိတဲ့ မိန်းမတော့ အဖြစ်မခံနိုင်ဘူး၊ အနှစ် နေတတ်အောင်နေမယ်၊ သည်းခံနေနိုင်သမျှခံမယ်၊ ညီလဲ နားလည်ပေးပါ"

"အဲဒါ လုံးဝကိုမလွယ်တာပဲ အနှစ်ရာ၊ ကိုယ့်မိန်းမကိုမြင်နေရပြီး ကြင်နာယုယခွင့်မှမရရင် ညီ ရူးပြီ"

အနှစ်က ညီ ဆုပ်ကိုင်ထားသည့်လက်ကို ရုန်းမရသဖြင့် ငုတ်တုတ်လေးထိုင်လိုက်၏။ နှုတ်ခမ်းမှာ လျှောရဲ့သောအပြုံးလေးတင်လျက် ပြန်၍ကြည့်ကာ ...

"မရူးနိုင်ပါဘူး ညီ၊ ညီ မရူးအောင် ညီ့ရဲ့မာမီက နွေးထွေးလုံခြုံစေနိုင်မှာပါ။ အနှစ်ကတော့ ကိုယ့်ခြေထောက်ကိုနိုင်အောင် ကိုယ်တိုင် တစ်ယောက်တည်း ကြိုးစားရမှာ၊ ညီနဲ့ အနှစ်တို့ရဲ့ နှစ်ယောက်တစ်ဘဝဆိုတဲ့ အိုးအိမ်စစ်လေးတစ်ခု တည်ဆောက်နိုင်ကြတဲ့အချိန်ထိတော့ သည်းခံကြမှဖြစ်မှာပဲ"

"ဘာလဲ နေ့ကော၊ ညကော ညီ့ကိုရှောင်ရှားပြီး မာမီ့အလိုကျပါဆိုတဲ့ ခေါင်းစဉ် တပ်ထားမလို့လား"

"တပ်ရမှာပဲလေ၊ ညီချစ်တဲ့သူကို အနှစ် ချစ်နိုင်အောင်ကြိုးစားရမှာ





ပေါ့။ ညီတောင်မှ နာခံနိုင်တယ်ဆိုရင် အနှစ်က သူ့သဘောကို မနာခံလို့ ရမလား၊ တစ်ခုကိုလိုချင်ရင် တစ်ခုကို စွန့်ရမှာပဲ၊ ဒါ ညီနဲ့ အနှစ်တို့ အတွက် နောင်တစ်ချိန်အေးချမ်းဖို့ ..."

"ဟာ ..."

ညီက အနှစ်လိုပဲ ငုတ်တုတ်ထထိုင်လိုက်ပြီး နဖူးကနေ ဆံပင်တွေထဲ လက်ထိုးဖွ၏။

"အကြောင်းပြချက်ကတော့ တကယ်ပွတ်ဒီတယ်ကွာ၊ မင်း သိပ်စကားတတ်တာပဲ အနှစ်"

အနှစ်က ဆတ်ခနဲလှည့်ကြည့်ပြီး မဲ့မဲ့လေးပြုံး၏။

"ဪ... ညီက အနှစ်ကို 'မင်း'တွေဘာတွေနဲ့ ဖြစ်သွားပြီလား"

ပြော၍ မေးဖျားလေးပင့်ပြီး မျက်တောင်တွေ တဖျပ်ဖျပ်ခတ်သည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေနေရာယူနေပြီဖြစ်၏။ ညီ မျက်နှာပျက်သွားသည်။

"ဆောရီး"

ညီက အနှစ်တစ်ကိုယ်လုံးကို အရုပ်လေးတစ်ရုပ်လို ဆွဲပွေ့ပြီး တင်းကျပ်နေအောင်ဖက်ထားလိုက်၏။

"အရိုက်ကိုထိသွားလို့ပါ၊ အနှစ် ရှောင်ဖယ်ဖယ်လုပ်နေတဲ့ကာလကြီးကို ညီ ကြောက်တယ်၊ အဲဒါကို လုံးဝ သည်းမခံနိုင်ဘူးကွာ၊ မင်း ညီ့နားမှာပဲ ရှိနေမှဖြစ်မှာ"

သူ အနှစ်၏ လည်တိုင်ဖွေးဖွေးနုနုမှာ တိုးတိုက်နမ်း၏။ ပြီးတော့ မေးဖျားလေးကို နမ်းကာ ...

"သိပ်ချစ်တယ်၊ ညီလေ အနှစ် စိတ်ချမ်းသာအောင်ကြိုးစားမယ်။ ချစ်နေလျက်နဲ့ စိမ်းစိမ်းမနေနိုင်ဘူး၊ ညီ့ဘက်က မတရားတောင်းဆိုလိုက်သလိုဖြစ်သွားတာကို ပြန်ရုပ်သိမ်းပါတယ်၊ ညီ့ကို ခွဲမထားနဲ့နော်"



www.burmeseclassic.com

အနှစ်ကိုယ်လေးကို နောက်ထပ်တစ်ကြိမ် သူ ပွေ့ပိုက်လှဲသိပ်လိုက်သည့်အခါ တကယ်နွေးထွေးသောအနမ်းများက အဓိပ္ပာယ်ရှိလာခဲ့၏။

"မင်းအတွက် ကိုယ် ဖြစ်စေပါ့မယ်"တဲ့။

အနှစ် မျက်ဝန်းလေးတွေပိတ်ယှက်ရင်း နှုတ်ခမ်းတွေမှာ ပြုံးရိပ်ထင်၏။

လိုချင်ခဲ့တာ ဒီကတိစကားပဲဖြစ်လေသည်။ သည်းခံမှုတိုင်းမှာ ရယူမှုဆိုတာရှိတယ် ဒေါ်မမခက် ...။

သဘာဝတရားကို ရှင် မပိုင်ပါဘူး ...။





အခန်း (၂၈)

"သားထွေး ... စားလေ"

ဟင်းတွေက စုံသည်။ စုံသလောက် တစ်မည်ကို နည်းနည်းစီ ခပ်ထည့်ပေးထားတာလည်း ပန်းကန်ထဲမှာ ထမင်းကို မမြင်ရတော့ပေ။ ဒါသည်း ပါးစပ်ထဲမထည့်သေးဘဲ မွှေနှောက်နေဆဲမို့ ဒေါ်မမခက်က ညီမျက်နှာကို ငုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ သားထွေးရဲ့၊ နေမကောင်းလို့လား၊ ပါးစပ်ပျက်နေလို့လားဟင်"

ညီက ခေါင်းခါ၍ ထမင်းနှင့်ဟင်းကို မွှေနေရင်းမှ ပါးစပ်ထဲထည့်တော့လို့ပြင်သည်။ ပြင်ပြီးမှ ခပ်ဆိုင်းဆိုင်းနှင့် ပြန်ချပြီး ရောမွှေပြန်သည်။

"စားချင်စိတ်မရှိဘူးလား၊ နည်းနည်းစားကြည့်ပါဦး သားထွေးရယ်၊ အလန့်ထစမို့လို့ ဖြစ်မှာပါ။ ထမင်းမစားချင်ရင် မာမီ ဘာလုပ်ပေးရမလဲ"

"ဘာမှမလုပ်နဲ့၊ အဲဒါ လုစားမယ့်သူမရှိလို့၊ နိုင်နိုင် ဝင်လုစားမယ်"

"ဟော သမီး နိုင်နိုင်"

နိုင်နိုင်က လွယ်လာသည့်အိတ်ကို ထမင်းစားပွဲပေါ်မှာပဲ တင်လိုက်ပြီး အကွာအဝေးညီညီချထားသည့်ခုံကို ညီ့ဘေးမှာကပ်အောင် ဆွဲယူလိုက်၏။

"ဘယ်လိုလဲ ကျွေးမှာလား"

ဟုမေး၍ လက်က ညီ ကိုင်ထားသည့်ဇွန်းကို ဆွဲယူလိုက်ပြီဖြစ်၏။ ဒေါ်မမခက်က တဟင်းဟင်းရယ်ပြီး သဘောတွေကျနေ၏။ ဘေစင်မှာ အနှစ် ပန်းကန်ဆေးနေတာကို ငေ့ခနဲလှမ်းကြည့်ကာ ...

"အမယ်လေးကွယ် ခုမှ ပန်းကန်တစ်ချပ်ကို နှစ်ယောက်အတူစားဆိုတာမျိုး တကယ်လာမြင်နေရတယ်"

ညီ အနှစ်ကို ဖျတ်ခနဲ လှမ်းကြည့်၏။ မျက်လုံးချင်းမဆုံလိုက်သော်လည်း အနှစ် ဒီဘက်ကိုလှမ်းကြည့်လိုက်မှန်း သူ သိလိုက်သည်။ နိုင်နိုင်က တကယ်ပဲ သူ့ပန်းကန်ထဲကပဲ တရင်းတနှီး ဝင်စားနေသည်။

ဟိုတုန်းကဆို နိုင်နိုင်နဲ့သူ ပြုံးပြ ရယ်ပြတာတောင် မာမီ မကြိုက်ခဲ့ပေ။ ဒါကိုပဲ နိုင်နိုင်က ဖွတ်ခေါ်၊ ဖွတ်ပဲရင်းနှီးခဲ့၏။ 'မိန်းကလေးကိုက အနေအထိုင်မတတ်တာ'ဟုပြောပြီး မာမီ ဒေါသတွေဖြစ်နေခဲ့တာ မှတ်မိသေးသည်။

ခုကျမှ ဟိုက မလာတာတောင် လှမ်းခေါ်ခဲ့သည်။ အိမ်မှာ ဘာဖြစ်ဖြစ် လှမ်းဖိတ်သည်။ မုန့်တစ်ခုခုလုပ်စားကြတာကအစ သားနဲ့သမီးကို ဖုန်းဆက်ခေါ်လျှင် နိုင်နိုင်နဲ့ ဆုတို့ကိုလည်း ခေါ်၏။ ဒီမှာ ဝိုင်းမိကြတော့ ကိုကို့ကို ဆုက သူငယ်ချင်းလိုလို၊ ဟိုတုန်းကပဲ ဘယ်လောက်ထိ ရင်းနှီးခဲ့ကြသလိုလို ပုတ်ခတ်ဆက်ဆံပုံက မမဖြူ ပါလာသည့်အခါကျတော့ မျက်နှာပူဖို့ကောင်း၏။

နိုင်နိုင်ကတော့ သူ့ကို ဟိုတုန်းကတည်းက ဒီလိုပါပဲ။ ခုချိန်မှာ မာမီ ကိုယ်တိုင် ခေါ်ပါ၊ ပြောပါ ဖြစ်နေသဖြင့် ပိုဆိုးသည်။ သူ အနှစ်ကိုပဲ လှမ်း





ကြည့်နေမိရင်း ထမင်းဝိုင်းမှာ ထိုင်နေရခြင်းကို တော်တော်စိတ်ပျက်လာမိ၏။ ထိုစဉ် ...

"ချွမ်း"

"ဟင် ..."

"အမယ်လေး ကွဲပြီ"

"အနှစ်"

ဖန်ခွက်က နှစ်လုံးအထပ်လိုက်ကျကွဲသွားသဖြင့် ကြမ်းပြင်မှာ မွစာကြသွား၏။ အနှစ် ဒီဘက်ကို မျက်နှာငယ်ငယ်လေးနှင့် ဖျတ်ခနဲငဲ့ကြည့်ကာ ဆစ်တုပ်လေးထိုင်ချလိုက်သည်။

"ကောက် ကောက်၊ ကြီးတဲ့ကွဲစတွေ အကုန်ကောက်စုလိုက်၊ ငါ့နှယ် နော် ပစ္စည်းကုန်တာ အရေးမကြီးဘူး၊ ဒီဖန်ကွဲစတွေ လှဲဖို့ကို ကော်ဇောကို သိမ်းရဦးမယ်။ ဒီလောက်ပန်းကန်ခွက်ယောက်လေးဆေးတာများ ငါ့ချွေးမ နဲ့မပီသလိုက်ပုံ အဲဒါသာကြည့်ကြတော့၊ ဟွန့် မပြောလိုက်ချင်ဘူး"

ဖန်ကွဲစ ဝင်းဝင်းလက်လက်ကြီးကို လှမ်းကိုင်လိုက်သည့် အနှစ်လက်ကလေးကို မြင်သည်နှင့် ရင်ထဲမှာ ဟာခနဲဖြစ်ကာ ညီ ထရပ်လိုက်၏။

"မကိုင်နဲ့ အနှစ်၊ မကိုင်လိုက်နဲ့"

"ဒုန်း"

"သားထွေး"

ညီက ခုံကို ခြေထောက်နဲ့ တိုက်ဖယ်ပစ်ကာ အနှစ်ဆီကို ပြေးသွား၏။ ဒေါ်မမခက်၏ခေါ်သံက အေးစက်စက်အမိန့်သံဖြစ်သော်လည်း ညီ့ခြေထောက်တွေက တုံ့ရပ်မသွားခဲ့ပေ။

"အနှစ်"

ညီ အနှစ်ဘေးကိုရောက်အောင် ပတ်ဝင်သွားပြီး လက်ကိုဆွဲထားလိုက်၏။

"ထားလိုက်တော့၊ မိသဲ တံမြက်စည်းနဲ့ လာသိမ်းလိမ့်မယ်"

"ရပါတယ် ညီရယ်၊ လက်ကိုမထိအောင် ကောက်ပါ့မယ်၊ ညီ ဖယ်နေပါ"

"ဟာ မကောက်ရဘူး၊ လက်နဲ့ကိုင်ရင် ရှကုန်မှာပေါ့၊ ထ... ထကွာ"

အနှစ်ကို ညီ ဆွဲခေါ်သွားသည်။ ဒေါ်မမခက် မျက်လုံးထဲမှာ တံလျှပ်တွေလို တလက်လက်ဖြစ်လာ၏။ ဒီကြားထဲ နိုင်နိုင့်ရယ်သံနှင့် စကားတွေကြောင့် အဖြစ်က ပိုဆိုးသွား၏။

"သူ့မိန်းမ ဘာမှမဖြစ်ဘဲနဲ့များ ပျာလောင်ကိုခတ်သွားတာပဲ၊ ဟွန်း လူကြည့်တော့ မတုန်မလှုပ်နဲ့ အန်တီမမရဲ့သားက သူ့မိန်းမကိုကျတော့ ရေပြင်ညီ မဟုတ်တော့သလိုပဲ"

ဒေါ်မမခက် မျက်လုံးတွေက စားပွဲပေါ်က ဟင်းတွေဆီရောက်သွား၏။ အချို၊ အချဉ်၊ အစပ် အားလုံး သားစိတ်တိုင်းမကျတာ မပါရအောင် သူမကိုယ်တိုင် စီမံပေးထားခဲ့သည်။

လူကိုရှဲ့နေသလိုလို၊ မျှသိပ်ကြဲစည်နေသလိုလိုနှင့် တစ်စက်ကလေးမှ ဂရုမစိုက်ခဲ့တဲ့မိန်းမကျတော့ ဒီလိုအရေးကြီးနေသတဲ့လား။

ရင်ထဲမှာ နင့်နေအောင်ခံစားလိုက်ရ၏။ ပြီးတော့ လူမသိအောင် အံကြိတ်နေရသည်။

မာမီ့ထက် ငါ့သားကို ဘယ်သူ ပိုချစ်နိုင်မှာလဲကွယ်။





## အခန်း (၂၉)

"မိန်းမ"

"ဟင်"

ထူးလိုက်ပြီးမှ အနှစ်က လှည့်ကြည့်ကာ ညီ့နဖူးကို လက်သီးဆုပ်နှင့်...၏။

"ဘာမိန်းမလဲ၊ ရှက်လဲမရှက်ဘူး"

ညီက အနှစ်လက်ကလေးကိုဆွဲထားလိုက်ပြီး ရယ်သည်။ ပြီးတော့ ...က်နှာငုံ့လာပြီး နှုတ်ခမ်းချင်းထိရုံလေးနမ်း၍ ...

"မိန်းမခေါ်တာ ဘာဖြစ်လဲ၊ ညီ တကယ် ခုမှ မိန်းမရတာ"

"သွားပါ"

"တကယ်ပြောတာ အနှစ်"

"ဟင်..."

"ညီ့ကိုချစ်လား"

အနှစ် အသံထွက်အောင်ရယ်လျက် ညီ့နှုတ်ခမ်းကို ခြေဖျားလေး ...ထောက်၍ ပြန်နမ်းသည်။

www.burmeseclassic.com



ပြီးတော့ ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်ကာ ...

"မသိဘူး၊ စဉ်းစားရဦးမယ်"

"ဘာ... ဘာပြောလိုက်တယ်"

အခန်းထဲကနေ အနှစ် ထွက်သွားတာကို အတင်းလိုက်ဆွဲသည်၊ တံခါးကိုလည်း ဆွဲပိတ်ထားလိုက်၏။

"အနှစ် မနောက်နဲ့ကွာ၊ လက်ထပ်ခဲ့ကြတာ ညီကြောင့်ဖြစ်သွားတာ အနှစ်ကို ဦး ပိုင်ဆိုင်ခဲ့ပေမယ့် ငါ့ကိုချစ်ရဲ့လားလို့ ခဏခဏ စိုးရိမ်တွေး တယ်"

"ညီကကော အနှစ်ကို ချစ်ခဲ့လို့လား၊ ဖုန်းဆက်ကြတာ၊ လမ်းမှာ ဖြစ်ကြတာ ဒါ ဆန်းလို့လား၊ အနှစ်က လက်ထပ်ဖို့ လွယ်လွယ်ခေါင်းညိတ် ခဲ့လို့သာ ..."

"အဲဒါ လုံးဝမှားတယ်၊ လုံးဝ မဟုတ်ဘူး။ ညီက အနှစ် ဖုန်းဆက်နေ ကတည်းက ချစ်နေခဲ့ရတာ၊ လမ်းမှာဆုံကြတာလဲ ဆုံဖြစ်တာမဟုတ်ဘူး တမင်လိုက်နေတာသိရဲ့လား။ မညစ်နဲ့ အနှစ်ရာ၊ ညီ ချစ်နေတာကို အနှ ခံစားမိနေမှာပါ၊ လက်ထပ်ဖြစ်သွားတာက အနှစ်ကို ညီပဲပိုင်ဆိုင်ထိုက်လို့ ပေါ့၊ တိုက်ဆိုင်တာတွေကြောင့်ပေမယ့် ညီ တမင်တကာရအောင်ယူခဲ့တာ ဖြေစမ်းပါကွာ၊ ဘယ်လောက်ချစ်လဲ"

"မသိပါဘူးလို့ဆို"

"အနှစ်"

"အား"

ညီ အနှစ်ကို အတင်းဆွဲဖက်ပစ်လိုက်သည်။ တကယ်ဖက်သည် တော့မလိုကြီးမို့ အနှစ် လန့်ဖျပ်အော်မိ၏။ ညီက အနှစ်ကို အသက်ရှူ ကျပ်လောက်အောင်ဖက်ထားကာ ...

"ဖြေနော်၊ မဖြေရင် ညီ့ကို အဆိုးမဆိုနဲ့"





နှုတ်ခမ်းနားမှာဝဲနေသည့် သူ့မျက်နှာကို အနှစ်က ပွတ်ကပ် ရှောင် တိမ်းနေလျက် ...

"နှစ်ယောက်တည်းနေတဲ့အခါကျမှ ဖြေမယ်"

"ဟာကွာ"

"ညီပဲ အနှစ်ကို စိတ်ချမ်းသာစေရမယ်ဆို"

"ပြဿနာပဲ၊ ခုချက်ချင်းပဲ လက်ဆွဲပြေးရတော့မလိုဖြစ်နေပြီ၊ သူလည်းကျတယ်ကွာ"

အနှစ်က ရှုံ့မဲ့ညည်းသည်။ ညီ့နှာခေါင်းချွန်ချွန်ကို လက်နဲ့ဆွဲညှစ်ပစ် လိုက်ပြီး ရယ်သည်။

"လင်မယားဖြစ်နေပြီ အဲဒါတွေ ထားခဲ့လိုက်တော့"

"ဘာပြောတယ်"

"ဒေါက် ဒေါက်"

တံခါးခေါက်သံက ရိုးရိုးမဟုတ်ဘဲ လက်ဖဝါးနဲ့ထုလိုက်တာဖြစ်၏။ နှစ်ယောက်စလုံး ရယ်သံတွေ တိခနဲတိတ်ကျသွားသည်။ အနှစ်ကတော့ ဘယ်သူဆိုတာကို ချက်ချင်းသိလိုက်သည်။

"သားတွေ ထွက်ခဲ့ဦး"

"ဗျာ မာမီ ညီ ရေချိုးမလို့"

"ရေလဲချိုးရမယ်၊ သား ကိုကို့ဆီလဲသွားရမယ်၊ နေ့လယ်က ပန်းရုံမှာ အန်းရိုက်ရင်းနဲ့ ခုံပေါ်ကပြုတ်ကျတာ လမ်းမလျှောက်နိုင်တော့ဘူးတဲ့၊ မာမီ သွားမလို့၊ သားတွေ လိုက်ခဲ့"

ညီနဲ့အနှစ် မျက်လုံးချင်းဆုံသွား၏။ ကိုကို ခါးအောင့်သွားသည်၊ ခြေကျင်းဝတ်မှာ ပတ်တီးစည်းလိုက်ရသည်ဆိုတာ စဖြစ်ကတည်းက ဒီလို သတင်းရောက်ပြီးသားဖြစ်သည်။

အနှစ်မျက်နှာလွှဲ၍ အထဲကိုပြန်လှည့်သွား၏။ သူ တံခါးဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မာမီ့မျက်လုံးတွေက သူ့ရယ်၊ အနှစ်ရယ်ကို အေးစက်စက်ငေ့ကြည့်
လိုက်ပြီးမှ ခပ်ဖျော့ဖျော့ပြန်ဖြစ်ကာ ...

"ရေချိုးမှာဆိုရင် သွားချိုးလေ၊ မာမီ စောင့်နေမယ်"

ထိုတစ်ညနေလုံးမှာ ညီ ပြန်မလာတော့ပေ။ ဒေါ် မမခက် တစ်ယော
တည်း မိုးချုပ်မှ ပြန်ရောက်လာ၏။

"ညီ ဟိုမှာနေရမယ်၊ ဖြူက ကလေးတစ်ဖက်နဲ့ဆိုတော့ လူမမာ
ကို ဘာမှမလုပ်နိုင်ဘူး"

ဟု အနှစ်ကြားအောင် အသံကျယ်ကျယ်ပြော၏။ ဟိုမှာ အိမ်
တွေ ဒီလောက်ရှိနေတာ အနှစ် မသိဘဲနေမလား။ မိသဲကတော့ အ
ကပ်လာပြီး တိုးတိုးလေးပြောသည်။

"မမနှစ် အဲဒါ တမင်လုပ်ခဲ့တာ သိလား။ နေ့လယ်က ကိုကိုကြီး
ဖုန်းဆက်နေတာ ကျွန်မ ကြားတယ်၊ မင်းညီကို အဲဒီမှာ ပျော်အောင်
ရမယ်၊ မာမီတို့လာရင် မာမီပြောတဲ့အတိုင်း ငြိမ်နေလိုက် တဲ့"

အနှစ် မျက်နှာထက် ထင်ဟပ်လာသည့် အေးစက်ခြင်းများက အ
ပြင်းသောရေခဲငွေ့တွေလို အပူကြောင့်မဟုတ်ဘဲ တငွေ့ငွေ့တက်နေခဲ့
သူမရင်ထဲမှာ မျိုသိပ်အောင့်အည်းခြင်းသည် ဒီနေ့ အဆုံးသတ်
ပြီဖြစ်ကာ စုစည်းခဲ့သော အင်အားတစ်ရပ်ကတော့ မနက်ဖြန်တင်
မှာ ...





## အခန်း (၃၀)

ဖုန်းချလိုက်ပြီး ကျွတ်ခနဲဖြစ်သွားသည့်ညီကို အိပ်ရာထဲမှာ ခပ်စောင်း
စောင်းလှဲ၍ စာဖတ်နေသည့်လေမိုးက မသိမသာ အကဲခတ်နေ၏။ ညီ
နောက်ထပ် ဖုန်းဆက်ပြန်သည်။ ဒီတစ်ခါ အကြာကြီးခေါ်နေပြီးမှ ဘယ်သူ
သာကိုင်သည်မသိ။

ဖုန်းကို ဂွပ်ခနဲချပစ်လိုက်ပြီး တက်ခေါက်၏။

"ဘာတွေ ဒေါသဖြစ်နေတာလဲ ညီ၊ တက်တွေဘာတွေခေါက်လို့ပါ
သား"

သူ လှမ်းမေးလိုက်မှာ ညီ့မျက်နှာ ပြောင်းလဲသွား၏။ ဖုန်းဘေးမှာပဲ
မျက်နှာခပ်ငုံ့ငုံ့နှင့်ထိုင်လိုက်ပြီး ...

"အနှစ်ဆီကိုဆက်တာပါ။ အနှစ် အိမ်မှာမရှိဘူးတဲ့"

"ဟုတ်လား၊ ဘယ်သွားတယ်တဲ့လဲ"

"မလတ်တို့အိမ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများကွာ၊ သူလဲ သူ့အစ်ကိုဆီကို သွားမှာပေါ့၊ ဒါ ဒေါသဖြစ်စ
လား သားညီ"

ညီက ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။

"မနက်ကတည်းကသွားနေတာ ခုထိ ပြန်မလာသေးဘူးတဲ့ ကိုကို
မလတ်ဆီကို ဆက်တော့လဲ ဆယ့်တစ်နာရီလောက်ကတည်းက ပြန်သွား
တာတဲ့"

"ဟင် ..."

လေမိုးက စာအုပ်ကိုပိတ်၍ ခုတင်ပေါ် ကနေ ခြေတွဲလောင်းချထိုင်
လိုက်သည်။

"မာမီ အိမ်မှာရှိလား"

"ရှိတယ်၊ မာမီ ဒေါကန်နေတယ် ကိုကို၊ ညီက အနှစ်နဲ့မာမီ တစ်
ဖြစ်ကြမှာစိုးတာ၊ အနှစ်က သည်းခံရှာပါတယ်"

"ဘာ သားညီ၊ မင်းက အနှစ် ထင်ရာသွားနေတာကို ဒေါသဖြစ်
တာမဟုတ်ဘူးလား။ အနှစ်နဲ့မာမီ့ကို မာမီကပဲလွန်တာလို့ပြောတာ
ဟုတ်လား"

ညီ ပျာပျာသလဲ ခေါင်းခါသည်။ ရုတ်တရက် ဘာမှလည်းမပြော
တတ်။

"မင်းကွာ တို့အမေ ဒီလောက်ထိခေါင်းဆောင်ကောင်းဖြစ်ခဲ့လို့
အားလုံး ဒီလိုနေနိုင်တာကို မိန်းမတစ်ယောက်ကြောင့်များ ပြစ်မှားရတ
လို့"

"ညီ အဲဒီလိုမဟုတ်ဘူး ကိုကို၊ ဒါပေမယ့် မာမီက ညီတို့ကိုမွေးထား
မိဘ၊ အနှစ်ကတော့ သူစိမ်းတစ်ယောက်ပါ၊ မိဘက မိဘနဲ့တူသလို သူစိမ်း
ကလဲ သူစိမ်းလိုပဲရှိနေမှာ၊ ညီက အဲဒါကိုပြောတာပါ။ မာမီ့ကိုလဲ ညီ နား
လည်တယ်၊ အနှစ်ကျတော့ ညီတစ်မျက်နှာတည်း အားကိုးပြီး အိမ်မှာ





သည်းခံလုပ်ကိုင်ပေးနေခဲ့လို့ သနားတာ၊ သားသမီးက မိဘကိုကြောက်ရွံ့
ရိုသေတာ ဓမ္မတာဖြစ်ပေမယ့် သူက သူစိမ်းဆိုတော့ သည်းခံနိုင်တာရှိ
တယ်၊ မခံနိုင်တာရှိတယ်၊ သူက ..."

"တော်ပြီ တော်ပြီ သားညီ၊ မင်း စကားတွေ သိပ်တတ်နေပြီကွ၊ အဲဒါ
ကြောင့် မာမီက ပြောတာ၊ ကိုကို့ရှေ့မှာ မျက်ရည်တောင်ကျသွားရှာ
တယ်။ မာမီဟာ ဒက်ဒီနဲ့ အဆင်မပြေဖြစ်ခဲ့တာတွေ၊ ပြဿနာတွေ ဘာ
ဖြစ်ဖြစ် မျက်ရည်ကျခဲ့တာမရှိဘူး။ ခေါင်းမာတယ်၊ ဖွဲ့ရှိတယ်၊ မာနကြီး
တယ်၊ ကိုကိုတို့ကြောင့်လဲ မျက်ရည်ကျခဲ့ရတယ်ဆိုတာ မရှိခဲ့ဘူး၊ ခု
သားညီ မင်းကြောင့် ..."

စကားတွေ အဆင်မချောနိုင်တော့အောင် လေမိုးက ဒေါသတွေဖြစ်
နေ၏။ ညီက မျက်လွှာချ၍ ငြိမ်နေခဲ့သည်။ ရင်ထဲမှာ နာခံနေတာလား၊
ချိုးသိပ်လိုက်တာလားဆိုတာတော့ သူပဲသိမှာပါ။

လေမိုးက ပင့်သက်ရှိုက်လိုက်ပြီးမှ စာနာစိတ်လေးထည့်ပြီး ဖြေသိမ့်
လိုက်သလိုကြည့်သည်။

ဒါပေမယ့် မာမီမှန်တယ်ဟုလည်း ထပ်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဘယ်မှာလဲ၊ ပြန်ရောက်ပြီလား"

ကားတံခါးကိုပိတ်ဖို့မေ့ပြီးမှ တစ်ခါပြန်လှည့်ပိတ်ရသည်။ လူက အိမ်

ပေါ် မတက်ရသေးဘဲ မိသဲကို လှမ်းမေးလိုက်ခြင်းဖြစ်သည်။ မိသဲက ခေါ

လေးညိတ်၍ ဖုန်းနေရာကို လှမ်းကြည့်၏။

လက်ညှိုးလေးထိုးကာ ဖြေဖို့ ပါးစပ်ပြင်ဆဲမှာ ဒေါ် မမခက် အိမ်ပေါ်

တက်သွားခဲ့သည်။ အနှစ်က သူမကိုကျောခိုင်းလျက် ဖုန်းပြောနေ၏

"သည်းခံပါ သူငယ်ချင်းရယ်၊ တို့လဲ ဒီလိုပါပဲ။ ယောက္ခမဆိုတာ

ယောက္ခမလိုကျင့်မှာပဲ၊ မိဘနဲ့တူဖို့ လွယ်မလားဟယ်၊ သူလဲ ယောက္ခ

ပီသတာပဲလေလို့ ဖြေလိုက်နိုင်ရင် နင် စိတ်ချမ်းသာသွားမှာပါ"

"......"

"ဒီလိုပဲဖြေရတာပေါ့၊ နင့်ယောက္ခမက သမီးတွေမွေးထားတော့ သမီး

ချင်းစာနာပြီး နင်နဲ့ကိုတိုးရဲ့ မင်္ဂလာကိစ္စကို ဝတ္တရားအတိုင်း ဆောင်ရွ

ပေးသေးတယ်။ ငါ့ အိမ်ထောင်သက် သုံးလပြည့်တော့မယ်၊ ခုချိန်





မမေ့ဆီမှာ ပြန်မအပ်ရသေးဘူး၊ လက်ထပ်တယ်ဆိုတာလဲ စာချုပ်မှာ လက်မှတ်ထိုးတားလိုက်တာပါပဲဟာ၊ နင်က ငါ့ထက် အများကြီးကံ ကောင်းပါတယ်"

"......"

"သူ့မှာလား သမီးရှိတာပေါ့၊ ဒါပေမယ့် နင့်ယောက္ခမလိုတော့မများ ဘူး၊ တစ်ယောက်ပဲရှိတာ"

"......"

"အပွန်း ပွန်း ဟုတ်မှာပေါ့၊ သမီးတစ်ယောက်ပဲရှိလို့ မစာနာတတ် တာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ညီကိုချစ်တော့ ငါက အညာလွယ်လွယ်နဲ့ ပါလာခဲ့မိတာကိုး၊ မိန်းကလေးတွေ လွယ်လွယ်နဲ့ ခိုးရာမလိုက်မိဖို့ ငါ့ အဖြစ်နဲ့ စာတမ်းတင်ပြီး နမူနာထားခဲ့ဖို့တောင် စိတ်ကူးမိတယ်"

"......"

"တကယ်ပြောတာ၊ ညီမာမီက ငါ အဲဒီလို ခိုးရာလိုက်လာတဲ့ မိန်း ကလေးမို့လို့ တန်ဖိုးမထားနိုင်ဘူးတဲ့၊ အဲဒါကြောင့် အိမ်မှာတော့ ငါလဲ ဒီလိုပဲတော်ရာမှာနေရတာပေါ့"

"......"

"မသိဘူး၊ ကျင့်ဝတ်တွေ ဝတ္တရားတွေ ငါတို့ဆီမှာတော့ မရှိဘူးထင် တယ်၊ ငါ အခု ဒီတိုင်းပဲလေ"

"......"

"အေး ဟုတ်တယ်၊ ကိုလတ်ကော ငါရောပဲ။ ကိုလတ်ကတော့ ကြောက်တာလား၊ သည်းခံတာလား မသိဘူး ငါကတော့ ညီကိုချစ်တာပါ"

"ချစ်တာမဟုတ်ဘူး၊ အဲဒါ သိက္ခာမဲ့တာ"

ကြားဖြတ်ပြောလိုက်သံက ဖုန်းထဲကမဟုတ်ဘဲ ဘေးကနေ စူးခနဲ ဝင်လာ၏။ ဒေါ် မမခက်သည် အနှစ်၏ ပခုံးတစ်ဖက်ကို ဆောင့်ခနဲ တွန်း

www.burmeseclassic.com



လှည့်ယူ၍ အားရှိပါးရှိ ရိုက်ချပစ်လိုက်၏။ အနှစ် စိုက်ခနဲလည်ဆင်းသွား ကာ ရွှံ့ကော့စ်ပုလေးပေါ် သို့ မှောက်လျက်လေးကျသွား၏။ ဒေါ်မမခ က လက်မောင်းမှာချိတ်ထားသည့် လက်ကိုင်အိတ်ကို ရောက်ချင်ရာ ရောက် လွှင့်ပစ်လိုက်ပြီး ခါးနှစ်ဖက်ထောက်၏။

"ညည်း ငါ့ကို သက်သက်ဖုံ့ချင်လို့ ငါပြန်လာတာသိရက်နဲ့ ယောကျ်ား အတင်းအဖျင်းပြောနေတာ မဟုတ်လား။ ငါမကောင်းကြောင်း ငါ့ရှေ့မှာ တစ်ပါးသူကို ဖွဲ့နွဲ့ပြောပြပြီး ငါ့ကို တမင်စိန်ခေါ်တာလား"

"ဘယ်သူက ကိုယ့်အသားအနာခံပြီး စိန်ခေါ်နေမှာလဲ အန်တီ"

အမေဟု ခေါ်လာခဲ့တာက 'အန်တီ' လို့ပြောင်းသွားတော့ ဒေါ်မ ခက် မျက်နှာကြီး ပိုတင်းသွား၏။ အနှစ်က ဒေါ်မမခက်ရှေ့မှာ မတ်တတ် ပြန်ရပ်၍ မျက်နှာထက်မှာ ဖရိုဖရဲဖြာဆင်းနေသည့် ဆံပင်တွေကို လက် တစ်ဖက်နဲ့ ဖယ်ရှားပစ်သည်။

ခပ်လှမ်းလှမ်းကနေ မျက်လုံးတွေပြူးလျက် ရပ်ကြည့်နေမိသော မိသဲသည် နီရဲညိုပုပ်သွားသည့် အနှစ်၏ပါးတစ်ဖက်ကိုမြင်သည်နှ တစ်လှမ်းချင်းဆုတ်လျက်ကနေ လှည့်ပြေးသွားလေသည်။

အနှစ်က ပိုးပိုးပေါက်ပေါက်ကျလာသည့် မျက်ရည်စက်တွေကို လွှ လပ်စွာ ဖြတ်သန်းခွင့်ပေးထားလိုက်ပြီး ဒေါ်မမခက်ကို မိုက်ရိုင်းသည် မျက်လုံးများနှင့် စိုက်ကြည့်၏။

"နှိုင့်ထက်စီးနင်းပြောတတ်ရုံတင်မကဘဲ ကိုယ်ထိလက်ရောက် ခေ ကားတတ်သေးတယ်ဆိုတာ အနှစ်က မသိခဲ့ဘူးလေ၊ ဒီအိမ်ဝင်းထဲမှ မှန်တာပြောလို့မရဘူးဆိုတာလဲ မှတ်သားစရာပါပဲ"

"ဘာပြောတယ်အေ့"

"ယောကျ်ားမနဲ့ချွေးမ ဘယ်တော့မှ သားအမိလို ဖြစ်မလာနိုင်ဘူး ဆို တာ အန်တီကိုယ်တိုင် ပြောခဲ့တာမဟုတ်ဘူးလား။ သမီးရှိပေမယ့် ငါ့သမီး





ဘ ဒီလိုတန်ဖိုးမဲ့အောင်လုပ်ခဲ့တာမဟုတ်လို့ မစာနာနိုင်ဘူးဆိုတာကော ဘယ်သူပြောခဲ့တာလဲ"

"ဘယ်သူပြောပြော ညည်း ဝေဖန်ထောက်ပြဖို့မလိုဘူး၊ ငါ အသိ အမှတ်ပြုထားတဲ့ ချွေးမ၊ သမက်ကိုတောင် ငါက မျက်လုံးလှန်ကြည့်ခံခဲ့ ဘာမဟုတ်ဘူး။ ညည်းလို မိန်းကလေးမျိုးက ငါလိုမိန်းမကို စော်ကားလို့ ရမလား၊ ငါ့သားကို ငါချစ်တာက သပ်သပ်နော်၊ အဲဒါကို မျိုသိပ်ငုံ့ညှာပြီး ညည်းကို သည်းခံနေတယ်မထင်နဲ့၊ ငါ့သားက ငါက 'ဟိတ်' ဆိုရင် ရှေ့ကို တစ်လှမ်းမှမတိုးတဲ့သား၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကွက်ကွက်လေး ကြောင့် ညည်းကို ငါ ဒီအိမ်မှာတင်ထားခဲ့တာ၊ မကျေနပ်ရင် ခုဆင်းသွား"

"ဟွန်း ..."

အနှစ်က မျက်ဝန်းထဲမှာပြည့်နေသည့် မျက်ရည်တွေကို မျက်တောင် ခတ်ချတာမျိုးမလုပ်ဘဲ လှုပ်လီလှုပ်လဲ့ ပြုံးဆင်းလုလုနဲ့ အတိုင်းမဲ့ကြည့် သည်။

"ထားသလိုနေတယ်၊ အခုလို ပါးရိုက်တာကိုလဲ ခံရသေးတယ်၊ ဒါကို အနှစ်က မျက်ရည်သုတ်ပြီး ဆင်းသွားရမှာလား အန်တီ"

အနှစ်က အရှုံးပေးသလိုလို၊ နိုင်နေသလိုလို မျက်နှာလေးမော့၍ နှုတ် ခမ်းမဖွင့်ဘဲ ရယ်၏။ ထိုအခါ ပြုံလုပြုံခင်မျက်ရည်များက မျက်ဝန်းမှ အရိုးနှစ်ဖက်ကိုလွန်၍ တလိမ့်လိမ့်ဆင်းကျသွားကြ၏။

"အသွင်တူမှ အိမ်သူဖြစ်တာဆိုလို့ အနှစ်က အန်တီနဲ့သင့်မြတ်အောင် မှာသည်းခံနေပြီး အန်တီနဲ့အသွင်တူအောင်ကြိုးစားနေတာ"

ဒေါ်မမခက် မျက်လုံးပြူးခနဲဖြစ်သွားသည်။

"ညီ့ကိုလဲ မခွဲနိုင်ဘူးလေ၊ မိဘက 'ငါမွေးခဲ့တာ' ဆိုတဲ့အတ္တနဲ့ ပိုင်သလို သူ့ဇနီးကလဲ သူ့အတွက် တစ်ဘဝလုံးပုံပေးထားခဲ့ရတော့ ပိုင်ချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ ငါ့သားကို ဘယ်မိန်းမအတွက်မှ ရုန်းကန်ပင်ပန်းစေတာမျိုး မဖြစ်ရဘူး၊ ငါ့သားဟာ အမြဲတမ်း မင်းသားတစ်ပါးပဲဖြစ်ရမယ်"

"ယောကျ်ားတစ်ယောက်ရဲ့အရည်အချင်းက ဦးဆောင်နိုင်ခြင်းပဲ အန်တီ၊ ဒါကို ရုန်းကန်တယ်လို့ခေါ်သလား၊ ဟုတ်တယ်ဆိုရင်တောင် အဲဒီ ယောကျ်ားက သူ ရုန်းကန်နိုင်တာကို ဂုဏ်ယူမှာပါ၊ သူ့ရဲ့အမေက သူ့ အဖေကို အားကိုးခဲ့သလို သူ့မိန်းမကိုလဲ သူ့အရိပ်မိုးပေးချင်မှာပဲ"

"ဟေ့ မမခက်ဆိုတဲ့မိန်းမက ဘယ်ယောကျ်ားကိုမှ အားမကိုးလို့ ဒီလိုနေခဲ့တာ"

"ဒါပေမယ့် အန်တီ့ခင်ပွန်းကတော့ အန်တီက အားမကိုးပေမယ့် သူ့ အရည်အချင်းနဲ့သူခေါင်းဆောင်နေခဲ့တာပဲမဟုတ်လား၊ သူ့သားသမီးစုအတွက် ဒီနေ့ထိ ခေါင်းဆောင်ကောင်းပဲ၊ ညီ့ကို အဲဒီလိုဖြစ်ဖို့ အနှစ်က ရည်ရွယ်တယ်"

"ကြည့်စမ်း အလင်းနှစ်၊ ညည်းက 'ဇ'သေးသေးမဟုတ်ပါလားဟင် ညည်း…ညည်း လူကောင်သေးသေး၊ ကလေးလိုလို ချေးလိုလို ဘာမဟုတ်တဲ့ပုံနဲ့ ပြောတဲ့စကားက မိုးလောက်မကဘူး၊ ညည်းက ငါ့သားကိုနိုင်စားမလို့နေပါ့ ဟုတ်လား"

"ဟင့်အင်း မနိုင်းပါဘူး၊ အနှစ်က အနှစ်ဘက်က တာဝန်ကျေသွားမှာပါ၊ အဲဒီအခါ သူ့နေရာကို သူ့ဘာသာ ဝင်လာမှာပဲ။ လူတိုင်းဟာ မွေးဖွားပြီးရင် ရှင်သန်နိုင်ဖို့အတွက်ပဲ မိဘရင်ခွင်ထဲမှာ မှီခိုကြတာ၊ တိရစ္ဆာန်တောင်မှ အတောင်စုံရင် ပျံထွက်ကြသေးတာ၊ လူတွေ ကိုယ်ပိုင်အသိုက်အမြုံရှာကြတယ်ဆိုတာ သဘာဝပဲ။ ကျားဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် ဘယ်သတ္တဝါမျိုးမဆို နို့စို့တဲ့အရွယ်မှာ မိခင်က နို့တိုက်နိုင်တယ်၊ အသားစားချင်လာတဲ့အရွယ်ကျတော့ အဲဒီပါးစပ်ကို နို့စက်သွားထည့်ပေးလို့ရသလား"

"အလင်းနှစ် ညည်း… ညည်း မိုက်ရိုင်းလှချေလား"





ဒေါ်မမခက် ရှေ့ကိုတိုး၍ လက်တစ်ဖက်မြှောက်တက်သွား၏။ အနှစ်က ထိုလက်ကို စူးစူးရဲရဲမော့ကြည့်ပြီး နှုတ်ခမ်းတွေရှုံ့ပါသွားအောင် ခံကြိတ်ပစ်သည်။ လက်က လေထဲမှာပဲရပ်သွား၏။

"ရိုက်လေ၊ အနှစ်ကတော့ များများနာရင် များများပြန်ယူမှာပဲ၊ ရိုက်ပါ၊ အန်တီဇာ ညို့အမေဆိုတော့ အနှစ် ဘာမှပြန်မလုပ်ဘူး၊ သူများ တရားချက်တိုင်း ကိုယ်မပျက်နဲ့ဆိုတဲ့ မိဘက ဆုံးမထားတဲ့စကားရှိတယ်၊ အဲဒါကို အနှစ်က မြဝယ်မကျ စွဲမှတ်ထားတာ၊ ပါးစပ်နဲ့ နိုင်အောင်မပြောနိုင်လို့ အရိုက်ခံလိုက်ရတယ်ဆိုတာလဲ ခံပျော်ပါတယ်"

"တောက်"

ဒေါ်မမခက် ခံပြင်းလွန်းသဖြင့် အသားဆတ်ဆတ်တုန်နေသည်။ မျက်ရည်တွေပါ ပြည့်တက်လာ၏။

အနှစ်က ဂရုမစိုက်စွာ ပြန်ကြည့်နေလျက် …

"ကိုယ်ကပေးရတယ်ချည်းပဲ မထင်ပါနဲ့ အန်တီ၊ ကိုယ်လဲ သူများသားသမီးယူခဲ့တာပဲ၊ ကိုယ့်သားသမီးကို သူများက ယူတာကျမှ နိုင်းစားထိုးတာ၊ အနိုင်ယူမှာစိုးတာတွေက အစွန်းရောက်လွန်းပါတယ်။ အနှစ်ကတော့ အန်တီနဲ့အသွင်တူအောင် ကြိုးစားတယ်၊ တူချင်မှတူနိုင်မှာပေမယ့် ညီ့ကိုတော့ သူ့အဖေနဲ့တူတဲ့သားဖြစ်စေချင်တယ်၊ အဲဒါပါပဲ"

ဿဿ ဿဿ ဿဿ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ညီ ကားရပ်ပြီး အိမ်ပေါ် ပြေးတက်လိုက်သည်နှင့် မလတ်နဲ့ မာမိ ၏မျက်နှာတွေ အလန့်တကြား လှည့်ကြည့်ကြတာနဲ့ ဆုံမိသည်။

"သားတွေး"

ဒေါ် မမခက် နေရာမှထရပ်လိုက်၏။

"အငယ်လေး"

မလတ်မျက်နှာမှာ ဟိုတုန်းကလို ချစ်စနိုးနှင့်ရယ်မြူးရိပ်တွေ ရှိမ ပါ။ ပိုင်နိုင်သည့် မဲ့ပြုံးတွေလည်း မရှိဘဲ မျက်ဝန်းတွေမှာ စိုးရိမ်ခြင်း သာ ပြည့်သိပ်နေခဲ့၏။

"ဘာဖြစ်လို့ပြန်လာတာလဲ၊ ဒီလောက်ထိ စိန်ခေါ် နေတဲ့မိန်းမကို က မအေနဲ့ အတိုက်အခံလုပ်ပြီး လက်တွဲချင်နေတယ်ပေါ့ ဟုတ်လား"

ဝင်လာတာနှင့် မလတ်က ဆီးပြော၍ ငိုသံတွေပါနေသည်။ လေ ဆီမှာ အခန်းတံခါးပိတ်ထားခံခဲ့ရသည့် ညီ့စိတ်တွေကလည်း တွေနေသ ပဲဖြစ်၏။ လူပျိုတုန်းကတောင် ဒီလိုမဟုတ်ဘဲ အိမ်ထောင်သည်ဖြစ်





တာမှ ပိတ်လှောင်ခံလိုက်ရသည့်အဖြစ်က ဆိုးရွားလွန်းသည်။ ပြီးတော့ ရှက်လည်းရှက်၏။

"ညီရယ် အနှစ် ဘယ်လိုအခက်အခဲကိုပဲဖြစ်ဖြစ် ရင်ဆိုင်ကျော်လွှား သွားနိုင်ပါတယ်၊ ဒါပေမယ့် ညီဟာ အနှစ်ရဲ့ဘဝအတွက် တကယ်အားကိုး အားထားပြုထိုက်တဲ့ယောကျ်ားဖြစ်လာပါ့မလားလို့ ရင်ပူနေခဲ့ရတာတော့ အမှန်ပဲ။ ဒီအိမ်မှာ ညီက နို့နံ့မစင်သေးတဲ့ကလေးလိုပါပဲ၊ ညီ အဲဒီလို ဂရု စိုက်ယုယခံနေရတာကို သာယာနေသလားဟင်၊ ဘဝအတွက် အသိုက် အမြုံတစ်ခု တည်ဆောက်ကြမယ်ဆိုရင် ယောကျ်ားတစ်ယောက်ရဲ့ နှလုံး သက်ရှုံးကသာ အင်အားပါ၊ ညီ့ကို ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ် စေချင်တယ်"

အနှစ် ပြောခဲ့ဖူးတာတွေကို ယှဉ်တွေးကြည့်မိပြီး သူ ပို၍ရှက်မိခြင်း ဖြစ်သည်။

"မိန်းမယူဖို့ကျတော့ ယောကျ်ားပီသပြီး ဦးဆောင်နိုင်ဖို့ကျမှ 'ငါ့သား က ကလေး'ဆိုပြီး နဖူးသပ်ရျောသိပ်နေတာမျိုးက ညီ စဉ်းစားကြည့်ပါဦး၊ အားကိုးခဲ့မိတဲ့မိန်းမက 'ငါ တကယ်ပဲကန်းနေပြီလား'လို့ ကိုယ့်မျက်လုံးကို ပြန်စမ်းရတော့မလား"

အနှစ်က ပြောချင်တာကိုပြောသည်။ သူ စိတ်ဆိုးပြီဆိုတော့မှ အနား သတ်မှာ ပျားရည်လောင်း၍ ပေါင်ခတ်လာတတ်သည်။

သူဟာ တကယ်ပဲ ဦးမဆောင်နိုင်သည့်ယောကျ်ားဖြစ်နေခဲ့ပြီလား။ အနှစ် ဒီမှာ ဖြစ်ချင်တိုင်းဖြစ်၍ မျက်ရည်ပင်လယ်ဝေနေရချိန်မှာ သူက တော့ တံခါးနှစ်ချပ်နောက်မှာ ပိတ်မိနေခဲ့၏။

ကိုကို့ကို ညစောင့်အိပ်ပေးဆိုပြီး ပထမညက သူ့ကို တာဝန်ပေး သည်။ ဟိုရောက်သွားပြီဆိုကတည်းက အနှစ်ကို သူ ဖုန်းပြောခွင့်မရခဲ့ ရခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမလင်းခင် ဖုန်းထဆက်မှ မိသဲနဲ့တိုးပြီး အနှစ်နဲ့မာမီ ပြဿနာဖြ
ကြတာတွေကို သိခဲ့ရ၏။

"မမနှစ်က သူ့အစ်မ ပြန်ရောက်လို့ဆိုလားပဲ၊ အဲဒါ အိမ်ကိုလဲ မသွား
ရဲတော့ သူ့အစ်မကို တခြားမှာချိန်းပြီး စောင့်နေရတာတဲ့၊ ပြန်လာပြ
ဘယ်လောက်မှမကြာသေးဘူး ..."

မာမီနဲ့ဖြစ်ကြတာကို သူ သိသွားမှန်း ကိုကို သိသွားသည်နှင့် သူ့
နေရာပြောင်းခေါ်သွား၏။ မာမီနဲ့ အစ်ကို၊ အစ်မတွေလက်အောက်
ဘာမှ ပြန်လှန်ခံမပြောတတ်ခဲ့သည့်သူ့မှာ နောက်ထပ် တစ်အိမ်ထဲ
အခန်းတစ်ခန်းမှာ ပိတ်ထားခံရတော့မှ ကိုယ့်အဖြစ်ကို နားလည်သွား
သည်။

အနှစ်နဲ့သူ့ကို ထာဝရ ခွဲလိုက်ကြပြီပေါ့ ...

ဒီလို တစ်ခါမှ အကြမ်းပတမ်းချုပ်ကိုင်ခံခဲ့ရတာမရှိဖူးသည်မို့ မခံချ
စိတ်တွေနှင့် သွေးဆူလာ၏။

အချုပ်အနှောင်ထဲကနေ မဖြစ်မနေ ရုန်းထွက်လာခဲ့တော့ ရှေ့
မျက်ရည်ပင်လယ်က ဆီးကြိုနေခဲ့ပြန်သည်။

သူ့မျက်နှာ နီရဲတင်းမာနေတာကို ငေးကြည့်၍ မာမီ မျက်ရည်
လာတာကို မြင်ရသည်။ မလတ်က ရှေ့တိုးလာ၏။

"အငယ်လေး မင်းရဲ့မိန်းမ အခန်းထဲမှာရှိတယ်"

"ဟင်...."

အံ့ဩတာကော၊ ဝမ်းသာတာကော ရင်ထဲမှာ လှိုက်ခနဲဆောင့်ခုန်
သူ့ကို တခြားခွဲထုတ်ပစ်လိုက်ပြီး အနှစ်ကိုတော့ နှင်ချလိုက်ပြီပေါ့ အ
တွက်လိုက်မိတာဖြစ်သည်။ ဘာဖြစ်လို့ သူမ ရှိနေသေးတာလဲဆိုတာ
တွေးဖို့ထိ စိတ်ကို လူက မစောင့်နိုင်။

အတွေး ဒုတိယဖြစ်ကာ ခြေလှမ်းတာ အိမ်ထဲဆက်ပြေးဖို့ပြင်လိုက်





ချင် မလတ်က သူ့ရှေ့ကနေ အပြေးတစ်ပိုင်း ဖြတ်ပိတ်၏။

"ယောက္ခမဆိုတဲ့ဘက်မှာ ရှိနေခဲ့ပေမယ့် မလတ်နဲ့ကိုကိုနဲ့ပတ်သက်
 မာမီ တစ်ခါမှ မျက်နှာငယ်ခဲ့ရတာ မရှိခဲ့ဘူး မောင်လေး၊ မင်းအတွက်
လောက်မျက်ရည်တွေကျခဲ့ရပြီးပြီ တော်ပါတော့၊ မျက်ရည်ထဲမှာ နောက်
ထပ် လက်ပစ်ကူးရအောင် မလုပ်ပါနဲ့ အငယ်လေးရယ်၊ မလတ်တို့
အားလုံး မင်းကို အသက်လောက်ချစ်ကြတယ်ဆိုတာ ယုံပါ။ မာမီ့ကို
တိနိုက်ဖို့ ကျည်အပြည့်နဲ့ သူ စောင့်နေတယ်၊ လက်နက်ကတော့ မင်းပဲ
ငယ်လေး၊ မာမီ လဲပြိုကျပြီး ရင်ကွဲနာကျလောက်တဲ့ ဒဏ်ရာ မင်း
ပေးမပေးပါနဲ့၊ မလတ် တောင်းပန်ပါတယ်"

ဘာစကားတွေပြောနေမှန်း မသိ၊ သူ့စိတ်က ရှေ့မှပြေးနေမိလျက်
နောက်ပြန်ငဲ့ကြည့်နေရသည်မို့ ဒီစကားတွေကို ရှင်းလင်းအောင်တွေးဖို့ထိ
အာရုံမရောက်၊ ဘာတွေဖြစ်ကုန်ပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ညီ"

အနှစ် သူ့ဘက်လှည့်လာသည်။ သူ ပြေးပွေ့လိုက်သည်နှင့် ရင်ခွင်
မှာ ခွေကျသွားလေသည်။

"အနှစ် ... အနှစ် ဘာဖြစ်တာလဲကွာ"

"အောင့်... အောင့်တယ်"

အနှစ်မျက်နှာလေး ရှုံ့မဲ့ကာ သူချသိပ်လိုက်သည့် မွေ့ရာထက်
ခွေခွေလေးကျ၏။ ပြီးတော့ သူ ဖျော်တိုက်မှသောက်မယ်ဆိုလို့ မိုင်
တစ်ခွက် ဖျော်တိုက်တော့ သူ့ရင်ခွင်ထဲကနေ ကတုန်ကယင်လေး မျို
ရှာသည်။

"ဘာဖြစ်လို့ အခန်းအောင်းပြီး ဘာမှမစားမသောက်ဘဲနေတာ
အနှစ်ရယ်"

စိတ်မကောင်းလွန်းသဖြင့် ညီပါးစပ်က ဒီစာလုံးကိုပဲ ခဏခဏ ပြေ
နေမိသည်။ အနှစ်က သူ့လည်ပင်းကို လှမ်းဖက်ထားပြီး အသံတိ
မျက်ရည်တွေကျကာ ...





"ညီမှမရှိတာ ညီရယ်၊ အနှစ်ကိုမြင်တာနဲ့ ဖြူစုစောင်းမြောင်းသံတွေ
အနှစ် ကြားရတာ၊ ပြီးတော့ ပါးရိုက်ပြီးနှင်ချတာတောင် ဆင်းမသွားဘူး
တဲ့ ဖြိုဖြင့်မှုတွေနဲ့ ဒီကထမင်းဟင်းကို အနှစ် ဘယ်လိုမျိုချရမှာလဲဟင်"

"ကျွတ်"

သူ့မျက်နှာ ဘယ်မှာလွှဲပို့ထားရမှန်းမသိတော့ပါ။ မာမီတို့လုပ်ပုံတွေ
ကြောင့် မျက်နှာပူသည်။ အနှစ်ကို နှစ်သိမ့်နိုင်ဖို့စကားလုံးက ရှားနေ၏။
လတ်က ပြောတော့ မာမီကို တိုက်ခိုက်ဖို့ ကျည်အပြည့်နဲ့စောင့်နေတယ်

အနှစ်ကတော့ တစ်ကိုယ်လုံး ပိုးဟပ်ဖြူလိုဖွေးလျက် ဒီတစ်ချီ ခပ်
းပြင်းကိုင်ပေါက်ပစ်လိုက်လျှင် အသက်ပါသွားနိုင်လောက်တဲ့အထိ
နယ်ယင်ချည့်နဲ့နေရှာသည်။ အနှစ် ပြင်ဆင်ထားသည်ဆိုသည့် စစ်လက်
က်ရိကျာတွေက ဘယ်မှာလဲ။

သူ မြင်ရတာကတော့ အနှစ်၏ပါးတစ်ဖက်မှာ လက်ဝါးရာကြီးတစ်ခု
ပုပ်ပုပ်တင်နေသည်။

မပြောင်းလဲသည့် ဆံပင်ပျော့ပျော့ ကြေးနီရောင်လေးတွေကလွဲလျှင်
က်ကွင်းညိုလေးတွေမှာ မျက်ရည်တွေက မြင်ရက်စရာမရှိ။ ပြီးတော့...

"အနှစ်လေ မမကြီးလဲပြန်ရောက်နေပြီ၊ မေမေကလဲ မျှော်နေတယ်
အနှစ် ပြန်လာမယ်ဆိုရင် လာပဲခေါ် ရခေါ် ရလို့ပြောပြီး ငိုနေတယ်တဲ့
ရယ်၊ ညီလိုပဲ အနှစ်လဲ မေမေ့ကို မျက်ရည် ဘယ်ကျစေချင်ပါ့မလဲ
။ အနှစ်က သမီးဖြစ်နေပြီး မိဘကို ရင်ခွဲပစ်ခဲ့တာ ပိုပြီး အကျည်းတန်
တယ်။ ဒါပေမယ့်... ဒါပေမယ့် အနှစ် ညီကို ခွဲထွက်သွားရင် အနှစ်တို့
န်ဆုံကြရမှာမဟုတ်ဘူး။ ညီက ညီမာမီကို လွန်ဆန်နိုင်တာမှမဟုတ်
ဘ"

အနှစ်ရယ် ...။ ညီ မျက်လွှာချထားလျက်နှင့် ရှက်နေတာကို ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



လို့မရ။ အနှစ်က မိန်းကလေးဖြစ်လျက်နှင့် သတ္တိမွေးနိုင်သည်၊ မိဘ
ဆင်းရဲလို့မဟုတ်ဘဲ ပစ်ထားတာလည်းမဟုတ်ဘဲနှင့် ရှေ့ရေးနောက်
တွေးပြီး ဒုက္ခကို အံကြိတ်နေခဲ့၏။

သူကတော့ နို့သက်ခံနေသည့်ကလေးလို ဒီအသက်ဒီအရွယ်ရှိ
ကာမှ ခွန်အားမဲ့နေသည်။ မိန်းမတစ်ယောက်လောက်တောင် ရွှန့်
သည့်သတ္တိ မရှိ။

"ဒါပေမယ့် ညီရယ်… အနှစ်လေ ခုလို တစ်ယောက်နဲ့တစ်ယော
ခွန်းကြီးခွန်းငယ်ဖြစ်ကြပြီးမှ လမ်းခွဲမသွားချင်လို့လဲ ခုလို သည်းခံနေ
တာပါ။ ညီက အနှစ် စိတ်ချမ်းသာစေချင်လို့ အလိုလိုက်ပြီး ညီ
ထွက်သွားကြမယ်ဆိုရင်တောင် အနှစ် ဒီအချိန်မှာ ခေါင်းခါမှာပဲ"

အနှစ်ကို သူ နားမလည်သလိုငေးနေသည်။ နဖူးဆံစလေးတွေ
ယုယစွာသပ်တင်ပေးရင် မြတ်နိုးခြင်းများစွာဖြင့် နမ်းရှိုက်မိ၏။ ဒီမျက်
လေးကို ဘယ်ရောက်နေနေ သူ မမေ့နိုင်။ လေးရက်ဆိုသော ခွဲနေရသ
အချိန်များဟာ သူ့အတွက် ငရဲကျခံနေရခြင်းပဲဖြစ်သည်။

သေချာခဲ့တာက အနှစ်ကို သူ ဘယ်လိုနည်းနဲ့မှ မခွဲနိုင်တော့ခြင်း
ဖြစ်သည်။ အနှစ်က ထားခဲ့ခြင်းဖြင့်ဖြစ်စေ၊ အနှစ်ကို သူက ထားခဲ့၍
စေ ကွဲကွာကြဖို့ဆိုတာ ဒီတစ်သ ယ်လို့မှမဖြစ်နိုင်။

"ညီ"

"ဟင်"

"အနှစ်ဆီကို ပြန်လာတယ်နော်"

"အနှစ်ရယ်"

"အနှစ်လေ ညီ့ကိုချစ်ရတာ အောက်ကျတယ်၊ သိမ်ငယ်တယ်
မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ညီက ဝတ်ရည်စုပ်တာချင်းတူရင်တော
မှ ပိတုန်းနဲ့မတူဘူး၊ လိပ်ပြာလေးနဲ့တူတယ်။ ပြီးတော့ လွတ်လပ်





သွားလာပျံသန်းခွင့်မရှိတဲ့ ဖန်လှောင်အိမ်ထဲက လိပ်ပြာလေးလို အများထဲ
မှာ ပိုလှပေမယ့် မိမိသဘာဝကို မိမိ မပိုင်တော့ အစိပ္ပာယ်မဲ့နေရှာတာ
မျိုး။ သိပ်ကို ကရုဏာသက်စရာကောင်းတဲ့ လိပ်ပြာလေးပါ"

ညီ့မျက်နှာ တဖြည်းဖြည်းရဲတက်လာတော့ အနှစ်က လှဲနေရာက
ထထိုင်လိုက်ပြီး ညီ့လက်မောင်းကို ဆုပ်ကိုင်ထားလိုက်ကာ …

"စိတ်မဆိုးပါနဲ့ ညီရယ်၊ ညီ့ကို အနှစ်က နှိမ့်ချကဲ့ရဲ့နေတာမဟုတ်ပါ
ဘူး။ အနှစ်ရင်ထဲမှာ ဒီအတိုင်း တကယ်ရှိနေတာ၊ ညီ့ကို အဲဒီလိုပဲ နားလည်
ထားခဲ့လို့။ ညီ့ ဆုံးဖြတ်ချက်၊ ညီ ပြောသမျှကို ကျေနပ်ပေးနိုင်ခဲ့တယ်၊ ဒီ
အိမ်ကြီးထဲမှာ အမှန်တရားတွေပျောက်ကွယ်နေတာ သိရက်နဲ့လဲ အနှစ်
သည်းခံနိုင်အောင်ကြိုးစားခဲ့တယ်၊ အားလုံးဟာ ညီ့မာမိ ပြောသလို အချစ်
တစ်ခုအတွက်နဲ့ တန်ဖိုးမဲ့မိုက်ရူးရဲလုပ်ခဲ့တာ မဟုတ်ပါဘူး။ မိုက်ခဲ့မိလို့
ခံစားခဲ့တဲ့ခြေလှမ်းအတွက် အနှစ် ပေးဆပ်နေတာ။ ဟောဒီအိမ်မှာ ဒေါ်မ
ခေက်ရဲ့ဒဏ်ကို မခံနိုင်လို့ တစ်ယောက်ပြေးပြီဆိုတာမျိုး မဖြစ်ရဘူး။ သူ့
သားကို အပလီမာယာတွေနဲ့ သိမ်းသွင်းခေါ်ထုတ်သွားတယ်ဆိုတာလဲ
အဆင်ဆိုးလွန်းပါတယ်"

အနှစ်က ညီ့ရင်ခွင်ထဲမှာ မှီနေလိုက်၏။ ညီက အနှစ်ပခုံးလေးကို
ဘင်းခနဲဖက်၍ ဆံကေသာလေ က်မှာ ပါးနှင့်ကပ်ထား၏။

"ညီ"

အနှစ်က မျက်နှာမော့လာပြီး ညီ့ကိုခေါ်သည်။ ငုံ့ကြည့်လိုက်တော့
အနှစ်သည် ပါးပြင်တစ်ဖက်မှာဒဏ်ရာနှင့် မျက်ရည်တွေ ပြိုးပြက်လက်
နေရှာသည်။

ညီ့ရင်ထဲမှာ နင့်ခနဲဖြစ်သွား၏။

"ညီ့ကို အနှစ် မျက်ရည်တွေနဲ့သိမ်းပိုက်ပြီး ခေါ်ထုတ်မသွားချင်ဘူး။
လူပါလာပြီး စိတ်ကကျန်ခဲ့တာမျိုးကို အနှစ် မလိုချင်တာ။ အနှစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်နားလည်၊ တကယ်မြတ်နိုးလို့ ညီကိုယ်တိုင် ဘာလုပ်သင့်တယ်၊ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာကို သိလာတာလို့ ဆုံးဖြတ်တာမျိုး ဖြစ်စေချင်တယ်”

“ညီ နားလည်ပါတယ်၊ တွေဝေပျော့ညံ့ခဲ့တာတွေအတွက်လဲ ညီကိုယ့်ညီ ရှက်တယ်၊ ဒါပေမယ့် ညီ့ကို အချိန်နည်းနည်းလေးတော့ ထပ်ပေးပါ၊ အဲဒါက ...”

“အင်း ညီ ဆုံးဖြတ်ပါ၊ အချိန်လဲယူပါ၊ အနှစ် နောက်ထပ်ပါးတစ်ဖက် ထပ်ပေးရဦးမယ်ဆိုရင်လဲ ကျေနပ်ပါတယ်”

“ဟာကွာ အဲဒီလို ...”

“အနှစ်က ရွဲ့ပြောတာမဟုတ်ဘူး ညီ၊ တကယ်ပျော်သွားတာ၊ ညီ့ဆီက အဲဒီလိုစကားတွေကိုကြားရလိမ့်မယ်လို့ ဒီအချိန်မှာ မမျှော်လင့်ခဲ့ဘူးလေ၊ နောက်ထပ် အနှစ် မျက်ရည်တွေ အများကြီးကျရဦးမယ်လို့ ထင်ခဲ့တာ၊ အဲဒါကြောင့်ပြောတာပါ။ ဘဝတစ်လျှောက်လုံး ချမ်းသာကြဖို့အတွက် အနှစ် သည်းခံပါ့မယ်”

နောက်ထပ် ဆူးတစ်ချောင်း ပစ်စိုက်သွားပြန်သည်။ အနှစ် အရှုံးပေးနေသောစကားတွေက တကယ်တော့ တစ်ချက်ပြီးတစ်ချက် အလဲထိုးနေတာနှင့်တူနေ၏။

ကြည့်လိုက်တော့လည်း သားသတ်တုံးပေါ်မှာ လည်စင်းပေးနေသလို အနှစ်မျက်ဝန်းလေးတွေက သနားစဖွယ်လေးဖြစ်နေသည်။

ရိုက်နှက်နှင်ချတာတောင် ဆင်းမသွားဘဲ သူလာတဲ့အထိစောင့်နေခဲ့သည့်အနှစ်ကို ဘယ်လိုနားလည်ရမလဲ။

‘ညီ့ကိုချစ်လွန်းလို့’ပါဟု မပြောခဲ့တဲ ပြန်မဆုံနိုင်မှာကို ကြောက်သည်တဲ့။

လူကိုပိုင်ပြီး စိတ်ကိုမကျန်ခဲ့စေချင်ဘူးဟုလည်း ဆိုပြန်သည်။ သူ





စတင်တွေ့ခဲ့ဖူးသော အလွန်သွက်လက်ထက်မြက်သော အနှစ်ဟာ ထိုမျှထိ သည်းခံမျိုသိပ်နိုင်သတဲ့လား။

မလတ်ပြောသော ကျည်ကာ၊ မိုးကာအပြည့်နှင့် အနှစ် ပြင်ဆင်နေသည်ဆိုတာ အနှစ်မှာတော့ ဘာမှရှာမတွေ့ပါချေ။ မလတ်၏ စကားကိုလည်း သူ တွေးလို့မရ။

အနှစ်ပြောသည့်စကားတွေကိုလည်း သူ ဘာမှ ထွင်းဖောက်မကြည့်နိုင်ခဲ့ပေ။

ဒီနှစ်ဖက်ထဲမှာ လက်နက်ပြင်ဆင်နေတယ်ဆိုတာ ဘယ်သူလဲ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဟဲလို"

"မိုးသား သမီးလတ် ရှိလား၊ ခေါ်လိုက်စမ်း"

"ရှိတော့ရှိတယ် အမေ၊ ခဏကိုင်ထားနော် ကျွန်တော် သွားခေါ်လိုက်မယ်"

ဒေါ်မမခက် ဖုန်းကိုင်ရင်း ရင့်အသံကို နားစွင့်နေခဲ့၏။ သို့သော် ဝင်လာတာက ရင့် မဟုတ်ဘဲ သီချင်းသံဖြစ်၏။

xxx (မိန်းမယူတာ မှားပြီ၊ ယောကျ္ာမ အလွန်အနိုင်ကျင့်သည်... ဒီမိန်းမကိုကွာရှင်းလိုက်ရင် ဘယ်လိုနေမလဲ... ယောကျ္ာမဆိုတဲ့ အဘွားကြီး... ချွေ့ချွေ့ခုန်နေတော့မည်... ဒီသတင်းကြားရင်... ဘုရားတရားတကာ ငိုရတော့မည်...)xxx

xxx မိန်းမယူရင် ဒီတိုရှိပါ... သူ့အမေကိုကြည့်ကြပါ xxx

xxx ခဏတဖြုတ်စကားပြောရင်... စိတ်သဘောထားကောင်းလိုက်တာxxx

xxx အပြုံးတွေနဲ့တန်ဆာဆင်ထားတဲ့...., သူ့မျက်နှာက လပြည့်ပမာ xxx





xxx အချိန်တွေ နှစ်လကြာမှ.... သူ့အကြောင်းကိုသိရတာ xxx

xxx ဒါတွေကို ထားလိုက်ပါ .... အချိန်တန်ရင်တော့ သိကြမှာxxx

xxx ယောကျ္ာမ ရက်စက်မှုကို ခံခဲ့ရတာ နှစ်နှစ်ကြာ xxx

xxx (မိန်းမယူတာ မှားပြီ၊ ယောကျ္ာမ အလွန်အနိုင်ကျင့်သည်... ဒီမိန်းမကိုကွာရှင်းလိုက်ရင် ဘယ်လိုနေမလဲ... ယောကျ္ာမဆိုတဲ့ အဘွားကြီး... ချွေ့ချွေ့ခုန်နေတော့မည်... ဒီသတင်းကြားရင်... ဘုရားတရားတကာ ငိုရတော့မည်...)xxx

ကြည့်စမ်း... ကြည့်စမ်း...။

မိုးသားရောင်...

ဒေါ်မမခက် တစ်ကိုယ်လုံး တင်းမာကျဉ်ခဲသွား၏။ သီချင်းသံကတကယ့်ကို ပီပီပြင်ပြင်ကြီး။ ရင့် ဘာလုပ်နေလဲ၊ ဒီသီချင်းကို တမင်ကြားအောင်လုပ်နေတာ၊ ရင့်က ဘယ်မှာလဲ ...

xxx မင်းလည်းတော်တော့ ပါးစပ်ပိတ်လိုက်... ကိုယ့်သမီးကို ဌဲကွက်လိုက် xxx

xxx ထားသွားတော့မှ နပ်တဲ့လွှဲနဲ့ ဒုက္ခရောက်မယ်မှတ်လိုက်xxx

xxx ကိုယ့်သခက်ကို ချစ်ရကောင်းမှန်းမသိတဲ့ကိစ္စ ... ပတ်ဝန်းကျင်က ဝိုင်းပြောလည်း လုံးဝဖြေရှင်းမရ xxx

"ဟဲလို မာမီ"

"နေခြည်ရင့်"

ဒေါ်မမခက်၏ ခေါ်သံကြီးက တုန်လှိုက်စူးရှလျက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"မောင်"

ခေါ်သံက နားထဲမှာ ဒြပ်ရှိပစ္စည်းတစ်ခုလို ပစ်ဆောင့်သွား၏။

တီဗီကော့စ်နားမှာ ကုန်းကုန်းကွကွနှင့် ဓာတ်လမ်းတွဲတွေရှာနေသည့် မိုးသား မျက်မှောင်ကြုတ်လျက် မတ်မတ်ပြန်ရပ်သည်။ မကြည်လင်သည့် မျက်နှာနှင့် ဗူးရဲရှာဖွေသော ရင့်၏မျက်ဝန်းများက ခဏကြာအောင် အသံတိတ် ဆုံစည်းမိကြပြီး ...

"မောင် ခုနက 'ယောကျ္ာမ'သီချင်းဖွင့်ပြီး မာမီကြားအောင် တမင် လုပ်ချလိုက်တာပေါ့ ဟုတ်လား"

"ဘယ်လို"

"မောင့်မှာ အဲဒီလို မိန်းမလိုမိန်းမရ ရွံ့တတ်၊ စောင်းတတ်တဲ့အကျင့် တွေ ရှိနေတယ်ပေါ့"

"ဘာတွေပြောနေတာလဲ၊ သမက်ဖြစ်ဖြစ်၊ ချွေးမဖြစ်ဖြစ် မင်းမာမီက နိုင်တာပဲဟာ ဘာဆန်းလို့လဲ၊ စိတ်မဝင်စားဘူး"

"မောင်း"





မိုးသားက တီဗီလှည့်ဖွင့်ရင်း ရှောင်ထွက်သွား၏။ ရင့်က အော်ခေါ် ပစ်လိုက်ပြီး ပြန်ဆောင့်ဆွဲတော့ မောင်လို့ခေါ်သံက 'မောင်း' ဖြစ်သွားသည်။

"မောင် တော်တော်ရက်စက်ပါလား၊ မာမီက ဟိုမှာ အငယ်လေး ကြောင့် ဘယ်လောက်ထိ စိတ်ဆင်းရဲနေရသလဲ သိရဲ့လား၊ ဒါကို ထပ်ပြီး ရွဲ့စောင်းပုတ်ခတ်လိုက်သေးတယ်၊ ဟိုမှာ ဖုန်းကိုင်ရင်း ဘာဖြစ်သွားလဲ မသိဘူး"

မိုးသားက အံ့သြသွားသလို မျက်ခုံးနှစ်ဖက်ပင့်၍ လည်ပင်းရှည်ကြည့် သည်။

"မထင်ရဘူးနော်"

"ဘာ... ဘာလဲ"

"မင်းမာမီ တော်တော်အသည်းနုတာပဲ၊ မေမေဆိုရင် မျက်နှာချင်း ဆိုင်ကြီးအပြောခံရတာတောင် လဲပြိုရုံပဲဖြစ်တာ၊ အခု သီချင်းပဲကြားရတာ တောင် ..."

"ကြည့်စမ်း ဒါ... ဒါ မောင် တမင်တကာ ကလဲ့စားချေလိုက်တာပေါ့"

"ပြဿနာ အကြီးအကျယ်ပါလားကွာ"

မိုးသား ရှုံ့မဲ့ကာ တီဗီကို လှမ်းပိတ်၍ ဒီဘက်ပြန်လှည့်၏။

"ဒီသီချင်းကို မနည်းကြိုးရှာထားရတဲ့ဥစ္စာ၊ မင်းမာမီ ဖုန်းဆက်ကာမှ ဒီလောက်များတဲ့ခွေတွေထဲကနေ အော်တော်မစ်တစ်ဆွဲထုတ်လို့ရသလား၊ မင်းရဲ့မာမီ ဖုန်းဆက်တဲ့အချိန်မှာ မင်း အနားမှာမရှိတာကော မောင် ဖန်တီးထားလို့ရလား"

မကျေနပ်ပေမယ့် ရင့် စကားစရှာနေဆဲဖြစ်၏။ ဖုံးကွယ်နေမှန်း သိ သော်လည်း ဖော်ထုတ်ဖို့က ခက်နေသည်။ မာမီ ဟိုဘက်ကနေ ခေါ်ကြီး နေတာ ငိုချတော့မလိုဖြစ်နေတာတွေကို အံ့သြသလို ဒီဘက်ပြန်ကြည့် လိုက်တော့ မောင်က သီချင်းခွေကို ပြန်ထုတ်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသီချင်းကို ကြိုက်လို့ဖွင့်တာမဟုတ်ဘဲ စက်ထဲမှာထည့်ထားသည့် ခွေမို့ ဖွင့်ကြည့်လိုက်ရုံပဲ ကြည့်တာနဲ့တူ၏။ ဒါကြောင့်…

“မောင် မဟုတ်လောက်ပါဘူး မာမီရယ်၊ အခွေစမ်းနေတာပါ”

ဟုတောင် ကာကွယ်ပြောလိုက်မိသေးသည်။ ခုကျတော့ သူ့အမေကို မာမီ သွားပြောခဲ့သည့်အဖြစ်ကို သူကိုယ်တိုင်ထည့်ပြီးနှိုင်းယှဉ်ပြောလာခဲ့ပြီ၊ သူ့အမေကို ဒီလိုပြောခဲ့လို့ မာမီက ဝင့်လိုက်တာလိုလို၊ ရင့်ယုံကြည်ဖို့ တော်တော်ခက်သွား၏။

“ဒါဆို ရင့် ရေချိုးနေမှန်းသိရက်နဲ့ မာမီ့ကို နောက်မှပြန်ဆက်ပါလို့လဲ မပြောဘူး၊ ရင့်ကိုလဲ လာမခေါ်ဘူး၊ အဲဒါ ဘာလုပ်တာလဲ၊ ဒီသီချင်း အစအဆုံး မာမီ ကြားအောင် တမင်လုပ်တာမဟုတ်ဘူးလား”

“မင်း ရေချိုးနေမှန်းသိပေမယ့် အမှတ်တမဲ့နဲ့ ‘ခဏကိုင်ထား’ လို့ ပြောလိုက်တာလေ၊ လာခေါ်တော့လဲ မင်း ရေချိုးလို့ပြီးနေပြီဆိုတော့ အင်္ကျီဝတ်ပါစေဆိုပြီး စောင့်နေလိုက်တာပေါ့၊ ဖုန်းလာတယ်လို့ပြောလိုက်ရင် မင်းက ဒီတိုင်းစောင်ပတ်ပြီး ထွက်လာမှာ၊ အအေးပတ်မှာစိုးလို့”

မိုးသားက ခပ်တည်တည်၊ ရင့် ငြိမ်နေလိုက်ရပြန်သည်။ လင်မယား လည်း အခုတစ်လောကျမှ အဆင်ပြေသည် သိပ်မရှိခဲ့ပေ။ ရီရီတို့ ခဏ ခဏ ပိုက်ဆံချေးလွန်းလို့ ကြာတော့ မိုးသားက ပြောလာ၏။

“သူဌေးသမီးတွေဆိုပြီးတော့လဲ ချေးလိုက်တဲ့ပိုက်ဆံကွာ၊ မောင်က ပြောပြန်ရင် ယောက္ခမက တစ်မျိုး၊ ဒီမှာဖြစ်ပျက်နေတာတွေကျတော့ တစ်ချက်မှကို ပြန်မကြည့်တော့ဘဲနဲ့ …”

“ဟုတ်တယ်၊ ယောက္ခမက တစ်မျိုး အမှန်ပဲ၊ သူ့တူမတွေကိုထိရင်တော့ မာမီက ခံမှာမဟုတ်ဘူး။ ရီရီတို့ချေးတဲ့ငွေတွေ မာမီ့ဆီက ရင့် ပြန်တောင်းပေးမယ်၊ မောင့်ပါးစပ်ကိုသာ ပိတ်ထား”

တစ်ခါတော့ မာနိုင်သည်။ နှစ်ခါ သုံးခါဖြစ်လာတော့ ရီရီတို့ သုံးဖွဲ





နေတာတွေကို ရင့်ကိုယ်တိုင် အမြင်မတော်ဖြစ်လာ၏။ ခုတော့ သူတို့တွေလည်း ကိုယ်ပိုင်တိုက်တစ်လုံးဝယ်နေကြမည်မှာပြောပြီး တိုက်ရှာ၊ ခြံရှာနှင့် သွားလာနေကြပါပြီ။

မာမီက ဆူသည်။ မောင်ကလည်း အရင်ကလို ခေါင်းငုံ့မနေတော့ဘဲ တစ်ခွန်းစ နှစ်ခွန်းစတော့ ပြန်ပြောတတ်လာ၏။ ထို့ကြောင့် မာမီနဲ့မောင် ခပ်စိမ်းစိမ်းနေခဲ့ကြရင်းမှ မသင့်မြတ်တဲ့အခြေအနေတွေထိ ဖြစ်နေခဲ့တာလည်းရှိ၏။

“နေခြည်ရင့် ညည်းလဲ ပုံစံတွေပြောင်းနေပြီနော်၊ ဒီကောင် ညည်း အရေးပေးလို့ ခုလို လူပါးဝရဲနေတာ”

မောင် အချိုးမပြေတာကိုမြင်တိုင်း မာမီက ရင့်ကို မကျေနပ်။

ခုတော့ ရင့်ကိုယ်တိုင် မောင့်ကို မကျေနပ်တော့ပါ။ မေးတော့လည်း ဝန့်ခံ၊ ပြောတာတွေမှာလည်း အငြိုးအတေးတွေက ရောနှောလျက် မာမီကို မောင် ကပ်ရိလိုက်တာကို သေချာပေါက် ယုံသွား၏။

“မာမီ့ဆီ ရင့် သွားဦးမယ်၊ မိုးချုပ်ရင် မျှော်မနေနဲ့”

အချိန်မရွေး အလှပြင်နေတတ်သည့်ရင့်က အိမ်ထဲကအိမ်ပြင်ကို တစ်ထွာထွက်တာနဲ့ တစ်ခါပြင်တတ်သည်။ ခုကျမှ ရေချိုးပြီးစ မျက်နှာအပြောင်သားနှင့် အပြင်သွားမည်ဆိုတော့ မိုးသားက စူးစိုက်ကြည့်၏။

“ခုမှ သုံးနာရီပဲရှိသေးတယ်၊ မိုးချုပ်အောင် ဘာလုပ်နေမှာလဲ”

“မီဘဆီသွားတာ ဘာဖြစ်လို့လဲ၊ ဟိုမှာ မာမီ နေမကောင်းဘူး”

“အနှစ်တို့လင်မယား ဘာဖြစ်ကြတာလဲ၊ မရောက်တာကြာပြီ မောင် လဲလိုက်မယ်”

ရင့် မျက်နှာပျက်သွား၏။ ဟိုကကိစ္စတွေကို မောင် သိပ်မသိအောင် ဖုံးထားခဲ့သည်။ မာမီနဲ့ အနှစ် အဆင်မပြေတာကိုမပြောဘဲ ညီနဲ့မေမီ အဆင်မပြေတာကိုပဲ ပြောထားသဖြင့် အခြေအနေက ညီက မိန့်ဘက်

www.burmeseclassic.com



ကို ပါနေလို့ မအေနဲ့ မသင့်မြတ်သလိုလိုဖြစ်သွားသည်။

မိုးသားကလည်း သေချာထပ်မမေး။ ရင့်ကို ဘာမှပြန်မပြောနဲ့လို့လည်း မာမီက ပိတ်ထား၏။ မိုးသားကိုယ်တိုင် ဒီယောကျ်ားကိုမှ ရွေးယူတတ်လေခြင်းဆိုသည့် ကရုဏာဒေါသနှင့် အနှစ်ဆီကိုမသွားဘဲနေသည်မို့ ဘာမှမသိခြင်းဖြစ်သည်။ ဟိုကိုပါသွားလို့မဖြစ်ပေ။

"ခုပဲ မာမီက မောင့်ကြောင့် ရောဂါတိုးသွားတာ၊ ဘာလိုက်လုပ်မှာလဲ ဟိုရောက်ရင် မာမီက ပြော၊ မောင်က မခံနဲ့"

ပြောပြောဆိုဆိုနှင့် လက်ကိုင်အိတ် ဝင်ယူသည်။ ပါးစပ်တပြင်ပြင်ဖြစ်နေသည့် မိုးသား ဘာမှမပြောရသေးခင် ကားပေါ် ရောက်အောင် သွားခဲ့သည်။

ခန့်တတ်၊ ရွံ့တတ်သည့် မိုးသား ပုံစံပြောင်းလာတာက ရင်လေးဖွယ်ပင်။

ဒီကိစ္စ သေးသေးကွေးကွေးလေးမဟုတ်။





## အခန်း (၃၆)

"ကိုလတ်"

"ဟင်..."

ရင့်က မခေါ်ချင်ပေမယ့် သွားကိုသွားမယ်လို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။ ထို့ကြောင့် အဝတ်အစားပင်မလဲတော့ဘဲ ခေါင်းဝင်ပြီးကားအပြင်ထွက်လာပြီး အိမ်သော့ယူနေဆဲမှာ အနှစ် ရောက်လာခြင်းဖြစ်သည်။

သူလည်းမသွား၊ သွားပေမယ့်လည်း မျက်နှာချင်းမဆိုင်မိခင် ပြန်ခဲ့အမို့ ညီမလေးနဲ့ သူ မဆုံဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ။

"လာလေ ညီမလေး၊ ဘာရပ်လုပ်နေတာလဲ"

အိမ်သော့ကို နံရံမှာပြန်ကပ်ချိတ်ကာ အဝင်တံခါးနားမှာရပ်နေသည့် အနှစ်ကို လှမ်းခေါ် လိုက်မိသည်။ အနှစ်က ဆလင်းဘက်အနက်လေးကို လွယ်သိုင်းလွယ်လျက် ခေါင်းလေးငုံ့၍ဝင်လာ၏။

အငယ်ဆုံးညီမလေးရယ်လို့ ဒီနေ့ ဒီလို အိမ်ထောင်သည်လေး ဖြစ်နေဖို့ကို အိပ်မက်ထဲမှာတောင် မမက်ခဲ့သေးပါ။ ပြီးတော့ ဒေါ် မမခေါ်၏သားနှင့်မှ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်ဘဝရောက်နေပါစေ ကိုယ့်ညီမလေးကိုတော့ မမြင်ချင်နားချတော့မဲ့ရ၊ ပြောတော့လည်း နားမထောင်၊ ဘာလိုလိုနှင့် မောင်နှမနှစ်ယောက်စလုံး မိဘကိုတော့ စုံကန်ခဲ့ပြီ။ သူများလက်အောက်မှာ ပြားပြားဝပ်နေရသည့်ဘဝ ရောက်နေကြရ၏။

သူ စိုက်ကြည့်နေသည့်ရှေ့မှာ ထိုင်လည်းမထိုင်ဘဲ ခေါင်းလေးငုံ့၍ နီးနီးလေးလာရပ်သည်။ အနှစ်ကလည်း ကလေးလိုနေပေမဲ့ ဆတ်ဆတ်ကျဲလေးဖြစ်သည်။ သူများက 'ဒင်' ဆိုလျှင် သူမက 'ဒေါင်' ရမှ။

"ဒီလောက်မိုက်တဲ့ကောင်မလေး၊ နင့်ဆီကို ငါ ဘယ်တော့မှမလာတော့ဘူး၊ ငါ့ဆီလဲမလာနဲ့"

လို့ ညီနဲ့လက်ထပ်လာတော့ သူ ပြောဖူးသည်။ 'မလာပါဘူး' လို့လည်း အနှစ်ကိုယ်တိုင်ပဲ ပြောခဲ့သည်။ ခု ရောက်လာတာက ထူးဆန်းနေသည်။

ပြီးတော့ ခေါင်းလေးငုံ့ကာ တစ်ချက်မှ မမော့သေးပေ။ ထူးဆန်းလို့ သူ စိုက်ကြည့်နေတုန်းမှာ အနှစ် ပခုံးလေးတစ်ချက်တွန့်သွားတာ မြင်လိုက်၏။

"အနှစ်... အနှစ် မော့စမ်း၊ နင် ငိုနေတာလား ညီမလေး၊ ဟိတ် မော့လိုက်စမ်း"

အနှစ် မေးဖျားလေးကိုဆွဲမော့တာ အားမရဘဲ မျက်နှာလေးကို လက်ဝါးနှစ်ဖက်နဲ့အုပ်ကိုင်ပြီး မော့စေလိုက်မှ ...

"*ဟင် ...*"

အနှစ် မျက်ဝန်းမှ မျက်ရည်တွေ၊ ပြီးတော့ ပါးပြင်ထက်မှာ တစ်စွန်းတစ်စပေါ်နေသည့် အညိုကွက်တွေကြောင့် အုပ်ကိုင်ထားသည့် သူ့လက်ဝါးတစ်ဖက်ကို အသာလေးဖယ်ကြည့်လိုက်လျှင် ...

"ဒါ... ဒါ ဘာဖြစ်တာလဲ"

ပြည့်ပြည့်စုံစုံမဟုတ်သော်လည်း ခပ်ရှည်ရှည် သုံးချောင်းအစင်းလိုက်





ကြီးက သွေးရောဥလျက် အညိုအမည်းစွဲနေ၏။ မိုးသား ရင်ထဲမှာ လျှောင်းပ်တာထက်ဆိုးရွားသော လှုပ်ရှားခြင်းက အပူလှိုင်းကြီး ကြွတက်လာသလိုဖြစ်လာ၏။

"ဒါ ရိုက်လိုက်တာ၊ ဘယ်သူလဲ၊ ဘယ်သူရိုက်တာလဲ ပြောစမ်း"

စိတ်၏ခံစားချက်ထဲမှာ နဖတ်ဖတ်နှင့်ချောမွေ့သည့် ညှိုပုံရိပ် ဖျတ်ခနဲ ထင်လာသည်။ ဒါပေမယ့် မဖြစ်နိုင်သည့်လမ်းကြောင်းထဲကို ပို့လိုက်ပြီးသားဖြစ်လေသည်။ ဒေါ်မမခက်လား ...။

"ကိုလတ်"

"ညီမလေး ကိုလတ်ကို ပြောစမ်း"

"ဒေါ်... ဒေါ်မမခက်"

"ဟင်..."

အနှစ် သူ့ခါးကိုကျုံးဖက်ပစ်လိုက်ပြီး ချုံးပွဲချငိုသည်။ မောင်နှမ နှစ်ယောက် ဖက်ထားမိကြလျက် အတန်ကြာသည်အထိ စကားမပြောနိုင်။

"နင့်ကို ကိုလတ် ပြောသားပဲ"

အံကြိတ်သံနှင့် ပြောလိုက်သဖြင့် မိုးသား၏စကားလုံးတွေက အေးစိမ့်နေသည်။

"ဒီမိန်းမကြီး တော်တော်လွန်နေပြီ၊ တောက်"

တစ်သက်လုံးက အလိုလိုက်ယုယခဲ့ကြတဲ့ ညီမလေး၊ အရိပ်အကဲလည်း ခတ်နိုင်ပြီ၊ စကားလည်း တတ်လွန်းသဖြင့် 'အလင်းနှစ်' ဆိုသည့်ကောင်မလေးဟာ ငယ်ငယ်လေးကတည်းက အရိုက်အနှက်ခံခဲ့ရသည်ဆိုတာ မရှိ၊ ဒေါသဖြစ်စေတတ်တာရှိသော်လည်း ရိုက်ဖို့ထိ ဘယ်သူကမှ မရွယ်ဖြစ်ခဲ့ကြ။ မိုးသား အနှစ်ကိုယ်လေးကို တွန်းဖယ်ပစ်လိုက်ပြီး လက်သီးဆုပ်ထားမိ၏။

သူ့သမီးကိုကျတော့ ကိုယ့်မှာ သူ့ရှေ့ဆို 'တက်' ပင် ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



မခေါက်ရဲ၊ သမီးဖြစ်တဲ့သူကကော ဘာထူးလဲ။ မေမေ ဒီကိုလာသွားတိုင်း ပြဿနာရှာသည်။

"မောင့်မေမေက ရောက်လာတာနဲ့ စစ်ဆေးရေးဝင်တာကျနေတာပဲ ဟိုမေး ဒီမေးနဲ့ ရင့် မကြိုက်ဘူး၊ အဲဒီပုံစံတွေ မာမီသာသိရင် ညည်းက ယောက္ခမကျတော့ ပြားပြားဝပ်လို့ပါလားဆိုပြီး ပြောလို့ဆုံးမှာမဟုတ်ဘူး" ဆိုတာက တစ်မျိုး။

"မင်းရဲ့ အမေက နေ့တိုင်းလာတယ်ဆို"

"ဟုတ်ပါတယ်၊ ပြောင်းလာကာစဆိုတော့ မပြည့်စုံတာတွေရှိမှာစိုးလို့တဲ့"

"အို မလိုပါဘူး၊ ငါ့ အမေတစ်ယောက်လုံးရှိတယ်၊ ဒီလို အသေးအဖွဲ ဆိုတာ မိန်းကလေးကပဲ စီစဉ်ရတာ၊ ငါ့သမီးကိုစွ ငါ တာဝန်ယူနိုင်တယ်၊ ငါ့သမီးကို ချွေးမဆိုတဲ့မျက်လုံးနဲ့ကြည့်ပြီး ဟိုလိုဝေဖန်၊ ဒီလိုဝေဖန် လုပ်တာလဲ မကြိုက်ဘူး။ မမခက်က သားသမီးကို သူများ မျက်လုံးချွေကြည့်တာတောင် မခံခဲ့တဲ့ မိန်းမ" တဲ့။

သူတို့ကျတော့ ပြောရဲခဲ့သည်။ ကိုယ်ဘက်ကတော့ ဘာပြောပြော ခေါင်းငုံ့နေခဲ့ရတဲ့ဘဝ။ မိန်းမဖြစ်သူကလည်း ငါ့ယောကျ်ား ငါ့ကိုချစ်လို့ သည်းခံနေတာဟု မြင်ပုံမရပါ။ အမေက ပြော၊ သမီးက လက်ခုပ်တီးနှင့် လိုက်ဖက်ပါပေ၏။

သူများသားသမီးကိုကျတော့ ရက်စက်ရိုင်းစိုင်းလွန်း၏။ တွေးနေရင်း တနုံ့နုံ့တက်နေသည့်ဒေါသတွေကို ထိန်းချုပ်မရဖြစ်လာ၏။

"ငါ ... ကွာ တောက်"

"ဒုန်း ... ရွှမ်း..."

"ကိုလတ်"

စိတ်ရှိလက်ရှိ ထိုးချပစ်လိုက်သဖြင့် ရှိုးကေ့စ်မှန်တစ်ချပ်က အစိတ်





စိတ်အမြွှာမြွှာနှင့် ကြမ်းပေါ်သို့ ဖွေးခနဲကြွေဆင်းကုန်သည်။

"အဲဒီလောက်ဖြစ်နေတာကို နင်က ဘာလုပ်နေတာလဲ၊ သွား အိမ်ကို ခုပြန်၊ ဒီကောင့်ကို လုံးဝ မပေါင်းနဲ့"

"ဟင့်အင်း"

"ဘာ ... ငါ"

ခေါင်းခါလိုက်တော့ မိုးသား မျက်လုံးထဲမှာ ဒေါသကြောင့် မီးပွင့်သွား၏။ အနှစ်ပခုံးလေးနှစ်ဖက်ကို ဆောင့်ခနဲဆွဲယူပြီး လက်ပြန်ရိုက်ပစ်လိုက်ဖို့ လက်ကိုလွှဲမြှောက်ပစ်လိုက်မိကာ ...

"နင်... တောက် ..."

လက်က ရွယ်လျက်သားနှင့် ရပ်တန့်သွား၏။ အနှစ်က သူ့ကိုမော့ကြည့်၍ ငိုလည်းငိုသည်။ ခေါင်းခါနေတာကိုလည်း အကြောက်အရွံ့မရှိ ဆက်လက်ခါနေဆဲမှ ...

"မသွားဘူး၊ မေမေ့ကို နောက်ထပ်အရှက်ရအောင် အနှစ် အရှုံးနဲ့ မပြန်ဘူး ကိုလတ်"

"အရှုံးနဲ့မပြန်ဘူး ဟုတ်လား၊ ဘာလဲ နောက်ထပ်ပါးတစ်ဖက်ကျန်နေသေးလို့လား။ အနှစ် နင့်ကို ငါ အသေသတ်မိတော့မယ်"

"သတ်လိုက်တော့ ကိုလတ်၊ မမကြီးလဲ့ ပြန်ရောက်နေပြီ၊ အနှစ် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး၊ သိက္ခာကျ အရှက်ရအောင် မလုပ်ချင်ဘူး"

"အဲဒါ နင် အစက တွေးပါလား"

"အနှစ် မရည်ရွယ်ဘဲဖြစ်ခဲ့တာပါလို့ ပြောပြီးပြီပဲ"

"အေး ဘာကြောင့်ဖြစ်ဖြစ် အတောင့်ရှည်တော့ အစေ့များတယ် ကြာလေ ကိုယ်ပဲနစ်နာလေဖြစ်မှာ၊ နင် မပေါင်းရဘူး၊ ဒီမိန်းမကြီးအကြောင်း နင့်ထက် ငါက ပိုသိတယ် နားလည်လား၊ တစ်သက်လုံး ချုန်ခိုယံဆုကို ခါးစောင်းတင်လာခဲ့တဲ့မိန်းမကြီး၊ သွားစိန်မခေါ် နဲ့ ခုပြန်၊ ငါလိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးသားက လက်ကို ဆတ်ခနဲဆွဲ၍ တံခါးဝသို့ ခြေလှမ်းသည်။ အနှစ်က ခြေကန်ရုန်း၏။

"မပြန်ဘူး၊ ဒီမိန်းမကြီးအကြောင်းကို ကိုလတ် ဒီလောက်သိနေရင်လဲ ဘာဖြစ်လို့ သူ့သမီးကို ပေါင်းနေသလဲ"

"ဘာပြောတယ်၊ ငါက ယောက်ျားလေး"

"ဘာယောက်ျားလေးလဲ ကိုလတ်၊ ပါးရိုက်မခံရသေးလို့လား"

"အနှစ်… နင် ငါ့ကို …"

"ကိုလတ်လဲ ကိုလတ်မိန်းမကို မပစ်နိုင်ဘူးမဟုတ်လား၊ အနှစ်ကိုလဲ စာနာပေါ့"

"ဟ စာနာရုံကမလား၊ ငါ့ညီမလေးမို့လို့ မခံနိုင်လို့ ပြောနေတာ သူများစော်ကားတာကို မမြင်ရက်လို့ တားတာ"

အနှစ်က ပါးတစ်ဖက်မှာ ဒဏ်ရာကလေးတင်လျက်နဲ့ပဲ အစ်ကိုဖြစ်သူကို ရဲရဲတင်းတင်းကြည့်၏။ မျက်ရည်ပုလဲဥတွေက မေးရိုးနှစ်ဖက်မှာ လှုပ်ခတ်ခိုတွဲနေလျက် …

"မြင်ရက်အောင်မြင်လိုက်တော့ ကိုလတ်၊ ဒါမှ ကိုလတ် စာနာတဲ့သဘောကို ပိုပြီးနားလည်သွားမှာ။ ကိုလတ်ကို သူများက သမီးနဲ့များပြီး ဖိနှိပ်နိုင်နင်းနေတာကို မေမေနဲ့အနှစ် မြင်ရတုန်းက ဒီထက်ဆိုးတယ်။ အိမ်ထောင်ဆိုတဲ့ စည်းခြားတဲ့ ကာလတစ်ခုကိုလဲ အနှစ် မရောက်သေးတော့ ကိုလတ်အတွက် မခံချင်၊ မချင့်မရဲဖြစ်ရတာတွေက ကိုယ့်အသားကို သူများ လာဆိတ်နေတာထက် ပိုပြီးအခံရခက်တယ်။ အခု ဒီမိသားစုထဲကို အနှစ် မထင်မှတ်ဘဲရောက်လာတာမှန်တယ်၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ပြန်ထွက်သွားမှာမဟုတ်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး၊ နင် ရူးနေပြီလို့ပဲ မြင်တယ်၊ တောက်"

မိုးသား နောက်ထပ်ရှိုးကော့စ်ပေါ်ကို လက်သီးဆုပ်နဲ့ ဒုန်းခနဲထုလိုက်





ပြန်သည်။ အနှစ်က မိုးသားလှည့်လိုက်သည့်ဘေးမှာ လိုက်ရပ်ကာ…

"အနှစ်တစ်ယောက်တည်း ရူးနေတာမဟုတ်ဘူး၊ ကိုလတ်လဲ ရူးတာပဲ၊ အနှစ် ခုလိုအရှုံးပေးနေတာတွေဟာ တစ်ချိန်မှာ ပြန်ပြီးအနိုင်ရဖို့ပဲ၊ ဒါပေမယ့် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အနှစ်က ရည်ရွယ်ပြီးရင် ဖြစ်အောင်လုပ်မှာပဲ။ အဲဒီကနေ ရှုံးလျက်နဲ့ ဘယ်တော့မှ ထွက်မသွားဘူး"

"လာပြန်ပြီ၊ နင့်ကိုယ်နင် နိုင်မယ်လို့ချားထင်နေလို့လား၊ ညီ ဆိုတဲ့ ကောင်လေးက ဒေါ်မမခက်ရဲ့ကိုယ်ပွား၊ ဒီအမေမှ ဒီအမေ …"

"ဘာဖြစ်ဖြစ်လို့ ပြောပြီးပြီပဲ"

"မရဘူး၊ နင့်ကို ငါ ခုချက်ချင်း ပြန်ပို့မယ်"

"ဒါဆို ကိုလတ်တစေတော"

"ဘာ …"

လက်ကိုကိုင်လိုက်သည့် မိုးသားကိုယ် ဆတ်ခနဲမတ်သွားသည်။

"ကိုလတ် ပြန်မယ်ဆိုရင် အနှစ်လဲ ပြန်မယ်"

မာကျောကျောပြောလိုက်ပြီးမှ မျက်ရည်တွေ ဖြာဆင်းလာကြပြန်ကာ …

"ကိုယ့်ညီမကို အနာတရလုပ်လွှတ်လိုက်ပြီးတဲ့ ဒီမိန်းမကြီး လက်အောက်မှာ ကိုလတ်က နေနိုင်သေးလို့လား၊ အနှစ်ကြောင့် မေမေက သူများလက်ညှိုးထိုးပြောတာကို ခံခဲ့ရတယ်၊ ဒါ ကိုယ့်အပြစ်မဟုတ်ဘဲနဲ့ ကိုလတ်က ထပ်ပြီး မေမေ့ဆီကို မသွားဘဲနေတယ်"

"ငါ သွားပါတယ်"

"တော်ပါ ကိုလတ်ရယ်၊ ဟွန်း အနှစ် အခုလာတာ ကိုလတ် မေမေဆီကိုသွားပြီး အရင်လို ဝင်ထွက်ခေါ် ပြောစေချင်လို့ အနှစ်နဲ့ပတ်သက်တာလဲ ဘာမှမပြောပါနဲ့လို့ ကြို့ပြောချင်လို့ လာတာ၊ အနှစ် ပြန်တော့မယ်"

"ညီမလေး နင်… နင်…"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလတ်ပဲဆုံးဖြတ်ပါ။ ကိုလတ် မေမေ့ဆီကို ပြန်ရောက်ပြီဆိုရင် အနှစ်ကို ဖုန်းဆက်လိုက်"

"နှင် ငါ့ကို ဘာဖြစ်လို့ ကပ်တွယ်နေတာလဲ"

"ကပ်တွယ်တာမဟုတ်ဘူး ကိုလတ်၊ လွတ်မြောက်စေချင်လို့ ဒေါ် မခက်လောက် တစ်ယူသန်တစ်ဖက်သတ်ဆန်တဲ့ မိန်းမကြီးမျိုး မတွေ့ဖူးဘူး၊ သူ့သမီးဖြစ်တဲ့ ရင့်ကိုကျတော့ လင်ကိုနိုင်မှကြိုက်တယ်၊ သားကျတော့ မိန်းမကို အလျှော့မပေးနဲ့ တဲ့"

အနှစ်က တစ်အိမ်တည်း အတူနေကြတာမို့ အတွင်းစကား၊ အပြင်စကားဆိုတာ မကြားချင်မှအဆုံး။ ဒေါ်မမခက်က သမီးလာတိုင်း ဆုံးမလေ့ရှိသည်။ မိန်းမပီသဖို့ မယားဝတ္တရားကျေဖို့တော့ မပါပေ။

"ရီရီ ငါ့ကိုပြန်ပြောလို့ သိတာပေါ့။ ညည်းက ဟိုကောင့်ကို နှင်းနှိပ်ပေးနေတယ်ဆို"

"သူ နေမကောင်းလို့ပါ မာမီရဲ့၊ လင်နဲ့မယားဆိုတော့ တစ်ချက်နှစ်ချက်ဖြစ်ဖြစ် မလွှဲမကင်းသာ လုပ်ပေးရတာပေါ့"

"ဘာမှ မလွှဲမကင်းသာဖို့မလိုဘူး။ ဆန်ပေးလို့ ဆီရတာပါအေ၊ ရှာဖွေလုပ်ကိုင်ကျွေးတာနဲ့ပဲ အိမ်ဦးနတ်ဆိုပြီး သူတို့ကို ခြေဆုပ်လက်နယ် ပြုစုရလား၊ ညည်း ကိုယ့်မိဘကိုတောင် ဘယ်နှစ်ခါ နင်းနှိပ်ပေးခဲ့ဖူးသလဲ"

"မာမီကလဲ ဒါတခါတော့ ..."

"ဘာ ဒါကတော့လဲ၊ မိဘက ချေးသေးကလူကျွေးမွေးစောင့်ရှောက်လာခဲ့တာ ကျေးဇူးမတင်ဘူးလား၊ ညည်းတို့ဆီက မိဘက ဘာများရခဲ့တာရှိလို့လဲဟင်၊ ကိုယ့်ဘဝတစ်ခုလုံးကို ဖျာလိုခင်းထားပေးခဲ့လို့ ရှာဖွေကျွေးမွေးခဲ့တဲ့ယောကျ်ားကျတော့ ကျေးဇူးရှင်တဲ့၊ ပြုစုလုပ်ကိုင်ပေးလိုက်ရတာ ကျွန်တစ်ယောက်လိုပါလား၊ မိန်းမလဲ မိန်းမအလုပ်နဲ့ အိမ်မှာ ဖိမ်နဲ့နေတာ မရှိဘူး၊ ဒီကြားထဲ သူတို့အကြိုက်လိုက်ရ၊ ကိုယ်ဝန်လွယ်ရ၊ သားမွေး





ရ၊ အိမ်ထောင့်တာဝန်ဆိုတာ သူတစ်ယောက်တည်းယူနေရတာမှမဟုတ်ဘဲ၊ သူ ပင်ပန်းသလို ကိုယ် မသက်သာတာလဲ သိပါစေ၊ မဖြစ်သလို တစ်ခါနှိပ်ပေးလိုက်ရရင် ဆယ်ခါလောက်ပြန်ခိုင်း၊ ယောကျ်ားတွေက သူတို့ကို ကိုးကွယ်လေ ကိုယ့်ကို ဖိနှိပ်လေ လုပ်မှာပဲ၊ နောက်တစ်ခါ အဲဒီလို ပြုစုနေတဲ့အသံကြားရရင် ညည်း မလွယ်ဘူး"

သမီးဘက်ကိုကျတော့ မိန်းမတစ်ယောက်၏တန်ဖိုးက ထွက်လာလိုက်တာ ကိန်းဂဏန်းတွေမကုန်နိုင်၊ သားကို ဆုံးမတော့ တစ်မျိုး။

"မိန်းမအကြောင်း မိန်းမချင်းပဲသိတယ်။ ကိုယ်ကချစ်လို့ အလိုလိုက်လဲ သူတို့က ကိုယ့်ကို တဏှာရူးလို့လို့၊ နွားဘူးလိုလိုနဲ့ ခိုင်းနွားတစ်ကောင်လို သဘောထားတာ သားကြီး သိလား၊ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်တယ်ဆိုတဲ့စကားက အလကားရှိခဲ့တာမဟုတ်ဘူး၊ သိပ်မှန်တဲ့စကား၊ တည်တည်ပြတ်ပြတ် ရက်ရက်စက်စက် ယောကျ်ားမျိုးကိုမှ မိန်းမတွေက အထင်ကြီးတာ၊ အထင်ကြီးမှ ချစ်တာ၊ ကြောက်ရလေ ချစ်ရလေပဲ၊ ကိုယ့်အိမ်ထောင်ရေးကို ရေရှည်နိုင်မြဲအောင် ထိန်းသိမ်းသွားချင်ရင်တော့ ယောကျ်ားဆိုတာ ယောကျ်ားလို တည်တည်ခန့်ခန့်နေရမှာပဲ၊ ချစ်လွန်းလို့ မုန်းရတယ်တဲ့၊ ပရောပရီနေလွန်းတော့ ကိုယ့်ကို မလေးစားတော့ဘူး၊ လူငယ်တွေစကားနဲ့ပြောရရင် ရိုးအီသွားတော့ ရင်ခုန်သံတွေပါ နှေးသွားတာပေါ့၊ များများချစ်ရင် များများရက်စက်နိုင်ရတယ်" တဲ့။

လေမိုးထန်ကတော့ မိဘစကားကို တစ်သဝေမတိမ်း လိုက်နာသည်။ ပြောတဲ့အတိုင်းပဲ ဖြူကလည်း ချစ်ကြောက်ရိုသေဖြစ်လာတော့ ဒီမက်သတ်နဲ့ပဲ နေလာခဲ့တာ အမေနဲ့သား တစ်ထပ်တည်း။

သမီးကလည်း အမေတူသမီးပဲဖြစ်သည်။

"ကိုယ့်အစ်ကိုတစ်ယောက်လုံးကို ဖိနပ်လုပ်စီးဖို့ နွားလိုခိုင်းဖို့ ကိုယ့်ရှေ့မှာ သင်ပေးနေတာတွေ အနှစ်က နေ့တိုင်း ညတိုင်း ကြားနေရတာ

www.burmeseclassic.com



ကိုလတ်ရဲ့"

အားလုံး ပြောပြပြီး အနှစ်က လက်ကျန်မျက်ရည်တွေကို သုတ်ပစ်သည်။ ကျရင်းသုတ်ရင်းနှင့် မျက်နှာတစ်ပြင်လုံးလည်း နီနေပါပြီ။ ရုပ်ပျက်ဆင်းဖျက်ကြီး ငိုင်ကျသွားသည့် မိုးသားမှာတော့ စကားတစ်လုံးမှကို ပြန်မပြောနိုင်တော့ပေ။

"အနှစ်ကို ညီက နိုင်ချင်ရင် အနှစ်က ကာကွယ်လို့ရတယ်၊ ကြားသင့်တာတွေကကော၊ မကြားသင့်တာတွေကော အနှစ်က သူတို့အကြောင်းတွေကို သိထားကြားထားတဲ့လူ၊ အခု အရှုံးပေးနေတာလဲ ပျော့ညံ့လို့မဟုတ်ဘူးဆိုတာ ကိုလတ်တို့ နောက်တော့ သိမှာပါ။ ဒါပေမယ့် ကိုလတ်ကျတော့ လက်နှစ်ဖက်လုံးစုံချပြီး ထုသမျှ ရိုက်သမျှ ခေါင်းငုံ့ခံပေးနေတာ အဲဒါ အနှစ် လုံးဝ မခံနိုင်ဘူး။ ကိုလတ် ဒီမိန်းမကိုမှချစ်ရင် ဘယ်တော့မှ ပြန်မပေါင်းပါနဲ့လို့ အနှစ် မပြောပါဘူး၊ ဒါပေမယ့် ကျားမှန်း နွားမှန်းတော့ သိအောင်ပြသင့်ပါတယ်။ အိမ်ထောင်တစ်ခုမှာ လင်ကဖြစ်ဖြစ်၊ မယားကဖြစ်ဖြစ် တစ်ဖက်သတ်နိုင်နင်းနေတာ လုံးဝ သဘာဝမကျဘူး၊ နိုင်ချင်ပြိုင်ချင်လို့ ယူကြတာမှမဟုတ်တာ၊ သူတို့စကားနဲ့ ပြန်ပြောရမယ်ဆိုရင် ကိုလတ်က သည်းခံနေရင် ဒီယောကျ်ား ငပေါကြီးဆိုပြီး မိန်းမက ကြာလေ အထင်သေးလာလေ ဖြစ်တော့မယ်၊ ကိုလတ်ထက် တည်တံ့ခန့်ညားတဲ့ယောကျ်ားကိုတွေ့ရင် အထင်ကြီးတိမ်းညွတ်မသွားဘူးလို့ကော ပြောနိုင်မလား"

"တော်တော့ ညီမလေး၊ နင့်ကိစ္စကိုပဲ နင်ပြော"

"ဒါဆို ပြီးပြီလေ၊ မေမေ စိတ်ချမ်းသာအောင် ကိုလတ် သွားတွေ့ပြီး အားပေးဖို့ အနှစ် လာပြောတာ၊ အနှစ်အကြောင်းကိုတော့ သင့်တော်သလိုပြောပေး"

"နေဦး"





အနှစ်က ကျောခိုင်းပြီးသွားကနေ လှည့်မကြည့်တဲ့ရုပ်နေ၏။ ကိုလတ်က အနှစ်ရှေ့ထိကျော်တက်ပြီး ပိတ်ထားလိုက်ကာ ...

"ဘယ်ကိုသွားမှာလဲ"

"ညီ့ဆီကို"

"ဘာ..."

"အနှစ် ပြောပြီးပြီပဲ၊ ကိုလတ် ပြန်ဖို့ဆုံးဖြတ်လိုက်ပြီးရင် အနှစ်ကို ပြောပေါ့"

၁၀၈ ၁၀၈ ၁၀၈



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"ဟင် ..."

ဦးချစ်စိုး အံ့သြသွားသဖြင့် သမင်လည်ပြန်ကြည့်လိုက်မိသည့်အင်ပင်။ ဒီကောင်မလေးက သူနဲ့ ခြံချင်းကပ်လျက်ကပဲ။ ကြည့်စမ်း မိသားဆွေမျိုးတွေ တစ်နေရာစီမှာနေခဲ့ကြပြီး ကလေးတွေက ဟိုမှာ အိမ်ထောင်ကျ။ ဒီရောက်လာနှင့် အံဆက်အစပ်မဲ့နေတာတွေက အံ့သြစရာပါလား

ကိုယ့်တူတစ်ယောက်လုံး အိမ်ထောင်ကျနေတာ ဒီမိန်းကလေးမှန်းလုံးဝ ဆက်စပ်မသိခဲ့ပေ။ ဒါကိုဖွင့်မေးလိုက်ကာမှပဲ လူမမာက အပြစ်တင်နေသေးသည်။

"မင်းလိုလူမသိတာ ဘာဆန်းလို့လဲ ဖိုးချစ်ရဲ့၊ မင်းက အိမ်ရယ်၊ ထားရယ်၊ ဆေးရုံရယ် ဒါပဲ မျက်စိထဲထည့်တဲ့လူပဲ၊ ဒါနဲ့များ ငါ့သားလေးကိုမေးစားဖို့တောင်းသေးတယ်"

ဟုပြောပြီး နှာဘူးလေး နှာခေါင်းမှာတေ့၍ မဲ့သည်။ ဦးချစ်စိုးသကိုင်လာသည့်အိတ်ကို စားပွဲပေါ်မှာ ချထားလိုက်ပြီးမှ ...





"အဲဒါ ဘာဖြစ်လို့လဲ၊ မမခက်သားကို မမခက် မွေးတော့ဆော အခုဖြစ်ချင်သလိုဖြစ်ခဲ့လို့လား၊ မမခက်လဲ မောဟစိတ်တွေ နည်းနည်းလျှော့ဖို့ကောင်းနေပြီ"

"ဘာ ..."

"ဟ လူမမာက လေသံကျတော့ ခေါင်ခေါင်မြည်ပါလား"

ဦးချစ်စိုးက ခပ်ပြုံးပြုံးပြော၍ ဒေါ်မမခက် ထိုင်နေသည့် ဒရင်ဘက်ဒ်သားမှာပဲ ခုံပုလေးဆွဲထိုင်လိုက်သည်။

"ကလေးတွေအကြောင်းပါလာရင် မမခက်နဲ့ကျွန်တော် အဆင်မပြေဘူးမဟုတ်ဘူး။ အဲဒီတော့ တော်ပြီ၊ မမခက် အခု ဘယ်လိုနေလဲ"

"ဘာလဲ ငါ့ကို ကျန်းမာရေး လာစစ်တာလား၊ ငါ့ဆရာဝန်နဲ့ငါ ရှိပြီးသား"

"သိပါတယ်၊ ဒီကလဲ ကိုယ့်အစ်မမို့လို့ ခရီးရောက်မဆိုက် လူမမာသာမေးတာပါ။ အင်း မမခက်ကြည့်ရတာ လူကတော့ အကောင်းကြီးပါ"

"ဖိုးချစ်"

"ဗျ"

ဒေါ်မမခက် ဒရင်းဘတ်ဒ်ပေါ်မှာ လူမမာလိုမဟုတ်ဘဲ မတ်မတ်စန့်စန့် ပြင်ထိုင်လိုက်ပြီး ကိုင်ထားသည့် ရှူဆေးဘူးကို ဒေါနှင့်မောနှင့် ဆောင့်ချဖို့ဟာ စားပွဲက မမီ။

"ပေးပါ ကျွန်တော့်ကို"

ဖိုးချစ်က ရှူဆေးဘူးကို ဒေါ်မမခက် မပေးဘဲ လက်ထဲကနေ ယူသည်။ ပြီးတော့ စားပွဲပေါ်မှာ ထောင်လျက်လေး ဆောင့်ချလိုက်၏။

"ရပြီလား"

မျက်နှာက လျှောင်သလို၊ ပြောင်သလို ပြုံးစိစိ။ သူ့အစ်မအကြောင်းသူပဲသိသည်။ အနိုင်လိုချင်သည်၊ ဒေါသကြီးသည်၊ အစွန်းရောက်မာနတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ မောင်နှမချင်းလည်း 'နင်တွေ၊ ငါတွေ'နဲ့ပဲ ခေါ်ပြောရင်း ကြီးပြင်းလာခဲ့ကြတာဖြစ်ပြီး ဘယ်တော့မှလည်းမတည့်။

"နင့်ဟာနင် ပါရဂူကြီးဖြစ်ဖြစ် ငါ့ကို ဆေးလာမထိုးနဲ့"

ဆိုသည့်စကားက သူ ဆေးကျောင်းသားဘဝမှာကတည်းက မမခက် ကြေညာခဲ့တာဖြစ်သည်။ တကယ်လည်း သူ့ကို ဘယ်တော့မှ မတမ်းတပါ။ မောင်တစ်ယောက်လုံး ဆရာဝန်ရှိပြီး မိသားစုဆရာဝန်နှစ်ယောက် သုံးယောက် ထားခဲ့တာတောင် အဲဒီထဲမှာ ဒေါက်တာချစ်စိုး မပါပေ။

"ကောင်းသားပဲ၊ နင့်ကို ဆေးမထိုးရလဲ ငါ ရာထူးတောင် ပိုတိုးသေးတယ်"ဟု ရွဲ့သည်။ ပြီးတော့ မခံချင်အောင် ဆက်ပြောလိုက်သည်။

"ဟုတ်တယ်လေ၊ နင်က တော်တော်ခေါင်းမာပြီး အတ္တကြီးတယ်ထင်ရာလုပ်တယ်၊ ဘယ်သူ့စကားမှ နားထောင်မှာမဟုတ်တော့ ဘာရောဂါဖြစ်ဖြစ် ကုပေးတိုင်းလဲ ပျောက်မှာမဟုတ်ဘူး၊ ကုသပေးခွင့်မရတာ ကျေးဇူးပါပဲဗျာ"

ပြောတော့ ဒေါ်မမခက် ထခုန်တော့မတတ် ဒေါသတွေကြီးခဲ့၏။ ခုတောင်မှ 'နင်နဲ့ငါ'နဲ့ ပြောမိတဲ့အခါတွေရှိသေးသည်။ လူကြီးတွေဖြစ်လာကြပြီမို့ ဆင်ခြင်ဖို့ သတိရတဲ့အခါကျတော့ 'ကျွန်တော်'၊ မေ့လျော့ပြီးဆိုင်မိကြပြီဆိုလျှင် 'မမခက် နင့်ကို ငါ...' စသဖြင့် ဦးချစ်စိုးကလည်း စိတ်ဆတ်သူမို့ ခက်သည်။

မောင်နှမ ဆုံလိုက်တာနှင့် ဒေါ်မမခက်က ဦးချစ်စိုးကို 'ဘာလာလုပ်တာလဲ' ရှေ့မ် ဆိုသည့် မျက်လုံးနှင့်ပဲကြည့်သည်။ ဦးချစ်စိုးကလည်း တူတူမတွေနှင့် အစ်မဖြစ်သူ လျှပ်ရှားတိုင်ပင်နေကြတာတွေကို အကြားမတော်တိုင်း အားမနာပါးမနာ ဝေဖန်၏။

ခုလည်း အစ်မဖြစ်သူ ဒေါသပြချင်တာကို ရှုဆေးဘူးကနေတစ်ဆင့် သူက ကိုယ်စားဝင်ပြပေးပြီး ပြုံးတုံ့တုံ့ ...





"ဘာလာလုပ်တာလဲ ဒီကို"

"ကိုယ့်မောင်လေးတစ်ယောက်ကို ကြင်နာသားပဲနော်"

ဒေါ်မမခက် မျက်စောင်းထိုးမိသည်။ ကိုယ့်မောင်လေးပဲ မချစ်ဘဲနေပါ့မလား။ ဒါပေမယ့် မောင်နှမနှစ်ယောက်ပဲမို့လို့ ဘာမှ တိုင်ပင်လို့မှ မရဘဲ။ ကိုယ် အဖြူဆို သူက မည်းမည်း၊ ကိုယ်က မျှဉ်းဖြောင့်ဆို သူက ချဉ်းကောက်။

ကိုယ်က အကြီးဖြစ်ရပြီး သူနဲ့ စကားပြောမိပြီဆို ကိုယ်ပဲ ပေါ်တော တော၊ ကြောင်တောင်တောင်ဖြစ်ခဲ့ရ၏။ မသက်မသာမျက်နှာနှင့် ဒေါ်မခက်က ဒရင်းဘက်ဒ်မှာခပ်လျှောလျှောပြန်လှဲကာ ...

"ငါ မကြင်နာတာကို မပြောပါနဲ့ မင်းကကော ကိုယ့်တူ မိန်းမယူလိုက်တာတောင်မှ သိရဲ့လား"

"သိတယ်လေ၊ ဒါပေမယ့် မမခက် ဖည့်ခံပွဲတောင်မှ လုပ်မပေးခဲ့ဘဲနဲ့ အကူးတက ဘာလာလုပ်ရမှာလဲ၊ ပြီးတော့ ကောင်မလေးကို ခုထိ မအပ်ရသေးဘူးဆို"

"မအပ်ရသေးတာမဟုတ်ဘူး၊ အပ်ဖို့ စိတ်ကူးထဲ အိပ်မက်ထဲမှာကို ရှိတာ"

"မလုပ်နဲ့လေ မမခက်ရဲ့၊ မြန်မာဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ မလေ့သုံးစံဆိုတာ ပစ်ပယ်ကောင်းတဲ့အရာ မဟုတ်ဘူး၊ မင်္ဂလာဆယ့်နှစ်ပါးထဲကလဲ ပါတယ်လေ။ မိန်းကလေးရှင်ဘက်က သမီးရှင်ပီပီ အထာတော့ မှာပေါ့၊ မမခက်က သားရှင်ဝတ္တရားအတိုင်း ..."

"မိုးချစ် တော်တော့ နင်၊ သားရှင် သမီးရှင်တွေ ငါ့ကို လာမပြောနဲ့၊ ငါလဲ သမီးမဖြစ်ခဲ့တာမဟုတ်ဘူး။ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ကိုယ်၊ ငါ ပေးချင်တာကိုလဲ ယူသွားသေးတယ် ငါက ပြန်တောင်းပန်ရမှာလား ဘွန်း"

www.burmeseclassic.com



ဦးချစ်စိုး ခေါင်းတရမ်းရမ်းဖြစ်သွားသည်။ ညီ လက်ထပ်ဖို့တွေဖြစ်နေတုန်းက သူလည်း သူငယ်ချင်းတစ်ယောက်၏ နာရေးကိစ္စနှင့် ဒီဘက်ကို မလှည့်အားခဲ့ပေ။ မင်္ဂလာရက်တွေ ဘာတွေ သတ်မှတ်ပြီးမှပဲ မင်္ဂလာပွဲ တက်လိုက်ဖို့ ဆုံးဖြတ်ရင်း စောင့်နေခဲ့မိ၏။

ခုလည်း ခရီးသွားရာက ပြန်လာခဲ့တာဖြစ်သည်။ ဒီမှာ အခြေအနေတွေဆိုးနေတာကို လေမိုး ပြောပြမှပဲ သူ သိခဲ့ရ၏။

"ခက်တယ် မမခက်ရာ၊ မမခက် ဆိုတဲ့အတိုင်း နင်က လွယ်ကို မလွယ်တာ"

"အဲဒါ ခုမှသိလား"

"ပိုပိုပြီးသိလာတာပေါ့၊ အခု နင့်ယောကျ်ားလဲ စိန်ကုန်သည် အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်တော့မယ်တဲ့"

ဒေါ်မမခက် မျက်နှာပျက်သွား၏။ ဖုံးဖိဟန်ဆောင်ဖို့ကြိုးစားနေဆဲကို အကဲခတ်မိပြီး ဦးချစ်စိုး စိတ်မကောင်းနိုင်။

"ကျွန်တော် ကန့်ကွက်ဖို့ကြိုးစားသေးတယ်၊ မမခက်နဲ့ သူ ကတိထားခဲ့ကြတာ ပြီးပြီတဲ့၊ ကလေးတွေဂုဏ်သိက္ခာအတွက် လင်မယား မကွဲသလို နေပေးခဲ့တာ၊ အခု ကလေးတွေ အိမ်ထောင်ကျကုန်ပြီဆိုတော့ တော်လောက်ပြီပေါ့ တဲ့"

"ဟွန်း ဖအေတွေ ဒါပဲလေ"

"ဒီလိုတော့ မမခက် မပြောနဲ့လေ၊ မမခက်တို့ ဒီလိုဖြစ်သွားကြတာမှာ တွေးကြည့်ရင် သူ့အပြစ် သိပ်မရှိဘူး"

"ဘာပြောတယ် ဖိုးချစ်"

"မြင်တဲ့အတိုင်း ဝေဖန်ပြတာ၊ သူက ဦးဆောင်တယ်၊ မမခက်က ဦးဆောင်တဲ့သူကို ရှေ့မှာမထားချင်ဘူး။ တကယ်တော့ မမခက်က ယောကျ်ားနဲ့ရင်ဘောင်တန်းပြီး ဦးဆောင်ချင်တာမျိုးလဲ မဟုတ်ဘဲနဲ့ သူ





ဟာသူ ခေါင်းဆောင်နေရာမှာ နေရာမှန်တဲ့သူကို ခေါင်းဆောင်မတင်ချင်တာ၊ နေရာမပေးခဲ့တာ"

ဒေါ်မမခက် ဘာမှမပြောသေးဘဲ ငြိမ်နေ၏။

"နောက်က မလိုက်ချင်ပေမယ့် ရှေ့ကလဲ မသွားဘူးလေ"

"ဟဲ့ ငါက ယောကျ်ားယူထားပြီး ဦးဆောင်ရှာဖွေကျွေးရမှာလား"

"ဒါဆို သူ ဦးဆောင်တာကို မမခက် နာခံရမှာပေါ့။ ကိုယ့်နေရာနဲ့ ကိုယ်နေကြတာ မကောင်းဘူးလား မမခက်ရာ၊ အခု ဖနီးမယားလိုနေပြီး ယောကျ်ားကိုတော့ မကိုးကွယ်နိုင်ဘူးဆိုတာ မမခက်ဘက်က အတ္တလွန်သွားတာ၊ ယောကျ်ားတွေမှာလဲ မာနရှိတယ်၊ မာနကြီးတဲ့ယောကျ်ားတွေက ပိုဆိုးတာပေါ့၊ ဦးဆောင်ချင်တဲ့မိန်းမမျိုးကို အထူးသဖြင့် ရှောင်ကြတယ်"

"ရှောင်ပေါ့၊ ငါကလဲ မိန်းမမို့လို့ လျှော့မပေးနိုင်ဘူး၊ သူတို့ ရှန်းကန်သလို ငါတို့လဲ ပေးဆပ်ရတာပဲ၊ အထူးတလည် ကျေးဇူးတင်စရာ ဘာရှိသို့လဲ၊ အိမ်ထောင်ဦးစီးကော၊ အိမ်ထောင်ရှင်မကော အတူတူပဲ၊ အခွင့်အရေးဟာ အတူတူပဲရှိရမယ်"

"ဒါဆိုရင် မမခက်ရဲ့သားကိုကျတော့ စပယ်ဖြူက ကြောက်လိုက်ရတာ တုန်လို့ပါလား၊ မိန်းမကို လုံးဝ အလျှော့မပေးရဘူးဆိုပြီး မမခက်ပဲ ဒီတွေဖြန့်တာ"

ဒေါ်မမခက် မျက်နှာမော့၍ပြုံးသည်။

"ဘာဖြစ်လဲ၊ ငါက မိန်းမဖြစ်ပေမယ့် ငါလို့မိန်းမရှိနေရင် ငါ့သား စိတ်ညစ်ရမှာပေါ့၊ ဒါတောင်မှ သူ့အဖေ ငါနဲ့ခွဲထွက်သွားသလို ငါ့သားက မထွက်နိုင်သေးလို့ ဒေါသဖြစ်နေတာ"

"ဒါဆို ရင့်ကိုကျတော့ရော ..."

ဒေါ်မမခက်မျက်နှာ တင်းခနဲဖြစ်သွား၏။ ဒါပေမယ့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



တိတ်ကျနေ၏။

"မမခက်ရဲ့သမီးမို့လို့ ရင့်က မမခက်အတိုင်းပဲ၊ ဒါပေမယ့် သူ့အဖေလို သူ့ယောကျ်ားက သူ့ကိုထားခဲ့ရင် မမခက် ဝမ်းသာမလား"

တင်းနေသည့်မျက်နှာက မည်းခနဲမှောင်ကျသွားပြန်သည်။ လူတွေ မမြင်နိုင်ပေမယ့် ယောကျ်ားနဲ့ကွဲသွားခဲ့ရတဲ့ဝေဒနာတွေ သူမရင်ထဲမှာ ရှိနေတုန်း။

"မောင်နှမအရင်းကြီးပဲ မမခက်ရာ၊ ကျွန်တော်က ကိုယ့်အစ်မကို ကဲ့ရဲ့ချင်ပါ့မလား၊ အဲဒီလိုကိစ္စ ဘာသာရေးတွေနဲ့ ဖယားရှုပ်မခံချင်လို့တောင် သပ်သပ်ခွဲနေခဲ့သေးတာ မဆိုင်ဘူးထင်ရင် လှည့်တောင်မကြည့်ဘူး"

ဦးချစ်စိုးက အစ်မဖြစ်သူ မခံမရပ်နိုင်ထဖြစ်တော့မှာကို သိသောကြောင့် လေပြည်ထိုးလိုက်သေး၏။ တကယ်လည်း သူ့ရင်ထဲက စေတနာ စစ်စစ်တွေပါ။

"ကျွန်တော်ဆိုလိုတာက သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုတာကို မမခက် လက်ခံစေချင်တာ"

"သိပ်ကိုပျင်းစရာကောင်းတဲ့စကားတွေနဲ့ ငါ့ကို တရားပြမနေနဲ့ ဖိုးချစ်၊ အိမ်ထောင်မကျခဲ့တဲ့နင်က ကလေးသာသာပါ၊ ငါက မြေးတောင် ရနေပြီ၊ နင့်ထက် ပိုသိတယ်"

"မှန်တယ်၊ သိတာက သိတာပဲ၊ မြေးရသွားတော့ မြေးရှိနေတဲ့ အဘွားကြီးတစ်ယောက်ရဲ့ အသိဖြစ်သွားပြန်ရော၊ ငယ်ရာကကြီးလာတာ ဆိုပေမယ့် ငယ်ဘဝကို ပြန်ခံစားပေးတဲ့မိဘ ဘယ်လောက်များရှိလို့လဲ၊ ငါ့သား၊ ငါ့သမီး ဆိုတဲ့လောဘတွေနဲ့ မိဘနေရာက ကြည့်ကြတာပဲ၊ အဲ တော့ သားသမီးက မိဘမေတ္တာကို နားလည်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

"လည်တဲ့သားသမီးတွေရှိတယ်၊ အဲဒီထဲမှာ ငါ့သားသမီးတွေ ပါ မယ်။ မိဘဆိုတာ အရက်သမား၊ ဖဲသမား၊ နောက်ဆုံး ပြည့်တန်ဆာ





ဖြစ်ပါစေ သားသမီးအတွက်တော့ သူ့ရဲ့ကောင်းပဲ။ မိဘလုပ်သမျှ မေတ္တာပါတယ်၊ အဲဒါကြောင့် မတရားတာမရှိဘူး၊ သင်းတို့ နာကိုနာခံရမယ်"

ဦးစိုးချစ် ခေါင်းတယမ်းယမ်းဖြစ်သွား၏။ သူ့ကို ခွကျတယ်တဲ့၊ သူ့ထက်ခွကျသူ ဒီမှာရှိနေတာ ဘယ်လိုရှင်းမလဲ။

"မေတ္တာက မှန်ပါတယ်၊ ဒါပေမယ့် မေတ္တာလဲ သူ့နေရာနဲ့သူ ထားရတာပဲ။ မမခက် သားသမီးတွေကို မမခက်က ထာဝရ ပွေ့ပိုက်ထားချင်တာ၊ သူစိမ်းတစ်ရံဆံ ကြားဝင်တာကို မကြိုက်တာ၊ ဒါပေမယ့် ကိုယ်က ကိုယ့်သားသမီးကို နို့နံ့မစင်သေးဘူးလို့ပဲထင်ပြီး အခု လေမိုးတို့မောင်နှမကို ပုခက်ထဲပြန်ထည့်သိပ်လို့ ရသေးလား။ အနီးလေးထဲ ထည့်ထုပ်ပြီး ပွေ့ပိုက်ထားချင်လို့ကော ဖြစ်သေးလို့လား"

ကလေးကလားတွေ ဥပမာပြုနေပေမယ့် ဦးချစ်စိုး မေးတာတွေကို ဒေါ်မမခက် ဘာမှမဖြေနိုင်။

"နို့တိုက်တဲ့အရွယ်မှာ နို့တိုက်ခဲ့ရတယ်၊ ထမင်းစားနိုင်လာတော့ ထမင်း။ တီးရှေ့တို့၊ ရက်စတော့ရင့်တို့မှာမှ ထိုင်ချင်ပါတယ်ဆိုတော့ အိမ်က ထမင်းပွဲကိုထားခဲ့ပြန်ရော။ အဲဒီလို ပြောင်းလဲသွားတာတွေလဲ မမခက် သတိထားဦးလေ၊ ကိုယ်မွေးတဲ့သားသမီးပေမယ့် သူတို့ ရှင်သန်ရမယ့်ဘဝကိုပဲ မိဘက ပိုင်တာ၊ ရှင်သန်ပြီးတဲ့နောက်ကို မပိုင်တော့ဘူး။ ပိုရှင်းအောင်ပြောရရင် ဘဝရဲ့တစ်ဆစ်ချိုးမှာ ရင်ခုန်သံတွေကို နားထောင်တတ်လာတဲ့အခါ မေတ္တာဟာ ဘယ်လောက်ထုထည်ကြီးမား နေနေ ဆီပေါ်မှာတင်နေတဲ့ရေလိုဖြစ်သွားတာပဲ၊ ဘာကြောင့်ပဲ ရောသမမွှေထားလို့ရနေနေ မီးနဲ့တွေ့ရင် ဆီနဲ့ရေကွဲသွားမှာက မြည်သံပေးလာတာ။ ကျွန်တော်က မမခက် စိတ်ဆင်းရဲနေရတာကို မမြင်ချင်လို့ပြောနေတာ။ မကြိုက်မှန်းသိရက်နဲ့ အမုန်းခံပြီးပြောတာ"

"အေး မကြိုက်ဘူး၊ ငါလုပ်သမျှ မမှားဘူးလို့ ငါက တွက်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက မာနနဲ့ဖုံးနေတာပါဗျာ။ မမမျက်နှာပေါ်မှာ မာန်ဆိုတဲ့ ကောက်ကြောင်းတွေကတော့ လျော့ရဲလျော့ရဲဖြစ်နေပါပြီ"

"ဖိုးချစ်"

ဒေါ်မမခက် သည်းမခံနိုင်တော့သလို နောက်ထပ် ထထိုင်လိုက်မိပြန်သည်။ စိတ်ထောင်းကိုယ်ကြေဖြစ်ခဲ့ရတာလည်း ဒီအိမ်ထောင်ရေးတွေကြောင့်ပဲဖြစ်သည်မို့ ဒါကိုပဲ ပယ်ပယ်နယ်နယ် လာဖေဖန်နေတာကို သည်းမခံချင်။ ဖိုးချစ်ကလည်း သူ့ထက်မလျော့သောခေါင်းမာခြင်းတွေနဲ့ပဲ ဖြစ်၏။

"မမခက် ဒေါသမဖြစ်နဲ့ဦး၊ အခု ကျွန်တော် လေမိုးနဲ့ စကားပြောလာခဲ့တာ ညီကိစ္စတွေကိုလဲ သူပဲပြောပြတယ်၊ ပြီးတော့ သူ့အိမ်ထောင်ရေးလဲ သိပ်အဆင်ပြေပုံမရှိဘူး"

ဒေါ်မမခက် စိတ်ဝင်စားသွားသည်။ မျက်လုံးတွေက ဦးချစ်စိုးမျက်နှာပေါ် ရောက်သွား၏။

"လောကမှာ မပြောင်းလဲဘဲ အစဉ်သဖြင့်တည်မြဲသွားတယ်ဆိုတာ မရှိဘူး၊ ဘယ်သူဖြစ်ဖြစ် ကိုယ်လုပ်သမျှ ဖြစ်နေတုန်းတော့ ဘုရား သတိမရ၊ နတ်သတိမရဖြစ်ကြမယ်။ ငါ့ဘုန်း၊ ငါ့ကံ ဆိုပြီး လက်မထောင်နေလို့လဲရတယ်၊ ဘာလုပ်လုပ် လွဲချော်လာပြီ ဆုံးရှုံးကုန်ပြီဆိုရင် ကျမ်းစူးသလိုလို၊ နတ်ပူးသလိုလို၊ ဘုရားကြောင့်၊ နတ်ကြောင့်နဲ့ တွေဝေကြောက်ရွံ့လာကြတာပဲ။ မမခက် သားသမီးတွေ အိမ်ထောင်ရေးသောကတွေ ဖြစ်လာတဲ့အခါမှာ မမခက်က မိန်းမကြမ်းကြီးဖြစ်ချင်ဖြစ်သွားနိုင်တတ်သေးတယ်"

ဒေါ်မမခက် မျက်လုံးတွေ နီးရဲလာသည်။ သူမနားထဲမှာ သားသမီးနဲ့မိဘ ကွဲပြားသည့်အဖြစ်ကို လေသံသော်မျှ လက်မခံ၊ မကြားရက်နိုင်ဘာဖြစ်စရာရှိလို့လဲ၊ ကိုယ့်ရင်ထဲမှာ မေတ္တာအပြည့်နဲ့။





"ခုနကပြောခဲ့သလိုပါ၊ သူတို့ ပူလောင်မွှတ်သိပ်တဲ့မေတ္တာဟာ မိခင်တစ်ယောက်ဆီကမဟုတ်ဘူးဆိုရင် မမခက် ရင်ကွဲအောင်ချစ်ပြလဲ မရတော့ဘူး၊ အဲဒီတော့ ကိုယ်လဲ နားအေးပါးအေး ဖြစ်မယ်၊ သူတို့ဘဝလေးတွေလဲ ကိုယ်ပိုင်အကြံ ကိုယ်ပိုင်တွေးပြီး ရပ်တည်နိုင်အောင်လွှတ်ပေးလိုက်ပါဗျာ၊ ဒီအချိန်မှာ မိဘက ကြည့်ရှုတည့်မတ်ပေးရုံပဲရှိသင့်တော့တာမဟုတ်လား"

"ဘာလဲ သားကြီး အိမ်ထောင်ရေးအဆင်မပြေနေတာ ငါ့ကြောင့်လို့ နင်က ပြောချင်တာလား၊ ဒါမှမဟုတ် သားကြီးက ဒီတိုင်း ပြောလိုက်သလား"

"မပြောပါဘူး၊ မမခက်ကြောင့်လို့လဲ ကျွန်တော်က မပြောသေးပါဘူး၊ မကြာခင် ပြောဆိုလာနိုင်ဖွယ်ရှိတာတွေကို ထောက်ပြတာ၊ ဖြစ်ကြပြီဆိုရင် မမခက် ဘာတစ်ခုမှ ထိန်းလို့ရမှာမဟုတ်ဘူး၊ အဲဒါ ကျွန်တော် ပြောရဲတယ်။ ကြာရှည်စွာ အုံ့ဖွဲ့ခြင်းဆိုတာမှာ တွန်းကန်အားတွေရှိနေတတ်တယ်၊ အခု ညီတို့ပြဿနာကိုပဲကြည့်လေ၊ မောင်နှမချင်းမို့လို့ အားမနာတမ်းပြောရရင် ကလေးတွေရဲ့အိမ်ထောင်ရေးအားလုံးကို မမက ထိန်းချုပ်ထားတာဖြစ်နေတယ်။ ကောင်းသွားရင် ပြဿနာမရှိပေမယ့် ဆိုးဆိုးရွားရွားတွေဖြစ်လာရင် မမခက်အတွက်က မတွေးဝံ့စရာဖြစ်နေမယ်"

"ပြောတော့သာ လူကြားတာပါ ဖိုးချစ်ရယ်၊ အခု ဟိုတစ်ယောက်လုပ်သွားတာ မင်း မြင်တယ်မဟုတ်လား"

"ဘယ်တစ်ယောက်လဲ"

"အလင်းနှစ်လေ၊ စောစောက မင်း ဝင်လာတော့ ထွက်သွားတဲ့နှစ်ယောက်"

"အဲဒီနှစ်ယောက်ကို ကျွန်တော် သိတယ်၊ ဒါပေမယ့် တစ်ယောက်ကို ညီမိန်းမမှန်း ခုမှသိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း... မင်းက ဝေဖန်ကဲ့ရဲ့ဖို့ကျမှ အစ်မဖြစ်သူကို အမှတ်ရတဲ့သူကိုး၊ ကျန်တာ ဘယ်လိုလုပ်သိထားမှာလဲ"

ဒေါ်မမခက်က အကွက်ကျကျ ပြန်နှိပ်သည်။ ဦးချစ်စိုး မျက်နှာမဲ့သွားသည်။

"မမခက်ကို ကျွန်တော် ဘာမှမပြောမဆိုမိအောင်နေခဲ့တာ အဲဒါပဲ၊ မမက ကိုယ့်မောင်လေးရယ်လို့ အကောင်းမှမမြင်ဘဲ"

"ကောင်းမှ အကောင်းမြင်မှာပေါ့"

"ထားလိုက်ပါ၊ ဟိုဘက်ကကိစ္စတွေကို အခုပြောနေသမျှထဲမှာတော့ မကောင်းတာ တစ်လုံးမှမပါပါဘူး၊ အဲဒီကောင်မလေးနဲ့ညီကို ခြံရှေ့မှာ စကားပြောနေကြတာ တစ်ခါမြင်ခဲ့တယ်။ နောက်ပိုင်း ညီ ကျွန်တော့်ဆီကို အကြောင်းအမျိုးမျိုးရှာပြီး ရောက်လာတာတွေ အားလုံးကို ဆက်စပ်ကြည့်လိုက်ရင် မမခက်သားက ကောင်မလေးကို စပြီး ..."

"ဖိုးချစ် မင်း ငါ့ကို ပြောလို့အားမရဘဲ ငါ့သားကိစ္စကို ပါလာပြန်ပြီလား"

"မဟုတ်ပါဘူး မမရာ၊ ကောင်မလေးက မမခက်သားကို ခေါ်ထုတ်သွားတယ်လို့ မမ ပြောလို့"

"တော် တိတ် ..."

ဒေါ်မမခက် ဣန္ဒြေမဆောင်နိုင်ဘဲ အတင်းအော်ပစ်သည်။ သိသားပဲ ဒီလိုဖြစ်နိုင်မှန်း။ ဒါပေမယ့် မဖြစ်ရဘူး။ မမခက်ရဲ့သားသမီးက သူများအပေါ်မှာ တပ်မက်သွားတယ်ဆိုတာ မဖြစ်ရဘူး။

"ဟွန်း... သိပ်လည်တဲ့မိန်းမ၊ ငါ့အိမ်မှာ ဒုက္ခခံပြီးခိုကပ်နေတယ်၊ ငါ့သားနဲ့ ငါကြားမှာ ဘယ်လိုအကြံတွေနဲ့နေတယ်ဆိုတာ ငါ အကဲခတ်လို့မရအောင် သင်း နေလိုက်စမ်းပါ၊ သိလာတဲ့တစ်နေ့ကျရင် မမခက်အကြောင်း သိသွားမယ်မှတ်"





ထိုင်လျက်ကနေ ကြိမ်းဝါးနေသည့် ဒေါ်မမခက်ကိုကြည့်ကာ ဦးချစ်စိုး ပြောဖို့စကားတွေ ကုန်ခန်းသွားသည့်နှယ်ပင်။ သူ့မှာတော့ ပြောလိုက်ရတဲ့ အကျိုးအကြောင်းတွေ၊ သာဓကတွေ။

"အခု မင်း မမြင်လိုက်ဘူးလား ညီအစ်မနှစ်ယောက် ထွက်သွားကြတာ၊ အဲဒီဆံပင်ရှည်နဲ့တစ်ယောက်က စင်ကာပူက ပြန်လာတာတဲ့လေ၊ ဖုန်းကြို့ဆက်ပြီး ညီအစ်မနှစ်ယောက်ချိန်းတာပဲ၊ အပြင်မှာတွေ့ပါလား၊ အိမ်ထိလာပြီး ညီမကိုခေါ်တယ်၊ ပြီးတော့ အိမ်ရှေ့ကနေ မိုးတိုးမတ်တတ် ရပ်စောင့်ပြီး မတူသလို မတန်သလိုပုံစံ ချိုးသွားသေးတယ်၊ ဘာလုပ်လုပ်ပါပဲ နာမည်ဆိုးဖြစ်နေလို့ ငြိမ်နေလိုက်ရတာ"

"ဘယ်ကိုသွားကြတာလဲ၊ ကောင်မလေးအိမ်ကိုလား"

"မဖြစ်နိုင်ပါဘူး၊ သူ့ကို ပြန်မအပ်ရသေးဘဲနဲ့ သူ့အမေကို ဘယ်တော့မှ သွားမတွေ့ဘူးတဲ့၊ မိဘကို နောက်ထပ်အရှက်ရအောင် ထပ်မလုပ်ရဘူး၊ သူ့ဘဝ ဘာဖြစ်ဖြစ် ကိုယ်ဖြစ်ကိုယ်ခံပဲတဲ့၊ လူပုံကသာ နှစ်ပြားမတန်တာ ပြောတဲ့စကားက ကောင်းကင်မှာ"

"မမခက်ကပဲ ဒေါသတွေဖြစ်နေတာ၊ ညီကတော့ သူ့မိန်းမနဲ့ အဆင်ပြေနေရက်မဟုတ်လား"

ဒေါ်မမခက်က ဦးချစ်စိုးကို မျက်လွှာပင့်ကြည့်သည်။ ရုတ်တရက် မချေပလိုက်နိုင်ပေမယ့် ဒီစကားက သူမ၏အရှိက်ကို တည့်တည့်ထိလေသည်။

"ကျွန်တော် ပြောချင်တာ အားလုံးရဲ့ အဓိကက အဲဒါပဲ"

ဦးချစ်စိုးက ဖွတ်တိုးပြောသည်။

"အရွယ်ရောက်လို့ အချစ်ကို ရှာဖွေလာကြတာဟာ ရာသီစာပဲ မမခက်ရဲ့၊ ရာသီစာဆိုတာ စားတော့စားပေးသင့်ပါတယ်၊ ဥပါဒ်ဖြစ်နိုင်တယ် ဆိုရင်တောင်မှ..."



www.burmeseclassic.com

www.burmeseclassic.com



"ရာသီစာမကလို့ အသက်ကယ်ဆေးပဲဖြစ်ဖြစ် ..."

ပြောလိုက်သည့်မာနစ်၏ကြွေးကြော်သံက မပီပြင်တော့ပါ။ သားသမီးကို ကိုယ်ကမွေးရပြီး ဘာဖြစ်လို့ ကိုယ်ပိုင်ခွင့်မရှိရတာလဲ၊ ပြီးတော့ ဟို အရင် သားကြီးနဲ့ဖြူ့ကိစ္စမှာလဲ ဖိုးချစ် ဒီလိုပဲရောက်လာပြီး သူမကို ပြောခဲ့ဖူးသည်။

"သူတို့လင်မယားချင်း ကျေနပ်နေကြတယ်ဆိုရင်လဲ နေပါစေဗျာ ဘယ်သူက ဘယ်သူ့ကိုပဲ ချော့ချော့ ချော့ချော့ နားစွင့်မနေပါနဲ့တော့ မမခက်လဲ သူများမွေးထားတဲ့ သားသမီးကို ယူခဲ့တာပဲ၊ ကိုယ်မွေးထားတာကို ယူတဲ့သူလဲ ဒီလိုပဲနေမှာပေါ့" တဲ့။

ထုံးစံဝတ္တုရားဆိုတာ ဘာတွေ ဘယ်လောက်ပဲနိုင်မာခဲ့ပါစေ ဒါဟာ မိဘမေတ္တာကို သားသမီးက နားမလည်လို့ဖြစ်ကြတာပဲမဟုတ်လား ကိုယ့်ဘက်ကိုပဲဆွဲတွေးနေမိစဉ်မှာ အနှစ်၏မျက်နှာက ကွက်ခနဲပေါ်လာသည်။ ထို့ပြင် စကားကြီးစကားကျယ်တွေနဲ့တောင် ပစ်ပေါက်သွားခဲ့သေး၏။

"ကျားဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် ဘယ်သတ္တဝါမဆို နို့တိုက်ရတဲ့အရွယ်မှာ နို့ကိုသောက်မှာပေါ့။ အသွေးအသားကို စားချင်လာတဲ့အရွယ်မှာ အဲ ပါးစပ်ကို နို့ရည်သွားထည့်ပေးလို့ရမလား။ မိဘက သားသမီးကို မွေးခဲ့ မယ့် တစ်ဘဝလုံးကို မပိုင်ဘူး"

"တောက် ..."

ဒေါ်မမခက် တက်ခေါက်လိုက်တော့ ဦးချစ်စိုး ကြောင်တောင်တောင်နဲ့ ပြန်ကြည့်မိသည်။

ဘယ်သူ့ကို ခေါက်တာလဲ...။

ꩡꩡ ꩡꩡ ꩡꩡ





## အခန်း (၃၈)

ကားသံကော၊ လူသံတွေပါ ကြားလိုက်ရသဖြင့် သားလေးကို စောင်ခြုံပေးခဲ့ပြီး ဖြူ အပြင်ထွက်လာခဲ့သည်။ မြင်ကွင်းကတော့ မြင်နေကျပါပဲ၊ ဒါပေမယ့် ဒီညကျမှ ရင်ထဲက ပိုနာသည်။

ဒီအဖြစ်တစ်ခုကလွဲလျှင် ကြိုက်သလိုစီရင်ပါဟု လည်စင်းပေးထားခဲ့တာတောင် သူ လုပ်ရက်လွန်းပါ၏။

"ကိုမိုးရေ ... ဘိုင် ..."

"ဟုတ်ပြီ၊ ကျေးဇူးပဲ ဆု"

"ဘာလဲကွာ အဲဒီကျေးဇူးက၊ ဒီက တာ့တာလုပ်ပြနေတာကို ပြန်မပြဘူး"

"ဪ... အင်း ... အင်း"

လေကားနှစ်ထစ်ကိုတက်ပြီးမှ နောက်ပြန်လှည့်ကြည့်ပြီး လေထဲမှာ တာ့တာ လုပ်ပြနေ၏။

"အိုခေ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကားက ဝစောက်ကွေ့လမ်းအတိုင်း လျှောခနဲထွက်သွားလေသည်။ လေမိုးက တံခါးဖွင့်ပေးနေသည့်ဖြူ့မျက်နှာကိုမြင်သည်နှင့် ပြုံးနေသည့်မျက်နှာက တည်သွား၏။

ဖြူက မျက်လွှာချလျက်ပဲရှိကာ တံခါးကို ပြန်ပိတ်ပြီးသည်နှင့် ခေါင်းလေးငုံ့၍ သူ့ရှေ့ကနေ ဖြတ်လျှောက်သွား၏။

"နေဦး"

လေမိုးက ဖြူ့လက်မောင်းလေးကို ဆောင့်ဆွဲလိုက်သည်။ ဒီမိန်းမ ဘာပုံစံချိုးနေတာလဲ။ မြင်လိုက်ရလျှင် အမြဲတမ်း မျက်လွှာချနှုတ်ဆိတ်လျက် ရိုးကျိုးပျပ်ဝပ်နေသည်၊ ဘာပြောပြော ပါးစပ်ပိတ်နေ၏။

သူ့မှာ အိမ်ပြန်ရောက်တာနှင့် ပေါတောတော ယောင်ချာချာ။

"မင်း နေ့လယ်က ဘယ်သွားတာလဲ"

ဖြူ ဖျတ်ခနဲမော့ကြည့်၏။

"သားနဲ့သွားတာပါ အစ်ကို"

"မင်းကိုဘယ်သူနဲ့သွားတာလဲလို့ မေးနေတာမဟုတ်ဘူး၊ ဘယ်သွားတာလဲ မေးတာ"

"သူငယ်ချင်း ပြန်လာလို့ နေ့လယ်စာ သွားစားကြတာပါ"

"ဘယ်သူပါသေးလဲ"

"အနှစ်"

လေမိုး နှုတ်ခမ်းမဲ့၍ ခါးထောက်လိုက်၏။ 'ပိုပိုသာ'တဲ့၊ နိုင်ငံခြားမှာကတည်းက ဒီနာမည်ကြောင့်ပဲ သူ့စိတ်မှာ အမြဲ စနိုးစနောင့်ဖြစ်ခဲ့ရသည်၊ ပြီးတော့ အနှစ်ရဲ့အစ်မ ဖြစ်နေသေးသည်။

သူတို့ညီအစ်ကိုတွေကျမှ ဒီညီအစ်မနှင့် ဘယ်လိုရေစက်တွေဖြစ်ခဲ့ရတာလဲ၊ နေ့လယ်ပိုင်း ဖြူ့ကို လာခေါ်သွားကြတာနှင့် သတင်းက သူ့ဆီရောက်လာသည်။ ပိုပိုသာက သူငယ်ချင်းမို့ ထားပါတော့၊ အနှစ်ပါနေတာ





ကို သူ စိတ်တိုင်းမကျဖြစ်မိ၏။ ဒီကောင်မလေးဟာ လူလေးနုနုငယ်ငယ်နဲ့ လျှော့တွက်လို့မရတာ သေချာသည်။

သူ့မကြောင့် မာဃီလည်း လူမမာကြီးလိုဖြစ်နေခဲ့တာ ခုချိန်ထိ တရှောင်ရှောင်နှင့်။

"ငါရိုက်လိုက်တာ လူမြင်တယ်လေ၊ ပါးပေါ်မှာ အရာထင်ကျန်ခဲ့တာကိုး၊ သူ ပြန်ရိုက်နေတာကျတော့ ဘယ်သူမြင်သလဲ၊ ကျောက်ဆောင်ကြီးခါးချိုင့်နေတာပဲ လူမြင်တယ်၊ တိုက်စားနေတာကို ဘယ်သူမှမမြင်ဘူး"

ဟု အံကြိတ်ရင်း မျက်ရည်တွေဝေ့နေတာကိုလည်း မြင်နေကြားနေခဲ့ရ၏။ ဒီကောင်မလေး ခေါင်းမာတတ်သည်။ ပြီးတော့ သူ့မှာ လျှို့ဝှက်မှုတွေ ရှိနေနိုင်၏။ ထိုလျှို့ဝှက်မှုဟာ ညီ့ကို မာဃီရင်ခွင်ထဲကနေ ဆွဲထုတ်သွားနိုင်ဖို့ကလွဲပြီး တခြားမရှိနိုင်။ ထို့ကြောင့် ဖြူ့ကို အနှစ်နဲ့ သူ မရင်းနှီးစေချင်ပေ။ သို့သော် ပြောလို့လည်း သိပ်မကောင်းသေး။

"ဘယ်အချိန် ပြန်ရောက်သလဲ"

"လေးနာရီ"

"ဘာ"

လေမိုး ဆတ်ခနဲဖြစ်သွား၏။

"မင်း ဆယ်နာရီခွဲကနေသွားတာ လေးနာရီမှ ပြန်တယ် ဟုတ်လား၊ ဘယ်မှာသွားဆုံကြပြီး ဘာတွေပြောနေကြလို့လဲ"

ဖြူက မတုန်မလှုပ်သည့်မျက်နှာလေးနှင့် သူ့ကို မော့ကြည့်၏။ မျက်ဝန်းထဲမှာ သူ့မှာ အပြစ်မရှိဘဲ သူကပဲ ကြောင်တောင်တောင်မေးခွန်းတောက်တောက်တွေနဲ့ ပွမ်နေသလိုလို။

"ကမ်းနားလမ်းမှာ ဆုံဖြစ်ကြတာပါ။ ဗိုလ်တထောင်ဘုရားပေါ် မှာပဲ စကားပြောနေကြတာ"

"ဘုရားပေါ်မှာ ကလေးက တစ်နေကုန်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သားက ဆိုးသည်။ အိမ်မှာတောင် ဒါဆိုဒါ၊ သူလိုချင်လျှင် ချက်ချင်း ရမှ။ မာမီကတောင်ပြောသေးသည် 'မြေးက ဘွားအေနဲ့တူတာ'ဟု၊ သို့သော် ဖြူက ခေါင်းတစ်ချက်ခါလိုက်၍ ...

"သားကို အနှစ်က ခေါ် သွားတယ်လေ၊ ကစားကွင်းထဲမှာ သွားလည်နေကြတာ။ အစ်ကို ဘာဖြစ်လို့ ဒေါသတွေဖြစ်နေတာလဲ ဟင်၊ ဖြူ အိမ်မှာ လိုအပ်တာအားလုံးစီစဉ်ပြီးမှ သွားတာပါ။ အစ်ကို့ဆီကို ဖုန်းဆက်ဖို့လဲ စိတ်ကူးမိသေးတယ်၊ အစ်ကိုက ဖုန်းဆက်တာ မကြိုက်ဘူးဆိုလို့ ..."

"တော်စမ်းပါ၊ ဒါမျိုးကျတော့ မင်းက သိပ်လိမ္မာတယ်ပေါ့"

"ဒါမျိုးမှမဟုတ်ပါဘူး၊ ဖြူ အစ်ကို့စကားကိုပဲ ဂရုမစိုက်နေတာ ရှိခဲ့ဖူးလို့လား၊ အစ်ကိုကသာ ဖြူ ဘာပြောပြော ..."

အသံလေးတိမ်ဝင်သွားကာ ဖြူ မျက်နှာလွှဲပစ်သည်။ ဘာစကားပြောပြော အဆုံးသတ်မှာ ကိုယ်ပဲရှုံးရမှာကိုသိ၍လည်း ဝမ်းနည်းသည်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဖြူ ဘာပြောခွင့်ရှိလို့လဲ။ မျိုသိပ်ခဲ့ရများလွန်းလို့ နှလုံးသားက သက်ပြင်းရှိုက်တာတောင် ငိုချင်လောက်အောင် ဖြစ်နေခဲ့သည်။

'သာ'ကတော့ ဒါကိုပဲ ခုချိန်ထိ ပြောလို့မဆုံးပါ။

"မျက်ရည်ကျတော့ နင်က သစ္စာရှိရှိ သိုလှောင်ထားတာပဲနော်၊ မျက်ရည်ဆိုတဲ့ကုန်စည်က မက်မောသိုလှောင်မထားသင့်တဲ့အရာပဲ ဖြူ ဘဝတစ်လျှောက်လုံး မျက်ရည်ကိုပဲ အားကိုးခဲ့ရတာ၊ တို့မှာ ဘာအမြင် ရှိခဲ့သလဲ"

ဟု မေးတော့ ဖြူ ဘာမှမဖြေနိုင်။

"ဖြူ... မင်းက ဆုနဲ့ငါ အတူတူပြန်လာတဲ့အခါတွေကို စုပေါင်းကဲ့ လိုက်တာလား"

"မကဲ့ရဲ့ပါဘူး အစ်ကို၊ ဖြူ တောင်းတောင်းပန်ပန်နဲ့ တားခဲ့တာ





ဖြူ့ဆီက ကျန်တာ ဘာကိုပဲဖဲ့ယူယူ၊ နင်းချေချေ အစ်ကို့ကို ဆုံးရှုံးမခံနိုင်ပါဘူးလို့ ဖြူ တောင်းပန်ခဲ့ဖူးပါတယ်"

"အခုကော ကိုယ့်ကို ဘယ်သူ ယူသွားလို့လဲ၊ မင်းကို ကိုယ်က ထားခဲ့နေလို့လား"

"ဪ..."

မျက်ရည်ဝေ့နေသည့်မျက်ဝန်းလေးတွေ ဖျတ်ခနဲပင့်တက်လာသည်။ ပြီးတော့ နှုတ်ခမ်းလေးဖိကိုက်ပြီး ချက်ချင်း ပြန်ငုံ့သွားသည်။

"ဖြူက သဝန်တို အပြစ်ရှာနေတယ်လို့ပဲ ထားလိုက်ပါ"

"ဟော့ ... ဖြူ"

ဖြူ့လက်ကို လှမ်းဆွဲပေမယ့် မမီပေ၊ ပြေးလိုက်ဖို့ ခြေတစ်လှမ်းပြင်တုံးပြီးမှ တစ်သက်လုံးက ဂရုမစိုက်ဖွာနေလာခဲ့သည့်မာနက ရှေ့ဆက်တိုးခွင့်ကိုမပေး။

ဒါပေမယ့် ရင်ထဲမှာ ပူလောင်လာတာကျတော့ ဘာနဲ့ငြိမ်းသတ်ဖို့မှ မလွယ်ဘဲဖြစ်နေသည်။

ခုတစ်လောမှာ ဖြူ သူ့ကို ဘာသိတာသာနေလာခဲ့တာ သိသာသည်။ ပိုပိုသာ ပြန်လာပြီဟုကြားပြီး ဖုန်းနဲ့ နေ့တိုင်းဆက်နေကြကတည်းက သူမဟာ တစ်ဖက်မှာ သာယာခွင့်ရသွားသလိုမျိုး သူ့ကို အရိပ်တကြည့်ကြည့် ရှိကျိုးဂရုစိုက်နေတာတွေလည်း လျော့ပါးခဲ့၏။

သဝန်တိုရအောင်က ပိုပိုသာက မိန်းကလေးဖြစ်နေသဖြင့်ခက်သည်။ သူငယ်ချင်းကို ယောကျ်ားထက်ပဲ ခင်တွယ်နေသတဲ့လား။ ဦးလေးကတော့ သူ့ကို ခပ်ငေါ့ငေါ့ပြောသွား၏။

"အဲဒါ မင်းရဲ့အရည်အချင်းတွေပေါ့ကွ၊ သားမယားဆိုတာ ယောကျ်ား သူပြီဆိုရင် မိဘမောင်ဘွားကို ကျောခိုင်းစွန့်ခွာခဲ့ပြီး ဒီယောကျ်ားဆီမှာ အချစ်တွေ၊ ဘဝတွေအားလုံး ပုံအပ်ကြတာပဲ၊ မိဘထက် ပိုချစ်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မင်း မကြားဖူးဘူးလား။ ဒီကောင်မလေးဆိုရင် မိဘတွေက နိုင်ငံခြားထွက်သွားကြတာတောင် မင်းကိုချစ်လို့ နေခဲ့တာမဟုတ်လား ကိုယ့်ရင်ခွင်ထဲကနေ တခြားကိုလှမ်းပြီးတမ်းတသာယာနေတယ်ဆိုတာ ဘယ်သူညှံ့တာလဲ၊ မိဘကို တမ်းတနေတာဆိုရင် ထားလိုက်ဦး၊ အခု သူငယ်ချင်းကို ခင်တွယ်နေတယ်ဆိုတော့ မင်း စဉ်းစားကြည့်လေ"

မောင်နှမနှစ်ယောက် တစ်အူတုံဆင်း ဆိုပေမယ့် ဦးလေးမှာ မာန်ဝါဒီတွေ မရှိပေ။ သူ့ဆုံးဖြတ်ချက်နဲ့သူ နေသည်။ အပြောအဆိုက မကျေညက်၊ ဒါပေမယ့် စကားပြောလျှင် ဦးလေးစကားထဲမှာ အဿနတွေ အပြ ပါ၏။

ဒါဆိုလျှင် သူ့ဘက်က ဘယ်လို လိုအပ်ချက်တွေ ဖြစ်နေခဲ့လို့လဲ လေမိုး စဉ်းစားမိရပြီ။ ခြေလှမ်းတွေက အခန်းဆီသို့ တရွေ့ရွေ့တိုးသွားခဲ့ပြီး စေ့ထားသည့်တံခါးရှေ့မှာပဲ ရပ်လိုက်မိပြန်သည်။ အချိန်က ည ဆယ် နာရီခွဲတော့မည်။

ပြန်ချိန်နောက်ကျခြင်းက အပြစ်မဟုတ်ပေမယ့် ဖြူ တကယ်ဖွင့်ဟ တောင်းပန်ထားခဲ့သည့် ဆုနှင့်မှ အတူပြန်လာမိသည်ကတော့ ကိုယ့်မှာ အပြစ်မကင်းမှန်း သိသည်။ တကယ့် စိတ်ထဲမှာက ဖြူ့ကို ငဲ့ညှာသင့်မှန်း နားလည်ပေမယ့် ဒါကို ပြုပြင်ဆင်ခြင်လိုက်လျှင် သူမအလိုကျ အလျှော့ ပေးလိုက်သလိုဖြစ်သွားမည့်အပြင် ဆုက အပိုတွေ၊ ဘာညာတွေ ထည့်ပြီး မာမီ့ကို ပြန်တိုင်လျှင် မာမီဆူတာကို ခံရမှာလည်း မလိုချင်။

သူ့အပေါ် လိုက်လျောလွှန်းနေသည့်ဆုကိုလည်း သူကိုယ်တိုင် အံ့ဩမိ၏။ တစ်ခါတစ်ခါကျတော့ ဆုနဲ့မာမီ ပူးပေါင်းပြီးတော့များ ဖြူနဲ့ သူ့ကို သွေးခွဲနေသလားဟု တွေးဖြစ်ခဲ့သည်။

နိုင်နိုင်နဲ့ဆု တစ်ပြိုင်တည်းဝင်လာတာ ဆိုင်းမပါ၊ ဗုံမပါသော်လည်း အိမ်မှာ တော်တော်ဂယက်ရိုက်နေပြီဖြစ်သည်။ သို့သော် ညီကတော့





နိုင်နိုင့်ကို ကင်းကင်းနေနိုင်ကာ သူက ဆုကို ကင်းလို့မရ။

ညီက ဟိုတုန်းကတည်းက မာမီ့လက်ထဲကအရုပ်လေးလိုဖြစ်နေခဲ့သဖြင့် မိန်းကလေးတွေနဲ့ကင်းသည်။ နိုင်နိုင်နဲ့လည်း သိပ်ရင်းနှီးခဲ့တာ မဟုတ်ပေ။ သူ့ကျတော့ ဆုနဲ့ရင်းနှီးသည်၊ လူကြီးချင်းသဘောတူသလိုလို ဖြစ်ခဲ့တဲ့အထိ တွဲသွားတွဲလာတွေရှိခဲ့သည်။ ခုကျမှ ဘယ်လိုလုပ်မလဲ။

စိတ်က ရှေ့တိုးချင်လျက်နှင့် နောက်ဆုတ်ဖို့လည်း သတိပေးနေရင်း လတ်တလော တံခါးရွက်ကို ဖိတွန်းလိုက်မိပြီးဖြစ်သွားခဲ့သည်။

"ဟင် ..."

တံခါးကို အထဲကနေ ပိတ်ထားပါလား။ ကြည့်စမ်း၊ မာနနှင့် ဒေါသ က ထောင်းခနဲဖြစ်သွားသည်။ တစ်သက်လုံးက ဒီပုံစံ ဖြူ မလုပ်ခဲ့ဖူးပေ။

"ဒေါက် ဒေါက်"

"ဖြူ"

ဒေါသနှင့် တံခါးကို ထုချလိုက်ချင်သည်။ 'ဟေ့ ဖြူ ထွက်ခဲ့စမ်း'လို့ အော်ခေါ်ထုတ်ချင်၏။ ဒါပေမယ့် သားလေးနိုးသွားမှာစိုးသောကြောင့် ခပ်ဖိဖိ အံကြိတ်၍ပဲခေါ်သည်။

"ဖြူ ခေါ်နေတာ ကြားလား၊ တံခါးဖွင့်စမ်း"

"မဖွင့်ပါရစေနဲ့ အစ်ကို။ ဖြူ့မျက်ရည်၊ ဖြူ့စကားတွေကို အစ်ကို ဘာမှ ထည့်စဉ်းစားမှာမဟုတ်ဘူးဆိုတာ အခု ဖြူ ရှင်းရှင်းနားလည်သွားပြီ။ ဖြူတစ်ယောက်တည်း နေပါရစေ၊ အစ်ကို... အစ်ကို စိတ်ဆိုးတယ်ဆိုရင် မနက်ကျတော့ ဖြူ အစ်ကို့ရှေ့မှာ လက်ပိုက်ရပ်နေပေးပါ့မယ်၊ ကြိုက်သလိုစီရင်ပါ၊ ဒီည ဖြူ တစ်ယောက်တည်း ကျကျနန ငိုပါရစေ"

အပြင်က တက်ခေါက်လိုက်သည့် သူ့အသံကို ကြားလိုက်တော့ ဖြူ နှုတ်ခမ်းသားလေးကိုဖိကိုက်ရင်း ကြိတ်၍ရှိုက်ငိုမိသည်။ ဒီထက်ပို၍ အင်းမာအော်ခေါက်မလာတာက သားလေး အိပ်နေမှန်းသိ၍ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ဖို့ဆိုတာကတော့ အရေးကြီးပါ။

ဖြူ မျက်ရည်ကျတိုင်း မှီနှဲ့ တမ်းတစရာရင်ခွင်ဆိုတာ ဘယ်တုန်းကမှ ရှိခဲ့တာမဟုတ်။ နေ့လယ်က 'သာ'နှင့်တွေ့တော့ မာမီတို့အကြောင်း သတင်းစကားတွေပါလာသည်။ အနှစ်ကတော့ ရန်းထွက်ဖို့တွေနှင့် တွဲစပ်၍ အညှံခံသူတို့၏နှလုံးသား တကယ်မြင်မြတ်ခြင်း၊ မမြင့်မြတ်ခြင်းကို ထောက်ပြသွားခဲ့၏။

"ညှံတဲ့လူကို ဘယ်သူမှ အထင်မကြီးဘူး မမဖြူ၊ မမဖြူကိုယ်တိုင် အရှုံးပေးနေတဲ့ယောကျ်ားကကော မမဖြူ အရှုံးပေးအညှံခံနေတာတွေ အပေါ်မှာ လေးစားအထင်ကြီးနေခဲ့တာ ရှိလို့လား၊ ဒီမိန်းမ ငါ လိမ့်မှတိုင်း လိမ့်ရတာပါဆိုတဲ့ အဆင့်မှာပဲ မမဖြူ ရှိခဲ့တာ၊ အရှုံးပေးရင် နှလုံးအေးတယ်ဆိုတဲ့စကားက အလကားပဲ၊ လူတိုင်းမှာ မာနရှိကြသလို အဲဒီလူ ရှုံးသွားရင် ကျေနပ်ကျန်ခဲ့ပါ့မလား။ အထူးသဖြင့် မျိုသိပ်ထားလိုက်ရတဲ့ သူက အတွင်းလှိုင် အလောင်ခံနေရတာ သိလား၊ ကိုလေမိုးကို တစ်သက်လုံး လိုက်လျောအရှုံးပေးလာခဲ့ရပြီး မမဖြူကော စိတ်ချမ်းသာလား"

အနှစ် ဘာမေးမေး သူမ မဖြေနိုင်ခဲ့ပါ။ ပထမ အရှုံးပေးနေခဲ့ခြင်းဟာ ဖြူဟာ မိဘကို လက်ပြနှုတ်ဆက်ခဲ့ပြီးမှ သူ့ထံမှာ ဘဝကို ပုံခဲ့တာဖြစ်သည်။ ဘုရင့်နောင်ဖောင်ဖျက်သလိုမျိုး နောက်ကြောင်းပြန်လှည့်စရာ ဖြူမှာ ကျောထောက်နောက်ခံ ဘာမှမရှိတော့ခြင်းပင်။

နောက်တစ်ထစ် အရှုံးပေးခဲ့တာကတော့ အစ်ကို့ကို ဖြူ အသည်းနှင့်အောင်ချစ်ခဲ့မိ၏။ သူမ၏ ချစ်ခြင်းမေတ္တာ စစ်မှန်ခဲ့လျှင် အစ်ကို့ထံမှ တစ်နေ့နေ့တော့ အချိုးတူ တုံ့ပြန်လာလိမ့်မည်ဟုလည်း ယုံကြည်မိခဲ့သည်။

တကယ်တမ်းကျတော့ အနှစ်ပြောတာတွေမှန်ပါသည်။ အစ်ကို့ထံမှ တစ်နေ့တခြား ဂရုမစိုက်စွာချောင်ထိုးခံခဲ့ရခြင်းတွေပဲ ဖြူ့အတွက် ဖြစ်ခဲ့





၏။ 'သာ'နဲ့ အနှစ်တို့ပြောကြတာတွေ မှန်လွန်းသဖြင့် သူမဘက်က ချို့ယွင်းချက်များဖွာကို ပြင်ဆင်ဖို့ အားယူရတော့မည်ဖြစ်၏။

ထို့ပြင် မာမီတို့ကလည်း ပြန်ခေါ်နေပြီတဲ့။ သာက မာမို့လက်ရေးနှင့် စာလေးတစ်စောင် ယူလာ၏။

"အန်တီခများ မျက်ရည်တောင်ကျရှာတယ် ဖြူရယ်၊ ခဏဖြစ်ဖြစ်တော့ နင် လိုက်သွားလိုက်ပါဦး။ အစက ကိုယ့်သမီးက ကိုယ့်ကိုမခင်တွယ်ဘဲ သူစိမ်းနောက် ကောက်ကောက်ပါကျန်ခဲ့ရလားဆိုပြီး ဘာမှမဆက်သွယ်ဘဲပစ်ထားခဲ့တာတဲ့၊ နင် နေနိုင်တာကိုလဲ ထည့်ပြောသေးတယ်။ ဟုတ်လဲဟုတ်သားပဲ၊ မိဘက စိတ်ဆိုးနေရင် သားသမီးက ဝန်ချတောင်းဝန်ရမှာမဟုတ်ဘူးလား။ နင့်ကို ငါက ပိုပြီးအံ့သြတယ်၊ အနှစ် ပြောပြလို့ နင်တို့အိမ်ထောင်ရေးကို ငါ သိပြီးပါပြီ၊ ဒီလောက် မချမ်းမြေ့စွာ နေခဲ့ရတာတောင်မှ မိဘကို မေ့ထားနိုင်တယ်နော်၊ ပျော့ပျော့လေးနဲ့ အသည်းကျတော့ မာလိုက်တာ"

"သာရယ် ငါ့အပြစ်နဲ့ငါ လိမ့်ခံနေတာပါ။ ဒက်ဒီ ခေါ်သကြီးတာကိုလဲ သိလို့ ကြောက်တယ်၊ မာမီက မင်္ဂလာကိစ္စ စီစဉ်ပြီးကတည်းက ဒေါ်မမခက်ဆိုရင် နောက်ထပ် မျက်နှာချင်းဆိုင်ဖို့ လာမပြောနဲ့လို့ အပြတ်ပြောခဲ့တာ။ အဲဒီလို ငါ မှီခိုရမယ့်လူတွေကို ငါ့မိဘက မုန်းနေတော့ ငါ တစ်ဖက်ကို မှီလိုက်တာနဲ့ တစ်ဖက်က ပြတ်ပြီလေ၊ ဟုတ်ပါတယ်၊ ငါ မိုက်မိပါတယ် သာရယ်၊ ငါ့ကြောင့် ဟိုမှာ မာမီ မျက်ရည်ကျနေရလို့ထင်တယ်၊ ဒါလဲ ဒီမှာ မျက်ရည်ပင်လယ်ဝေနေရတာပါ"

"မဝေနဲ့တော့ မမဖြူ၊ အနှစ်လေ မမဖြူနဲ့ကိုလတ်ကို အဲဒီမောင်နှမ လက်ထဲကနေ ဆွဲထုတ်ချင်ခဲ့တာ ခုမှမဟုတ်ပါဘူး၊ အဲဒီမိသားစုထဲကို သချာဝင်လိုက်မိကတည်းကပါ။ အနှစ်နဲ့ညီကို ဘယ်လိုခွဲထုတ်ဖို့ ငိုပိခဲ့သလဲ မမဖြူတို့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူ ခေါင်းညိတ်ပြမိသည်။ ညီ့ကို ပထမ ဖြူတို့အိမ်မှာ ညသိပ်အိပ်ခိုင်းသည်။ ပြီးတော့ ပြန်သွားသလိုလို ဘာလိုလိုနှင့် အနှစ်နဲ့ ဒေါ်မမခက် ပြဿနာတွေတက်လာကြပြီဆိုမှ ညီ တခြားရောက်နေမှန်း ဖြူ သိခဲ့ရ၏။ ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရပါသည်။ အနှစ်လိုသာ သူမနဲ့အစ်ကို့ကို ခွဲထုတ်ခဲ့လျှင်ဟု တွေးမိပြီး ထိုကိစ္စ သိရသည့်နေ့က စားလို့မဝင်၊ အိပ်လို့မပျော် ဖြစ်ခဲ့ရ၏။

အနှစ်က ဒေါ်မမခက်ကို အသားအနာခံပြီး ရင်ဆိုင်သည်။ ညီ့ကို မတွေ့ရမချင်း စောင့်ခဲ့၏။ ညီကလည်း တားဆီးထားသည့်စည်းတွေကို ခုန်ကျော်ထွက်သွားနိုင်သည်။ သူမသာဆိုလျှင် ထိုမျှထိ ဆန့်ကျင်နိုင်ပါ့မလား။ အစ်ကိုကကော ညီ့လို သူမထံရောက်အောင် လာဖို့ သေချာပါ့မလား။

ထိုစဉ်က တွေးဖြစ်ဖူးတာပါ။ တကယ်တမ်းကျတော့ ညီနဲ့အနှစ်တောင်မှ ဖြူတို့လို စည်းခြားဖို့မလိုပေ၊ လေမိုးထန်ဆိုသည့်ယောကျ်ားက စပယ်ဖြူဆိုသော သူမအပေါ်မှာ အစကတည်းက မကြင်တစ်ရက်၊ ကြင်တစ်ရက်သာ။

မိန်းမဆိုတာ ဘယ်လိုချဲ့မှာပဲ၊ ဘယ်လိုအလျှော့မပေးနဲ့ ဘယ်လိုနှိမ်ထား ဒေါ်မမခက် သူ့သားတွေကို ဆုံးမသွန်သင်နေသမျှ အနှစ်က အားလုံး ကြားနေရတာ၊ ပြောသမျှထဲမှာ မှုတတာ တစ်လုံးမှမပါဘူး။ သမီးကိုကျတော့ ယောကျ်ားကို မကိုးကွယ်ရဘူး တဲ့၊ သားကျတော့ မယားဆိုတာ ကျွန်နဲ့တူမှ၊ ဒါ့ကြောင့် ကိုယ်က သခင်လိုနေရမယ် တဲ့။

ကြားရချက်က မသက်သာ။ ဖြူ တကယ်ရင်နာပါသည်။ သူ အစကတည်းက ဒီလိုပဲနေတတ်တာဆိုရင် ကိုယ့်အပေါ်မှာ ကြင်နာနွေးထွေးတတ်လာအောင် ဆွဲဆောင်စည်းရုံးနိုင်ခြင်းမရှိခဲ့တာ ကိုယ့်အပြစ်ပဲလို့ ယူဆပုံချလို့ရသေးသည်။





ခုကျတော့ သူ့အမေ သင်သမျှ သူက လက်ကိုင်တုတ်လုပ်ခဲ့သည်။ ဖြူကို ပုံစံခွက်ထဲမှာထည့်ပြီးကျကျနနသွန်းလောင်းပုံဖော်နေခဲ့တာဖြစ်၏။

"ဟုတ်တယ် ဖြူ၊ အမြဲ အနိုင်ရနေတဲ့သူဟာ အရှုံးကို ခံနိုင်ရည်မရှိဘူးတဲ့၊ နင် သူ့အပေါ်မှာ အနိုင်ယူဖို့မပြောနဲ့ စိတ်ညစ်အောင်တောင် မလုပ်ခဲ့ဖူးဘူးမဟုတ်လား၊ အခု စမ်းကြည့်လိုက်စမ်းပါ။ နင် မျှော်လင့်နေတဲ့ အချစ်တွေ သူ့ရင်ထဲမှာ တကယ်ရှိ မရှိ အဲဒါ အမြန်ဆုံး သိရတဲ့နည်းပဲ။ မိဘစကား နားယောင်နေတာဆိုရင် နင် မရှိတဲ့အခါ အချစ်ဆိပ်တက်လာမှာပဲ၊ အဲဒီအခါကျမှ မိဘနဲ့မိန်းမကို ဘယ်လိုသပ်သပ်စီကိုးကွယ်ယုယသင့်သလဲဆိုတာ သူ သိလာလိမ့်မယ်။ ဒါမှမဟုတ်လို့ သူ့ကိုက နင့်ကို အနိုင်ယူနေတာဆိုရင်တော့ သွားပေါ့၊ ဘာဖြစ်လို့ ကျောက်ခဲကို နှိုးစက်နေမှာလဲ မဟုတ်ဘူးလား။ အတောင့်ရှည်တော့ အစေ့များတာက သူတို့အတွက် ပြဿနာမဟုတ်ဘူးဟ၊ ငါတို့မိန်းကလေးတွေအတွက်က ဒုက္ခ၊ တိုးလိုးတွဲလောင်းတွေ ဒီထက်တိုးပွားလာရင် နစ်ပြီပေါ့။ ငါ သူများအိမ်ထောင်ရေးကို ငရဲကြီးခံပြီး ကွဲအောင်ပြုအောင်လုပ်နေတာမဟုတ်ဘူး၊ ကွဲလဲမကွဲသွားနိုင်ပါဘူး၊ သူ တကယ်ချစ်ရင် ပါလာမှာပဲ၊ ချစ်လို့ရုပ်ကျန်ခဲ့တာ မရှိဘူး၊ ချစ်ရင် သိမ်းပိုက်ချင်တာ"

"မမဖြူရယ် ဒီလောက်မကြင်နာတတ်တဲ့လူ လိုက်မလာတော့လဲ ဝမ်းနည်းစရာလားဟင်။ သူတို့အတွက် မိန်းမက မရှိမဖြစ်တဲ့အရာ မဟုတ်ဘူးဆိုရင် မိန်းမတွေကကော ယောကျ်ားရှိမှဖြစ်မှာမဟုတ်ဘူးဆိုတာ ဘာဖြစ်လို့ မပြနိုင်ရမှာလဲ။ ဘာမဆို မျှမျှတတဆိုတာ ရှိတယ်၊ မမျှတတော့ဘူးဆိုရင် အဲဒါ မမြဲတော့ဘူးပဲ။ မိန်းမတစ်ယောက်အတွက် လင်ကောင်းလိုသလို သူတို့လဲ မယားကောင်းလိုတာပဲ၊ မိန်းမတွေပေါတယ်ဆိုပြီး ပေါတာကို ဘယ်လိုယောကျ်ားက ကောက်ယူသလဲ၊ တန်ဖိုးဆိုတာ နေရာတိုင်းမှာရှိတယ်။ အခု မမဖြူက ကိုလေမိုးအတွက် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးနည်းနေတာ”

အနှစ်ပြောလိုက်တာ မှန်လွန်းလို့ ရင်ထဲမှာနင့်ခနဲဖြစ်ရသည်။ ကိုယ်ပေးနေသမျှ သူ အသိအမှတ်မပြုခဲ့တာဟာ တန်ဖိုးနည်းနေလို့ပါပဲ။

ရက်လများစွာ စုစည်းကျုပ်ခဲနေခဲ့သည့် နာကျင်မှုတွေက အစိုင်အခဲနှင့် ရုန်းကြွလာခဲ့၏။ အနှစ်၏ပါးတစ်ဖက်မှာ ဟိုတစ်ကွက်၊ ဒီတစ်ကွက် ကျန်နေဆဲရှိသည့် ဒဏ်ရာအညိုအမည်းတို့ကို ဒီနေ့ထိ မြင်ရသေးသည်။

ဒေါ်မမခက်နှင့်လေမိုးထန်က သူမရှေ့မှာ ယှဉ်တွဲရပ်လျက် 'သတိထားနေ'ဟု လက်ဝါးတွေထောင်ပြနေသည့်အဖြစ်အား မြင်ယောင်လာမိ၏။

အိမ်ထောင်ဦးအစမှာကတည်းက ဖြူ့ကို အစ်ကို ကိုင်ပေါက်ခဲ့ဖူးသည်။ ထိုအချိန်မှာကတည်းက သူ့စိတ်က ဒီလိုပါလားဆိုသည့် အရိပ်နိမိတ်ဖြူ သူ့ရဲ့လက်အောက်မှာ အပိုးကျိုးခဲ့ရ၏။

တကယ်တော့ ဒါတွေက သူ့မာမီ မြှောက်ပင့်ပေးနေခဲ့တာ မဟုတ်ပါလား...။

“ခုလေ ညီက အနှစ်ရဲ့ သဘောပါ တဲ့၊ အနှစ် အခု သွားမယ်ပြောရင် သူ အခုလိုက်တော့မှာ၊ ဒါပေမယ့် အနှစ် မသွားဘူး သိလား။ ကိုလတ်ကိုမထားခဲ့နိုင်သလို မမဖြူက မမကြီးရဲ့ သူငယ်ချင်းဖြစ်နေမှန်းသိတော့ အစ်ပေးသွားရမှာကို မကြည့်ရက်ဘူး။ ဒီမိန်းမကြီး အစွန်းရောက်နေတာ ဒီလိုမှ မတွန်းလှန်နိုင်ရင် မမဖြူတို့၊ အနှစ်တို့ရဲ့ မိဘတွေက ဒီမိန်းမ တစ်ယောက်လောက်မှ အသုံးမကျသူတွေဖြစ်ကုန်ပြီပေါ့၊ ချစ်လို့ ပေးဆပ်ကြတဲ့ မမဖြူတို့၊ အနှစ်တို့ အားလုံးလဲ ချစ်လို့မဟုတ်ဘဲ မလှန်ရဲ မပြန်ရဲ အညွှန့်ခံနေကြသလို ဖြစ်နေမှာပဲ။ ဒေါ်မမခက်ပြောတဲ့ စကားတိုင်း တရားမဝင်ပါဘူး၊ သူပဲမှန်တယ်၊ သူပဲအဟုတ်၊ မမဖြူ စဉ်းစားပါဦး”

“စဉ်းစားစရာလား ဖြူရယ်၊ ငါဖြင့် အနှစ် ပြောကတည်းက အံကြိတ်





နေရတာ။ ကြုံကြုံဖန်ဖန် ငါ့မောင်၊ ငါ့ညီမနဲ့ သူငယ်ချင်းကျမှ ဒီလူတွေနဲ့ ဆုံရတယ်လို့၊ နင် ခဏလေးဖြစ်ဖြစ် ထွက်လာခဲ့လိုက်စမ်းပါ၊ လုပ်ကြည့်လိုက်၊ ပြောင်းလဲခြင်းဆိုတာမှာ အကျိုးသက်ရောက်မှုတစ်ခုခုတော့ရှိလာတာပဲ၊ လွှမ်းစရာမရှိဘဲနဲ့ လွှမ်းမနေပါနဲ့တော့”

ဟုတ်သည်ဆိုသည့် လက်ခံခြင်းများနှင့် အိမ်ပြန်ရောက်လာခဲ့သော ဖြူ့နှလုံးသားက မထင်မှတ်စွာ အေးစက်စက်ဖြစ်နေခဲ့သည်။ ဆုနဲ့သူ့ကို တွဲလျက်ထပ်မြင်လိုက်ရတော့ ရင်ထဲမှာ နာသွားခဲ့၏။ ဆုံးဖြတ်ဖို့ ပင့်သက်ရှိုက်လိုက်ခြင်းမှာ သူ့ကို ဂရုမစိုက်တတ်ဖို့ အင်အားတွေ ပါလာခဲ့သည်လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"ဟုတ်ကဲ့၊ ဒီမှာ ဆု ရောက်နေလို့ မာမီ၊ လာခဲ့မယ်"

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ ဆုကလည်း သူ့ဘေးကို ရောက်နေပြီဖြစ်သည်။

"ဘာတဲ့လဲ ကိုမိုး"

"မာမီလေ"

"သိတယ်လေ၊ အဲဒါ ဘာပြောလဲလို့"

လက်မောင်းကို လက်သီးဆုပ်လေးနှင့်ထု၍နဲ့တော့ လေမိုး မချိသွားဖြစ်ရယ်ရင်း မသိမသာ ဆုတ်ရှောင်လိုက်သည်။ ဒီနေ့ တမင်တကာ အလုပ်မသွားဘဲနေခဲ့တာဖြစ်သည်။

ဒါပေမယ့် ဆု လာမယ်မှန်းသိလို့လည်းမဟုတ်၊ မာမီ့ဆီ သွားဖို့လည်းမပါ။ ဖြူနဲ့ သူ အေးအေးဆေးဆေး စကားပြောရမည်၊ ဆွေးနွေးမှုဖြစ်မည်မို့ ဒီနေ့ကို ထုတ်နုတ်ယူခဲ့လိုက်ခြင်းပင်။

ဖြူနဲ့သူ မေးထူးခေါ်ပြောနဲ့ပဲ အေးစက်စက်နေလာခဲ့ကြတာ တစ်ပတ်





ရှိတော့မည်။ ဟိုတုန်းကဆို ကိုင်ပေါက်ဆောင့်ခါပစ်ခဲ့တာတောင် ခေါ်လိုက်တာနှင့် မျက်ရည်မခြောက်သေးဘဲ ဖျာဖျာသလဲ ရောက်လာခဲ့သည်။ ခုတော့ သူ စကားလိုက်ပြောတာတောင်မှ မလှုပ်တလှုပ်။

ထို့ပြင် ပို၍စည်းခြားသလိုဖြစ်ခဲ့တာက ဆု ပဲဖြစ်သည်။ လူရောက်မလာတောင်မှ ဖုန်းဆက်တော့ နေ့ကော၊ ညကော သုံးလေးကြိမ် ခေါ်သည်။ ဧါ ယောကျ်ားလေးပဲလို့ သဘောထားပြီး တွဲကြည့်ခဲ့ဖူးသည်၊ မိန်းမကို ဂရုစိုက်ဖို့မလိုသည့်မာနနှင့်၊ ပြီးတော့ ဆုလိုမိန်းကလေးကို အနားမှာထားနိုင်ခဲ့သည့်ကိုယ့်ယောကျ်ားကို ဒီထက်ပို၍ ဂရုစိုက်လာမလားလို့ ...။

တကယ်ဖြစ်လာတော့ တခြားစီဖြစ်နေသည်။ သာယာမှုဆိုတာ ထိတွေ့ကြားမြင်မှုတွေမှာပဲ ငြိတွယ်ခဲ့တာဖြစ်သည်။ ရင်ဘတ်ထဲထိ စွဲထင်ခံစားဖို့ကျတော့ မလွယ်။ ဒီမိန်းကလေး၏ ပြုံးရယ်၊ ချွဲနွဲ့မှုများဟာ ဖြူ့မျက်နှာလေး နေ့စဉ်ရက်ဆက် ညိုနေတာ မြင်ရတော့ စိတ်ညစ်စရာတွေဖြစ်လာခဲ့သည်။

ပိုဆိုးသည်မှာ ဆုရဲ့နောက်ကွယ်မှာ မာမီ ရှိနေခြင်းပင်။

"ကိုမိုး ပြောလေကွာ၊ အန်တီမမက ဆုကိုခေါ်ပြီးလာခဲ့လို့ ပြောတယ်မဟုတ်လား"

"အင်း ..."

သူ ခေါင်းညိတ်၍ နောက်ကနေ လှမ်းဆွဲလိုက်သော ဆုလက်ကို ဖယ်ချဖို့ ထပ်ဆုပ်ကိုင်လိုက်မိစဉ် မျက်လုံးထောင့်မှာ အရိပ်တစ်ချက် ထင်သွားသဖြင့် ...

"ဟင် ဖြူ"

လှေကားကြီးပေါ် ကဆင်းလာသည့် ဖြူက အညိုရောင်သားရေအိတ်ကြီးကို ပခုံးမှာလွယ်ထားလျက် သားကိုချီ၍ဆင်းလာသည်။ ဒီအိတ်ဟာ ဟိုနားဒီနားသွားဖို့ ပိုက်ဆံနည်းနည်းလောက်ထည့်လွယ်သည့်အိတ်

www.burmeseclassic.com



မဟုတ်ပေ။

အနည်းဆုံး အကျီဆယ်စုံလောက်တော့ ထည့်နိုင်သည့် ခရီးဆောင်အိတ် ဖြစ်သည်။

"ဖြူ ..."

သူ မခံချင်တာကော ဒေါသတွေကော ရောပြီးဖြစ်ကာ ဖြူ့ဘေးကို ပြေးသွားမိသည်။

"မင်း ဒါ ဘယ်ကိုလဲ"

ရှေ့မှာ ပိတ်ရပ်လိုက်တော့ ဖြူ တုံ့ခနဲရပ်သည်။ သားက တစ်နှစ်နဲ့ ငါးလရှိပြီဖြစ်၏။ စကားလည်းတတ်လွန်းသည်။ သို့သော် ခုကျတော့ ဖအေနဲ့မအေ မျက်နှာတွေ တစ်လှည့်စီကြည့်ကာ နှုတ်ခမ်းဖူးဖူးလေးတွေ တလှုပ်လှုပ်နှင့် ဘာသံမှ မထွက်ခဲ့ပေ။

"ဖြူ... မင်းကို ငါ မေးနေတယ်လေ"

"အားလုံး နေရာတကျဖြစ်သွားဖို့ပါ"

"ဘာ..."

"ဖြူ့ကို ဖယ်ပေးပါ အစ်ကို"

ဖြူ မျက်လွှာချလိုက်တော့ မျက်ရည်တစ်စက် လက်ခနဲကြွေဆင်းသွားတာကို သူ မြင်လိုက်သည်။ ဖြူ သည်းခံခဲ့တာတွေကို သူ သိပါသည်။ ခုလည်း ဆုနှင့်ပတ်သက်၍ ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံးမို့လို့ နာကျည်းသွားခဲ့တာကို သူ ခန့်မှန်းမိသည်။

ဒါပေမယ့် ဒီလိုခွန်အားတွေနဲ့ ဘယ်တုန်းက တိုက်ခိုက်ဖူးလို့လဲ။ ကိုယ်က စဉ်ချောမောဖို့ ဝန်လေးခဲ့သည်။ နှုတ်ခမ်းဖျားတို့ အံကြိတ်ရင်း ပါးစပ်ပြင်ရင်းနှင့် ဘယ်လိုစကားလုံးနဲ့ တားဆီးရမှန်းမသိ။

"မင်းကို ကိုယ် သွားခွင့်မပြုနိုင်ဘူး"

"အို ... ဟင့်အင်း"





လေမိုးက ကလေးကို ဆွဲခေါ်သည်။ ဖြူက သေလုမျောပါး ပြန်ဖက်ထား၏။

"မလုပ်ပါနဲ့ ဖြူ့ကိုသနားပါ အစ်ကို၊ သားလေးကို မခေါ်ပါနဲ့"

"လာ သား ဖေဖေ့ဆီကို"

"လိုက်ဘူး"

မအေငိုတာကို စူးစူးစိုက်စိုက်လေးငုံ့ကြည့်နေသည့် သားက သူ ဆွဲခေါ်လိုက်သည်နှင့် မအေ့လည်ပင်းကို ပြန်လှည့်ဖက်၍ ဖွတ်ကပ်ထားသည်။

"တောက်"

ဒေါသလည်းဖြစ်သည်၊ ရှက်လည်းရှက်မိ၏။ ဆုက ရယ်သံလွင်လွင်နှင့်လျှောက်လာကာ ...

"အချော့ခံချင်လို့နေမှာပေါ့ ကိုမိုးရဲ့၊ ချော့လိုက်ပါ၊ အဟွန်း... ပြီးမှ လိုက်ခဲ့လေ၊ အန်တီမမဆီကို ဆုပဲ အရင်သွားနှင့်မယ်"

မျက်ရည်ပြည့်နေသည့် ဖြူ့မျက်ဝန်းလေး လက်ခနဲဝင့်တက်လာ၏။ ဆုက အားနာရမှန်းမသိစွာ မဲ့ရွဲ့မျက်စောင်းရွယ်လျက် မိုက်ကြည့်ကြည့်သည်။ သွားနှင့်မယ်ဆိုပြီးတော့လည်း မသွားဘဲ ဖြူ့ကို 'နင်အရင်သွား' ဆိုသည့် လှောင်ပြုံးနှင့်ကြည့်တာဖြစ်၏။ ဖြူ့ရင်ထဲက နားလည်မှုက နက်နက်ရှိုင်းရှိုင်းဖြစ်သွားသည်။ သားကို တင်းခနဲဖက်ကာ နှစ်ယောက်စလုံးကို ရှောင်ထွက်ခဲ့၏။

"ဟော့ ..."

"ကိုမိုးကလဲ"

လေမိုးက ဖြူ့လက်ကို လှမ်းဆွဲ၏။ ဆုက သူ့လက်ကိုဆွဲထားလိုက်သဖြင့် ဖြူ့ကို သူ မဖမ်းမိတော့ပေ။

"ကိုမိုး အဲဒီလို ပျာယာခတ်နေတာ အန်တီမသ[illegible]ပါ ခတ်နော"



www.burmeseclassic.com

www.burmeseclassic.com



လောက်ဒေါ်သဖြစ်လိုက်မလဲမသိဘူး၊ သူ့သားကြီးကမှ သူ့စိတ်၊ သူ့သား ဆိုပြီး အမြဲဂုဏ်ယူနေတဲ့ အမေ”

လေမိုး ခြေလှမ်းတွေ တုံ့သွား၏။ သို့သော် မာမီ ဆိုသည့် ရှုပ်ကိုင်မှုက နှလုံးသားမီးလောင်ပြင်မှာကျတော့ ရေတစ်ခွက်လောက်ပင် အရာမထင်ခဲ့။

“ဖြူ”

ဆု လက်ကို ပုတ်ချပစ်ခဲ့ပြီး တိုက်ပေါ်ကနေ သူ ပြေးဆင်းသွားခဲ့သည်။ သို့သော် ...





အခန်း (၄၀)

အနှစ် ဒေါ်မမခက်အတွက် လက်ဖက်သုပ်ပန်းကန်ကိုကိုင်၍ ရှေ့ထွက်လာခဲ့စဉ်မှာ ရင့်၏ကားက ရှေ့မှာရပ်ပြီးဖြစ်သည်။ ရင့် ဆင်းလာတာကိုလည်း သေချာမဟုတ်ပေမယ့် ဖျတ်ခနဲတော့ ဝေ့ကြည့်လိုက်မိသေးသည်။ သို့သော် အမှတ်တမဲ့ ဒီဘက်ကိုလှည့်၍ ဒေါ်မမခက်ရှေ့မှာ ပန်းကန်ကို ငုံ့၍ပေးလိုက်မိစဉ် ...

“အလင်းနှစ်”

အနားကို ရိုပ်ခနဲရောက်လာ၏။ ခေါ်သံနှင့်အတူ လက်မောင်းကို ဆောင့်ဆွဲလိုက်သဖြင့် ငြိမ်းချမ်းရေးယူဖွယ်မရှိသော ဒီမိသားစုထဲမှာ အနှစ်ခေါင်းထဲကို သတိက ချက်ချင်းဝင်သည်။

“လူစွမ်းကောင်းမ ...”

အသံတွေ တုန်လှိုက်၍ လှဲရိုက်ချလိုက်သည့်လက်က နည်းနည်းနောနောအားမဟုတ်၊ အနှစ် ခေါင်းငုံ့ရှောင်လိုက်ရင်း လက်တစ်ဖက်နှင့်ပါ ခတ်ထုတ်ပစ်မိသည်။



www.burmeseclassic.com

"တောက် အယုတ်တမာမ"

ရိုက်ထုတ်ခံလိုက်ရသလိုဖြစ်သွားသဖြင့် လက်လည်းနာကာ ရင့်ကိုယ်လည်း ယိုင်ထွက်သွား၏။ ဒေါသဟာ ပိုမိုကြီးထွားခြင်းသို့ရောက်ကာ ...

"ကဲ ဟာ"

အနှစ်ကို နောက်ထပ်ရိုက်ဖို့ကြိုးစား၏။ ဒါပေမယ့် အနှစ် ထပ်ရှောင်တော့ မအောင်မြင်။ ဘယ်လိုမှ ရိုက်မရမှန်းနားလည်သွားတော့ ရင့်က လူချင်းဝင်လုံးတော့သည်။ သူက သွေးရူးသွေးတန်းဖြစ်နေသည့်လူ၊ အနှစ်က စိတ်လှုပ်ရှားနေတဲ့သူ မဟုတ်ပေ။ ဒီလိုလူကို ဒုက္ခပြန်ပေးဖို့အတွက် အနှစ်လည်း နည်းနည်းလေးမှ လက်တွန့်မှာမဟုတ်၊ သို့သော် ...

"ဟဲ့ ရပ်ကြစမ်း၊ အလင်းနှစ်... အလင်းနှစ် ညည်း ခု ရပ်နော်သားတွေး... မသဲ လာကြဦး"

ဒေါ်မမခက် ထခုန်တော့မတတ်ဖြစ်လျက် တအားအော်သည်။ ညီရောက်လာတော့မည်ဆိုသည့်အသိ စိတ်ထဲ ဖျတ်ခနဲဝင်လာသည်နှင့် အနှစ် လှုပ်ရှားမှုတွေမှာ အားမာန်တွေ ချက်ချင်း လျော့ကျသွားသည်။

မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်တာမှန်းသိလိုက်ပေမယ့် ထိုလက်ကျလာတာကို လုံးဝမရှောင်ဘဲနေပေးလိုက်၏။ သူ့ကို အပီအပြင် ထိုးနက်တော့မည်ဟု အံခဲကြံစည်လိုက်သော်လည်း ကိုယ်ပဲ ခံပေးလိုက်သဖြင့် ဖောင်းခနဲ မျက်လုံးထဲမှာ မီးပွင့်သွား၏။

"အနှစ်... မလတ် မလုပ်ပါနဲ့"

ညီ မြင်လိုက်တော့ ဆိုဖာလက်တင်ပေါ်မှာ ပုံပန်းမကျ ပက်လက်ကြီးဖြစ်နေသည့် ရင့်ကိုယ်ပေါ်ကနေ အနှစ် ပက်ခနဲလန်ကျသွားခြင်းပင်။ မလတ်က အောက်စည်းမှ လုံးလုံးရောက်နေကာမှ ရိုက်လိုက်နိုင်သဖြင့် ကျားစီးဖားစီး ပြန်ကျုံးထသည်။





ရှက်ဖို့တွေ၊ ထိန်းသိမ်းဖို့တွေ ဘာမှမဆင်ခြင်တော့ဘဲ သူမမျက်လုံးထဲမှာ အနှစ်ကို သွေးသံရဲရဲဖြစ်အောင် ရိုက်နှက်ကုတ်ဖဲ့ဖို့တစ်ခုသာ...။

"မလတ်... မလတ် တော်နော်"

"သမီး ..."

ညီက အနှစ်၏ကိုယ်ပေါ်ကို ခုန်လွှားအုပ်စီး၍ အားရှိပါးရှိ ရိုက်ချလိုက်ဖို့ လွှဲမြှောက်လိုက်သော ရင့်လက်ကို ပြေးသွားပြီး အမိအရ ဖမ်းထားလိုက်၏။ ဒေါ်မမခက် အဖြစ်အပျက်တွေကို အစအဆုံး မြင်နေလျက်ဘာမှလည်း မပြောနိုင်တော့ပေ။

ဒီလိုအဖြစ်အပျက်မျိုးလည်း တစ်ခါမှ ဆိုးရွားစွာ မကြုံဖူးခဲ့သဖြင့် ထိတ်လန့်တုန်ယင်နေသောကိုယ်က ဆိုဖာထက်သို့ နောက်ပြန်ခွေခနဲ ပြန်ကျသွား၏။

"တော်... တော်ကြတော့၊ ငါ့ကို မြန်မြန်သေအောင် သတ်နေကြတာ"

မကျယ်သော်လည်း အားလုံးကြားကာ ရုန်းရင်းဆန်ခတ်တွေရပ်တန့်ကုန်ကြ၏။

"တောက်.... မာမီ့ကြောင့် သိလား၊ ကောင်မက မလောက်လေး မလောက်စားနဲ့ လူပါးဝလို့"

ညီ ဆွဲဖက်သည့်အတိုင်း ထရပ်လိုက်ပြီးမှ ရင့်က ညီ့လက်ကို ဆောင့်ခါပစ်၏။

"ဖယ် မကိုင်နဲ့"

ညီကလည်း တစ်ချက်ပဲပြန်ကြည့်ပြီး မထနိုင်သေးသည့်အနှစ်ကို ပြေးထူသည်။

"အနှစ်"

အနှစ်၏နှုတ်ခမ်းထောင့်မှာ သွေးတွေ ကျနေသည့်အဖြစ်ကြောင့် ညီမျက်နှာက ကမ္ဘာပျက်မတတ်ဖြစ်နေ၏။ ပခုံးလေးနှစ်ဖက်ကနေ တယု



www.burmeseclassic.com

www.burmeseclassic.com



တာယ ဆွဲထုတ်၍ သွေးစကို သူ့လက်ခုံနဲ့ ပွတ်သုတ်ပေးလိုက်၏။

"ဖြစ်ရလေ အနှစ်ရယ်"

"နင်က ဘာကိုသနားနေတာလဲဟင်၊ မိန်းမလည်မ၊ အမြီးကို မီးရှို့ခိုင်းပြီး သီဟိုဠ်ပြည်ပျက်အောင်ဖျက်ခဲ့တဲ့ ဟာနုမာန်မျောက်လို ညာဏ်နီညာဏ်နက်တွေနဲ့ ..."

"ဘာဖြစ်လာတာလဲ၊ မလတ် ဘယ်လိုရောက်လာပြီး ဘာက စဖြစ်တာလဲဗျာ၊ ညီ ဘာမှကိုနားမလည်တော့ဘူး"

အနှစ်သည် သူ ကိုင်ထားရင်းမှ ပျော့ခွေယိုင်နေ၏။ ပြီးတော့ မျက်ရည်တွေ တလိမ့်လိမ့်ဆင်းကာ သူ့ပခုံးစွန်းမှာ မှီနေရှာ၏။ ဒေါသကြီးပြီး မကျေမချမ်းဖြစ်နေတာမျိုး မရှိ၊ မရှိတာရိ မျှိုသိပ်၍ သည်းခံနိုင်သမျှတော့ ခံနေမှာပါဟု လည်စင်းပေးနေတာနှင့်သာတူသည်။

ချွေးတွေရွှဲ မျက်နှာရဲရဲနှင့် ရင့်ကတော့ လက်တပြင်ပြင် ရှိနေဆဲ။ ထို့ပြင် အသက်ရှူတွေပြင်းကာ မျက်ရည်တွေပါ ပြည့်တက်လာလျက်...

"မာမီ... မာမီ သူ့ကို ဘာဖြစ်လို့ အိမ်မှာ လက်ခံနေတာလဲ၊ အရိုက်အနက်ခံပြီး ဒီမှာကပ်နေတာ အကောင်းမဟုတ်ဘူး သိလား မာယာများနေတာ၊ ပလီနေတာ၊ ကိုယ်ရထားတဲ့ယောက်ျားကိုတင်မကဘူး ရှိသေးတဲ့လူတွေကိုပါ အပါခေါ်ဖို့ မြေခွေးချောင်းချောင်းနေတာ"

"ဘာ ..."

ဒေါ်မမခက်ကိုယ်ကြီး ပြန်၍ကြွတက်လာ၏။ ညီကတော့ အနှစ်ကို တိုး၍ဖက်ကာ ကျွတ်ခနဲခေါင်းခါသည်။ ဒီအိမ်၊ ဒီရာသီခွင်ထဲမှာရှိနေသမျှ ငါ့သား၊ ငါ့သမီး ဆိုတာတွေနဲ့ပဲ ပူလောင်ပြင်းပြနေခဲ့ရသည်။

မိဘက မိဘမို့လို့ သားသမီးကို ပူသည်။ အိမ်ထောင်ခွဲသွားကြပြီဖြစ်သည့် အစ်ကို၊ အစ်မတွေကလည်း အိမ်ရောက်အောင်လာပြီး ပူလောင်နေကြ၏။ သူ့ခေါင်းတွေလည်း မူးနောက်နေပါပြီ။





ဒေါ်မမခက် ဆိုဖာထက်ကနေ ကိုယ်ကို ပြုပြင်ထိုင်လိုက်ကာ မျက်ရည်ကျလုလုနှင့် ရင့်မျက်နှာကို စိုးရိမ်တကြီးကြည့်ကာ...

"ဘာတွေဖြစ်ကုန်လို့လဲ၊ ငါ့... ငါ့ကို ပြောစမ်း"

"ဘာဖြစ်ရမလဲ မာမီ၊ မာမီ ရိုက်လိုက်တဲ့ဒဏ်ရာကိုပြပြီး အိမ်မှာ လာစည်းရုံးသွားတာလေ၊ ဟိုတစ်ယောက်က အခု ..."

"ဘာ ... ဘာပြောတယ်"

"အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားပြီ"

ကြည့်စမ်း၊ ဒေါ်မမခက်၏ခန္ဓာကိုယ်ကြီး မတ်ခနဲတောင့်သွား၏။ ပြီးတော့ မတ်မတ်နေလျက်နှင့် ဒုတိယအကြိမ် နောက်သို့မှီကျသွားခဲ့ပြန်သည်။

"တော်တော်ယုတ်မာတဲ့မိန်းမ"

ရင့်က ရှေ့ကိုထပ်တိုး၍ လက်ညှိုးထိုးပြောသည်။ အနှစ်ကလည်း ညီ ဖက်ထားသည့်လက်တို့ကို ဖယ်ချလိုက်ပြီး တည်ငြိမ်စွာ တုံ့ပြန်ကြည့်၍...

"မောင်နှမချင်း ကိုယ်ချင်းစာပါ မလတ်၊ မလတ်တို့မောင်နှမတွေ သိပ်ချစ်ကြသလို အနှစ်တို့လဲ ချစ်တတ်တာပဲ၊ ဒါပေမယ့် အနှစ် ဒီကိုရောက်လာပြီးမှ ကိုယ်လတ် ဒီထိလာပြီး အနှစ်ကိုတွေ့တာ ဘယ်နှစ်ခါရှိခဲ့သလဲ၊ ရှိခဲ့တာကို လက်ချိုးရေလို့ရပါတယ်၊ အနှစ်ကကော ကိုလတ်ဆီ သွားခဲ့ဖူးသလား၊ တစ်ခါမှ မသွားခဲ့ဘူး"

အနှစ်က သူမဘာသာမေးပြီး ကိုယ်တိုင်ပဲဖြေသည်။

"ကလေးတောင်မှ 'အပေရိုက်ရင် 'အမေ့ဆီပြေးသေးတယ်၊ အနှစ်ခမ်းနည်းလို့ပြေးဝင်စရာ ဒီအစ်ကို့ရင်ခွင်ပဲရှိတာပါ၊ 'မလတ် စွပ်စွဲတာ ရင့်သီးလွန်းတယ်"

"ဘာ"



www.burmeseclassic.com

"အနှစ်ကြောင့်လို့ထင်ပြီး ရိုက်လဲရိုက်တယ်၊ စွပ်စွဲနေတာလဲ မပြီးနိုင်ဘူး"

"ဘာ ငါက စွပ်စွဲတယ် ဟုတ်လား။ စွပ်စွဲတာမဟုတ်ဘူး နင်ပြောတာတွေကို ငါ့ညီမက ကြားတာ။ နင်တို့မောင်နှမ သားအမိတွေ အဲဒီလို ခေါင်းချင်းဆိုင်ရှိုးမရအောင်၊ လက်သီးပုန်းထိုးလို့မရအောင် ငါတို့ စီစဉ်ထားတာတွေလေ၊ ငါ့အိမ်မှာ ငါ့မွေးချင်းညီအစ်မတွေကိုပဲထားခဲ့တာ အခု ရှင်းပြီလား"

"အစကတည်းကရှင်းနေတာပါ။ ဒါပေမယ့် အနှစ်က ကိုယ်လဲ ဒီအိမ်ပေါ်ကိုပဲရောက်လာခဲ့ရပြီးမှ ဘယ်သူ့ကိုမှကိုမှ ခေါင်းထဲမထည့်တော့ဘဲထားခဲ့တာ"

"အပိုတွေမပြောနဲ့ အခု နင့်စနက်ကြောင့် နင့်အစ်ကို ထွက်သွားတာလေ"

အနှစ် မျိုသိပ်ထားခဲ့ရသည့်ကြားကနေ မဲ့ပြုံးလေးတစ်ချက် လွန့်ခနဲ ထင်သွားသည်။

"အဲဒါ အမိပွာယ်မရှိ မလတ်ဘာသာ ပြန်တွေးကြည့်လေ၊ မလတ်နဲ့ ကိုလတ်တို့ လက်ထပ်ပြီးကတည်းက အမေတို့ နှမတို့ ဆိုတာ မြင်တွေ့ခေါ် ပြောနေကြတာပဲ"

"အဲဒါက ရန်ကုန်နဲ့မန္တလေး နေကြတာလေ၊ အခု နီးနီးမှာလာနေတာနဲ့ ဖြစ်ရတာပဲ၊ ယောက္ခမ ယောက်မ ဘယ်တုန်းကမှ ကောင်းခဲ့တာမရှိဘူး"

"အနှစ်က အဲဒီလိုစကားပြောရင် မလတ်တို့ ခံနိုင်မှာမဟုတ်ဘူးနော်"

"ဘာပြောတယ်"

"မလတ် တော်ပါတော့"

ညီက နှစ်ယောက်ကြားထဲမှာ ဝင်ရပ်၍ ရင့်ကို ရင်ဆိုင်လိုက်၏။

"တော်ကြပါတော့၊ မလတ်တို့ ဘာဖြစ်ဖြစ် အနှစ်ကို ဆွဲထည့်နေကြ





တာလဲ တော်ပါတော့ဗျာ"

"သားထွေး"

ဒေါ်မမခက် အံကြိတ်ခေါ်တော့ ညီက မျက်ခုံးတွေကုတ်ထား၍ ပြန်ငဲ့ကြည့်သည်။

"အနှစ်က မှားနေတယ်ပဲဖြစ်ဖြစ်ဗျာ အားလုံးရဲ့အလယ်မှာ သူက တစ်ယောက်တည်းပါ။ မာမီတို့ နည်းနည်းတော့ စာနာဖို့ကောင်းပါတယ်"

"အမယ်လေးလေး သားထွေး ..."

ဒေါ်မမခက် မှုးမှုးမိုက်မိုက်ဖြစ်သွား၏။ အခြေအနေကို အနှစ် တွက်မိလိုက်ပြီး ကောက်ကြောင်းမဲ့အပြုံးတစ်ချက်က မျက်ဝန်းတွေမှာပဲ ဖြတ်သန်းသွား၏။ ဒီအတွေ့နဲ့ထဲက ရုန်းထွက်ကြဖို့အတွက် သူမ အနာခံခဲ့ရတာ နှစ်ခါရှိပြီ၊ ဒီတစ်ခါ ကိုယ့်အလှည့်။

"ညီလဲ တော်ပါတော့လို့ အနှစ် တောင်းပန်ပါတယ်၊ အနှစ်ကို ဖေးမဖို့လဲ မကြိုးစားပါနဲ့၊ ဒီနေ့က စပြီး အနှစ် ဘာလုပ်သင့်တယ်ဆိုတာကို သိပြီ"

"ဘယ်လို"

အနှစ် ပင့်သက်ရှိုက်၍ အားယူသည်။ ညီက လက်ကိုကိုင်တော့ ခြေတစ်လှမ်းဆုတ်ရှောင်ပစ်ကာ...

"ဒီအိမ်မှာ ညီ့ရဲ့ဇနီးအဖြစ်နေရတာ အနှစ်အတွက် လက်ပစ်ဗုံး တစ်လုံးက စနက်တံကို ဆုပ်ကိုင်ထားရသလိုပဲ၊ သိပ်ကို အန္တရာယ်ကြီးတယ်၊ ဒီထက်လဲ ပြောဆိုထုထောင်းတာ မခံနိုင်တော့ဘူး"

အားလုံး မျက်နှာချင်းဆိုင်ကြည့်ကာ အနှစ်က နောက်ပြန် ခြေတစ်လှမ်းထပ်ဆုတ်ပြန်သည်။ မျက်ဝန်းများက ဒေါ်မမခက်တို့သားအမိဆီမှာ ဝေ့နေပြီးမှ ညီ့ထံ ပြန်ရောက်၍ ...

"အနှစ်မှာ ဒီထက်ပိုပြီး သည်းခံဖို့ အားမရှိတော့ဘူး၊ပြောတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မတည်နိုင်တာ ခွင့်လွှတ်ပါ"

"အနှစ်"

"ဟင့်အင်း ဖယ်"

အနှစ် ချာခနဲလှည့်ထွက်သည်။ ညီ ပျာယာခတ်သွား၏။

"သားထွေး"

"အငယ်လေး ရပ်နေစမ်း"

တံခါးဝနားမှာ အနှစ် ရပ်သွား၏။ အလယ်မှာ ညီ တုံ့ခနဲဖြစ်သွား သည်။ ဒေါ်မမခက် သွေးရူးသွေးတန်း ထရပ်လိုက်ပြီးမှ ရှေ့လည်းမတိုး ဖြစ်၊ ပြန်ထိုင်လို့လည်းမကျတော့ဘဲ ...

"ပြန်လာစမ်း သားထွေး၊ မိန်းမတွေ ရိုက်သတ်လို့တောင်မကုန်ဘူး သင်းကလွဲပြီး မာမီ ငါ့သားအတွက် အားလုံး ဖန်ဆင်းပေးနိုင်တယ်"

"အငယ်လေး သူ့ကြောင့် မလတ်တို့အားလုံး ဘဝပျက်နေကြပြီနော် နားလည်စမ်းပါ၊ လုံးဝ ရှေ့ဆက်မလိုက်နဲ့"

ပြော၍ ညီလက်ကိုဆွဲဖို့ ရှေ့တိုးလိုက်သည်။ ညီက လက်ကိုလွှဲရှောင် ပြီး အနှစ်ကိုကြည့်၏။

"ဟွန်း..."

အနှစ်က ပခုံးစွန်းမှာ မေးဖျားလေးကပ်လာသည်အထိ နောက်ဆုံ သမင်လည်ပြန် ငဲ့ကြည့်၍ ...

"ဟုတ်တာပေါ့ တော်တော်နားထောင်သင့်တဲ့ တရားစကားကို။ သူ့ သမီးကို ပြည့်တန်ဆာတစ်ယောက်လို ဆွဲခေါ် ပေါင်းသင်းနေလို့ ဒေါ်ပို ဆိုတဲ့ အမေတစ်ယောက်က ပျော်ပျော်ကြီး ကျန်ခဲ့တယ်လေ။ မိဘကိုလ ဂရုမစိုက်ဘဲ အစ်ကို ဘာပြောပြော ဒီယောက်ျားမှ ဒီယောက်ျား ဆိုင သစ္စာနဲ့နှမက ပြောဆိုမရလို့ ဒီအိမ်ရိပ်ကိုတောင် လာမနင်းရဲတဲ့ မိုးသာ ရောင် ဆိုတာကလဲ အစ်ကိုပီပီ မျက်နှာပြောင်တိုက်နေခဲ့တယ်ဆိုတော





ဒေါ်မမခက်တို့ နေခြည်ရင့်တို့လို ဘဝမပျက်ကြဘူးလို့ ဆိုနိုင်တာပေါ့။ တစ်လောကလုံးမှာ ဟောဒီတိုက်ကြီးထဲကလူတွေပဲ ကြင်နာတတ်ကြ တာ၊ အရှုတ်သိက္ခာတွေကြီးကြတာ မှန်ပါတယ်"

မျိုသိပ်ခံစားနေခဲ့ရသမျှ ဒေါသနှင့်ရောကာ မျက်ရည်က ပေါက်ခနဲ ကျ၏။ ညီကို နောက်ဆုံးပဲဆိုသည့်မျက်ဝန်းနှင့် စူးရဲစွာကြည့်ရင်း ...

"တစ်ပင်တိုင်နန်းနဲ့စံစားရင်း ရှေ့ကိုယ်တော်လဲ နေမြဲတိုင်းနေပါ၊ ကျေးဇူးပါပဲ"

အနှစ် ချာခနဲလှည့်၍ ပြေးဆင်းသွားလေသည်။

"အနှစ်"

ကြောင်တောင်တောင်ကျန်ခဲ့ပြီးမှ ညီ မာမီ့ကို တစ်ချက်ပြန်ကြည့်၏။

"ညီ့ကိုခွင့်လွှတ်ပါ မာမီ"

ထာဝရနှုတ်ဆက်ခြင်းဖြင့် စိုက်ခနဲကြည့်ပြီး မျက်လွှာချလိုက်၏။ ထို့ နောက် ...

"သား... သားထွေး၊ အမယ်လေး လုပ်ရက်လိုက်တာ"

"တောက်"

ရင့် တက်ခေါက်ရုံမကဘဲ ခြေဆောင့်၍ ကိုယ့်ခေါင်းကိုဂုသည်။ မာမီ ရိုက်ခဲ့တုန်းကလည်း အနာခံပြီး ထွက်မသွားဘဲနေသည်။ ခုနက တစ်ချက် ချပစ်လိုက်တော့လည်း ဝုန်းခနဲဆို ထုံပြန်တိုက်ခိုက်တော့မလိုပြင်ပြီးမှ လက်နှစ်ဖက်စုံချပစ်ကာ သူမ ရိုက်သမျှကိုပဲ လည်စင်းခံသွား၏။

အလင်းနှစ် ညည်း တော်ပါတယ်၊ ငါတို့က ညံ့တာ။

ညင်သာစွာဖောက်ခွဲသွားခဲ့သော မေ့ဆေးလက်နက်ပုန်းတစ်ခုကို သူမတို့ သတိမထားမိခဲ့သည်မို့ မကာကွယ်နိုင်ခဲ့ပေ။

အလင်းနှစ် သိနေခဲ့သော 'အချစ်၏ဖလှယ်ရဂုဏ်သတ္တိတွေ'အကြောင်း ကိုတော့ ခုချိန်ထိ နားမလည်နိုင်ဘဲ ကျန်ခဲ့ရသည်။



www.burmeseclassic.com

မိဘထက် ပိုချစ်နိုင်လို့လား...

ထိုစဉ် တယ်လီဖုန်းသံကြောင့် သားအမိနှစ်ယောက်လုံး ဆတ်ခနဲ ဖြစ်သွားကြသည်။ ရင့်က ဒေါ်မမခက်ကိုတွဲ၍ ဆိုဖာမှာ ပြန်ထိုင်စေပြီးမှ...

"ရင့် သွားကိုင်လိုက်မယ် မာမီ"

ဒေါ်မမခက်သည် သတိလစ်နေသူကဲ့သို့ ဘာမှလည်း မပြောနိုင် မျက်ရည်တွေပြည့်ကျပ်လျက် ရှိုက်သံလည်း မထွက်ခဲ့ဘဲ ညီ ပျောက်ကွယ်သွားသည့်လမ်းဘက်ကိုသာ ငေးစိုက်ကြည့်နေခဲ့၏။

"နို့တိုက်တဲ့အရွယ်မှာ နို့တိုက်ခဲ့ရတယ်၊ ထမင်းစားနိုင်လာတော့ ထမင်း၊ တီးရှော့တို့ ရက်စတောရင့်တို့မှာ ထိုင်ပါတယ်ဆိုတော့ အိမ်က ထမင်းပွဲကို ထားခဲ့ပြန်ရော"

"သူတို့ ရှင်သန်လာမယ့်ဘဝကိုပဲ မိဘက ပိုင်တာ"

"ရှင်သန်ပြီးတဲ့နောက်ကို မပိုင်တော့ဘူး"

"မမခက်ရဲ့ သားသမီးတွေ အိမ်ထောင်ရေးသောကတွေဖြစ်လာတဲ့ အခါမှာ မမခက်က မိန်းမကြမ်းကြီးဖြစ်သွားနိုင်တယ်"

"ကြာရှည်စွာအုပ်ထိန်းခြင်းဆိုတာမှာ တွန်းကန်အားတွေ ရှိနေတတ်တယ်"

"ဖြစ်လာပြီဆိုရင် မမခက် ဘာမှထိန်းလို့ရမှာမဟုတ်တော့ဘူး"

မောင်ငယ် ဆိုပေမယ့် ဘာဖြစ်လို့ ဒီနိမိတ်တွေ ကြိုသိနေခဲ့တာလဲ။ ဘာဖြစ်လို့ ဒီစကားတွေကို ပြောသွားတာလဲ၊ အခု ဘာဖြစ်လို့ တကယ်ဖြစ်လာခဲ့တာလဲ။ စကားသံတွေကို ပြန်တွေးမိအပြီးမှာ မေးခွန်းတွေ ရင်ထဲမှာ ထပ်နေသည်။ အဖြေကတော့ မရှိပေ။

ဒေါ်မမခက် နှုတ်ခမ်းတွေကို ဖိကိုက်ထားခဲ့သော်လည်း တဆတ်ဆတ်တုန်လာ၏။ မျက်ရည်စတို့ ခုန်ပေါက်ပြီးဆင်းနေခြင်းက ပါးပြင်ထက်မှာ အငွေ့များပင်ပျံနေပြီလားမသိ။

နောင်တလား၊ ဒေါသလား ရင်ဘတ်ထဲက နာကျင်လာတာကလည်း





သိသာစွာဖြစ်သည်။ ရဲကုန်သည်နှစ်ဦးကဲ့သို့ 'ငါ့ရွှေခွက်ပေး'လို့ ခုန်ပေါက်အော်တောင်းလိုက်ချင်သည်။ သို့သော် သားက အိတ်ထဲကောက်ထည့်တိုင်း ပါလာမည့်ရွှေခွက်ကလေးမဟုတ်။

"မာမီ"

"ဟင်"

ဒေါ်မမခက်ဘေးမှာ ရင့် မတ်တတ်လာရပ်သည်။ ခုကျမှ ဘယ်က ဖုန်းလဲဆိုတာကို မေးဖို့ သတိရသည်။ ဒါပေမယ့် မေးဖို့မလိုဘဲ ရင့်က သူမရှေ့မှာ ခွေခနဲ ဒူးတုပ်ထိုင်ချလိုက်ကာ ...

"မာမီ ..."

တစ်ခုခုဆိုတာကိုသိလိုက်သည်။ ရင့်ပါးပြင်ထက် မျက်ရည်ကြောင်းတစ်ခု ဖြတ်ဆင်းသွားကာ အကြောင်းအရာကို ဖွင့်လှစ်ပြောပြသွားသလိုရှိခဲ့၏။

"ပြောစမ်း ငါ နားထောင်နိုင်တယ်"

ရင့် ဆတ်ခနဲ မျက်နှာငုံ့ချပစ်လိုက်ပြီး ပခုံးလေးတုန်သွားသည်အထိ ရှိုက်ကာ...

"ကိုကို သူ့မိန်းမနောက် လိုက်သွားပြီ တဲ့"

ရင်ထဲမှာ သိမ့်ခနဲနင့်သွား၏။ ဒေါ်မမခက်၏ ဘယ်တော့မှလွယ်ခဲ့သော ဒဿနတွေထဲမှာ ချက်ချင်း ရင်ဘတ်ထု၍ ငိုချင်းချလိုက်ဖို့ထိ မာနက လွယ်လွယ်နဲ့ မကျခဲ့သေးပေ။

ဒါပေမယ့် လက်တစ်ဖက်သည် ရင်ဘတ်ပေါ်မှာ ခပ်ဖွဖွပွတ်သပ်လှုပ်ရှားလာခဲ့ပြီး ဘယ်ဘက်ရင်အုံထက်မှာ ဖိနှိပ်ရပ်တန့်သွားခဲ့၏။ ဟိုတုန်းက ကြိမ်းဝါးခဲ့ဖူးသည်။

ဒီလိုသာ ကိုယ့်သားသမီးကိုမနိုင်ခဲ့ရင် ရင်ကွဲနာကျသေရင်သေသေချင် တိုင်နဲ့ခေါင်း ပြေးဆောင့်ပြီး သေပစ်လိုက်မည်ဟု ...



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူမ၏ နှလုံးခုန်သံလည်းမရပ်သေး၊ တိုင်နဲ့ခေါင်းလည်း မြေးမဆောင့်ဖြစ်ပါလား…၊

ဆက်လက်ကြားနေခဲ့သည့် ရှိုက်သံလေးကြောင့် ဒေါ်မမခက်မျက်ဝန်းတွေ ရင့်ထံသို့ ရွေ့စောင်းကျရောက်သွားပြန်သည်။

ဘာလဲ…၊ အစ်ကိုတွေ၊ မောင်တွေ ထွက်သွားကြတာကို ဒေါသဖြစ်ယူကျုံးမရတဲ့မျက်ရည်လား၊

ဒါမှမဟုတ် 'ငါ့ထက်ဦးသွားလေခြင်း' ဆိုပြီး နောက်ကျကျန်ခဲ့တဲ့ ခြေထောက်တွေကို ကျိန်ဆဲငိုကြွေးနေသည်လား…။

သူမရင်ဘတ်မှာ နောက်ထပ် ရင်နာစရာတောင် နေရာလွတ် မရှိတော့ဘူးထင်သည်။ သွားကြပါတော့ …။





သဘာဝဥတုရာသီကို
လက်ထဲမှာဆုပ်ဖမ်းပြောင်းလဲဖို့ကြိုးစားရင်း
မရတဲ့နောက်မှာ သူဟာ …၊
မပြေနိုင်တဲ့အတ္တဖွဲ့နဲ့ စိတ်စေရာကိုပုံသန်းဖို့
ပန်းချီကားတစ်ချပ်ကို ရေးပါတယ်၊
ဒါပေမယ့် …
နွေလယ်မွန်းတည့်မှာ နှင်းတွေဝေနိုင်းတဲ့အခါ
စုတ်ချက်တွေအောက်က မပီပြင်ခဲ့တဲ့ပန်းချီကားကို
သူကိုယ်တိုင် ကြက်ခြေခတ်ပစ်လိုက်ပြီးတဲ့နောက် …



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

"အနှစ်ကလဲ အဲဒီလောက်အစပ်တွေပါတာကို မစားနဲ့ကွာ"

"ဟာ ဘာလုပ်တာလဲ၊ ပြန်ပေးပါ"

"တော်ပြီ၊ ကိုယ့်မှာ မပေါ့မပါးကြီးနဲ့"

ညီက မရန်းမဆလာစပ်ချဉ်ထုပ်ကို ဆွဲယူပစ်၏။ အနှစ်က အတင်းပြန်လုသည်။ မျက်စိထဲမှာနောက်လာသဖြင့် ရင့် မေးဖျားလေးခပ်ရွှဲရွှဲဖြစ်သွားရင်း တစ်ဖက်လှည့်ပစ်လိုက်၏။

စင်ကာပူကပြန်လာကြမည့် လေမိုးနဲ့ဖြူတို့ကို သူတို့ လာကြိုတာဝါး ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ခဲ့ကြပြီး တစ်လမ်းစီလျှောက်ခဲ့ကြတဲ့အခါမှာ မိဘတွေက ခမ္မရိပ်သာသို့ ရောက်ကုန်ကြ၏။

ခွင့်လွှတ်ပါ မာမီ ဆိုသည့်စကားတွေနှင့် အသီးသီး လက်ပြနှုတ်ဆက်သွားကြတော့ မာနတွေ ဒေါသတွေကို ပွေ့ပိုက်၍ ဒေါ်မမခက် တရားရိပ်ကို ပြေးဝင်ခဲ့သည်။





သားသမီးတွေကိုလည်း လာခဲ့ပါ၊ ပြန်ခဲ့ပါဟု မတောင်းပန်၊ မှားပါပြီ ဆိုတဲ့စကားကိုလည်း ဘယ်သူ့ကိုမှ မပြောခဲ့ပေ။

သူမသည် ဓမ္မရိပ်သာသို့ တိတ်ဆိတ်စွာခိုဝင်သွားခဲ့ပြီး ဆံပင်တွေကိုပါ ပယ်သည်။ ခုတော့ ဆရာလေး မာဝတီ ဟူသော ဘွဲ့အမည်ကိုပါ ခံယူခဲ့ပြီဖြစ်၏။ ဒေါ်ပိုပိုကတော့ ဆံပင်ကို မပယ်နိုင်သေးပါ။ ဒါပေမယ့် ရိပ်သာမှာ တရားစခန်းဝင်ရင်း ဥပုသ်ပြုရင်းနှင့် နှစ်ယောက်စလုံး တစ်နေရာတည်းမှာပဲ ဆုံနေကြပြန်သည်။

ရိပ်သာထဲမှာ ဥပုသ်တစ်ပတ်စာ ဆွမ်းကပ်လှူပြီဆို နှစ်ယောက်ပြိုင်တူ။ သင်္ကန်းကပ်ဖို့ ရွယ်စူးလိုက်တာနှင့် ဆရာတော်တစ်ပါးတည်းကို ပြိုင်တူလျှောက်ဖြစ်ကြ၏။ ထိုအခါ လူကြီးနှစ်ယောက်၏ အနည်းငယ်သောမငြိမ်းချမ်းမှုလေးတွေက ဒီနေ့ထိ ဘာသိဘာသာ ခပ်ရွှာရွှာဖြစ်နေကြဆဲ။

သားသမီးချင်းလည်း သူ့နှမယူ၊ ကိုယ့်ညီမယူတွေ ဖြစ်နေကြသည့်တိုင် ရင်းနှီးချစ်ခင်ခဲ့ကြသည်မရှိဘဲ တစ်ယောက်တစ်နေရာ သပ်သပ်စီ။

ဒီနေ့ကျမှ လေဆိပ်ထဲမှာ လာဆုံနေကြရသည်။ ရိပ်သာမှာ ဒေါ်မမခက်က မွေးနေ့ဒါနအဖြစ် သံဃာတော်အပါးတစ်ရာ့တစ်ဆယ့်တစ်ပါးကို ဆွမ်း၊ သင်္ကန်း ကပ်လှူမည်။

ဒေါ်ပိုပိုကတော့ ထိုအလှူပွဲမှာ အချိုပွဲ တာဝန်ယူသည်။ လူတွေကို ယောဂီဝတ်စုံနှင့် မမွှစာစောင်တွေ လက်ဆောင်ကမ်းမှာဖြစ်၏။

သင့်မြတ်ကြသည်မဟုတ်သော်လည်း ဟိုတုန်းကလို ရန်လိုပြူးစူနေကြတာတွေလည်းမရှိတော့သည့် မိခင်နှစ်ယောက်၏ ထူးခြားသော ဒါနကုသိုလ်ပွဲအတွက် သားသမီးတွေအားလုံး ဒီနေ့ ညီညွတ်ကြဖို့ အချင်းချင်း စည်းလုံးတိုင်ပင်ထားခဲ့ကြသည်။ မိန်းမနောက်ကိုလိုက်သွားပြီဆိုတဲ့တည်းက မြန်မာပြည်ကို ပြန်ရောက်မလာခဲ့သော လေမိုးကို ဒီပွဲမှာ ပြန်လာဖို့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားထားခဲ့သည်။ လေမိုး တကယ်ပြန်လာမှာလား၊ မလာဘူး
သားဆိုသည့်အဖြေကို စိတ်ဝင်စားစွာ ဒီမှာ စုပြုံရောက်နေခဲ့ကြတာဖြစ်၏၊

လေယာဉ်အဆောက်အအုံကြီးထဲမှာ ညီနဲ့အနှစ်က ရှေ့ဆုံးခုံတန်း
တွေမှာဖြစ်ကာ မိုးသားနဲ့ရင့်က နောက်ခုံတွေမှာဖြစ်၏။

"အနှစ်က ပြောရင် ဘယ်တော့မှ နားထောင်လိုက်တယ်မရှိဘူးကွာ၊
ယောကျ်ားစကားကို အဲဒီလိုလေးစားတာ"

ညီ မျက်နှာပျက်ပျက်နှင့်ပြောတော့ အနှစ်က ပါးစပ်ထဲထည့်တော့
ည့်မရန်းပေါင်းကို ပြန်ချသည်။ မျက်နှာခပ်လွဲလွဲလုပ်နေသည့် ညီ
လက်မောင်းကို တံတောင်လေးနဲ့တို့လိုက်ပြီး ပခုံးစွန်းမှာ မေးဖျားလေး
ိုတ်၏။

"လူဆိုး သူများစားမယ့်ဟာကို နှုတ်ခမ်းကြီးစူပြီး ဆန္ဒပြနေတယ်၊
ယောကျ်ားစကားကို ဘယ်သူက နားမထောင်ဘူးပြောလို့လဲ ပြော"

ညီ ဒီဘက်ကို အင်တင်တင်မျက်နှာနှင့်လှည့်တော့ အနှစ်က နှာခေါင်း
လေးရှုံ့၍ရယ်ကာ ...

"ရော့ မစားတော့ဘူး"

ဟု ပြောရင်း မရန်းပေါင်းထုပ်ကို ညီ့လက်ထဲ ထည့်သည်။ ဒီလိုကျ
တော့လည်း ညီ စိတ်မဖြောင့်ပြန်။

"စိတ်ကောက်တာလား"

"ဘယ်ကကောက်ရမှာလဲ၊ ချစ် ... လို့"

မျက်နှာလေးမော့၍ တိုးတိုးလေးပြောလိုက်တာပါ။ ဒါပေမယ့် နှုတ်
ခမ်းလေးလုံးသွားတာကို မြင်နေရသဖြင့် ဘာပြောလိုက်မှန်းသိသည်။

'မကြည့်ချင်မြင်လျက်သား' ဆိုသလို ကြည့်တာမဟုတ်ပေမယ့် မြင်
နေရသဖြင့် ရင့် စိုက်ကြည့်နေလေသည်။ နောက်မှာ အစ်ကိုတစ်ယောက်
ပုံးရှိနေတာကို အနှစ် ဂရုမစိုက်ဘဲ ကပ်ချွဲနေသောကြောင့် မိုးသား





မျက်နှာပူပူနှင့် ထရပ်လိုက်မိသည်။

"မောင်က ဘယ်ကိုလဲ"

ရင့်အသံကြားတော့မှ အနှစ်နှင့်ညီတို့ နောက်လှည့်ကြည့်လာ၏။
အနှစ် ဇက်ကလေးပုသွားသလို ညီက အနှစ်နဖူးလေးကို ပခုံးချင်းကပ်
ကွယ်ပြီး ထုသည်။

"နောက်မှာ ယောက်ဖက မျက်နှာပူနေပြီ တွေ့လား၊ တိုးတိုးပြော"

အနှစ်က လေသံကိုနှိမ့်၍ မဲ့ကာ ...

"အံမယ် ဟိုမှာ ခရီးသည်တွေအများကြီးပဲ မမြင်ဘူးလား၊ မျက်ရည်
တွေကျ၊ လက်ကလေးတွေနမ်းကြနဲ့ ..."

ပခုံးချင်းထပ်၊ ခေါင်းချင်းကပ်လျက် ကြိတ်ရယ်နေကြသည့် နှစ်
ယောက်ကို မြင်နေရသဖြင့် မိုးသား ရှက်ဒေါသတွေဖြစ်နေရသည်။

တံလျှပ်လျှပ်တွန့်အော်ရယ်နေသည့် အဲဒီပခုံးတွေကို နောက်ကနေ
ပိတ်ထုပစ်လိုက်ရလျှင် မိနှစ် ဘယ်လောက်ထိ ထအော်လိမ့်မည်မသိ။

"မာမီ... မာမီ သားသား အန်တီလေးဆီ သွားမယ်"

အရေးထဲမှာ သားက တစ်စခန်းထလာ၏။ သမီးယောက်မချင်း မခေါ်
မပြောကြပေမယ့် ဒီတူလေးကိုတော့ ရင့် လစ်လျှင်လစ်သလို အနှစ်က
လာလာခေါ်တတ်သဖြင့် ကလေးနဲ့ အနှစ်တို့က ရင်းနှီးနေကြ၏။

အနှစ်ကိုမြင်တော့ ကလေးက အတင်းပဲ ကိုယ်ပေါ်ကလျှောဆင်း၏။
သားလေးက နှစ်နှစ်ရှိပြီ၊ မိုးသားနဲ့ ရင့်တို့ ပြန်ပေါင်းကြပြီးမှ ရခဲ့တာဖြစ်
သည်။ အနှစ်ကတော့ ကိုယ်ဝန်အရင့်အမာနှင့်ပဲရှိသေးသည်။

ထိုစဉ်မှာ လေယာဉ်ဆိုက်တော့မည့်အကြောင်း ကြေညာသံပေါ်လာ
သည်။

"ဟော ဦးဦးမိုးလာတော့မယ် သား၊ နားထောင်စမ်း"

"အေးကွ၊ သားကြီးကလီမွှာတယ်၊ ဟိုမှာ ကောင်းကင်ကြီးကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ"

"ဟင့်အင်း"

အဖေကော၊ အမေကော ချော့နေပေမယ့် မရပေ။ ထိုအခါ ညီက မတ်တတ်ထရပ်လိုက်ကာ ...

"မလတ် သားသားကိုပေးပါ၊ ကျွန်တော် ကိုကို့ကို သွားကြို လိုက်မယ်"

ပေးလိုက်ချင်ပေမယ့် အနှစ်ကို ကြည့်မရသဖြင့် ရင့်က မျက်နှာတင်းတင်းနှင့် လွှဲဖယ်ကာ ...

"မောင် သွားလိုက်လေ၊ သားကိုခေါ်သွား"

အနှစ်လည်း ထရပ်လိုက်သဖြင့် သူမ နေခဲ့တော့မည်ဟု ဆုံးဖြတ်ကာ ကလေးကို ယောက်ျားဖြစ်သူလက်ထဲ တွန်းပို့လိုက်သည်။

မိန်းမနှင့်နှမ အဆင်မပြေနိုင်တာကိုကြည့်ကာ မိုးသား မျက်နှာ မကောင်းပါ။ ဒါပေမယ့် ကလေးကို ဆွေ့ခနဲကောက်ချီလိုက်ကာ ...

"နေခဲ့လေ၊ မောင်ပဲ ကိုမိုးကို သွားကြိုလိုက်မယ်"

"မဟုတ်ဘူး မောင်၊ ကိုကို ပါမလာရင် ရင့် ခံစားနိုင်မှာမဟုတ်လို့ မလိုက်တာပါ"

ယောက်ျား မျက်နှာပျက်သွားတော့လည်း ရင့် ပျာပျာသလဲ ဖြေရှင်းရှာသည်။ မောင်ဖြစ်သူကိုတော့ ဂရုမစိုက်ပါ။ မျက်နှာတကြည့်ကြည့်ဖြစ်နေသည့် ညီ့ရှေ့မှာပဲ အနှစ်ကို မျက်မှောင်ကြုတ်ကြည့်မိသည်။

ထိုစဉ် လေယာဉ်ကြီးက မြန်မာ့လေဆိပ်မှာ ဆင်းသက်ပြေးလွှားနေပြီဖြစ်လေသည်။

"အနှစ်လဲ နေခဲ့လေ၊ မပေါ့မပါးကြီးနဲ့ သူများတိုးတိုက်သွားလိမ့်မယ်၊ ညီပဲ ကိုကို့ကို သွားကြိုလိုက်မယ်"

"ဟို... ကောင်းပါ့မလား ညီရယ်၊ တော်ကြာ ..."





"ဘာမှမဖြစ်ပါဘူး၊ ဒီထိလိုက်လာကြတာပဲဟာ၊ ပြန်ထိုင်နေ"

ညီက သည်းသည်းလှုပ်နေသည်။ အနှစ်ကို သူကိုယ်တိုင် ပြန်ထိုင်ပေးခဲ့ပြီးမှ မိုးသားနောက်က လိုက်သွားတာတောင်ပြန်လှည့်ကြည့်နေသေး၏။

"ဟွန်း ..."

လူတွေ ရုတ်ရုတ်သဲသဲနှင့် လေယာဉ်စက်သံကြီး ဟိန်းနေဆဲမှာ အနှစ်နဲ့ရင့်ပဲ ခုံတွေကြားထဲမှာ ကျန်နေခဲ့ကြ၏။ အတူမသွားချင်လို့နေခဲ့ပါတယ်ဆိုမှ သင်းကပါ ကျန်နေခဲ့သေးသည်။

ရင့် ဆက်ထိုင်နေဖို့ကို စိတ်ကမပါဘဲ ထရပ်လိုက်မိလျှင် ...

"အား ..."

အသံကြောင့် ထရပ်ပြီးမှ ပြန်ငုံ့ကြည့်လိုက်မိသည်။

"အား ... နာလိုက်တာ၊ ကျွတ် ကျွတ်"

အနှစ် ဗိုက်ကိုကိုင်ကာ ခုံပေါ်မှာ ကုန်းကုန်းကွကွ ညည်းညူနေ၏။ ကျောလယ်မရောက်တရောက် ဆံပင်တွေကို နောက်မှာ သားရေကွင်းလေးနဲ့ စုစည်းထားကာ ဗိုက်ဖုံးအင်္ကျီအဖြူရောင်ပါးပါးလေးနဲ့ဖြစ်သည်။

ခုံ၏ကျောမှီအောက်ကျအောင် ကုန်းနေသောကြောင့် ဆံပင်တွေက ပခုံးနှင့်မေးရိုးလေးကြားမှာ ညပ်၍ ရှေ့ကိုကျနေ၏။

မျက်နှာကိုမြင်ရအောင် လိုက်ငုံ့ကြည့်ရင်း ရင့် ခြေလှမ်းတွေက အနှစ်နားကို ရောက်မှန်းမသိရောက်သွားသည်။

"အား... သေပါပြီ... အဟင့်"

မွေးချင်လို့ဗိုက်နာတာလား၊ အစပ်တွေစားထားလို့လား၊ ရင့် ကျောခိုင်းသွားမည့်ခြေလှမ်းတွေကမေးခွန်းများနှင့်နေရာမှာပဲရပ်တန့်နေခဲ့သည်။

"အား"

အနှစ် စူးစူးလေး ကြိတ်အော်ပြီး ခုံမှာ မှီကျသွား၏။

"ဟဲ့ ဗိုက်ကို အတင်းမနှိပ်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



အမြင်မတော်တော့ ပြောမိပြန်သည်။ ကြည့်လို့မရဘူးဆိုပေမယ့် အချစ်ဆုံးမောင်လေး၏ရင်သွေးကို သူမ လွယ်ထားတာဖြစ်သည်။ ပြီး တော့ ကိုယ်လည်း ကိုယ်ဝန်ဆောင်ခဲ့ရပြီမို့ မိခင်စိတ်ဓာတ်က ဥပေက္ခာကို လက်မခံခဲ့ပေ။

သူမအသံကြားတော့ အနှစ် မျက်နှာလေးမော့လာ၏။ ရှုံ့မဲ့ညိုပုပ်ကာ ချွေးတွေစို့ရွှဲနေတာမြင်တော့ ရင့် မျက်လုံးပြူးသွား၏။

အမြင်ကတ်တာတွေ၊ မကျေနပ်တာတွေ ဘယ်ရောက်ကုန်မှန်းမသိ။ ဒါဟာ မွေးဖွားချင်လို့ဗိုက်နာခြင်းပဲဟု သိလိုက်ကာ ...

"အနှစ် နင်... နင် ဂျူးဒိတ်ရောက်နေပြီလား"

အနှစ် 'အား'ဟု နှုတ်ခမ်းကိုက်ညည်းရင် ခေါင်းလေးညိတ်၏။

"အို... ဒုက္ခပါပဲ"

ရင့် ဆတ်ခနဲထိုင်ချလိုက်ကာ အနှစ်မျက်နှာလေးကို ပြူးပြဲကြည့်သည်။ ချွေးသုတ်ပေးရတော့မလိုလို ဖက်ထားရမလိုလိုဖြစ်ရင်း ပြန်ထရပ်၏။

"အား နာတယ်၊ အရမ်းနာတယ်၊ မလတ် လုပ်ပါဦး"

"ဟင် အင်း အင်း လုပ်ပေးမယ်၊ ဗိုက်ကို အရမ်းနှိပ်မနေနဲ့ ခဏလေး နော်"

ရှက်ရှက်သဲသဲကြီးဆိုနေကြသည့်လူတွေဆီ ပြေးမိတော့မလို ဖြစ်ပြီး ကာမှ အနီးစပ်ဆုံး အမြန်ဆုံးဖြစ်ဖို့ကို စဉ်းစားမိလိုက်၏။

လေဆိပ်ဝန်ထမ်းတစ်ယောက်ကိုပြော၍ အကူအညီတောင်းကာ အနှစ်ကို ပွေ့ချီပြီး ကားပေါ် တင်ရသည်။ ထိုအချိန်တွင် ဖြူရယ်၊ လေးနီ ရယ်၊ လေးနှစ်သားကလေး 'မိုးအောင်ဖြူ'က ကြိုလာခဲ့သည့် ညီတို့နှင့် အတူ ပါလာပြီဖြစ်သည်။

"ဟင် ဟိုမှာ အနှစ်..."

"ဟာ ဟုတ်တယ်၊ ညီမလေး ဗိုက်နာနေပြီ"





သူတို့လှမ်းမြင်လိုက်ကြသည်။ ဒါပေမယ့် ပြေးလိုက်ဖို့လည်းမမီတော့ပါ။ ညီတို့တွေ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်မိကြရင်း မပြောရသေးဘဲမောနေသော နှုတ်ခမ်းတွေလည်း ပြန်စေ့လို့မရကြ။

မြင်ကွင်းထဲမှာ အနှစ်ကိုပွေ့သွားသည့်ဘေးကနေ ခြေမကိုင်မိ လက်မကိုင်မိ ပြေးလွှားပါသွားသည့် ရင့်ပုံစံကို သတိထားမိသွားကြသော ကြောင့် အံ့ဩနေကြတာလည်းပါသည်။

ညီသည် အသက်ရှူပြင်းပြင်းနှင့်ပဲ ပြုံးယောင်သမ်းလာကာ..

"ကို... ကိုလတ် ကျွန်တော့်အစ်မနဲ့ အနှစ် အဆင်ပြေသွားပြီ"

ညီမကို စိုးရိမ်နေရင်း မိုးသားလည်း ကြည်နူးသွား၏။ သားကို ချီပွေ့ထားသည့် ညီ့လက်မောင်းကို အားရပါးရ ဆုပ်ကိုင်ဖျစ်ညှစ်၍ ...

"ဒီလိုပဲဖြစ်ရမှာပေါ့"ဟု လှိုက်လှဲစွာပြောသည်။ ပစ္စည်းရွေးပြီးမှ ရောက်လာကြသည့် လေမိုးတို့မိသားစုကလည်း ဝမ်းသာအားရဖြစ်နေကြသည်။

ထို့ထက်ပို၍ အံ့ဩဝမ်းသာဖွယ်ဖြစ်ခဲ့သည်က အနှစ်ကို တင်ဆောင်သွားသောကားလေးက ပိုပိုသာ၏ကား ဖြစ်နေခြင်းပင်။

သူငယ်ချင်းဖြူ့ကို အကြိုနောက်ကျနေသဖြင့် ကမန်းကတန်း ရောက်ချလာတုန်းမှာ အနှစ်တို့ ရုပ်ပျက်ဆင်းပျက် ထွက်လာကြတာကို မြင်လိုက်ရသည်။

ထို့ကြောင့် သူမပဲ ဆီးကြိုကူညီကာ ကားပေါ် တင်ခဲ့သည်။ ချက်ချင်းပဲ နောက်ပြန်လှည့်ခဲ့ရ၏။

သူငယ်ချင်းကို မကြိုဖြစ်တော့သော်လည်း လူ့လောက၏ ငြိမ်းချမ်းမှုများကိုယူဆောင်ရောက်ရှိလာမည့်လူသားလေးတစ်ဦးကိုတော့ ကြိုဆိုခွင့်ရခဲ့သည်သာ။

"အနှစ် ခါးကြီးတအားကုန်းမထားရဘူး၊ တို့အပေါ် မှီလိုက်၊ ခဏလေးတောင့်ထားနော်၊ ဆေးရုံရောက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်းထဲမှာ ရင့်၏ တတွတ်တွတ်မေးနေသံကိုလည်း ကြားနေရ၏။ ကားကို အရှိန်ရယ်ကင်း၍ မြန်မြန်ရောက်အောင် ဂရုစိုက်မောင်းရင်း ပိုပိုသာ အဂ္ဂိလိမာလသုတ်ကို ရွတ်သည်။

နောက်ကြည့်မှန်ထဲကို မျက်လုံးရောက်တိုင်း အနှစ်ကိုပွေ့ထားရင်း နဖူးလေး သပ်ပေးလိုက်၊ ပါးစပ်နဲ့လေမှုတ်ပေးလိုက် ဖျာယာခတ်နေသည့် ရင့်ကို မြင်နေရသဖြင့် ရွတ်နေတာတွေလည်း ခဏခဏမှား၏။ ပြီးတော့ ကြည်နူးဝမ်းသာနေမိသည်။

ကျစ်ခဲနေအောင် ထပ်ဆုပ်ထားသော အနှစ်နှင့် ရင့်၏လက်ဖဝါးနှစ်ဖက်ကိုကြည့်၍ ငြိမ်းချမ်းခြင်း၊ ကံကောင်းခြင်းလက်ဆောင်များနှင့် ရောက်လာမည့် ရင်သွေးလေးအတွက် ဂုဏ်ယူမိသည်။

မေတ္တာသည်လည်း ညီညွတ်မျှတသော အရောင်အဆင်းနှင့်သာ တင့်တယ်လေသည်။

ပရိသတ်အတွက်
ထာဝရ

ဝေဖန်အကြံပြုစာများကို
ရွှေသမင်စာပေ
အမှတ်(၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com